www.burmeseclassic.com

# မောရိယမရကာခေါင်းလောင်း



ချောက်ချောက်ချားချားပရဆန်းကြယ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

# သက်မင်းလျှူလှိုင်

# မောရိယမရာဇာခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၆၅၁၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၈၈၅၀၈၁၀ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (ရဲအောင်စာပေ)<br>အမှတ် (၂)၊ ချွန်း-၁လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| အတွင်းနှင့် အဖုံးပုံနှိပ်သူ | ဦးကျင်ရင် (၀၅၄၁၇)<br>ရွှေခြင်္သေ့ပုံနှိပ်တိုက်<br>၂၂၅၊ အခန်း(၂)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေခြင်း | ပထမအကြိမ်<br>၂၀၁၁၊ အောက်တိုဘာလ။ |
| အုပ်ရေ | ၅၀၀အုပ်။ |
| တန်ဖိုး | ၅၀၀ကျပ်။ |

၈၉၅ . ၈၃

သက်မင်းကျွှလိုင်

မောရိယမဓုရခေါင်းလောင်း၊ သက်မင်းကျွှလိုင် ။ -ရန်ကုန်၊ ရဲအောင်စာပေ၊ ၂၀၁၁။

၂၄၀-စာ၊ ၁၂X၁၉ . ၅စင်တီ၊
(၁) မောရိယမဓုရခေါင်းလောင်း၊

BURMESE CLASSIC .com

ကမ္ဘာကြီးသည် . . .
လူသားတို့၏ လိုအပ်ချက်ဆန္ဒများအတွက်
ပြည့်စုံလုံလောက်စွာပေးစွမ်းသည် . . .။
သို့သော် . . .
လူသားတို့၏ လောဘဆန္ဒအတွက်မူ
မလုံလောက်ပေ . . .။
အို . . . အသင်လူသား
အသင်ဟာ သဘာဝကိုအောင်နိုင်ပေမဲ့ . . .
သင့်ရဲ့ . . . အမှတ္တသန္တာန်က
အတ္တကို သင်မအောင်မြင်နိုင်သေးဘူး . . .။
နောက်ဆုံး . . . သင့်ရဲ့အတ္တက
သင်နဲ့သင့်လောကကို ဖျက်ဆီးပစ်လိမ့်မယ် . . . ဆိုတာ
ဘယ်တော့မှ မမေ့ပါနဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

## “ မောရိယမရဏာခေါင်းလောင်းသံမှတ်တမ်း (၁) ”

လာပျောက်နေသည့် သန်းခေါင်းယံညဦ . . . ။

လမိုက်ညတစ်ညဖြစ်သည်ကြောင့် ရေနံတောင်ထက်ရှိ မောရိယ ကုန်းတစ်ပိုက်တွင် မှောင်နှင့်မည်းမည်းသာ ရှိပါချေ၏။

ရုံးနံ့ရုံခါ ရေနံတောင်ထိပ်တွင် ဟိုသည်ဖော့ရမ်းတိုက်ခတ်နေသည့် မိုးသက်လေကြမ်းကြီးကြောင့် အခက်ချင်းနွှယ်၊ အကိုင်းချင်းယှက်၊ အပင်းချင်းငြိတွယ်နေကြသည့် သစ်ပင်ကြီးငယ်များ ယိမ်းထိုးလှုပ်ရမ်းနေကြရာမှ ထွက်ပေါ်လာသည့် အော်မြည်သံကြီးများက မကောင်းဆိုးဝါး တစ္ဆေကောင်ကြီးများ အော်ဟစ်ငြီးညူနေကြသည်သို့ . . . ။

သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များကြားမှ လေတိုးသံ၊ ညဥ့်သတ္တဝါငယ်လေးများဖြစ်သော ပိုးပရစ်ကောင်ငယ်လေးများ၏ အော်မြည်သံ၊





…ခါတစ်ရံ ဂီးခနဲဂစ်ခနဲ အော်မြည်လိုက်သည့် သားစားညဥ့်ငှက်သတ္တဝါ …ကောင်များ၏ အော်ဟစ်သံများနှင့် တရှိုရှိုအော်မြည်နေသည့် မြွေတွန်သံ …များမှအပ ညဥ့်ဝန်းကျင်တစ်ခုလုံး အနက်မှောင်ရင့်ရင့် သန်းခေါင်ယံ …ခွင်အောက်တွင် အိပ်မောကျလျက်ရှိပါသည်။

ရေနံတောင်၏ညဥ့်သည် တစ်စ်တစ်စ ပို၍ရင့်ရော်လာပါ၏။ …အတူ ပို၍ပို၍လည်း အိုမင်းပိတ်မှောင်လာသည်သို့ . . . ။ ရေနံတောင် …ကြီး၏ သချိုင်းပျက်ကြီးဆီမှလည်း ညှီစို့စို့ ပုပ်အက်အက်အနံ့ဆိုးကြီးများ …လည်း မောရိယကုန်းတစ်ပိုက်တွင် ဝေ့ဝဲစီးမျောနေပါ၏။ မကြာခဏ …သလို ကြီးမားလှသော မြေအောင်းကြွက်ကြီးများ၏ အစာလုသံ၊ …ကန့်ဖီသံ၊ ငြီးညူသံကြီးများက အိပ်မောကျနေသည့် သန်းခေါင်ယံညဥ့် …အမှာကို ပိုမိုချောက်ချားစေခဲ့သည်။

သို့သော် . . . ရေနံတောင် မောရိယကုန်းထက်၌ ဘိုတဲကြီး …ပါမှာတော့ မီးရောင်လက်လက်ကို တွေ့မြင်နေရသည်။ ထိုမီးရောင်သည် …ဆစ်နေရာထဲတွင် အငြိမ်မနေ၊ မကြာခဏဆိုသလို ဟိုသည်ထက်အောက် …ရွေ့လျားနေသည်ကို ထူးဆန်းစွာတွေ့မြင်ရသည်။

ထိုထက်ပို၍ထူးဆန်းသည်မှာ မီးရောင်ရှင် (မှန်အိမ်ရှင်)ကို …မြင်လိုက်ရလျှင် ပို၍ပင်ထူးဆန်းအံ့ဩသွားပါလိမ့်မည်။ တစ်ကိုယ်လုံး …ခေါင်းမှခြေဖျားထိတိုင် အနက်ရောင်ခြုံထည်ကြီးကို မျက်စိနှင့်လုံးမြင်သာ …ရုံမျှချန်လှပ်၍ ခြုံလွှမ်းထားခြင်းပင်တည်း . . . ။

စင်စစ်အားဖြင့် ဤဘိုတဲကြီးသည် အင်္ဂလိပ်မျက်နှာဖြူအရေး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဟောင်း မစ္စတာဂျေဗိုတိုမိားစုနေထိုင်ရာ စံအိမ်တော်ဖြစ်သည် ရေနံတောင်၏ သာမန်ပြည်သူလူထုနှင့် ရောရောနှောနှောမနေတတ်သည် မင်းမိုးရောဇာ လူကုံထံတို့၏ဓလေ့စရိုက်အတိုင်း ရေနံတောင်၏ မောရိယ တောင်ကုန်းဝေက်တွင် တစ်သီးတစ်ခြားတည်ဆောက်ထားခဲ့ခြင်းဖြစ်သည်

အလယ်ခေတ်ဥရောပရှိ မှူးကြီးမတ်ကြီးများ၏ ထုံးစံဓလေ့ စရိုက်၊ လက်လုပ်လက်စားတောင်သူလယ်သမားများနှင့် ကင်းဝေး လုံခြုံစိတ်ချရသော တောင်ကုန်းတောင်စောင်းများ၌ ရဲတိုက်ကြီးများ ဆောက်လုပ်၍ နေထိုင်ခဲ့ကြသလို မစ္စတာဂျေဗိုကလည်း ပတ်ဝန်းကျင် အပေါ်စီးမှမြင်တွေ့နိုင်သည့် မောရိယတောင်ကုန်းမြင့်ပေါ်တွင် ဘိုတဲ ကြီးကို ဆောက်လုပ်ထားခြင်းဖြစ်သည်။

ထူးခြားသည်မှာ မစ္စတာဂျေဗို၏ဘိုတဲကြီးမှာ မြန်မာနိုင်ငံအရပ် ရှိ သာမန်ဘိုတဲကြီးများနှင့်သာ ဘိုတဲကြီးနှင့်တွဲလျက် နောက်တက်ခြမ်းတွင် ခေါင်းလောင်းစင်ကြီးတစ်ခုကို ဘုရားရှိခိုးကျောင်းဆန်ဆန် ခပ်မြင့်မြင့် ဆောက်လုပ်ထားခြင်းက ဘိုတဲကြီးကို ချောက်ချားထိတ်လန့်စေသည် ထို့အပြင် ပို၍ပို၍ ထိတ်လန့်ချောက်ချားစေသည်မှာ ထိုခေါင်း လောင်းစင်မှ ခေါင်းလောင်းကြီးသည် လပြည့်လကွယ်ညဉ့်များတွင် လူမထိုးပါဘဲနှင့် သူ့အလိုအလျောက်မြည်ဟီးကာ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း ရေနံတောင်ရွာတစ်ပိုက်ရှိ ရွာနီးချုပ်စပ် ရွာများမှ ရွာသူရွာသားများသည် မောရိယကုန်းထက်ရှိ မစ္စတာဂျေဗို၏ ဘိုတဲကြီးတစ်ပိုက်သို့ မည်သူမျှသွားရောက်ခြင်းမရှိကြပေ။





ထို့ပြင် မောရိယကုန်းထက်မှ လပြည့်လကွယ်ညတိုင်း ထူးဆန်း စွာ အလိုအလျောက်မြည်ဟီးလေ့ရှိသည့် ခေါင်းလောင်းထိုးသံကိုလည်း “မရဏခေါင်းလောင်းသံ၊ သေမင်းတမာန်ခေါင်းလောင်းသံ” ဟုလည်း ရွာသူရွာသားများက ပြောစမှတ်ပြုထားကြသည်။ အဘယ့်ကြောင့်ဆိုသော် ခုံမန်ရုံခါ သန်းခေါင်ယံညများတွင် ဤခေါင်းလောင်းသံကြီးကို ကြားခဲ့ ရပါလျှင် လူတစ်ယောက်ယောက် သေဆုံးရလေ့ရှိခြင်းကြောင့်ပင် ဖြစ်ပါ ချေသည်။

ထို့ကြောင့် ရေနံတောင်ရွာနှင့် နီးစပ်ရာရွာငယ်လေးများမှာ မောရိယကုန်းထက်မှ မရဏခေါင်းလောင်းသံကို မကောင်းဆိုးဝါးကောင်၏ ဝိညာဉ်ပူးကပ်နေသည်ဟုပင်ယူဆကာ ခေါင်းလောင်းသံထွက်ပေါ်လာ တိုင်း သွေးပျက်ချောက်ချားနေကြခြင်းပင်ဖြစ်ပါသည်။ တစ်ချိန်တစ်ခါက ဥရောပအလယ်ခေတ်မှ ရဲတိုက်နန်းဆောင်ကြီးတစ်ခုကဲ့သို့ ထည်ဝါ ခန့်ညားခဲ့သော မျက်နှာဖြူအရေးပိုင်ဟောင်း မစ္စတာဂျေဗို၏ ဘိုတဲ နန်းဆောင်ကြီးသည် ယခုပစ္စုပ္ပန်အချိန်အခါမှာတော့ မည်သူမျှမလွန်ဆန် နိုင်သော သင်္ခါရတရား၏ ဖြစ်ပျက်သောသဘောအတိုင်း ယိုယွင်းပျက်စီး လျက် ရှိပါချေပြီ . . . ။

ဤကဲ့သို့သောအခြေအနေမျိုးတွင် ဘိုတဲပျက်ကြီးပေါ်သို့ အမည် မသိ သန်းခေါင်ယံဧည့်သည် သို့မဟုတ် ရွှေ့လျားနေသော စီးအိမ်ရှင် တစ်ဦး ရောက်ရှိနေခြင်းပင်ဖြစ်ပါသည်။ ဘိုတဲပျက်ကြီးပေါ်မှာတော့ ကြီးမားသောအိမ်ကြီးများအတွင်းတွင် ကြားရလေ့ရှိသော အိမ်မြှောင်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ထိုးသံ၊ ပိုးပရစ်အော်မြည်သံမျိုးမျှပင် မကြားရဘဲ တိတ်ဆိတ်ခြင်းကသာ ကြီးစိုးမင်းမူနေပါ၏။

မီးအိမ်ရှင်အရိပ်မည်းကြီးသည် ဘိုတဲပျက်ကြီးပေါ်တွင် တစ်စုံတစ်ရာကို သဲသဲမဲမဲရှာဖွေနေဟန်တူသည်။ အပေါ်ထပ်၊ အောက်ထပ်အခန်းများ တစ်ခုပြီးတစ်ခု ဝင်ချည်ထွက်ချည်နှင့်ရှိနေသည်မို့ သူ၏သွင်ပြင်ဟန်မှာ တစ်စုံတစ်ရာကို ဖွဲ့နဘဲကြီးစွာဖြင့် ရှာဖွေနေကြောင်း ခန့်မှန်းတွက်ချက်၍ရပါလေ၏။

ဝဲိုစဉ်မှာပင် . . .

" ချွတ် . . . ချွတ် . . . ချွတ် . . . ဖရော "

" ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် "

အသံတွေက မဝှံမရဲနှင့် မီးအိမ်ရှင်နောက်ဘက်မှ ထွက်ပေါ်လာကြခြင်းဖြစ်သည်။ မြေပြင်ထက်ရှိ သစ်ရွက်ခြောက်လေးတွေ လေအဝှေ့တွင် ညင်ညှင်သာသာ ပြေးလွှားဆော့ကစား ရှပ်တိုက်သံမျိုး . . .၊ ထိုထိုသောအသံများက မီးအိမ်ရှင်အရိပ်မည်းကြီး သွားရာနောက်မှ တကောက်ကောက်လိုက်နေသကဲ့သို့ . . .။

ထို့ကြောင့် မီးအိမ်ရှင်က သူ၏မီးအိမ်ကြီးကိုမြှောက်ကာ နောက်ဘက်အမှောင်ရိပ်ထဲသို့ ဖျတ်ခနဲကြည့်လိုက်သည်။ သို့သော် . . . သူကြည့်နေသည့် အမှောက်နက်နက်ထဲမှာတော့ မှောင်နှင့်မည်းမည်းမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက်။

" ဗျော် . . . ဘယ်လိုလဲ . . . ငါ့နောက်က ခြေသံတရှပ်ရှပ်နဲ့





ဘယ်သူလဲ "

မီးအိမ်ရှင်အရိပ်မည်းကြီးက အဖြစ်အပျက်ကို ပဟေဠိသဖွယ်ဖြစ်နေသည်သို့။ စင်စစ် ဤကဲ့သို့သန်းခေါင်ယံလမိုက်ည မျိုးတွင် ဤမောရိယကုန်းထက်ရှိ ဘိုတဲပျက်ကြီးအတွင်းဝယ် ဤသို့သော ချိုးချိုးချွတ်ချွတ်အသံမျိုး၊ တရှပ်ရှပ်နှင့် ခြေသံမျိုးများနှင့် ငြီးညူသံကြီးများကအဆန်းမဟုတ်ပါလေတော့။ ထို့ကြောင့်လည်း ယခုကဲ့သို့ သန်းခေါင်ယံလမိုက်ညမျိုးမဆိုထားနှင့် နေ့ခင်းကြောင်တောင်မျိုးမှာပင် မောရိယကုန်းဘက်ဝိုက်သို့ မည်သူမျှ ဝင်ထွက်သွားလာခြင်းမရှိခဲ့ကြသည် မဟုတ်ပါလား။

အရိပ်မည်းမီးအိမ်ရှင်မှာ မကျေမနပ်ဖြင့် သူရောက်ရှိရာစာကြည့်ခန်းအတွင်းဝယ် သေချာစွာရှာဖွေကြည့်နေမိသည်။ မီးအိမ်၏အလင်းစက်ဝန်းမှာ ဆယ်ပေပတ်လည်ခန်းအတွင်းသာ ထင်သာမြင်သာပြီး ကျန်သောနေရာများတွင် မှုန်ရီဝေဝါးနေရာ စာကြည့်ခန်း၏ နေရာတော်တော်များများတွင် ပကတိမှောင်နှင့်မည်းမည်းသာ ရှိပါ၏။

" ရှပ် . . . ရှပ် . . . ရှပ် . . . ဖရော "

" ချွတ် . . . ဖရွတ် . . . ချွတ် "

ရုတ်တရက် စာကြည့်ခန်းဘီရိုကြီးတစ်ဖက်မှ ထွက်ပေါ်လာသောအသံကြောင့် လက်ထဲမှမှန်မီးအိမ်ကို အနီးရှိစားပွဲထက်သို့တင်လိုက်သည်။ နောက် ခါးကြားတွင်ထိုးထည့်ထားသည့် သုံးတောင့်ထိုးလက်နှိပ်ဓါတ်မီးဖြင့် အသံကြားရာသို့ ဖျတ်ခနဲထိုးကြည့်လိုက်သည်တွင် . . .

" ချွတ် . . . ချွတ် . . . ဖရော . . . ဖရော "





www.burmeseclassic.com

www.burmeseclassic.com



" ကျွီ . . . ကျွီ . . . ကျွီ "

" ဟာ . . . "

စာအုပ်တစ်ချို့ စီ၍တင်ထားသည့် စားပွဲထက်တွင် အမွေး ဖွားဖွားနှင့် ယောကျ်ားကြီးတစ်ယောက်၏ လက်သီးဆုတ်ခန့်ရှိသော မြေကြွက်ကြီးသုံးလေးကောင်က လက်နှိပ်ဓါတ်မီးရောင်ကိုပင် ဂရုမစိုက်တဲ့ မျက်လုံးနီနီကြီးများဖြင့် ဟမာမခန့် ပြန်လည်၍ကြည့်နေကြသည်။

" တောက် . . . ဒီကြွက်စုတ်တွေက ငါ့ကိုဒုက္ခပေးနေကြတာ ကိုး . . . ကဲကွာ "

" ဗိုး . . . ဘုန်း . . . ဘုန်း "

စိတ်မြန်လက်မြန်ရှိသော အရိပ်မည်းကြီးက အနီးရှိစားပွဲပေါ်မှ စာအုပ်အချို့နှင့် လှမ်း၍ပေါက်လိုက်သည်။ သို့သော် ကြွက်တစ်ကောင်ကို မျှ မထိမှန်ခဲ့။ ထိုသို့မထိမှန်ခဲ့ခြင်းမှာ အရိပ်မည်းကြီး အချိန်အဆလွဲ ချော်ခဲ့ခြင်းကြောင့်မဟုတ်၊ ကြွက်များ၏ လျှင်မြန်မှု၊ ကျွမ်းကျင်စွာရှောင် တိမ်းနိုင်မှုတို့ကြောင့် ဖြစ်ပါ၏။ မြန်ဆန်လိုက်သည့်ဖြစ်ခြင်း။ ပျောက်ကွယ် သွားပုံက ကြွက်တစ္ဆေကောင်များနှယ် ဘယ်နေရာသို့ရောက်သွားကြလေ သည်မသိ။ ထူးဆန်းစွာပင် ပျောက်ချင်းမလှပျောက်သွားကြသည်မှာ ပဟေဠိတစ်ခုနှယ်ပါတည်း။

" မဟုတ်သေးပါဘူး . . . ခုလေးတင် ငါ့မျက်စိအောက်မှာ ရှိနေတဲ့ ကြွက်တွေက လျှပ်တပျက် ချက်ချင်းပျောက်သွားတာက ထူးဆန်း နေသလားပဲ "





အရိပ်မည်းကြီး၏ မှုလရည်ရွယ်ချက်ပျောက်ကာ လက်နှိပ် ဓါတ်မီးတစ်လက်နှင့် ကြွက်ရှာပုံတော်ဖွင့်ပါလေတော့သည်။ သည်တစ်ကြိမ် ၌ အရိပ်မည်းကြီးက ရှူးရှူးရှားရှားနှင့် အတော်ကြီးပင် ငံတ်တိုဒေါသ ထွက်နေဟန်ရှိပါ၏။ စာအုပ်ဘီရို အကြိုအကြားပါမကျန် ဓါတ်မီးထိုး၍ ရှာသည်။ နံရံများတွင်လည်း ကြွက်ဝင်ပေါက်ရှိမရှိ စစ်ဆေးကြည့်သည်။ ယုတ်စွအဆုံး စာကြည့်ခန်းနှင့်တွဲလျက်ရှိသော ခေါင်းလောင်းစင်ကြီးပါ မကျန် မီးထိုး၍ရှာဖွေခဲ့သည်။

သို့သော် . . . အမွေးစုတ်ဖွားနှင့် မြေကြွက်ကြီးများကိုမူ တစ်ကောင်တစ်မြီးမှ မတွေ့ရပါလေတော့။ သန္တာခေါင်ယံအမှောင်နက်နက် အောက်ရှိ ဘိုတဲမျက်ကြီးကတော့ ကျီးကျီးကျည်ကျည် အသံများပျောက် ကာ ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

### " သေမင်းတမာန်ခေါင်းလောင်းအောက်သံ . . . သို့မဟုတ် "

နောက်ဆုံး အစိုပ်မည်းကြီးမှာ ကြွက်များဆီသို့ရောက်သွားသည့် စိတ်အာရုံကိုဖြတ်ကာ သူ၏ရှာဖွေရေးလုပ်ငန်းဘက်သို့သာ အာရုံရှူးစိုက်လိုက်ပါတော့သည်။ သတင်းအတိအကျရထားပါလျက်နှင့် ရှာဖွေ၍မရပါသော ပစ္စည်းများသည် မည်သည့်နေရာတွင် ပုန်းကွယ်နေကြပါသနည်း။ ဤရေနံတောင်သို့ ဦးစွာပထမ ရောက်ရှိလာကြသည့် အင်္ဂလိပ်မျက်နှာဖြူ သုံးဦးမှစ၍ အရေးပိုင်ပောင်း မစ္စတာဂျေဗွီလက်ထက်အထိ စုဆောင်းသိမ်းဆည်းထားခဲ့ကြသည့် "ရတနာ"သိုက်သည် ဤဘိုတဲပျက်ကြီး၏ တစ်နေရာရာတွင် သေချာပေါက်ရှိနေပါလေ၏။ သို့သော် . . . မည်သည့်နေရာတွင် မြှုပ်ကွယ်ထားခဲ့ပါသနည်း။

" ဟူး . . . ငါရှာဖွေစရာဆိုလို့ ဟောဒီစာကြည့်ခန်းနဲ့ဆက်နေ





တဲ့ မရဏခေါင်းလောင်စင်ကြီးပဲ ကျန်တော့တယ်၊ တောက် . . .ကြွက်စုတ်တွေရှုပ်နေတာနဲ့ အချိန်တောင် တော်တော်လင့်သွားပြီ "

အစိုပ်မည်းကြီးမှာ ဘယ်ဘက်လက်မှမှန်အိမ်ကို အနီးရှိစားပွဲထက်တွင် တင်လိုက်ပြီး ညာလက်တွင်အသင့်ကိုင်ထားသည့် လက်နှိပ်ဓါတ်မီးကိုယူကာ စာကြည့်ခန်းနှင့်ဆက်နေသည့် ခေါင်းလောင်းစင်ဘက်သို့ ခြေဦးလှည့်လိုက်စဉ် . . .

" ရှပ် . . . ရှပ် . . . ကျွိ . . . ရှပ် . . . ရှပ် "

" ဟော . . . "

ခေါင်းလောင်းစင်ဘက်မှ ချိုးချိုးချွတ်ချွတ်အသံများ ကြားလိုက်ရသဖြင့် ထိတ်ခနဲ စိတ်လှုပ်ရှားသွားသည်။ ယခုတစ်ကြိမ်တွင်မူ အသံကြားရာသို့ ဖျတ်ခနဲလက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်လိုက်ရာ အံ့သြဖွယ်ရှုပင်များလုမတတ်ဖြစ်သွားပါ၏။

" ဟာ . . . "

ဟုတ်သည် မြင်ကွင်းက အမှန်တကယ်ပင် အံ့သြဖွယ်ရာဖြစ်သည်။ ကြမ်းပြင်နှင့် ထိလုမတတ် တွဲလောင်းကြီးကျနေသော ခေါင်းလောင်းကြီးကြီးမှာ မသိမသာ လှုပ်ရမ်းနေပြီး ခေါင်းလောင်းကြီး တစ်လျှောက် တွယ်ကပ်နေကြသော ကြွက်ကြီးများကို အံ့သြဖွယ် မြင်လိုက်ရသည်မဟုတ်ပါလား။

" အိုး . . . ဘုရား . . . ဘုရား . . . ကြွက် . . . ကြွက်ကြီးတွေ များ . . . များလှချည်လား "



www.burmeseclassic.com

www.burmeseclassic.com



မြေကြွက်ကြီးများက အရွယ်အစား ပုံသဏ္ဌာန်တစ်မျိုးတည်းလို ထင်မြင်ရပြီး အရိုပ်မည်းကြီးအား ခေါင်းလောင်းကြီးဆီမှ တွယ်ကပ်ရင်း မျက်လုံးနီနီရဲရဲများဖြင့် စိန်ခေါ်သလိုကြည့်နေကြသည်သို့။ တစ်ချိန်တည်း မှာပင် ခေါင်းလောင်းစင်ရှိရာဆီမှ ကြိုးတန်းအတိုင်း တန်းစီကုတ်တွယ်၍ ဆင်းလာကြသော မျက်လုံးနီနီနှင့် မြေကြွက်ကြီးများကို သွေးမျက်ချောက် ချားဖွယ် တွေ့မြင်လိုက်ရပြန်ပါသည်ကော . . . ။

" အို . . . ကြွက် . . . ကြွက်ကြီးတွေ ကြိုး . . . ကြိုးတန်း ပေါ်ကနေ ဆင်း . . . ဆင်းလာကြတာ အ . . . အများကြီး . . . အများကြီးပဲ "

" ကျွိ . . . ကျိ . . . ကျွိ . . . ကျိ . . . ကျလိ "

အချို့ကြွက်များဆိုလျှင် တစ်ကောင်နှင့်တစ်ကောင် မာန်ဖီ ရန်လိုကာ ဂေကျိုကျိုနှင့် မြည်ဟစ်လာကြသည်သို့။ အသည်းယားစဖွယ် မြင်ကွင်းကို အရိပ်မည်းကြီး စိတ်မရှည်တော့ . . . အနီးရှိ စားပွဲထက်မှ စာအုပ်များကို ဆွဲယူကာ တစ်အုပ်ပြီးတစ်အုပ် ကြွက်များဆီသို့ ပစ်ပေါက် နေမိသည်။

" ဝိုး . . . ဝိုး . . . ရှီး "

" ဘုတ် . . . ဘုတ် . . . ဘုတ် "

သို့သော် ကမူးရှူးထိုးပစ်ပေါက်နေခြင်းကြောင့် စာအုပ်များက လိုရာပစ်မှတ်သို့မရောက်ဘဲ လေထဲတွင်ပင် ဝဲပျံသွားကြသည်။ တစ်ချို့ တစ်လေသာ ခေါင်းလောင်းကြိုးကိုထိမှန်ကာ ကြွက်အချို့ ကြမ်းပြင်ပေါ်





ဘုတ်ဘုတ်ပြုတ်ကျပြီး အရိပ်မည်းကြီး၏ ခြေထောက်ပေါ်မှာပင် ကျ်၍ပြေးလွှားသွားကြသည်။

" ကျိ . . . ကျလိ . . . ကျိ . . . ကျလိ "

" ဟာ . . . ရှူး . . . ရှူး "

စိတ်ခါတ်ခိုင်ခန့်မာကျောပါသည်ဆိုသော အရိပ်မည်းကြီးပင် ကြောက်ကြွံဝပ္ပူး ထူးကဲလှသော သွေးမျက်ချောက်ချားဖွယ်အခြေအနေကြောင့် ထိတ်လန့်စိုးရွံ့စပင် ပြုလာပါ၏။ ချမ်းအေးလှသော သန်းခေါင်ယံညဦး ချိန်မှာပင် ချွေးဒီးဒီးကျလျက်ရှိသည်။ သို့သော် . . . ချောက်ချားတုန်လှုပ် နေသော စိတ်ဓာတ်အာရုံတို့ကို ပြန်လည်စုစည်းလျက် လက်ကျန်စာအုပ် ဘစ်ချို့နှင့် လှမ်းပစ်လိုက်သည်။

" ဝိုး . . . ဘုန်း "

" ဟေး . . . မကောင်းဆိုးဝါးကြွက်တွေ၊ တစ္ဆေကြွက်တွေ သေစမ်းကွာ "

အခြေအနေက ပိုရှုပ်ရမ်းဖြစ်လာသည်။ ဝရုန်းသုန်းကားနိုင် လာသည်။ ကြိုးတန်းပေါ်မှ ကြွက်တစ်ချို့လွင့်စင်ပြုတ်ကျလာသည်၊ ကြွက် တစ်ချို့က ခေါင်းလောင်းကြိုးတန်းပေါ်တွင် တစ်သီကြီးတွဲခို၍ ဘယ်ညာ ယမ်းခါနေကြသည်။

" ကျိ . . . ကျလိ . . . ကျိ . . . ကျွိ . . . ကျလိ "

" ဝိုး . . . ဖုစ် . . . ဘုန်း . . . ဘုန်း . . . ခွမ်း "

ထိုစဉ်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



" ကြွက်များ၏ ပရမ်းပတာတိုးဝှေ့ခုန်ချမှုကြောင့် စားပွဲပေါ်မှ မှန်မီးအိမ်ပြုတ်ကျကာ ဝုတ်ခနဲ မီးငြိမ်းသွားသည်။ ဘိုတဲပျက်ကြီးတစ်ခုလုံး ရုတ်တရက် မှောင်အတိကျသွားသည်သို့ . . .။ အရိုပ်မည်းကြီးပင် ကြောက်လန့်တကြားဟစ်အော်ရင်း နောက်ဘက်သို့ခုန်ဆုတ်လိုက်သည်။ နောက်မှသတိရသွားသဖြင့် လက်နှိပ်ဓါတ်မီးနှင့် ခေါင်းလောင်းစင်ဘက်သို့ ထိုးကြည့်လိုက်၏။

" ဟာ . . . "

မြင်တွေ့လိုက်သည့်မြင်ကွင်းကြောင့် အရိုပ်မည်းရှင် ဟာခနဲပင် ဖြစ်သွားသည်။ ခေါင်းလောင်းကြိုးတန်းကြီးထက်မှ ကြွက်ကြီးတွေက လျှောမသွားဘဲ ခေါင်းလောင်းကြိုးအတိုင်း တစ်သီတစ်တန်းကြီး စီတန်း၍ ဆင်းလာနေကြသည်ကို အံ့သြထိတ်လန့်စွာ တွေ့မြင်နေရပြန်ပါသည်။

" ဘုရား . . . ဘုရား မ . . . မဟုတ်တော့ဘူးထင်တယ် မ မကောင်းဆိုးဝါးတွေ နာ . . . နာဘာဝကောင်တွေ . . . ဝင်စီးနေကြ ပြီလား "

— ဖဝေဖဝါအတွေးများနှင့်အတူ ကြောက်ရွံ့ထိတ်လန့်စိတ်များက သွေးကြောအနှံ့ တိုးဝင်လာကြသည်သို့ . . .။ ထိုစဉ်မှာပင် မြေကြွက်ကြီးနှစ်ကောင်က ရိလေးခိုနေသည့် ကြိုးတန်းပေါ်မှတစ်ဆင့် အရိပ်မည်းကြီး၏ ဦးခေါင်းပေါ်သို့ ရုတ်တရက်ခုန်ချလာကြသည်။

" ကျွိ . . . ကျွိ . . . ကျွိ . . . ကျွိ "

" ဟာ . . . အိုး . . . "





မမျှော်လင့်သောအဖြစ်အပျက်ကြောင့် အရိပ်မည်းကြီးမှာ ကရောင်ချောက်ချားဟစ်အော်ရင်း နောက်သို့ခုန်ဆုတ်လိုက်သည်။ စိတ်ချောက်ချားသွားသလောက် ဒေါသလည်းထွက်လာပါ၏။ ထို့ကြောင့် အံကိုတစ်ချက်ကြိတ်လိုက်ပြီး လက်ထဲမှဓါတ်မီးကို ခလုတ်ဖွင့်လျက် စားပွဲပေါ်သို့တင်လိုက်သည်။

"ကိုင်း . . . ဒီလောက်ကျက်သရေကင်းမဲ့လှတဲ့ကောင်တွေတော့ သိကြသေးတာပေါ့ "

ထို့နောက် . . . ကျက်သရေကင်းမဲ့လှသော အေးစက်စက်၊ ကြမ်းရှရှ ခေါင်းလောင်းကြိုးကြီးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက်သည်။ ပြီးလျှင် ကြွက်ကြီးများတွဲခိုနေသည့် ခေါင်းလောင်းကြိုးကို ဆောင့်ဆွဲလိုက်ရာ ကြေးပိဿချိန်(၁၅)ခန့်ရှိသော ခေါင်းလောင်းကြီးသည် လှုပ်ရမ်းလာကာ ဒေါင်ဒင်သံမြည်ဟီးစပြုလာခဲ့ပါပြီ . . .။

" ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင် . . . ဒေါင် "

သန်းခေါင်ယံ မရဏခေါင်းလောင်းသံသည် လကွယ်ညဥ့်တစ်ညတွင် ညဥ့်လေရူးနှင့်အတူ ပဲ့တင်ရိုက်ခတ် စီးမျောထွက်ပေါ်လာခဲ့ပါချေပြီကော။ ရေန်တောင်ရွာနှင့် နီးစပ်ရာရွာငယ်လေးများ ထိတ်လန့်ကြောက်ရွံ့နေကြသည့် မောရိယကုန်းထက်မှ မရဏခေါင်းလောင်းသံကြီးသည် အမှောင်နက်နက်တွင် ဒေါင်ဒင်မြည်ဟီးလျက် လွင့်ပျံ့ရိုက်ခတ်နေပါတော့သည်။

သို့သော် . . . လက်ရှိပစ္စက္ခအခြေအနေမှာတော့ အရိပ်မည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးထင်သလို ကြွက်များက ကြိုးတန်းကြီးပေါ်မှ လွင့်စင်ပြုတ်ကျမလာ ခဲ့ပါ။ ဟိုသည်လွဲယမ်းနေသော ခေါင်းလောင်းကြိုးကိုပင် မကောင်းဆိုးဝါး ကြွက်ကြီးများက တပျော်တပါးကြီး ယိမ်းလေခိုကာ အရိပ်မည်းကြီးကို ဟားတိုက်လှောင်ပြောင် ချောက်လှန့်နေကြသည်သို့ . . .။

“ ကျိ . . . ကျလိ . . . ကျွိ . . . ကျိ . . . ကျိ ”

“ ဟာ ကွာ . . . ကဲ . . . ကိုင်း ဟာ ”

အရိပ်မည်းကြီးမှာ ကြောက်လန့်ဒေါကန်က ခေါင်းလောင်းကြိုး ကြီးကို ခပ်တင်းတင်းဆွဲ၍ ဆက်တိုက်လှုပ်ခါလိုက်ပြန်သည်။ ခေါင်း လောင်းသံက ဘိုတဲပျက်ကြီးပြိုလုမတတ် ရိုက်ခတ်မြည်ဟီးလာသည်။

“ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင်”

“ဟီး. . .ဟီး. . .ဟား. . .ဟား. . .ဟီး. . .ဟီး . . . ဟီး”

အရိပ်မည်းကြီးက တစ္ဆေကြွက်ကြီးများကို ပြုတ်ကျစေရန် ရည်ရွယ်လျက် ခေါင်းလောင်းကြိုးကို အားစိုက်ကာ သွေးရူးသွေးတန်း နှင့် ဆွဲခါလှုပ်ရမ်းသည်။ သို့သော် . . . ခေါင်းလောင်းထံဆီမှ မကောင်း ဆိုးဝါးကြွက်ကြီးများက မည်မျှပါးနပ်လိမ္မာလွန်းလှသည်မသိ၊ ခေါင်း လောင်းကြိုးကြီးကို ဝိုင်းဝန်း၍ကိုက်ဖြတ်ချလိုက်သည်တွင် . . .

“ ဟာ . . . ”

“ ဝေါ . . . ဖရော . . . ဖျော ”





“ အ . . . အား ”

ရုတ်တရက် အတားအဆီးမဲ့ပြုတ်ကျလာသည့် ခေါင်းလောင်း ကြိုးကြီးကြောင့် သွေးရူးသွေးတန်းနှင့် အားစိုက်ကာ ဆွဲခါလှုပ်ရမ်းနေ သော အရိပ်မည်းကြီးခမျာ ကြိုးစကြီးတန်းလန်းကိုင်ရင်း ဝုန်းခနဲ နောက်သို့ပစ်လဲကျသွားသည်။ သို့သော် . . . ကုသိုလ်ကံကဆိုးချင်တော့ ဆွေးမြေ့ကျိုးပြတ်နေသည့် ကြမ်းပြင်ဖြင့် အပေါက်အပြဲများကြားမှ တစ်ဆင့် အောက်ထပ်လှေကားခြေရင်းထိတိုင် အဆင့်ပြုတ်ကျလာခဲ့ရာမှ

“ ဝုန်း . . . ဒုန်း . . . ဂျုံး . . . ဝုန်း ”

“ အင့် . . . အား ”

နောက်ဆုံး မရဏာခေါင်းလောင်းကြိုးစပြတ်ကြီးက အရိပ်မည်း ကြီး၏လည်ပင်းကို အထပ်ထပ်ရစ်ပတ်ကာ ဘိုတဲပျက်ကြီး၏အောက်ထပ် လှေကားရင်း သွေးအိုင်ထဲတွင် ပြုတ်ကျခွေလဲရင်း အသက်ပျောက်သွား ခဲ့ပါလေတော့သည်။

“ ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင် . . . ဒေါင် ”

မည်သို့ပင်ဖြစ်စေ . . . လကွယ်ညဉ့်၏ သန်းခေါင်ယံရင်ခွင်ထဲ မှာတော့ ရေနံတောင်မရဏာကုန်းထက်မှ ‘မရဏာခေါင်းလောင်းသံကြီး’ က သွေးပျက်ချောက်ချားဖွယ် ပဲ့တင်ရိုက်ခတ်စီးမျောနေဆဲပါတကား။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

## “ မောရိယမရဏာခေါင်းလောင်းမှတ်တမ်း (၂) ”

ဖရန့်တောင်၏ မဟာ့ရာချောင်းများသို့အရောက်မှာတော့ ဖို
(၃၀၃) စပ်သုံးရိုင်ဖယ်သေနတ်တစ်လက်ကို ကိုင်ဆောင်ထားသည
စောရိန်းဘိုးက ကောင်းကင်ပြင်ကို တစ်ချက်လှမ်း၍မော့ကြည့်လိုက်သည

နေဝင်ဆည်းဆာအောက်ရှိ ကောင်းကင်ပြင်က ခပ်မှိုင်းမှိုင
ခပ်မှုန်မှုန်၊ မဟာ့ရာချောင်းရေကြည်ပင် ကြည်စင်ခြင်းမရှိ၊ ခဲသားရော
ခပ်ဖျော့ဖျော့၊ ခပ်မှုန်မှုန်ခပ်နောက်နောက်၊ ထိုရေပြင်ထက်တွင် နေရော
ဖျိုးဖျလင်းလက်နေပါ၏။

“အင်း . . . ကောင်းကင်ပုံရိပ်ကို ငါသိပ်မကြိုက်ဘူး၊ လေလော
မိုးလား တစ်ခုခုပဲကွ . . . ကြည့်ပါလား ပြာမှိုင်းမှိုင်း မှုန်တုန်တုန်
စောရိန်းဘိုးက ဆည်းဆာကောင်းကင်ထက်သို့ ရိုင်ဖယ်ပြော





နှင့် ညွှန်ပြလိုက်ရင်း အမဲလိုက်ဖော်သူငယ်ချင်း မဲခေါင်ကို ပြောလိုက်
ခြင်းဖြစ်သည်။

“ ဟုတ်တယ် ရိန်းဘိုးရေ . . . ချိန်ခါမဟုတ်ဘဲ မိုးများရွာချ
မလားမသိဘူး၊ ငါတို့တောင် မိုးမလွတ်လောက်တော့ဘူးထင်တယ်”

နှစ်ယောက်သား ကောင်းကင်ပြင်၏ ပြောင်းလဲသွားသော
မျက်နှာကိုကြည့်ကာ ပြောဆိုနေစဉ်မှာပင် လေပြင်းတစ်ချက်ဆောင့်၍
တိုက်လိုက်သဖြင့် သစ်ပင်ဝါးပင်များ ဘယ်ညာယိမ်းယိုင်သွားကြသည်။
လေပြင်းသဖြင့် သစ်ရွက်ကြွေတစ်ချို့ ပြုတ်ကြွေလွင့်ပျံနေကြပြီး သစ်ပင်၊
သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်များ လှုပ်ခတ်သံက တဝေါဝေါ၊ တဖျောဖျော
နှင့် အတန်ငယ်ဆူညံသွားသည်သို့ . . . ။

စောရိန်းဘိုက မဟာ့ရာချောင်းကမ်းစပ်ထိ သွားရောက်ကာ
ရန့်တောင်ဘက်သို့တိုင် လှမ်းမျှော်ကြည့်လိုက်သည်။ ရေနံတောင်
ကြာ အနောက်ဘက်စွန်း၏ ကောင်းကင်ထက်ဝယ် ငွေမ်းစိုင်တိမ်ခဲ
ည်းမည်းတစ်ခု မှိုင်းမှုန်နေသောပတ်ဝန်းကျင်ထက် ပို၍မည်းနက်သည်။
တိမ်တိုက်မည်းမည်းက ကြည့်နေရင်းမှပင် တစ်စတစ်စ ကြီးထွား
ကျ်မောင်လာကာ လှုပ်ရှားလာသကဲ့သို့ . . . ။

ထိုစဉ်မှာပင် . . . သစ်ပင်ဝါးပင်ကြီးများ သောသောအုတ်
ုပ်ရှားလာကြပြီး လေသံတဝီဝီကိုပါ ဆူညံစွာကြားလာရသည်။ တစ်ဆက်
ည်းမှာပင် ဆည်းဆာကောင်းကင်တစ်ခုလုံး အုံ့မည်းကာ မိုးပေါက်များ
ကျဲကျဲကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဟော . . . မဲခေါင်ရေ နိဝရောမြန်မြန်ရှာဟေ့. . . မောရိယ ကုန်းပေါ်မှာတော့ ဘိုတဲပျက်ကြီးတစ်လုံးရှိတယ် . . . အဲဒီကိုသွားပြီး မိုးခိုမှဖြစ်မယ် . . . ကဲ မြန်မြန်လာ ရိန်းဘိုး . . . ဒီထက်မိုးကြီးလာရင် မှောင်သွားလိမ့်မယ် ”

မဲခေါင်က ပွိုင့်(၃၀၃)စစ်သုံးရိုင်ဖယ်ကို ကျောတွင်လွယ်ကာ မြက်ရိုင်းတောကြီးနံဘေးမှပတ်ကာ ခပ်သွက်သွက်လျှောက်သွားသည်။ သူ၏နောက်မှ စောရိန်းဘိုးကမူ ရိုင်ဖယ်သေနတ်ကိုအသင့်ကိုင်လျက် မျက်စိရှင့်ရှင်နှင့် မဲခေါင်နောက်မှ ထပ်ချပ်မကွာလိုက်လာခဲ့သည်။

ထင်သည့်အတိုင်းပင် တဖြည်းဖြည်းနှင့် လေရောမိုးပါ သွန်ကြဲ တိုက်ခတ်သလိုဖြစ်လာခဲ့သည်။ လေသံက တိုးဝှေ့တိုက်ခတ်သံသက်သက် မဟုတ်၊ ဟစ်အော်ကြွေးကြော်လာသည့်အသံမျိုး။ လေထဲတွင် မိုးသီး မိုးပေါက်များက ဝှေ့ရမ်းကြပက်လျက် ဆည်းဆာအလင်းရောင် အနည်း ငယ်ကျန်နေသဖြင့်သာ နေမဝင်သေးမှန်းသိရသည်။

မဟူရာချောင်းကွေ့ကိုကျော်လိုက်သည်နှင့် မောရိယကုန်းပေါ်မှ မည်းမည်းသဲ့သဲ့တွင် ဘိုတဲကြီးကို ချောက်ချားဖွယ်တွေ့မြင်လိုက်ကြရသည်။ ထို့ပြင် မောရိယကုန်းတစ်ဖက်မှ သချိုင်းပျက်ကြီးတစ်ခုကိုလည်း လျှပ်ရောင်အောက်တွင် ဖျတ်ခနဲတွေ့မြင်လိုက်ရသဖြင့် . . . ။

“ဟာ . . . မင်းဘိုတဲကြီးကလည်း ညမှောင်မှောင်မှာ ငုတ်တုတ် ကြီးထိုင်နေတဲ့ မကောင်းဆိုးဝါး နာနာဘာဝကောင်ကြီးကျနေတာပဲဟေ့ ဘုရား . . . ဘုရား ”





“ အိုး . . . မုဆိုးက ဘုရားတ,ရတယ်လို့ လူတွေကြားရင် ရယ်စရာဖြစ်နေဦးမယ် လာ . . . မြန်မြန် ဒီအနီးအနားမှာ ဒီဘိုတဲပျက် ကြီးကလွဲရင် ဘာမှခိုနားစရာမရှိဘူး ”

ဤသို့ဖြင့် အမဲပစ်မုဆိုး စောရိန်းဘိုးနှင့် မဲခေါင်တို့မှာ ရေနံ တောင် မောရိယကုန်းထက်ရှိ ဘိုတဲပျက်ကြီးအတွင်းသို့ မိုးခိုရန်ရောက်ရှိ လာခဲ့ကြပါလေ၏။ တော်သေးသည် သူတို့နှစ်ယောက် ဘိုတဲပျက်ကြီးသို့ ဝင်ရောက်ခဲ့ပြီးမကြာမီမှာပင် ရေနံတောင်ဝန်းကျင်တစ်ခုလုံး အမှောင် နက်နက်က ဖုံးလွှမ်းသွားပါလေတော့သည်။ ထိုအမှောင်ထုကြီးအား ကြီးစိုး မင်းမူနေသည့်ကတော့ တဝုန်းဝုန်းနှင့်ပြိုကျလာသော မိုးသံ၊ လေသံ။ မိုးရေက အစက်အပေါက်လိုက်မဟုတ်၊ ဘိုတဲပျက်ကြီး၏ခေါင်မိုးပေါ်သို့ ရေတံခွန်နှယ် တသွင်တည်းသွန်ကျနေသည်သို့ . . . ။

မိုးထဲလေထဲမှာပင် ဘိုတဲကြီး၏အောက်ထပ်တွင် မီးဖိုတစ်ခုကို မဲခေါင်က လျှင်လျှင်မြန်မြန်ပင် အကောင်အထည်ဖော်လိုက်ပါ၏။ မီးဖိုမီး ၏အလင်းရောင်အောက်တွင် ခန်းဖွဲ့ပေါင်းများစွာနှင့် ဥရောပဆန်ဆန် ဆောက်လုပ်ထားသည့် ဘိုတဲပျက်ကြီး၏ အတွင်းမြင်ကွင်းတစ်ချို့ကို မှုန်ဝါးဝါးတွေ့မြင်နေရသည်။

“ အေး . . . အခုမှပဲ နေသာထိုင်သာရှိသွားတယ်၊ အကျီတွေ တော့ ချွတ်ပြီးမီးကင်ရမယ်ဟေ့၊ ကြည့်စမ်းပါဦး တောကြီးမျက်မည်းထဲ မှာ ဒီလောက်ခမ်းနားတဲ့ ဘိုတဲပျက်ကြီးမျိုးကို ဘယ်လိုလူတွေကများ ဆောက်ပြီးနေကြတာလဲမသိဘူး ”



www.burmeseclassic.com

www.burmeseclassic.com



စောရိန်းဘိုးက သူ၏ရိုင်ဖယ်သေနတ်ကို အခန်းထောင့်တွ ထောင်လိုက်ပြီး အင်္ကျီရှည်ကြီးကိုချွတ်နေစဉ် ဘိုတဲပျက်ကြီး၏ အခ အထားကိုကြည့်ကာ ထိုကဲ့သို့ပြောဆိုလိုက်ခြင်းဖြစ်သည်။

အပြင်ဘက်အမှောင်နက်နက်ထဲမှာတော့ ရူးရူးဝါးဝါးငယ်သံ ပါအောင် အော်ဟစ်မြည်တမ်းနေသည့် မုန်တိုင်းနှင့်စစ်သားရာထောင်တို့ လုံ့စွပ်တိုက်ခဲ့ပွဲကြီးဆင်နွှဲနေသည့်နှယ် ကြောက်ခမန်းလိလိ ကြိမ်းမောင်း ဟစ်ကြွေးနေသည့် မိုးအော်သံကြီးများက တစ်လှည့်စီတစ်ပြန်စီ ခြိမ်း ချောက်နေကြသည့်နှယ် . . . ။

ထိုကဲ့သို့ လေမုန်တိုင်းအထဲ၊ မိုးပေါက်မိုးခဲတို့၏ ကြမ်းတမ်းစွာ ရိုက်ပုတ်ထုထောင်းခြင်းအထဲများကို မောရိယကုန်းထက်မှ ဘိုတဲပျက်ကြီး က အားကိုးရာမဲ့စွာပင် လည်စင်း၍ ကြံ့ကြံ့ခံနေသည်သို့ . . . ။

မဲခေါင်က သစ်တိုသစ်စအပျက်အစီးများကို စုဆောင်း၍ မီးဖို အနီးတွင်ချလိုက်သည်။ ပြီးမှ . . .

" ဒီမှာ ရိန်းဘိုး . . . မင်းက ဒီရေနံတောင်ရဲ့ဧည့်သည်မို့လို့ ဟောဒီဘိုတဲကြီးအကြောင်းကိုမသိလို့ ညမှောင်မှောင်ကြီးမှာ မိုးဝင်ခိုတာ၊ ဓါတ်သိဖြစ်တဲ့ ရေနံတောင်ရွာသားတွေက ဒီဘိုတဲပျက်ကြီးထဲကို မိုးဝင်ခို ဖို့ဝေးလို့ ဘိုတဲပျက်ကြီးအနီးနားမှာတောင် ဘယ်သူမှမလာကြဘူးဟေ့"

"ဟော. . .ဘာ ဘာဖြစ်လို့လဲ. . .ဘာလဲ ဟို. . . ဓါတ်ရှင် တွေ ဝတ္ထုတွေထဲကလို ဟောဒီဘိုတဲပျက်ကြီးက တစ္ဆေခြောက်လို့လား ဒါမှမဟုတ် သရဲခြောက်လို့ မလာဝံ့ကြတာလား . . . မဲခေါင် "





" မဟုတ်ဘူး . . . ဒီဘိုတဲပျက်ကြီးအပေါ်ထပ်မှာ မရဏ ခေါင်းလောင်းကြီးရှိလို့ "

" ဘာကွ . . . "

မဲခေါင်က ထင်းခြောက်နှစ်ရသုံးခုလောက် မီးဖိုထဲသို့ထည့်လိုက် ရင်း စောရိန်းဘိုးအား ခတ်ပြတ်ပြတ်ပြောလိုက်သဖြင့် စောရိန်းဘိုးမှာ "ဘာကွ"ဟု အံ့သြစွာပြူးကြည့်ရင်း စဉ်းစားရခက်သွားသည်သို့ . . ။

" ဘာလဲ . . . ခေါင်းလောင်းကြီး မရဏခေါင်းလောင်းကြီး ဟုတ်လား "

မဲခေါင်ပြန်ပြောလိုက်သည့် စကားသံက မိုးခြိမ်းသံနှင့်အပြိုင် ဖြစ်သွား၍ စောရိန်းဘိုး ယကထာန မကြားလိုက်ရသည်ထင့် . . . ။ ဇဝေဇဝါဖြင့် မဲခေါင်အား ပြန်လည်မေးခွန်းထုတ်လိုက်သည်။

သို့သော် . . . မဲခေါင်က ချက်ချင်းမဖြေ၊ ဘောင်းဘီအိတ်ထဲ တွင် ပလပ်စတစ်အိပ်နှင့်ထည့်ထားသည့် ဆေးပြင်းလိပ်မည်းမည်းကြီး တစ်လိပ်ကိုထုတ်ယူကာ မီးဖိုထဲမှ မီးစတစ်စနှင့် ကောက်ယူမီးညှိနေပါ လေ၏။ ပြီးမှ တစ်ချက်နှစ်ချက်မျှ အရသာခံရှိုက်ဖွာလိုက်ပြီး . . .

"ဟုတ်တယ် . . . မရဏခေါင်းလောင်းကြီးကြောင့်ကွ သိလား ရွာသားတွေပြောစကားအရဆိုရင်တော့ လပြည့်လကွယ် သန်းခေါင်ယံ ညဘက်တွေဆို ဘိုတဲပျက်ကြီးပေါ်က ခေါင်းလောင်းစင်ကြီးပေါ်ကနေ ခေါင်းလောင်းသံကြားရတတ်တယ်လို့ ပြောကြတယ် . . . အဲ . . . အဲဒီ ခေါင်းလောင်းသံကြီးကြားရရင် လူ . . . လူတစ်ယောက်တော့ အနည်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရတတ်တယ်၊ ကုန်ကုန်ပြောရရင် သေသွားတတ်တယ်၊ သေဆုံးသွားရလေ့ရှိတယ် . . . ''

'' အိုး . . . မဆိုင်လိုက်တာ မဲခေါင်ရယ်၊ ဟိုစကားပုံတစ်ခုလိုဖြစ်နေပြီ . . . ဘာတဲ့ ဟို''ညောင်ဦးက ကမ်းပါးပြိုတာနဲ့ စမွါနဂိုက နွားမကြီးပေါင်ကျိုး''ဆိုသလို ခေါင်းလောင်းကြီး သူ့ဟာသူမည်ဟီးတာနဲ့ လူတစ်ယောက်သေရတယ်လို့ အဓိပ္ပါယ်မရှိလိုက်တာကွာ၊ မင်းကလည်း မှဆိုးတစ်ယောက်လုပ်နေပြီး ဒီလိုအခြေအမြစ်မရှိတဲ့ စကားတွေ ဘာလို့ယုံကြည်နေရတာလဲ ''

အပြင်မှာတော့ မိုးရောလေပါ အားကောင်းလျက်ရှိနေဆဲ၊ ဘိုတဲခေါင်မိုးကြီးပင် လေထဲတွင်လွင့်ပါသွားတော့မယောင်၊ တဝေါဝေါ တဝုန်းဝုန်းနှင့် လှုပ်ရမ်းလျက်ရှိပါ၏။ မိုးက အပေါ်တည့်တည့်မှချည်း ရွာသွန်းချသည်မဟုတ်၊ စွေစွေစောင်းစောင်း၊ ဘေးတိုက်ပတ်လည်ပါ အရပ်ရှစ်မျက်နှာစလုံးမှ အားသွန်၍ပက်ဖြန်းနေပါ၏။ ထို့ကြောင့် မည်သည့်အချိန်ရှိမှန်း မှန်းဆ၍မရနိုင်၊ မိုးချုပ်ပြီလား . . . ညဦးသန်းခေါင် ယံလား . . . အရုဏ်တက်ခါနီးလား . . . မမှန်းဆတတ်။

'' ဂျိမ်း . . . ဒိန်း ''

သည်ကြားထဲ ကောင်းကင်နက်နက်တွင် အစင်းကြောင်း ကွေ့ကွေ့ကောက်ကောက်လင်းလက်ကာ ဂျိမ်းဂျိမ်းဂျုံးဂျုံးမြည်ဟီးသွားသည်။ ဝင်းခနဲ၊ ပျက်ခနဲ လင်းလက်သည်။ ဂျိမ်းခနဲအသံတစ်ချက်မြည်ဟီးသွားပြီး၊ ကောင်းကင်ဖြိုမညီမညာတွင် ရောမခါတ်ဆိတိုင်ကီ





ခြုံကြီး လိမ့်ချလိုက်သလို တဒုန်းဒုန်း၊ တဒိုင်းဒိုင်း အော်မြည်လိမ့်ဆင်းသွားပါချေ၏။

'' ငါပြောတာ ကြားလား . . . မဲခေါင် ''

''ဟင့်အင်း . . . မိုးခြိမ်းသံတွေနဲ့မို့ ဘာမှမကြားလိုက်ရဘူး''

စောရိန်ဘိုး၏ ပါးစပ်လှုပ်ဟန်နှင့် စကားပြောသံတစ်ချို့ သဲ့သဲ့ကြားလိုက်ရသည်။ မိုးခြိမ်းသံဆူညံသွားသဖြင့် ဘာမျှမကြားခဲ့ရ။

'' ဒီမှာ မင်းပြောတဲ့ ဟို . . . မရဏခေါင်းလောင်းကြီးက ဘယ်နားမှာရှိလဲ၊ ငါ့ကိုလိုက်ပြပါလား . . . ဒီမှာမိုးခိုရင်းနဲ့ ထိုင်ပြီးမီးလှုံနေမဲ့အစား တစ်ခုခု သဲသဲကွဲကွဲသိရရင် မကောင်းဘူးလား ''

'' မလုပ်ပါနဲ့ကွာ . . . ဒီအောက်ထပ်မှာပဲ မီးလှုံပြီးနေတာ ကောင်းပါတယ်၊ ဒီမှာရိန်ဘိုး ဘာမှအကျိုးမရှိတဲ့ မစပ်စုပါနဲ့ကွာ၊ အခု မင်းကိုပြောနေတာတွေက ဒီဘိုတဲကြီးရဲ့ တကယ့်အဖြစ်အပျက်တွေပါ။ ဒီမြေက ကြမ်းလည်းကြမ်းတယ်၊ နောက်ပြီး အဲဒီမရဏခေါင်းလောင်းကြီးဆီကို သွားကြည့်တဲ့သူတိုင်း နောက်ဆုံး အသေဆိုးနဲ့သေကြရတယ်တဲ့၊ အမှန်တော့ ဒီဘိုတဲပျက်ကြီးပေါ်က ခေါင်းလောင်းကြီးဟာ ကျိန်စာသင့်နေတဲ့ ခေါင်းလောင်းတစ်ခုပဲ ရိန်ဘိုး ''

နောက်ဆုံး စောရိန်ဘိုး စိတ်ပြောင်းသွားစေရန် ဘိုတဲပျက်ကြီးတွင် မိုးခိုရင်း၊ မီးလှုံရင်း သူကြားခဲ့ဘူးသမျှ ကြားဖူးနာဝများနှင့် မောရိယကန်းထက်မှ စိတ်ဝင်စားဖွယ် မရဏခေါင်းလောင်းကြီးအကြောင်းကို တစ်စွန်းတစ်စပြောပြလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

" ခေါင်းလောင်းသံတစ်ချက် . . . အသက်တစ်ချောင်း "

အမှောင်ထုကြီး ပိန်းပိတ်နေလျက်မှပင် မုန်တိုင်းက တဖြည်း ဖြည်းစဲသွားပါ၏။ မိုးကလည်း မိုးပေါက်ကျဲကျဲနှင့် ခပ်ဖွဲဖွဲမျှသာ ရွာ သည်။ လေပြည်ကလေးတစ်ချက် ဝှေ့ရမ်းသွားပါ၏။ ချမ်းသလို အေးသလိုလိုဖြင့် အတန်ငယ်စိတ်သက်သာရာရလာပြီး နေသာထိုင်သာ ရှိသလိုဖြစ်လာသည်။

နှစ်ယောက်ကြားမှ မီးဖိုကမူ အရှိန်အဟုန်ဖြင့် အားကောင်း တောက်လောင်နေဆဲ . . . ။

" ဒီလိုဆိုတော့ အဲဒီမျက်နှာဖြူအင်္ဂလိပ်ကြီးတွေက ဒီဘိုတဲ ပျက်ကြီးကို အနိုင်အမာဆောက်ပြီးနေကြတာပေါ့ ဟုတ်လား "

" အေး . . . ဟုတ်တယ် ဒီရေနံတောင်မှာ အခြေချနေထိုင်





ပြီး ကုလားအလုပ်သမားတွေနဲ့ ရေနံတွေအများကြီးတူးခဲ့ကြတာပေါ့၊ စပြီးရောက်လာကြတုန်းကတော့ အင်္ဂလိပ်ကြီးသုံးဦးထဲပေါ့၊ နောက်တော့ မောရိယကုန်းပေါ်မှာ ဘိုတဲစံနန်းတော်ကြီးတစ်လုံးဆောက်ပြီး မိသားစု လိုက် ပြောင်းရွှေ့ပြီးနေကြတယ်၊ အဲဒီလိုနဲ့နေရင်းက နှစ်နှစ်လောက် ကြာတော့ အင်္ဂလိပ်ကြီးနှစ်ယောက် သေသွားကြတယ်၊ ကြားရတာက တော့ ရေနံတူးရင်းနဲ့ ရွှေချောင်းတွေတွေ့တယ်လို့ ပြောကြတယ်၊ ကြည့်ရ တာ လောဘဇောကပ်ပြီး အချင်းချင်းအကောက်ကြံပြီး သတ်ပစ်တာလို့ လည်း ပြောကြတယ်၊ ဟုတ်သလား မဟုတ်ဘူးလားဆိုတာတော့ ငါလည်း မသိဘူး ရိုန်းဘိုး "

" အဲဒီနောက်တော့ တစ်ယောက်တည်းကျန်ရစ်ခဲ့တဲ့ အင်္ဂလိပ် ကြီးတို့မိသားစုတွေလည်း အဲဒီရွှေချောင်းသေတ္တာကြောင့် တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားခဲ့ကြတယ်၊ အေး . . . ကျန်ရစ်ခဲ့တာကတော့ ဘိုတဲကြီးအပေါ်ထပ်က ခေါင်းလောင်းစင်ကြီးပဲ၊ အဲဒီအင်္ဂလိပ်ကြီးက အရေးပိုင်ဟောင်းကြီးတဲ့၊ ဘာကြောင့်မှန်းမသိ ဘိုတဲကြီး စပြီးဆောက် တုန်းကတည်းက အဲဒီခေါင်းလောင်းစင်ကြီးကိုပါ တစ်ခါတည်းတွဲပြီး ဆောက်ခဲ့တာတဲ့လေ "

စောရိန်းဘိုးက မဲခေါင်ပြောပြနေသည့် မရဏခေါင်းလောင်း နှင့်ပတ်သက်သည့် အကြောင်းအရာများကို စိတ်ဝင်တစားနှင့် နားထောင် နေပါလေ၏။

" နေပါဦး မဲခေါင်ရဲ့ မင်းပြောသွားတဲ့အထဲမှာ ရွှေချောင်းသေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ရသွားတယ်၊ ဘယ်မှာထားခဲ့တယ်ဆိုတာလဲ မပါပါလား။ နော
ပြီး ဘိုးဂဲကြီးမှာ ခေါင်းလောင်းစင်ထည့်ပြီး ဆောက်ထားတာကတော
နည်းနည်းတူးဆန်းနေသလိုပဲကွ၊ ငါ့စိတ်ထင်ပြောရရင် ခေါင်းလောင်းကြ
နဲ့ရွှေချောင်းကိစ္စဟာ တစ်ခုခုတော့ဆက်စပ်နေလိမ့်မယ်လို့ ငါထင်တယ်

ယခုတော့ မီးဖိုရှေ့တွင် သေနတ်များကိုနဘေးတွင်ချကာ ကြားဖူးနားဝရွှေချောင်းများနှင့် မရဏခေါင်းလောင်းကြီးအကြောင်းက ဆွေးနွေးပြောဆိုနေကြသည်။

" အေး . . . အဲဒါကြောင့်ဖြစ်မယ်ထင်တယ် သတင်းကြားတဲ့ သူတွေက တစ်ယောက်ချင်း၊ ဒါမှမဟုတ် အဖွဲ့လိုက်လာပြီး ဟော မောရီယာကုန်းပေါ်က ဘိုတဲပျက်ကြီးဆီကို ရောက်လာလေ့ရှိကြတယ် နောက်တော့ ဘိုတဲပျက်ကြီးက ခေါင်းလောင်းစင်ပေါ်အထိတက်ပြီး ရှာဖွေ ကြတယ်ထင်တယ်၊ နောက်ဆုံး . . . ခေါင်းလောင်းကြီးစတွေနဲ့ရစ်ပတ် ပြီး တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြတဲ့ မနည်းတော့ဘူး ရိန်းဘိုးဖရ "

မဲခေါင်၏နောက်ဆုံးစကားကြောင့် စောရိန်းဘိုး၏မျက်နှာကြီး မှာ ရှုံ့မဲ့သွားပါလေ၏။

" အိုး . . . ဘယ်လိုဖြစ်ရတာလဲ၊ ခေါင်းလောင်းသံကြားရပြီး ခေါင်းလောင်းကြိုးနဲ့ရစ်ပတ်ပြီး သေရတယ်ဆိုတာ ဘယ်လိုလဲ . . . တစ္ဆေသရဲတွေက ဂုတ်ချိုးသတ်တာတော့ မဖြစ်နိုင်ဘူး မဲခေါင် . . . အင်း ရောက်တုန်းရောက်ခိုက်တော့ 'မရဏခေါင်းလောင်း' ဆိုတာကြီးကို





ကြည့်ဖြစ်အောင်တော့ ကြည့်သွားဦးမှထင်တယ် "

" ဟိုး . . . ဟိုး . . . ငါ ငါတော့မလိုက်ဘူးမောင်၊ မင်းဟာမင်း တစ်ယောက်ထဲတက်ပြီး သွားကြည့်ချင်ရင်ကြည့်၊ အပေါ်ထပ်ကစာကြည့် ခန်းနဲ့ဆက်ရက်က ခေါင်းလောင်းစင်ပဲ "

" အော် . . . ခက်ပါ့ မဲခေါင်ရယ်၊ ဟို . . . ခေါင်းလောင်းစင် ပေါ်သွားရင်းနဲ့ ရွှေချောင်းသေတ္တာကြီးကို ငါတွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

စောရိန်းဘိုးက နှစ်တစ်လက်မ တစ်တောင်ကျော်ကျော်ခန့်ကို အဝတ်စုတ်တစ်ခုနှင့်ပတ်ရင်း မဲခေါင်ကို နောက်ပြောင်နေပါ၏။

" တန်ပါ . . . ရိန်းဘိုးရယ် မင်းအတွက် မရဏခေါင်းလောင်း သံ မကြားရပါစေနဲ့လို့ပဲ ငါဆုတောင်းနေပါ့မယ် "

ဤသို့ဖြင့် စောရိန်းဘိုးမှာ အဝတ်ပတ်ထားသည့် မီးတုတ်ကို သူ၏ကျောပိုးအိတ်ထဲမှ မီးတောက်အရက်နှင့်ဖြန်းလိုက်ပြီး မီးဖိုမီးမှ မီးကူးယူလိုက်သည်။ ပြီးလျှင် ညာလက်တွင် ပွိုင့်(၃၀၃)ရိုင်ဖယ်ကို ကိုင်စွဲကာ ဘယ်လက်နှင့်မီးတုတ်ကို ကိုင်မြှောက်လျက် ဘိုတဲအပေါ်ထပ် သို့ ညှိခန်းလှေကားမှတစ်ဆင့် တက်သွားပါတော့သည်။

လှေကားတစ်ထစ်တက်လိုက်တိုင်း တကျွိကျွိနှင့် အော်နေပါ၏။ ဆွေးမြေ့ပေါက်ပြဲနေသည့် ကြမ်းခင်းများကို သတိထား၍နင်းရင်း အပေါ် ထပ်သို့ စောရိန်းဘိုး ရောက်လာခဲ့သည်။ မီးတုတ်၏အလင်းရောင်ကြောင့် အပေါ်ထပ်အခန်းများကို ထင်းလင်းစွာတွေ့မြင်နေရသည်။ ပင့်ကူမျှင် များနှင့် ဖုန်မှုန့်များက အလိမ်းလိမ်းနှင့် . . . ။ မီးအလင်းရောင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထင့် အခန်းထဲမှ လင်းနို့တစ်ခါ တဖြန်းဖြန်းနှင့် ပျံထွက်သွားကြသည်။

" ဖြန်း . . . ဖြန်း . . . ဖြန်း "

" ဝိုး . . . ဖလတ် . . . ဖလတ် "

လင်းနို့ကောင်များက စောရိန်းဘိုး၏မျက်နှာဆီသို့ ပြေးဝင်လာကြသဖြင့် ကပျာကယာ သေနတ်ကိုင်လက်ဖြင့် ကာလိုက်ရသည်။

" ဟာ . . . ဒီကောင်တွေက တစ်မှောင့်ကွာ "

ပင့်ကူမျှင်များကို သေနတ်နှင့်ဖယ်ရှင်းရင်း တစ်ခန်းဝင် တစ်ခန်းထွက်နှင့် မဲခေါင်ပြောလိုက်သည့် စာကြည့်ခန်းကို ရှာဖွေနေပါ လေ၏။ ပျက်စီးနေသည့်တံခါးချပ်ကို အသာတွန်းဖွင့်လိုက်ပြီး အထဲသို့ သတိနှင့်ခြေချလိုက်သည်။ မီးရောင်အောက်တွင် အခန်းတွင်းမှ အိမ်ထောင်ပရိဘောဂအချို့ကို ဝိုးတဝါးမြင်တွေ့ရသည်။

ဘိုတဲခေါင်မိုးပေါ်သို့ မိုးပေါက်ကျသံများ မကြားရတော့ မုန်တိုင်းက အမှန်တကယ်ပင် စဲသွားခဲ့ပြီထင်၏။ သို့သော် အပြင်လောက ဘက်ခြမ်းမှာတော့ အနက်ရောင်မြူထည်ကြီးက ပိတ်ဆီးကာရံလျက် ရှိနေဆဲ၊ ဘယ်အချိန် မနက်မိုးလင်းမည်ကို မသိနိုင်။

စောရိန်းဘိုး၏ခေါင်းထဲတွင် အင်္ဂလိပ်မျက်နှာဖြူသုံးယောက်တို့ တွေ့ရှိခဲ့သော ရွှေချောင်းသေတ္တာကြီးများကို မြင်ယောင်နေမိသည်။ ဤ ဘိုတဲပျက်ကြီး၏ တစ်နေရာရာတွင် ရွှေချောင်းသေတ္တာကြီးကိုသာ မမျှော် လင့်ဘဲရှာဖွေတွေ့ရှိလိုက်မည်ဆိုလျှင် . . . ။

" ခွီး . . . ခွီး . . . ဝုန်း "





" ဟာ . . . "

ရုတ်တရက် အခန်းထောင့်အမှောင်ရိပ်ထဲမှ တခွီးခွီးအော်သံ ကြီးနှင့်အတူ ဝုန်းခနဲထွက်လာသည့် အရိပ်မည်းကြီးကြောင့် စောရိန်းဘိုး နောက်သို့ပင် ခြေတစ်လှမ်းဆုတ်လိုက်ရသည်။

"အိုး . . . ကြောင် . . . ကြောင်နက်ကြီးတစ်ကောင်ပါလား"

ဟုတ်သည် တခွီးခွီးနှင့် အသံပေးအော်ဟစ်နေသည့် ကြီးမား လှသော ကြောင်နက်ကြီးတစ်ကောင်က ဘီရိုပေါ်မှနေ၍ မျက်လုံးစိမ်းစိမ်း ကြီးနှင့် ရူးရူးရဲရဲကြည့်ကာ ပါးစပ်ကြီးတဖြဲဖြဲလုပ်နေသည်ကို ထိတ်လန့် ချောက်ချားစွာ တွေ့မြင်လိုက်ရပါလေ၏။

စောရိန်းဘိုးတစ်ယောက် မမျှော်လင့်သောဖြစ်ရပ်ကြောင့် ချောက်ချားစွာကြည့်နေစဉ်မှာပင် ကြောင်နက်ကြီးက တစ်ဖက်အမှောင် ရိပ်ထဲသို့ လွှားခနဲ ခုန်ချပျောက်ကွယ်သွားပါလေတော့သည်။ ထို့နောက် မှာတော့ ဘိုတဲပျက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါလေ၏။ သို့သော် စောရိန်းဘိုး၏စိတ်တို့ကမူ မတည်ငြိမ်ချင်တော့၊ စောစောက အဖြစ်အပျက်ကြောင့် ကတုန်ကရင် အသည်းတလှပ်လှပ် ရင်တခုန်ခုန်နှင့် နောက်ထပ်အခန်းကျယ်ကြီးတစ်ခုထဲသို့ ဝင်လိုက်သည်။

တွေ့လိုက်ရပါပြီ . . . စားပွဲတစ်လုံးပေါ်တွင် စာအုပ်များက ပြုသည်ကပြို၊ ထောင်သည်ကထောင်နှင့်၊ ဘီရိုကြီးနှစ်လုံးထဲတွင် စာအုပ် များမရှိတော့သဖြင့် စာအုပ်ဘီရိုဟုမခေါ်ဆိုနိုင်သည့်တိုင် စာကြည့်ခန်း ဖြစ်ကြောင်းကိုမူ ပရိဘောဂများနှင့် အစီအစဉ်တကျမရှိတော့သော ဖရိုဖရဲ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များက သက်သေပြနေပါ၏။ အချို့စာအုပ်များကမူ ကြမ်းပြင်ထက်တွင် တစ်စစီစုတ်ပြဲပြန့်ကြဲလျက်၊ စားပွဲပေါ်မှ ထောင်လျက်ရှိနေသေးသည့် စာအုပ်များက ဖုန်အလိမ်းလိမ်း ပင့်ကူမျှင်အထပ်ထပ်နှင့် . . ။

စောရိန်းဘိုး လက်ထဲမှမီးတုတ်ကိုမြှောက်ကာ စာကြည့်ခန်းနှင့်တွဲလျက်ရှိသည်ဆိုသော ခေါင်းလောင်းစင်ကို သတိထား၍ရှာနေပါ၏။ ထိုစဉ် သူ၏ညာဘက်အခန်းကြီး၏ အမှောင်ရိပ်ထဲမှ ချိုးချိုးချွတ်ချွတ်အသံများ ကြားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။

" ရော် . . . ဘာသံတွေလဲ မဲခေါင်ပြောတဲ့ ဘိုဘဲတစ္ဆေတွေလာကြပြီထင်တယ် "

မီးတုတ်ကြီးကိုကိုင်မြှောက်၍ ရှေ့သို့တိုးဝင်သွားတော့ အသံဗလံတွေ ပျောက်သွားပြန်ပါ၏။ သို့သော် သူတွေ့ချင်မြင်ချင်နေသည့် ခေါင်းလောင်းစင်ကိုမူ မီးရောင်အောက်တွင် ဘွားခနဲမြင်တွေ့လိုက်ရသည်။

" ဟော . . . ခေါင်း . . . ခေါင်းလောင်းစင်ကြီးပါလား "

ထိုအခိုက် သူ၏မျက်စိအာရုံထဲတွင် လှုပ်ရမ်းသွားသည့် ခေါင်းလောင်းကြီးကြီးကို ရိပ်ခနဲမြင်လိုက်ရသလိုလို၊ ဝေဝေဝါးဝါးအတွေးများနှင့် သေချာကြည့်လိုက်တော့ စာကြည့်ခန်းနှင့်ယှဉ်တွဲလျက်ရှိသော ခေါင်းလောင်းစင်မြင့်ထက်မှ တွဲလောင်းကျနေသည့် ခေါင်းလောင်းကြီးကြီးက မလှုပ်မရမ်း ငြိမ်သက်စွာရှိနေပါလေ၏။

" ဟော . . . ဟော စောစောလေးကမှ လှုပ်ရမ်းသွားတာ ငါတွေ့လိုက်ရပါသေးတယ်၊ အခုချက်ချင်း ဘယ်လိုဖြစ်လို့ မလှုပ်မရှားနဲ့





ငြိမ်သွားရတာလဲ "

စောရိန်းဘိုးတစ်ယောက် မကျေမနပ်ဖြင့် ခေါင်းလောင်းစင်ရှိရာသို့ မီးတုတ်ကိုမြှောက်ကိုင်ကာ သတိနှင့်ဝင်လာခဲ့သည်။ ထိုစဉ်မှာပင် စာကြည့်ခန်းထောင့် အမှောင်ရိပ်ထဲမှ မျက်လုံးစိမ်းစိမ်းကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် . . .

" ဟာ . . . မျက်လုံးစိမ်းစိမ်းနဲ့ စောစောကကြောင်နက်ကြီးများလား "

တစ်ခဏအတွင်းမှာပင် ထိတ်လန့်ချောက်ခြားစိတ်ကြောင့် စောရိန်းဘိုးခမျာ ချွေးများပင်ပြန်လာပါ၏။ အောက်ထပ်တွင်ကျန်ရစ်ခဲ့သော မဲခေါင်ထံမှ ဘာသံမှမကြားရသဖြင့်လည်း သူ၏စိတ်က ကစဉ့်ကလျားဖြစ်နေသည်သို့ . . . ။ ထိုစဉ် . . .

" ခွီး . . . ခွီး "

စောရိန်းဘိုး ရှေ့သို့တိုးဝင်လိုက်သဖြင့် စားပွဲပေါ်မှကြောင်နက်ကြီးက တခွီးခွီးအသံပေးကာ ခြောက်လှန့်ဟန့်တားလိုက်သည်။ မဟူရာရောင်နက်မှောင်သော အရောင်အသွေးနှင့် ကြောက်စရာကောင်းလှသည့် ကြောင်နက်ကြီး . . . ။

" ကျွိ . . . ကျွလိ . . . ကျွိ . . . ကျွလဲ "

" ဖျော . . . ဖရော . . . ချွတ် "

ထိုစဉ် ခေါင်းလောင်းစင်အမှောင်ရိပ်ထဲမှ ချိုးချိုးချွတ်ချွတ် မြည်သံတွေ ပေါ်ထွက်လာပြန်သဖြင့် ကယောကရော မီးတုတ်ကိုကိုင်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်တွင် . . .

" အလိုလေး . . . ဘုရား ဘုရား ဘာ . . . ဘာကောင်တွေလဲ အများကြီးပါလား "

မီးရောင်အောက်တွင် ရုတ်တရက်မြင်တွေ့လိုက်ရသောမြင်ကွင်းဆန်းကြောင့် စောရိန်းဘိုး အသက်ရှူမှားသွားမတတ် ဖြစ်သွားရသည်။ ကြမ်းပြင်နှင့်ထိလုမတတ် တွဲလောင်းကျနေသော ခေါင်းလောင်းကြိုးကြီးတွင် ကြွက်ကြီးများ တစ်ဒါဇင်ခန့် တွယ်ကပ်နေကြသည်ကို အသည်းယားဖွယ် မြင်တွေ့လိုက်ရပါလေ၏။

"ဟား . . . ကြွက် . . . ကြွက်ကြီးတွေပါလား။ ခေါင်းလောင်းကြိုးကြီးမှာ တွယ်ကပ်ပြီးခိုစီးနေကြတာ အများကြီးပဲ "

ဟုတ်သည် ကြွက်ကြီးများမှာ ခေါင်းလောင်းစင်ရှိရာဆီမှ တန်းစီကာတွယ်လျက် ဆင်းလာကြသည်ကို ရင်ဖိုစွာတွေ့လိုက်ရသည်။ ကြွက်များက အရွယ်အစားအမျိုးမျိုးဖြင့် ခေါင်းလောင်းကြိုးကို ယိုးလေးခိုကာ မျက်လုံးစိမ်းစိမ်းများနှင့် စောရိန်းဘိုးအား စိန်ခေါ်ကာကြည့်နေသည်သို့ တစ်ချို့ကြွက်ကြီးများက ရန်လိုသံမျိုးဆန်ဆန် တကျွီကျွီအော်မြည်ကာ ခေါင်းလောင်းကြိုးကြီးပေါ်တွင် ခုန်လွှားယမ်းခါနေကြသည်။

" ဘာ . . . ဘာတွေဖြစ်ကုန်ကြပြီလဲ၊ ဒါ . . . ဒါ မကောင်းဆိုးဝါးကြွက်ကြီးတွေပဲဖြစ်မယ် . . . ဟင်း သိကြသေးတာပေါ့ကွာ "

စိတ်မါတ်နိုင်ခန့် မာကျောပါသည်ဆိုသော စောရိန်းဘိုးတစ်ယောက် မကြုံစဖူးထူးကဲလှသော သွေးပျက်ချောက်ချားစရာများကြောင့်





ဖိုးရွှဲ့အားပျက်စပြုလာပါ၏။ ချမ်းအေးလှသည့် ညချမ်းအခါမှာပင် ချွေးဒီးဒီးများ ကျဆင်းလျက်ရှိပါချေပြီကော။ လက်ထဲမှမီးတုတ်ကို အနီးရှိ စားပွဲပေါ်တွင်တင်လိုက်သည်။ ထို့နောက် သူ၏မို့ဇ်(၃၀၃) ရိုင်ဖယ်သေနတ်ကြီးကို ပခုံးတွင်ထောက်ကာ ခေါင်းလောင်းကြိုးထက်တွင် လှုပ်ယမ်းနေသည့် ကြွက်ကြီးများအား ချိန်ရွယ်လိုက်ပါ၏။

တုန်လှုပ်ချောက်ချားနေသည့်စိတ်ကို တည်ငြိမ်အောင်ကြိုးစားရင်း သေနတ်မောင်းခလုတ်ကို ဖြုတ်ချရန် လက်ညှိုးလေးတွေ့ညွတ်ရန် ကြိုးစားလိုက်စဉ်မှာပင် . . .

" ဒွီး . . . ဒွီး . . . ဒွီး "

" ဝုန်း . . . ဒဂုန်း "

" ဒိန်း "

" ဟာ . . . အား "

စားပွဲပေါ်မှကြောင်နက်ကြီးက စောရိန်းဘိုး၏ကိုယ်ပေါ်သို့ ဖြန်းခနဲခုန်ချကာ အတင်းဝင်ရောက်တိုက်ခတ်သဖြင့် သေနတ်ကျည်ထွက်ကာ ဆူညံစွာပေါက်ကွဲသံများက ဘိုတဲကြီးဝန်းကျင်တွင် ထွက်ပေါ်လာခဲ့သည်။

သေနတ်သံကြောင့် ခေါင်းလောင်းကြိုးပေါ်မှ ကြွက်ကြီးများ ခုန်လွှားထွက်ပြေးကြသဖြင့် ခေါင်းလောင်ကြိုးကြီးမှာ လှုပ်ယမ်းသွားပါလေ၏။ တစ်ဆက်တည်းမှာပင် ခေါင်းလောင်းကြိုးလှုပ်ရမ်းသွားမှုကြောင့် ခေါင်းလောင်းသံကြီးများကလည်း ဒေါင်ဒင် ဒေါင်ဒင်နှင့် ဆူညံစွာမြည်ဟီးသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒေါင် ဒင် . . . ဒင် ဒေါင် . . . ဒေါင် ဒင် "

ကံဆိုးသူကတော့ စောရိန်းဘိုးပင်၊ ကြောင်နက်ကြီးက ညာဘက်ပခုံးသားနှင့်လည်ပင်းကြားတွင် မိမိရရကိုက်ခဲထားမှုကြောင့် နောက်သို့လန်လဲကာ ကားပွဲစွန်းနှင့်နောက်စေ့ ဒုန်းကနဲတိုက်မိပြီး အရုပ်ကြိုးပျက်ခွေလဲကျသွားပါတော့သည်။

ရှင်ဘိတရက် အပေါ်ထပ်မှထွက်ပေါ်လာခဲ့သော သေနတ်သံတစ်ချက်ကြောင့် မီးဖိုအနီးတွင်မှေးနေသည့် မဲခေါင်မှာ ထိတ်ခနဲရင်ဖိုသွားသည်။

" အို . . . ဘုရား ဘုရား . . . သေနတ်သံ သေနတ်သံကြားလိုက်ရတယ် . . . ရိန်းဘိုးတော့ ဘာတွေလျှောက်ပြီးရမ်းနေသလဲမသိဘူး၊ ဟော . . . ခေါင်းလောင်းသံ မရဏာခေါင်းလောင်းသံကြီးရောမြည်ဟီးလာပါရော့လား "

တဖံဆက်တည်းမှာပင် ကြောင်အော်သံ၊ ခေါင်းလောင်းမြည်သံများကိုပါ ဆူညံစွာကြားလိုက်ရသဖြင့် မဲခေါင်မှာ မီးဖိုမှ ထင်းမီးတောက်တစ်ချောင်းကိုဆွဲယူကာ ကပျာကရာ ဘိုတဲအပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

ဆူးမြေနေသောကြမ်းပြင်ကို သတိနှင့်ဖြတ်ကျော်ရင်း မီးရောင်မြင်တွေ့နေရသည့် စာကြည့်ခန်းထဲသို့ ခပ်သွက်သွက်ဝင်လိုက်သည်။

" ရိန်းဘိုး . . . ရိန်းဘိုး . . . ရိန်းဘိုး "

ပါးဝပ်မှလည်း ရိန်းဘိုးနာမည်ကို တကြော်ကြော်ဟစ်ခေါ်ရင်း





ကြည့်ခန်းနှင့်တွဲလျက်ဆောက်လုပ်ထားသည့် ခေါင်းလောင်းစင်ကြီးသို့ ရောက်ရှိလာခဲ့သည်။ သို့သော် စောရိန်းဘိုးကိုမူ မဲခေါင် လုံးဝတွေ့ရသေး . . . ။

" ရိန်းဘိုး . . . ရိန်းဘိုးရေ "

စာကြည့်ခန်းထဲတွင် စောရိန်းဘိုးတင်ထားသည့် မီးတုတ်ကနိန်ကောင်းဆဲမို့ ခေါင်းလောင်းစင်ဝန်းကျင်ကို မှုန်ဝါးဝါးတွေ့မြင်နေရသည်။ မဲခေါင်မှာ စောရိန်းဘိုးကို မတွေ့ရသဖြင့် ပူပန်ထိတ်လန့်မှုကထွတ်အထိပ်သို့ ရောက်ရှိနေပါပြီကော။

" ဟာ . . . ဒီ . . . ဒီကောင် ငါအတန်တန်တားတဲ့ကြားထဲကရဏာခေါင်းလောင်းကြီးဆီ ဖွတ်သွားတာကိုး၊ အခု . . . အခုတော့ဘွဲ့ရောက်ပြီထင်တယ် "

ထိုစဉ်မှာပင် လူရိပ်လူယောင် လုံးဝမတွေ့ရပါဘဲနှင့် ခေါင်းလောင်းကြိုးကြီး ဟိုသည်လှုပ်ရမ်းနေသည်ကိုပါ မြင်လိုက်ရ၍ မဲခေါင်တ်ခနဲရင်ခုန်သွားပါ၏။

" ဘုရား ဘုရား . . . ခေါင်းလောင်းကြိုးကြီးက လူတစ်ယောက်မှရှိဘဲနဲ့ လှုပ်ရမ်းနေပါလား "

ထိုအခိုက် စားပွဲကြီးနောက်တွင် ဝိုးတဝါးတွေ့မြင်ရသောမြင်ကွင်းကြောင့် မဲခေါင် တွန့်ခနဲဖြစ်သွားသည်။

" ဟာ . . . မြတ်စွာဘုရား "

ပါးစပ်မှပင်ယောင်ယမ်း၍ ဘုရားတလိုက်မိသည်။ မြင်ကွင်းက



www.burmeseclassic.com

www.burmeseclassic.com



တခြားမဟုတ်ပါ၊ စားပွဲခုံထောင့်စွန်းဘက်တွင် ကန့်လန့်ဖြတ်ကြီးလဲ
ငြိမ်သက်နေသည့် စောရိန်းဘိုး ''

'' အိုး . . . ဒါ . . . ဒါ စော . . . စောရိန်းဘိုး ပါလာ
မျက်နှာမှာလည်း သွေး . . . သွေးတွေနဲ့ ကော္က သေ . .
သေသွားပြီ ထင်တယ် ''

မဲခေါင်က ကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားသည်။ ကမျ
ကရောထိုင်ချလိုက်ပြီး စောရိန်းဘိုး၏ခန္ဓာကိုယ်ကို စမ်းသပ်ကြည့်လိုက်ရ
ဦးခေါင်းတွင် ဒဏ်ရာကြီးနှင့် လုံးဝအသက်မရှူပါလေတော့ . . .

''ဟာ . . . သွား . . . သွားပြီ . . . စောရိန်းဘိုး သေပြီ''

'' နွီး . . . နွီး ''

'' ဝုန်း . . . ဖရော ''

'' အောင်မလေးဗျ ''

'' ဒုန်း ''

ရုတ်တရက် နွီးကနဲအော်သံကြီးနှင့်အတူ အမှောင်ထဲမှထွက်၍
တိုက်ခိုက်လာသော ကြောင်နက်ကြီးကြောင့် မဲခေါင် လန့်ဖြန့်ကာ အတင်း
ကုန်းရုန်းထ‌ပြေးထွက်သည်။ သို့သော် ကြောင်နက်ကြီးက မဲခေါင်၏ညာဘက်
ပခုံးသားကို ကိုက်ခဲထားသဖြင့် နောက်ဘက်သို့ ဒုန်းကနဲ ပြုလဲလန့်ကျ
သွားပြန်ပါ၏။

'' ဟာ . . . ဟဲ့ ကြောင် . . . ရှူး . . . ရှူး ''

'' နွီး . . . နွီး ''





'' အောင်မယ်လေးဗျ . . . အ . . . အား ''

မဲခေါင် ကြောက်လန့်တကြားဟစ်အော်ရင်း မီးတုတ်နှင့်
ကြောင်နက်ကြီးကို ရုန်းကန်၍ ပြန်လည်ခုခံတိုက်ခိုက်သည်။ ခေါင်းလောင်း
စင်ကြီးအနီးမှာတော့ မဲခေါင်၏ ဟင်အော်သံ၊ ကြောင်အော်သံ လဲကျသံ
များနှင့် တဝုန်းဝုန်းဆူညံနေကြပါ၏။

'' နွီး . . . နွီး . . . ဝုန်း ''

မဲခေါင် လက်ထဲမှမီးတုတ်အစွမ်းကြောင့် ကြောင်နက်ကြီးမှာ
မဲခေါင်ကိုလွှတ်ကာ အမှောင်ထဲသို့ ခုန်ပျံပျောက်ကွယ်သွားသည်။ မဲခေါင်
မှာ ကြောင်နက်ကြီးရန်မှ လွတ်မြောက်သွားသော်လည်း ရင်ခုန်သံက
မြန်နေဆဲ၊ အတင့်ရဲစွာတိုက်ခတ်လာသော ကြောင်နက်ကြီးကြောင့်လည်း
ထိတ်လန့်သွေးပျက်လျက်ရှိသည်။

ထိုအခိုက် စားပွဲအောက်တွင် လဲကျသေဆုံးနေသည့် စောရိန်း
ဘိုး ခြေထောက်များက လှုပ်ရှားလာသလိုလို . . . ။

'' ဟင် . . . ရိန်းဘိုး . . . ရိန်းဘိုး ခြေထောက်တွေက
လှုပ် လှုပ်လာသလိုပဲ ''

'' နွီး . . . နွီး ''

'' အောင်မယ်လေးဗျ . . . သ . . . သ . . . သရဲ ''

စောရိန်းဘိုးခြေချောင်းတွေ ခြေထောက်တွေ လှုပ်လှုပ်ရွရွ
ဖြစ်လာသည်ကိုကြည့်ရင်း တအံ့တသြဖြစ်နေစဉ် နွီးကနဲကြောင်အော်သံ
ကြီးကြောင့် မဲခေါင်မှာ ဘိုတဲပျက်ခေါင်းလောင်းစင်ကြီးအောက်မှ အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြားဟစ်အော်ကာ ပြေးထွက်လာခဲ့သည်။

" ခွီး . . . ခွီး . . . ခွီး . . . ခွီး "

" အောင်မယ်လေး . . . ကယ် . . . ကယ်တော်မူကြပါဗျို့
သ . . . သရဲ . . . သရဲ "

မဲခေါင်မှာ ဘိုတဲအောက်ထပ် မီးဖိုနားမှဖြတ်ပြေးကာ ခြံဝသို့ တိုင်ရောက်ရှိလာခဲ့သည်။ စောရိန်းဘိုးတစ်ယောက် သေဆုံးနေခဲ့ရာမှ ပြန်လည်၍ ရှင်သန်ခဲ့လေသည်လား။ သို့မဟုတ် အမှန်တကယ်ပင် သေဆုံးသွားခဲ့လေသည်လား၊ ဒွိဟသံသယအတွေးများဖြင့် ချီတုံချတုံ ဖြစ်နေစဉ် . . .

" အီး . . . ဟင်း . . . ဟင်း . . . ဟင်း "

ငြီးညူသံကြီးနှင့်အတူ ဘိုတဲပျက်ကြီး၏ ခေါင်းလောင်းစင်ထက်တွင် မည်းမည်းရိပ်သဏ္ဌာန် တွေမြင်လိုက်ရသဖြင့် မော့ကြည့်လိုက်ရာ သူ့အား မျက်လုံးဝင်းဝင်းတောက်တောက်ကြီးနှင့် ခါးကြီးထောက်ကာ ကြည့်နေသည့် အရိပ်မည်းကြီးကို တွေမြင်လိုက်ရ၍ သွေးပျက်ချောက်ချား စွာ တစ်ချိုးတည်းထွက်ပြေးပါလေတော့သည်။

"ဒေါင် . . . ဒေါင် . . . ဒင် . . . ဒင် . . . ဒေါင် . . . ဒေါင်"

တစ်ချိန်တည်းမှာပင် ရေနံတောင် မောရိယကုန်းထက်ရှိ ဘိုတဲပျက်ကြီး၏ ညဦးအမှောင်နက်နက်ထဲမှာတော့ 'မရဏခေါင်းလောင်းသံကြီး' က တဒေါင်ဒေါင်နှင့် ပဲ့တင်ရိုက်ခတ်လွင့်မျောနေဆဲပါတည်း . . .။





အခန်း(၅)

## " မောရိယမရဏခေါင်းလောင်းမှတ်တမ်း (၃) "

နေဝင်လုပြီ . . .။

အိပ်တန်းပျံငှက်အုပ်ကြီးက ဝင်လုဆဲနေရောင်ပင် ပျောက်ကွယ် များလုမတတ် ထောင်သောင်းချီလျက် အနောက်ဘက်မိုးကုတ်စက်ဝိုင်း ဆီသို့ ပျံသန်းသွားကြသည်။ ညဦးမှာထွက်ကြသော သားစားလင်းဆွဲကြီး များကလည်း ရေနံတောင်စောင်းရှိ မောရိယလိုဏ်ကြီးဘက်ဆီမှ ပျံထွက် လာကြသည်မှာ မီးခိုးမဆုံး မိုးမဆုံး . . .။

နေဝင်ချိန်တိမ်တောက်သည့်ခဏ . . . မင်းပုန်းတောင်၊ ပြာပုံ တောင်နှင့် ရေနံတောင်ကြောတစ်ဝိုက်တွင် ရွှေဆိုရောင်နေခြည်တို့ ကြဲဖြန့် ပေါက်ထားကြသဖြင့် ပြာမှိုင်းမှိုင်းရာသီနှင့် စိမ်းစိုသောတောင်ယာန်းတောင် ကြောများတစ်လျှောက် မြင်တွေ့ခံစားနေရသည့် အရာအားလုံးသည်



www.burmeseclassic.com

www.burmeseclassic.com



တန့်ဖိုးရေးတိုးမထားသည့် သဘာဝပန်းချီကားကြီးတစ်ချပ်နှယ်ပါတ
ထိုအချိန်တွင် နေလုံးနီနီကြီးရှိရာ အနောက်တည့်တည်
ထူထပ်သောသစ်ပင်၊ ဝါးပင်နှင့်ခြုံနွယ်များကို တိုးဖော့ဖြတ်သန်းနေ
သည့် လူသားသုံးယောက်က လျှို့ဝှက်စွာတိတ်တဆိတ်သွားလာနေ
သည်မှာ အတန်ငယ်ပင်ထူးခြားနေသယောင်၊ ဟုတ်သည် . . . သာ
လူသွားလမ်းတစ်ချို့ကို ရှောင်ရှားကာ ခက်ခဲကြမ်းတမ်းလှသည့် ခ
ကြမ်းကို လူမသိသူမသိ လျှို့ဝှက်ကာသွားလာနေခြင်းမှာ သူတို့၏ရည်ရွ
ချက်ကို လူသိမခံလိုခြင်း၊ လျှို့ဝှက်လိုခြင်းဖြစ်ကြောင်း သိသာထင်ရှာ
နေသည်မဟုတ်ပါလား။

စင်စစ် ဤရေနံတောင်သည် ကျောက်ဖြူမြို့နယ်ထဲတွင် ရေ
နှင့်ပတ်သက်၍ သမိုင်းတွင်ထင်ရှားခဲ့သည့် နယ်မြေတစ်ခုဖြစ်သည
ပထမအင်္ဂလိပ်မြန်မာစစ်ပွဲတွင် တနင်္သာရီနှင့်ရခိုင်ကို အင်္ဂလိပ်တို့ သိ
ဆည်းသွားခဲ့ပြီး (၁၀)နှစ်ခန့်အကြာတွင် ရေနံတောင်၌ ရေနံထွက်ရှိခြင်း
အင်္ဂလိပ်မင်းများ သိရှိသွားခဲ့ကြသည်။ ရေနံတောင်မှရေနံကို အကြောင်
ပြု၍ ကျောက်နှာဖြူအင်္ဂလိပ်အရေးပိုင်ဟောင်း မစ္စတာဂျေဗွီဆင်းနှ
အင်္ဂလိပ်ကျောက်နှာဖြူအရာရှိများ ရေနံတောင်တွင် စတင်၍အခြေချနေထို
ခဲ့ကြသည်ဟု ရှေ့မှီနောက်မှီ အဘိုးအဘွားများက ပြောဆိုခဲ့ကြပါ၏
ထိုအချိန် ထိုကာလကတည်းက ရေနံတောင်မောရိယကုန်
ထက်မှ မရဏခေါင်းလောင်းသံနှင့်ဘိုတဲကုန်းရတနာသိုက် ကိစ္စသည်
သိုးသိုးသန့်သန့် လျှို့ဝှက်သတင်းတစ်ခုအဖြစ်လည်းကောင်း၊ ဒဏ္ဍာ





ဆန်ဆန် ကောလဟာလပုံပြင်များအဖြစ်လည်းကောင်း တိုးတိုးတိတ်တိတ် သတင်းပျံ့နှံ့ခဲ့သည် မဟုတ်ပါလား။

ဤသို့ဖြင့် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲကြီး ဖြစ်ပေါ်လာခဲ့ရာ မြန်မာတစ်နိုင်ငံလုံးတွင် ပုန်ကန်ထကြွသူများ၊ တော်လှန်တိုက်ခိုက်လာကြသူများ ဟိုနေရာ၊ သည်နေရာမှ အလျှိုအလျှိုထွက်ပေါ်လာကြသည်။ ထို့ကြောင့် မစ္စတာဂျေဗွီဆင်တို့မိသားစုမှာ စိတ်ချယုံကြည်ရသော အင်္ဂလိပ်ကြီးတစ်ယောက်အား ယာယီလွှဲအပ်ကာ အိန္ဒိယဘက်သို့ ရှောင်တိမ်းသွားကြသည်။ ထိုအချိန်စီကာလတွင်မှ အရူးချေရှာသား သင်းကွဲတိုးမောင်၊ ကျော်ဖုံဖြူနှင့် သူ၏ဦးကြီး ဦးထွန်းဖုံတို့သုံးယောက်မှာ ရေနံတောင်တောင်ခြေရှိ တောကြီးကိုပတ်၍ မောရိယကုန်းရှိရာသို့ တိတ်တဆိတ်တိုးဝင်လာကြခြင်းဖြစ်သည်။

“ ဟေ့ကောင် . . . တိုးမောင် မောရိယသချိုင်းမျက်ကို မှောင်တာနဲ့ရောက်ချင်တယ်နော် . . . အချိန်လွဲလို့မရဘူး တော်ကြာ ရေနံကုလားတွေနဲ့တိုးမှ ဝကျကုန်မယ် ”

“ဟာ . . . စိတ်ချပါ ဦးဖုံရယ်၊ ကျုပ်အလုပ်ကို ကျုပ်သိပါတယ်၊ အရေးကြီးတာက ဘယ်သူတွေနဲ့မှ ရင်ဆိုင်မတိုးမိဖို့မဟုတ်လား။ ကျုပ်နောက်ကနေ တိတ်တိတ်ဆိတ်ဆိတ်နဲ့သာ လိုက်ခဲ့ကြ ”

သူ့နာမည်က သင်းကွဲတိုးမောင် . . . ။

အသက်က(၃၀)ကျော်၊ လမ်းပြမုဆိုးအလုပ်ကိုလုပ်သည်။ ရေနံတောင်နှင့် မင်းပုန်တောင်တစ်ကြောတွင် ငယ်စဉ်ကတည်းက ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှူးသွားလာခဲ့သူတစ်ယောက်၊ အင်္ဂလိပ်မင်းများအုပ်စိုးစဉ်အခါကလည်း တောလည်အမဲပစ်လိုသည့် မျက်နှာဖြူအရာရှိကြီးများ၊ အရောင်းပိုင်ကြီးများ၏ သေနတ်ကိုထမ်းကို ဤတောဤတောင်တစ်ဝိုက်တွင် လမ်းပြခဲ့သူ တစ်ယောက်လည်းဖြစ်ပါ၏။

ကြည့်ပါ . . . လက်ထဲတွင် ပွိုင့်(၃၀၃)အမဲပစ်ရိုင်ဖယ်တစ်လက်ကို ဟန်ရယ်ရကိုင်ကာ ဟိတ်ဟန်အပြည့်နှင့် အမြဲတစေ စကားတင်စီး ပြောဆိုလေ့ရှိသော သင်းကွဲတိုးမောင်ကို ကျော်ဖုံဖြူက အမြင်မကြည်လင်ပါ။ သူ၏စရိုက်၊ သူ၏အပြောအဆို၊ သူ၏ဟန်ပန်အမူအယာတို့ကြောင့်ပင် အမွေးရှာသားများက ဆေးဖော်ကြောဖက်မလုပ်ကြ၊ ထို့ကြောင့်ပင် သင်းကွဲတိုးမောင်ယှသောဘွဲ့ကို ရရှိခဲ့ရလေသည်ထင့် . . .။

ဦးကြီးထွန်းဖုံကမူ မုဆိုးတစ်ယောက်လည်းဖြစ်၊ သေနတ်ပစ် လက်ဖြောင့်သော သင်းကွဲတိုးမောင်ကို သူ၏စိတ်ကြောင့် အခကြေးငွေ ပေး၍ခေါ်လာခဲ့ခြင်းဖြစ်သည်။ တူဖြစ်သူကျော်ဖုံဖြူကိုလည်း သင်းကွဲ တိုးမောင်နှင့်ပတ်သက်လျှင် အတတ်နိုင်ဆုံးသည်းခံရန် ကြိုတင်မှာကြား ထားခဲ့သဖြင့် ကျော်ဖုံဖြူတစ်ယောက် ရေငုံနှုတ်ပိတ်နေခြင်းဖြစ်ပါ၏။

တစ်ချိန်သောကာလက ဤရေနံတောင်ခြေဝယ် အင်္ဂလိပ် မျက်နှာဖြူများနေထိုင်ခဲ့ကြသော်လည်း ယခုအခါ သူတို့၏နေအိမ်များနှင့် ပစ္စည်းအချို့ကိုပစ်၍ အသက်လုကာ ရှောင်တိမ်းထွက်ပြေးသွားခဲ့ကြသည် မဟုတ်ပါလား။ သို့သော် သူတို့သွားရောက်ကြမည်း မောရိယကုန်းတစ်ဝိုက် မှာတော့ အင်္ဂလိပ်ကြီးနှစ်ယောက်နှင့် ရေနံတူးကုလားတစ်ချို့ နေထိုင်





လျက်ရှိကြသဖြင့် ယခုကဲ့သို့ ခိုးကြောင်ခိုးဝှက် လျှို့ဝှက်စွာဝင်ရောက် နေကြရခြင်းဖြစ်သည်။ ယခုပင် ထူထပ်စွာပေါက်နေသော စိန်နပန်းပင် တောထဲသို့ တိုးဝင်နေကြရသည်မဟုတ်ပါလား၊ အချို့သော စိန်နပန်း ကိုင်းများတွင် ဆူးများရှိပေရာ ရှပ်အင်္ကျီလက်ရှည်ဝတ်လာခိုင်းသည့် သင်းကွဲတိုးမောင်ကို ကျေးဇူးတင်ရမလိုပင်ဖြစ်နေသည်။

သင်းကွဲတိုးမောင်က ရှေ့ဆုံးမှဦးဆောင်ကာ ဓါးဖြင့်ချုံကိုင်း တစ်ချို့ကို အသံခပ်အုပ်အုပ်နှင့် ဖြတ်တောက်လျက်ရှိသည်။ သင်းကွဲ တိုးမောင်၏ အပြုအမူမှာ လွန်စွာအန္တရာယ်ကြီးသော်လည်း ဤသို့မှ မဟုတ်လျှင် ခရီးနှောင့်နှေးမည်ဖြစ်၍ ဦးထွန်းဖုံဘာမှမပြောဘဲ ပါးစပ် ပိတ်၍သာ လိုက်ပါလာခဲ့သည်။ လောဘဇောတစ်ခုကြောင့် သူတို့ခရီး အတန်ပင်ပေါက်ရောက်ခဲ့သော်လည်း သုံးယောက်စလုံးပင် ချွေးများရွှဲစို ၍ အသက်ရှူများပင် မြန်နေကြသည်သို့ . . .။ ဦးထွန်းဖုံနှင့်ကျော်ဖုံဖြူ တို့မှာ စိုးရိမ်ထိတ်လန့်မှုကြောင့် အာခေါင်တစ်ခုလုံးပင် ခြောက်လာမိ ကြသည်။

မကြာမီ မြေပုံမှတ်တိုင်များနှင့် သချိုင်းအုပ်ဂူပျက်များ ကြီးစိုး မင်းမူရာ မောရိယသချိုင်းသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် ဆည်းဆာနေလုံးနီနီကြီးက မင်းပုန်းတောင်အနောက်ခြမ်းတွင် ငုတ်လျှိုး ပျောက်ကွယ်သွားပါလေ၏။

" ကွက်တိပဲ သင်းကွဲရေ . . . ဒီနေရာက တောကောင်ရန်ကို ကြောက်ရလို့ မမှောင်ခင်ရောက်ချင်တာ၊ မောရိယကုန်းပေါ်က ဘိုတဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို ဒီကနေစောင့်ကြည့်ကြမယ်၊ သူတို့အလစ်မှပဲ အခြေအနေကြည့်ပြီး ဝင်ကြမယ် ''

ဦးထွန်းဖံ၏စကားကြောင့် ကျော်ဖုံမြ သစ်ပင်အုပ်ကြားမှ မြင်တွေ့နေရသည့် မောရိယကုန်းသို့ လှမ်းမျှော်ကြည့်လိုက်သည်။ အင်ဂျင်စက်သံသဲ့သဲ့နှင့် မီးရောင်လက်လက်တို့ကို မြင်လိုက်ရပြီး မြူနှယ်များကြားမှ အမိုးချွန်ချွန်ကြီးတစ်ခုကိုပါ တွေ့လိုက်ရသည်။

'' အင်း . . . ဦးကြီးပြောခဲ့ဖူးတဲ့ 'မောရိယကုန်းပေါ်ကခေါင်းလောင်းအိမ်ကြီး' ဆိုတာ ဒီအမိုးချွန်ချွန်ကြီးကို ပြောတာပဲဖြစ်ရမယ်၊ မီးစက်သံနဲ့ မီးတွေလင်းနေပုံထောက်ရင် ဘိုတဲကြီးပေါ်မှာ အင်္ဂလိပ်ကြီးတွေရှိပုံရတယ် ''

ကျော်ဖြူဖုံမှာ စိတ်ကူးအတွေးထဲတွင် ''မေရိယမရဏာခေါင်းလောင်းစင်'' နှင့် ဘိုတဲကြီးကို ပုံဖော်ကြည့်နေမိသည်။ ထိုစဉ် . . .

'' အင်း . . . သူတို့မသိအောင် ဘိုတဲကြီးပေါ်ကိုဝင်ဖို့ဆိုတာ သိပ်တော့မလွယ်လှဘူး ဦးဖံ၊ ဒါပေမဲ့ ဦးဖံနေရာကို တကယ်မှတ်မိတယ် မဟုတ်လား..''

''ဟား . . . သိပ်မှတ်မိတာပေါ့၊ အရေးကြီးတာက မင်းအခုချိန်ကစပြီး အန္တရာယ်ကို ဘယ်လိုရှောင်တိမ်းပြီး ဘိုတဲကုန်းကြီးပေါ်ကို ဘယ်လိုတက်မယ်ဆိုတာသာ စဉ်းစားထား၊ အခြေအနေပေးတာနဲ့ စပြီး လှုပ်ရှားကြမယ် ''

ဤသို့ဖြင့် သုံးဦးသား သချိုင်းအုတ်ဂူပျက်ကြီးတစ်ခု၏နံဘေး





တွင် နေရာယူလိုက်ကြပြီး မစ္စတာဂျေမ်ဴးဆင်၏ ဘိုတဲကြီးသို့ဝင်ရောက်နိုင်ရန် ကြံစည်တွေးတောနေကြပါ၏။ ထိုအချိန်တွင် လပြည့်ည၏ ငွေလဝန်းကြီးသည် တိမ်မည်းညိုတစ်ချို့ကို ဖယ်ရှင်းလျက် ရေနံတောင်ထက်တွင် ကြံဖြန့်လင်းလက်စေခဲ့သည်။

မောရိယသချိုင်းပျက်ကြီးတွင် ဦးထွန်းဖံတို့ တိတ်တဆိတ်ရောက်ရှိနေရခြင်းမှာ စင်စစ် ဦးထွန်းဖံ၏ဖခင်ကြီး သာဒွန်းမြူ မသေခင်မှီ ပြောပြသွားခဲ့သော အင်္ဂလိပ်မျက်နှာဖြူကြီး ဂျေမ်ဴးဆင်၏ ရတနာသိုက်ကြောင့်ပင်ဖြစ်ပါ၏။ လွန်ခဲ့သောနှစ်ကာလများဆီက ရေနံတောင်ထက်ရှိ ဤမောရိယကုန်းထက်တွင် မင်းကောရာဇ်တစ်ပါးနှယ် စံမြန်းနေထိုင်ခဲ့သည့် မစ္စတာဂျေမ်ဴးဆင်၏ နေအိမ်တော်ကြီးဝယ် သာဒွန်းမြူသည် ဘဏ္ဍာစိုးတစ်ဦးဖြစ်ခဲ့ပါ၏။

တိုင်းတစ်ပါးမျက်နှာဖြူအရာရှိတစ်ယောက်၏ စံအိမ်တော်တွင် မြန်မာ-ရခိုင်ကြီးတစ်ယောက် ဘဏ္ဍာစိုးရာထူးရရှိခဲ့သည်မှာ အလွန်ပင်ရှားပါးလှသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ သို့သော် ဦးသာဒွန်းမြူ၏ သစ္စာရှိမှု၊ ရိုးသားမှုတို့နှင့် ဟိန္ဒူစကန်ဒီဘာသာစကားကိုလည်း ကျွမ်းကျင်တတ်မြောက်ထားခြင်းကြောင့် ဤကဲ့သို့ လွန်စွာမှအရေးပါသော ဘဏ္ဍာစိုးရာထူးကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အင်္ဂလိပ်မြန်မာတတိယစစ်ပွဲကြီးတွင် အခြေအနေမလှသဖြင့် မိသားစုလိုက် အိန္ဒိယသို့ တိတ်တဆိတ်ရှောင်ထွက်သွားခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်ကာလကလည်း ရေနံအပြားမှ တော်လှန်တိုက်ခိုက်သူများနှင့် ပုန်ကန်ထကြွသောင်းကျန်း


www.burmeseclassic.com

www.burmeseclassic.com



နေချိန်လည်းဖြစ်သည်။

ထိုအချိန်က ဦးသာဒွန်းဖြူသည် လူကြီးရောဂါနှင့် အိပ်ယာထဲတွင် လဲနေချိန်ဖြစ်သည်။ ထို့ကြောင့် သားဖြစ်သူ ထွန်းဖုံတို့လင်မယားကိုခေါ်ယူကာ မောရိယကုန်းထက်မှ ဘိုတဲကြီးနှင့်ခေါင်းလောင်းစင် အကြောင်း စာကြည့်တိုက်ဘီရိုနောက်မှ မြေအောက်လှို့ဝှက်အခန်း၊ မြေအောက်ခန်းထဲမှ မစ္စတာကျော်ဆင်၏ ရွှေချောင်းသေတ္တာ၊ စသော ခေါင်းလောင်းစင်ဆိုတဲ့ ဘိုတဲကြီး၏လှို့ဝှက်ချက်များကို တိုးတိုးတိတ်တိတ် မှာကြားကာ သေဆုံးသွားခဲ့ပါလေ၏။

နောက်ပိုင်းတွင်မူ အင်္ဂလိပ်များက တော်လှန်တိုက်ခိုက်ကြသူများနှင့် ပုန်ကန်ထကြွသူများအား နိုင်နိုင်နင်းနင်းတိုက်ခိုက်နှိမ်နင်းနိုင်သဖြင့် အထက်မန္တလေးနေပြည်တော်သာမက အောက်မြန်မာနိုင်ငံကိုပါ သိမ်းပိုက်နိုင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးအား နေမဝင်အင်ပါယာနိုင်ငံကြီး တစ်ခုဖြစ်သော အင်္ဂလိပ်မျက်နှာဖြူများက ထပ်မံ၍သိမ်းပိုက်စိုးမိုးသွား ခဲ့ပါလေတော့သည်။

ယခင် အင်္ဂလိပ်ကြီးများနေထိုင်ခဲ့စဉ်က မောရိယကုန်းနှင့် ရေနံ တောင်တစ်ပိုက်တွင် ခြံဝန်းကျယ်ကြီးများ တိုက်ခံအိမ်တစ်ချို့နှင့် သီးခြား နေထိုင်ခဲ့ကြသော်လည်း ယခုမူ တောအုပ်ခြုံနွယ်များ၊ ဝါးရုံပင်ကြီးများ ဖုံးလွှမ်းထားကြသဖြင့် မောရိယကုန်းနေရာတစ်ပိုက်တွင် တောထူစေပြစ် ဖြစ်နေပါလေ၏။ ထို့ပြင် ယခင် မစ္စတာကျော်ဆင်တို့၏ ဘိုတဲကြီးပေါ်တွင် အင်္ဂလိပ်ကြီးနှစ်ယောက်နှင့် အခိုင်းအစေ ကုလားသုံးလေးယောက်တို့





ထိုင်ကြပြီး ရေနံတွင်းများကို တိုင်းရင်းသားများဖြင့် လုပ်ကိုင်လျက် င်း

လပြည့်ညမို့ ညဉ့်နက်လာသည့်တိုင် ပြည့်ဝရွှန်းမြသော လဝန်း သည် လောကဓါတ်တစ်ခုလုံးအား အေးမြသောအလင်းရောင်ကို လျက်ရှိပါ၏။ မကြာမီ ငွေလဝန်းကြီးက ရေနံတောင်ထိပ်ကည့်တည့် င် မီးပုံကြီးတစ်လုံး ချိတ်ဆွဲထားသည့်နှယ် ပြည့်ရွှန်းစွာ ဝင်းပနေပါ သည်။

ဦးထွန်းဖုံနှင့်ကျော်ဖြူဖုံတို့နှစ်ယောက် သချိုင်းအုတ်ဂူမျက် ခုအနီးမှ ဘိုတဲကုန်းကြီးဆီသို့ လှမ်းမျှော်ကြည့်နေပါ၏။ ချုံအုပ်မိုး ပင်ကြီးတွေမှာ အရွက်ခြွေချထားသော နွေလဖြစ်သဖြင့် လထွက် သည့်အချိန်တွင် မောရိယကုန်းကို လရောင်နှင့်လင်းလင်းချင်းချင်း မြင်နေရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## " မရဏာခေါင်းလောင်းသံနှင့်ရာဇဝင်ထဲကတစ္ဆေများ "

ထိုအချိန်တွင် မောရိယကုန်းဘက်ဆီမှာ သဲ့သဲ့ညင်ညင်ထွ
ပေါ်လာသည့် ခေါင်းလောင်းသံသဲ့သဲ့ကို ကြားလိုက်ရသည်။

" ဒေါင် . . . ဒါင် . . . ဒင် . . . ဒေါင် . . . ဒင်

" ဟင် . . . ဒါ . . . ဒါ . . . ခေါင်းလောင်း . . . ခေ
လောင်းထိုးသံကြီးဗျ "

ရုတ်တရက်ကြားလိုက်ရသော ခေါင်းလောင်းသံကြောင့် သင်
တိုးမောင်ပင် မျက်စိမျက်နှာပျက်သွားပါ၏။ တစ်ဆက်တည်းမှာ
လက်ထဲမှ ပို့င့်(၃၀၃)ရိုင်ဖယ်သေနတ်ကြီးကို စိတ်လှုပ်ရှားစွာ
တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။

" ဟင် . . . မ . . . မရဏာ ခေါင်းလောင်းသံ "





ဟုတ်သည် . . . ထူးဆန်းသော မရဏာခေါင်းလောင်းသံ
ကြောင်းကို သိရှိထားပြီးဖြစ်သည့် သင်းကွဲတိုးမောင်မှာ မောရိယကုန်း
ကိုရှိ ဘိုတဲပျက်ကြီးဆီမှ မရဏာခေါင်းလောင်းသံကို ကြားလိုက်ရချိန်
တော့ စိတ်ကယောင်ချောက်ချားဖြစ်နေပါချေပြီကော။ တစ်ဆက်တည်း
ပင် ခေါင်းလောင်းသံနှင့်အတူ ဆင်အော်သံ၊ မြင်းဟီသံကြွေးများနှင့်
ပုံးခရာမှုတ်သံများကိုပါ ကြားလိုက်ကြရသဖြင့် သုံးယောက်သား
တ်ခနဲပင် ရင်ခုန်သွားကြပါတော့သည်။

" ဘုရာ . . . ဘုရား ဆင်အော်သံတွေရော ခရာမှုတ်သံတွေ
ာ အို . . . ရှုပ်နေတာပဲ . . . ဘာတွေဖြစ်ကုန်တာပါလိမ့် "

" ဟုတ် . . . ဟုတ်တယ် သေမင်းတမာန်ခေါင်းလောင်းသံ
ြး ကြားရရင် လူ . . . လူတွေ သေ . . . သေတတ်တယ်တဲ့ ဒုတ်
တ် . . . ဒုက္ခပါပဲ "

" မ . . . မကြောက်နဲ့ . . . မကြောက်နဲ့ ဒါ တော . .
တော ချောက်တာ တောချောက်တာလား မသိဘူး "

ဟုတ်သည် . . . ပထမတော့ ထိန်ထိန်သာနေသော လရောင်
ာက်တွင် တိတ်ဆိတ်ငြိမ်သက်နေသည့် မောရိယကုန်းကြီးကိုသာ
တွေ့မြင်နေရသည်။ သို့သော် မကြာခင်မှာပင် လရောင်မှုမြင်ကွင်းက
စစ်တစ်စပြောင်းလဲသွားလေသည်လား . . . ။

ဟုတ်သည်...လပြည့်ညာ၏လရောင်ဆမ်းထားသည့် မောရိယ
န်းထက်တွင် ခြုံပုတ်သဏ္ဍာန် အရိပ်မည်းကြီးများက ဟိုမှသည်မှ



www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်နှင့် ထွက်ပေါ်လာကြသည်မှာ ရေနံတောင်ကုန်းစောင်းတခုလုံး ပင် ပြည့်နှက်သွားလေသည်သို့ . . . ။

" ဟာ . . . ဟို ဟိုမှာ မည်းမည်းသဏ္ဌာန်ကြီးတွေ ဘာ ဘာကောင်ကြီးတွေလဲ မ . . . မကောင်းဆိုးဝါး တ . . . တစ္ဆေကောင် ကြီးတွေများလား "

" အိုး . . . မ . . . မဟုတ်ဘူး ဆင် . . . ဆင်ကြီးတွေ ဟာ စစ် . . . စစ်သည်ရဲမက်တွေ အများကြီး အိ . . . အများကြီးပါလား ဘုရား ဘုရား . . . ဘာတွေဖြစ်ကုန်ပြီလဲ "

ဦးထွန်းဖဲတို့ လောဘသားသုံးယောက် အုတ်ဂူပျက်ကြီးကို ကွယ်ကာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြပါ၏။ တစ်သက်နှင့် တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မကြုံဘူးသော ဖြစ်ရပ်ဆန်း မြင်ကွင်းဆန်းကြီးကို သုံးယောက်သား ကြက်သေသေ၍ ကြည့်နေကြသည်။

တစ်ချိန်တည်းမှာပင် မောင်းသံတဒူဒူ၊ တံပိုးခရာသံများ တည့် ညံ၊ ဆင်အော်သံ၊ မြင်းဟီသံကြီးများက ရေနံတောင်ရှိ မောရိယကုန်း ထက်တွင် ပွဲတင်ရိုက်ခတ်လျက်ရှိပါချေပြီကော . . . ။

" ဒူ . . . ဒူ . . . ဒူ . . . ဒူ . . . ဒူ "

" တီ . . . တော် . . . တော် . . . တီ "

" ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ကျည် "

ထိုစဉ် မောရိယကုန်းအပြည့်လျှံထွက်နေကြသည့် အရိပ်မည်း ကြီးများမှာ ဒိုးတုတ်များကိုထွန်းညှိလိုက်ကြသည်ထင့်။ ဟိုနေရာ သည်နေ





ရာမှ မီးရောင်များ တပြည့်ပြည့်လင်းလက်လာကြပြီး လရောင်နှင့်အပြိုင် မောရိယကုန်းတစ်ခုလုံး လင်းထိန်သွားပါလေတော့သည်။

"အိုး . . . ရဲမက်တွေ . . . ရဲမက်တွေ . . . မီးတွေ လုံရောင် တွေ တဝင်းဝင်းနဲ့ ဆင်တွေ၊ မြင်းတွေကော အများကြီးပါလား"

"ဦးကြီး . . . ဦးကြီး ဘာ . . . ဘာတွေလဲဗျ၊ ကျုပ် ကြောက် ကြောက်တယ် "

"ဘုရား . . . ဘုရား ကယ် . . . ကယ်တော်မူပါ ဒါ . . . ဒါ တော . . . တောခြောက်တာလား တောမှောက်တာလား "

ကျော်ဖုံမြူတို့ တူဝရီးမှာ ထိတ်လန့်ကြောက်ရွံ့မှုကြောင့် တဆတ်ဆတ်တုန်လျက်ရှိပါပြီ။ ကြမ်းတမ်းခက်မာလှပါသည်ဆိုသော သင်းကွဲ မုဆိုးကြီး ဖိုးအောင်ပင် မီးလုံ့တဝင်းဝင်းနှင့် ရဲမက်စစ်သည်များကိုကြည့် ကာ နောက်သို့မသိမသာဆုတ်သွားပါ၏။

ဟုတ်သည် . . . လပြည့်ညလရောင်မီးအလင်းရောင်တို့ဖြင့် မောရိယကုန်းကြီးတစ်ခုလုံး လင်းထိန်သွားသည့်မြင်ကွင်းအောက်တွင် ရှေးခေတ်ဟောင်းစစ်သည်ရဲမက်များသည် မီးလုံ့လေးမြားများကိုကိုင် ဆောင်လျက် . . . ။

ဆင်တပ်၊ မြင်းတပ်များစွာတို့ဖြင့် မောရိယကုန်းထက်တွင်း မီးလုံ့တဝင်းဝင်းနှင့် တိုက်ပွဲဝင်ကြတော့မည့် မြင်ကွင်းက မြင်တွေ့ရသူ အပေါင်းကို သွေးပျက်ချောက်ချားစေသည်သို့ . . . ။

" သတိထားကြဟေ့ . . . မောရိယကုန်းကြီးကတော့ ငါတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းစားနေပြီထင်တယ် ''

'' ဟုတ် . . . ဟုတ်တယ် ဦးဖဲ၊ ဒါ . . . ဒါ တောချောက်တာ တကာယ်ကိုတော်ချောက်နေတာဗျို့၊ ကျုပ်တို့ ဒီနေရာကနေ တစ်ဖဝါး မခွာမိကြစေနဲ့ . . . ဒီထက်ပိုပြီးဆိုလာခဲ့ရင် ကျုပ်သေနတ်နဲ့ အားလုံးကို ဆော်ထည့်ပစ်မယ် ''

တစ်ဖောက်ကန်း သင်းကွဲမုဆိုးတိုးမောင်၏စကားကြောင့် ဦးထွန်းဖဲ ခေါင်းမွေးများပင် ထောင်ထသွားသည်သို့ . . . ။

'' ဟာ . . . မလုပ်နဲ့ သင်းကွဲ ဘာမှမလုပ်နဲ့၊ အခြေအနေကို စောင့်ကြည့်ကြဦးစို့ တော်ကြာ . . . မဟုတ်တာတွေဖြစ်ကုန်မယ် ''

ထိုအခိုက်မှာပင် တံပိုးခရာသံများနှင့် စစ်မောင်းသံ တဒုံ တီးခတ်သံများကို ကျယ်လောင်စွာကြားလိုက်ရပြီး ခါးလုံ့ကိုင်ရဲမက် စစ်သည်များက နဘေးတစ်ဖက်တစ်ချက်သို့ ညီညီညာညာရှဲပေးလိုက်ကြ သည်။ မကြာမီ ရှဲပေးလိုက်သည့် အလယ်အူကြောင်းလမ်းမကြီးတစ်ခုက မီးရောင်အောက်တွင် ထင်းကနဲပေါ်လာပါ၏။

'' တော် . . . တီ . . . တော် . . . တီ ''

'' ဒူ . . . ဒူ . . . ဒူ . . . ဒူ ''

ထိုအချိန်တွင် လမ်းရှင်းပေးထားသည့် အလယ်လမ်းကြောကြီး အတိုင်း ဆွတ်ဆွတ်ဖြူနေသော ဆင်ဖြူတော်ကြီးတစ်စီးကို စီးနင်းလျက် မင်းဝတ်တန်ဆာများနှင့် ရှင်ဘုရင်ကြီးတစ်ပါးက သံလျက်တော်ကိုကိုင် ကာ မောရိယကုန်းထက်မှ ဆင်းလာနေပါ၏။





'' ဟာ . . . ဆင်ဖြူတော်ကြီးက ငါတို့ဆီကို တည့်တည့်ကြီး တည်ဆင်းလာနေတာပါလား . . . ဘုရား ဘုရား ဒုက္ခတော့များပြီနဲ့ တူတယ် ''

သင်းကွဲတိုးမောင်နှင့် ကျော်ဖြူဖဲတို့က ကြက်သေသေ၍ ကြည့် နေကြသည်။ ထိုအချိန်မှာပင် ဆင်ဖြူတော်ပေါ်မှဘုရင်ကြီးက သူ၏ သံလျက်တော်နှင့် ဦးထွန်းဖဲတို့ပုန်းခိုနေသော သချိုင်းပျက်ကြီးဆီသို့ ညွှန်ပြလိုက်သည်တွင် . . .

'' ကျည်း . . . ကျည်း . . . ဂူး ''

'' ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး ''

နဘေးမှဝိုင်းရံထားကြသည့် ဆင်တပ်၊ မြင်းတပ်ကြီးများနှင့် လက်နက်ကိုင်ခြေလျင်စစ်သည်ရဲမက်များမှာ မောရိယသချိုင်းပျက်ကြီး ဆီသို့ ညာသံပေး၍ ဆင်းလာကြသည်မှာ မောရိယကုန်းမြေပြင်ကြီးတစ်ခု လုံး သိမ့်သိမ့်တုန်ခါသွားခမန်းပင်တည်း။

ထိုစဉ် ဆင်ဖြူတော်ကြီးပေါ်မှ ရှင်ဘုရင်ကြီးက မည်ကဲ့သို့ အမိန့်ပေးလိုက်သည်မသိ၊ လေးသည်တော်များက ရှေ့သို့ပြေးတက်လာ ကြပြီး သချိုင်းမြေအတွင်းမှ ဦးထွန်းဖဲတို့သုံးဦးထံသို့ ပစ်ခတ်ရန်ချိန်ရွယ် လျက်ရှိပါချေပြီကော။

ကျော်ဖြူဖဲနှင့်ဦးထွန်းဖဲတို့မှာ နောက်ဆုတ်နောက်ဆုတ်နှင့် သချိုင်းမြေမှပြေးထွက်ရန် ဟန်ပြင်နေကြသည်မို့။

'' ဘာဖြစ်တာလဲ ဦးဖဲ . . . ခင်ဗျားတို့ စည်းမဖောက်မိကြ



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့နော်၊ အရေးကြီးတာက မုဆိုးစည်းကိုမဖောက်ကြဖို့ပဲ၊ အခုလိုညာဘက်မျိုးမှာ ခင်ဗျားတို့သားအဖ သချိုင်းမြေရဲ့အပြင်ဘက်ကို ခြေတစ်လှမ်းကျွံသွားတာနဲ့ နောက်ဆက်တွဲပြဿနာတွေ ဘယ်လောက်ထိဖြစ်လာမယ်ထင်သလဲ ”

သင်းကွဲတိုးမောင်၏ မိုက်ရူးရဲတစ်ဖောက်ကန်းစိတ်ခါတ်က ဤကဲ့သို့အရေးအကြောင်းထဲဝယ် နိုင်နိုင်မတ်မတ်ရှိနေခြင်းကပင် ဦးထွန်းဖံတို့တူဝရီးအတွက် ထောက်ကူပေးနေသည်သို့ . . . ။

“ ခင်ဗျားရဲ့တူတော်မောင်ကို သေချာထိန်းထား၊ အပြင်ကိုလုံးဝမထွက်စေနဲ့၊ ဒါ မောရိယကုန်းကြီးက တောချောက်နေတာ၊ ကျွန်ဆင်ဖြူတော်ပေါ်ကရှင်ဘုရင်ကို ပစ်ချမယ် . . . သူက အမိကာပဲ၊ သူ့ကိုသာသေနတ်မှန်သွားရင် အကုန်လုံးတပ်လန့်ပြေးမှာ သေချာတယ်”

ထို့နောက် သင်းကွဲတိုးမောင်က သူ၏ရိုင်ဖယ်သေနတ်ကြီးဖြင့် ဆင်ဖြူတော်ပေါ်မှ သံလျက်ကြီးကိုညွှန်ကာ အမိန့်ပေးစေခိုင်းနေသည့် ရှင်ဘုရင်ကြီးကို အမိအရ လိုက်လံ၍ချိန်ရွယ်နေပါ၏။

အခြေအနေက ကျဉ်းထဲကြပ်ထဲသို့ ရောက်ရှိနေပါပြီ။ ထွက်ပြေးဖို့ရာကလည်း သင်းကွဲတိုးမောင်က တားမြစ်ထားသဖြင့် မပြေးရဲ၊ သည်အတိုင်းရင်ဆိုင်ဖို့ဆိုသည်မှာလည်း ဤမျှများပြားလှသော ဆင်တပ်၊ မြင်းတပ်များနှင့် လက်နက်ကိုင်ရဲမက်စစ်သည်များအောက်တွင် သူတို့သုံးဦး၏ဘဝသည် မည်သို့မျှဇာတ်သိမ်းမကောင်းနိုင်။

“ ကိုင်း . . . သင်းကွဲရေ ပစ်ရင်လည်း ထိထိမိမိပစ်နော်၊





တော်ကြာမင်းထင်သလိုဖြစ်မလာရင် ဒီစစ်တပ်ကြီးအောက်မှာ ငါတို့အားလုံး စိစိညက်ညက်ကြေသွားမှာနော် ”

သင်းကွဲတိုးမောင်ကမူ ဦးထွန်းဖံ၏စကားကိုကြားသည်မကြားသည်မသိ၊ သူ၏သေနတ်ပြောင်းဝကမူ သချိုင်းအတွင်းသို့ တစ်စတစ်စ ဘိုးဝင်လာနေသည့် ဆင်ဖြူတော်ကြီးပေါ်မှ ရှင်ဘုရင်ကြီး၏ နှလုံးသားတည့်တည့်ဆီသို့ . . . ။

ထိုအချိန်တွင် ရှင်ဘုရင်ကြီးက သံလျက်ကိုမြှောက်ကာ တစ်စုံတစ်ရာအမိန့်ပေးရန် ပါးစပ်ဟလိုက်သည်နှင့် . . . ။

“ ဒိန်း . . . ”

သင်းကွဲတိုးမောင်၏ ရိုင်ဖယ်ပြောင်းဝမှ ဝုန်းခနဲမီးပွင့်ထွက်သွားသည်။ ကော်ဒိုက်ယမ်းအား ပြင်းထန်လှသော ရိုင်ဖယ်သံကြီးက သချိုင်းပျက်ကြီးအတွင်းတွင်သာမက မောရိယကုန်းတည်ရှိရာ ရေနံတောင်ကြောတစ်ဝိုက်တွင် တုန်ဟီးရိုက်ခတ်ကာ ပဲ့တင်စီးမျောသွားပါလေတော့သည်။

တိုးမောင်၏သေနတ်သံကြီးနှင့်အတူ ရေနံတောင်တစ်ခုလုံး တောတိုးသံ၊ ဆင်အော်သံ မြင်းဟီသံကြီးများနှင့် ညည်းညူဟစ်အော်ခြေပြုးလွှားသံကြီးများက တဝေါဝေါ တဝုန်းဝုန်းနှင့် ကမ္ဘာပျက်သည့်နှယ် ဆူညံပေါက်ကွဲလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ထိန်ထိန်လင်းနေသည့် မီးရောင်ကြီးများကလည်း ရုတ်ချည်းပင်ငြိမ်းသေသွားကြပြီး လရောင်ပျောက်သည့် သန်းခေါင်ယံညဥ့်သဖွယ် နက်မှောင်လှသော အမှောင်ထုကြီးက ချောက်ချားဖွယ်ရာကောင်းလောက်အောင် ကြီးစိုးမင်းမူသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခါ ကမ္ဘာပျက်ခမန်း ဆူညံပွက်နေသည့် အော်ဟစ်သံကြီးများမှာလည်း မီးကိုရေနှင့်ငြိမ်းသက်လိုက်သလို တခဲနဲ ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။

သချိုင်းဂူပျက်ကြီးနောက်မှ သင်းကွဲတိုးမောင်တို့သုံးယောက်စလုံး ထိတ်လန့်ကြောက်ရွံ့မှု၊ အံ့အားသင့်မှုတို့ကြောင့် မျက်လုံးကြီးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်ရှုနေကြချိန် . . .

စောစောပိုင်းက တိမ်မည်းညိုတို့ ဖုံးအုပ်သွားသဖြင့် အလင်းပျောက်သွားသည့် ညဥ့်ကောင်းကင်တွင် လပြည့်ည၏ ငွေလဝန်းကထိန်ထိန်သာလျက်ရှိပြန်ပါ၏။ သင်းကွဲတိုးမောင်၏ သေနတ်သံကြောင့်လည်း မောရိယကုန်းထက်တွင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ ထိုစဉ်

"ဒေါင် . . . ဒင် . . . ဒေါင် . . . ဒေါင် . . . ဒင် . . . ဒေါင်"

မောရိယကုန်း ဘိုတဲကြီးဆီမှ ခေါင်းလောင်းသံ တဒေါင်ဒေါင်က ရုတ်တရက် ညဥ့်လေစီးထဲတွင် လွင့်ပါစီးမျောလာပြီး . . . မည်သည့်အရပ်မှရောက်ရှိလာကြသည်မသိသော ပျားကောင်ကြီးများ တစီစီနှင့်ပျံဝဲလာကာ ဦးထွန်းဖေတို့သုံးယောက်အား ဝိုင်းဝန်း၍ တုတ်ကြပါလေတော့သည်။

" ဝီ . . . ဝီ . . . ဝီ . . . ရွှီ . . . ရွှီ . . . ဝီး "

" ဟာ . . . ပျား . . . ပျားကြီးတွေ . . . အ . . . အား"

" အား . . . အောင်မယ်လေးဗျ "

သူရဲကောင်းစာပေတိုက်



" အို . . . အား . . . ပြေး ပြေးတော့ပေါ့ . . . ပြေးပြေး ဒီပျားကြီးကောင်တွေ အတုတ်ခံရရင် မလွယ်ဘူးဗျ "

သုံးယောက်သား တိုင်ပင်ချိန်ပင်မရတော့ဘဲ တစီစီအော်မြည်ကာ ဝိုင်းဝန်းတုတ်ခဲကြမည့် ပျားကြီးများရန်မှ လွတ်မြောက်အောင် ဒရောသောပါး ပြေးထွက်ခဲ့ကြလေသည်။ သို့တိုင်အောင် သင်းကွဲတိုးမောင်နှင့် ကျော်ဖြူဖေတို့မှာ နှစ်ချက်သုံးချက်ခန့် အဘုတ်ခံလိုက်ရသောကြောင့် အတော်ပင်အထိနာသွားကြသည်။ နောက်ဆုံး မောရိယသချိုင်းပျက်ကြီးထဲမှ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟူသောသုံးကို နှလုံးမူကာ သုံးယောက်သား ဖနောင့်နှင့်တင်ပါး ဘစ်သားထဲကျအောင် ပြေးထွက်လာခဲ့ကြပါလေတော့သည်။

" ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင် . . . ဒေါင် "

" ဝီ . . . ဝီ . . . ဝီ . . . ဝီ . . . ငီ "

သို့တိုင်အောင် တဒေါင်ဒေါင်နှင့်အော်မြည်ရိုက်ခတ်နေသည့် 'မရဏခေါင်းလောင်းသံ'ကြီးနှင့် တစီစီအော်မြည်ကာ ရန်သူများကို သဲသဲမဲမဲပျံသန်းရှာဖွေနေကြသည့် အသံကြီးများကမူ မောရိယကုန်းတစ်ဝိုက်တွင် ပျံ့လွင့်နေဆဲ . . . ။

♛ ♛ ♛

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## " ထမင်ရိုးရောအခါက . . . ရေနံတောင်သမိုင်း "

ရေနံတောင်ရွာ . . . ။

ဒေမည်နာမကလေးက ထူးဆန်းလှပသလောက် ရှေးယခင်ပဝေသဏီ အဆက်ဆက်ကတည်းက ရေနံကို လက်ယက်တွင်းကလေးများမှတစ်ဆင့် စတင်တူးခပ်ယူခဲ့ကြသည့်ကြောင့် 'ရေနံတောင်ရွာ'ဟု ခေါ်တွင်ခဲ့လေသည်ထင့်။ ရေနံတောင်သည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းဝယ် တည်ရှိပြီး ကျောက်ဖြူမှလာလျှင် အုန်းတော၊ ဂုဏ္ဍိမ်၊ တမ်းဒီး၊ နမ်းဖြူတိမ်၊ အူချေ၊ မင်းတဲ၊ တောင်ရင်း၊ မင်းပြင် စသောရွာများကို ဖြတ်ကျော်၍ ရေနံတောင်ရွာသို့ ရောက်ရှိသည်။

ထိုရွာများမှ အနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် ပြာလွင်ညို့မှိုင်းသော ရေနံတောင်ကြောထက်မှ ဝင့်လှဆဲနေလုံး





နီနီကြီးကို လှမ်း၍မြင်တွေ့နေရပါသည်။

စင်စစ် ရခိုင်ပြည်နယ်သည် ထူထပ်သောတောတောင်လျှိုမြောင်များ၊ ဝေသီနက်ရှိုင်း၊ ညို့ညို့ဆိုင်းဆိုင်၊ မှိုင်းမှိုင်းဝေဝေ၊ မြူခြေတောင်နိုးတို့ ရစ်သိုင်းခြုံလွှမ်းလျက်ရှိသော တောင်စဉ်တောင်တန်းများနှင့် နက်ရှိုင်းညို့မှောင်နေသည့် တောအုပ်ကြီးများက သဘာဝသယံဇာတပေါက်ပင်ကြီးများသဖွယ် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိကြသည်။

အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးအား ပိုင်ပိုင်နိုင်နိုင်သိမ်းပိုက်ပြီးသည်နှင့် ရေနံကုမ္ပဏီမှ မျက်နှာဖြူအင်္ဂလိပ်ကြီးများက ရေနံမြေတွင် ပုံစံတစ်မျိုးဖြင့် ပြောင်းလဲ၍အုပ်ချုပ်စေခဲ့သည်။ ယခင် မစ္စတာဂျေကွီဆင်းလက်ထက်က ရေနံတောင်ရှိရေနံများကို ပျားတဲ့ရွာမှတစ်ဆင့် နွားလှည်း၊ မြင်းလှည်းများနှင့်လည်းကောင်း၊ ကုလားအလုပ်သမားများနှင့် ထမ်းပိုး၍လည်းကောင်း ကျောက်ဖြူမြို့သို့ ပို့စေခဲ့သည်။ နွားလှည်းဆိုရာတွင် နွားနှစ်ကောင်နှင့်သာမဟုတ်ဘဲ သူတို့အင်္ဂလိပ်ပြည်တွင် မြင်းလေးငါးကောင်ခွဲသောလှည်းကဲ့သို့ နွားလေးငါးကောင်ကို တစ်ပြိုင်တည်းတပ်၍ ဆွဲသောလှည်းများဖြင့် အသုံးပြုခဲ့သည်။

ရေလမ်းခရီးဖြင့်လည်း ပျားတဲ့ရွာမှတစ်ဆင့် လောင်းလှေကြီးများဖြင့်တင်ဆောင်ကာ ကျောက်ဖြူဆိပ်ကမ်းသို့ ပို့ဆောင်စေခဲ့ပါ၏။ ရေနံတောင်သမိုင်းကြောင်းက ပြန်လည်ပြောပြရမည်ဆိုလျှင် မြန်မာတို့၏ ပုဂံရာဇဝင်ကဲ့သို့ တုတ်ထပ်၍ပြောရမည်ထင်ပါ၏။ အင်္ဂလိပ်မြန်မာပထမစစ်ပွဲတွင် တနင်္သာရီနှင့်ရခိုင်ကို အင်္ဂလိပ်တို့သိမ်းယူသွားခဲ့ပြီး (၁၀)နှစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်အကြာမှ စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ရေနံတောင်တွင် ဒေသခံရွာသားများက ရေနံကို လက်ယက်တွင်းများဖြင့် တူးဖော်ယူငင်ကြသည်။ ကျောက်ဖြူနှင့်ရေနံတောင်သည်ကား လမ်းမပေါက်သေး၊ ထို့ကြောင့် အင်္ဂလိပ်မျက်နှာဖြူများသည် ကျောက်ဖြူမြို့သို့ ရေလမ်းကသွားလျှင်သွား၊ မသွားလိုလျှင် ကုန်းလမ်းမှ မြင်းများနှင့်သာ သွားလာရသည်။ တစ်ကြိမ်တွင် အင်္ဂလိပ်မျက်နှာဖြူအရေးပိုင်မင်း မစ္စတာဂျေဗီဆင်းဆိုသူနှင့် အင်္ဂလိပ်ကြီးနှစ်ယောက်တို့သည် အလုပ်ကိစ္စနှင့် ရေနံတောင်ဘက်သို့ မြင်းကိုယ်စီနှင့် ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်မှာပင် ရေနံတောင်တစ်ဝိုက်တွင် ဒေသခံရွာတို့ လက်ယက်တွင်းကလေးများနှင့် ရေနံခပ်ယူနေကြသည်ကို မြင်တွေ့ခဲ့ကြရပါ၏။ များမကြာမီကာလတွင် မစ္စတာဂျေဗီဆင်းမှာ အိန္ဒိယနိုင်ငံမှ ရေနံကုမ္ပဏီတစ်စုနှင့် ဆက်သွယ်ကာ ရေနံတောင်သို့ ဒုတိယအကြိမ်ရောက်ရှိလာခဲ့ပြီး ကုလားအလုပ်သမားများ ရေနံတူးစက်ကရိယာများနှင့် အကြီးအကျယ်ရေနံထုတ်ယူမှု ပြုလုပ်ခဲ့သည်။

ဤသည်ကို ရေနံတောင်ဒေသခံများက သူတို့၏လက်ယက်တွင်းများမှရေနံများ ခန်းခြောက်သွားကြသဖြင့် အင်္ဂလိပ်မျက်နှာဖြူကြီးများကို မကျေနပ်ကြ။ ယခင်ကဆိုလျှင် မည်သည့်အချိန်တူးတူး သူတို့၏တစ်တောင်၊တစ်မိုက်သာသာခန့် လက်ယက်တွင်းလေးများတွင် ရေနံအပြည့်ရသည်၊ လိုချင်သလောက်ခပ်ယူ၍ပြန်ကြသည်၊ ထို့ကြောင့် ရေနံကို အလျှံပယ်ရရှိနေကြသဖြင့် သိုလှောင်သိမ်းဆည်းထားရန်လည်း မစဉ်းစား





ကြ၊ တစ်ဆင့်ပြန်လည်ရောင်းချရန်လည်း စိတ်ကူးမျှပင်မရှိခဲ့ကြ၊ ဤမျှလောက်တန်ဖိုးရှိမှန်း၊ တန်ဖိုးကြီးမှန်းလည်း၊ မသိခဲ့ကြပါချေ၊ ရိုးသားသော ဒေသသူတောင်သားများပီပီ စီးပွားရေးအမြင်မကျယ်ဘဲ မိမိတို့အိမ်သုံးခွင့်ရရှိလျှင်ပင် ကျေနပ်နေကြသည်မဟုတ်ပါလား။

သို့သော် . . . အင်္ဂလိပ်မျက်နှာဖြူကြီးများနှင့်ကုလားအလုပ်သမားများ ပြောင်းရွှေ့လာကြပြီး စက်ကြီးများနှင့် ရေနံထုတ်လုပ်ကြသည့်အချိန်မှစ၍ သူတို့လက်ယက်တွင်းများတွင် ရေနံများ တစ်စတစ်စလျော့ပါးလာကြပြီး နောက်ဆုံး လုံးဝရေနံမထွက်ရှိပါလေတော့။ ထို့ကြောင့် ဘစ်နှစ်ကျော်ခန့်ကြာမြင့်လာသောအခါ ရေနံတောင်ဒေသခံရွာသားများ၏လက်ထဲတွင် ရေနံလုံးဝမရှိပါချေတော့၊ ရေနံအလိုရှိခဲ့လျှင် ရေနံတောင်မှ အင်္ဂလိပ်တွင်းတူးသမားများထံသို့ သွားရောက်ကြပြီး မိမိတို့၏ ဆန်၊ဆီ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တို့နှင့် ရေနံကိုဖလှယ်သုံးကြရသော အခြေအနေသို့ ဆိုက်ရောက်သွားပါချေတော့သည်။

သို့သော် မကျေနပ်ကြသည့် ရေနံတွင်းတူးသမားများနှင့် ဒေသခံရွာသားများက အင်္ဂလိပ်မျက်နှာဖြူကြီးများ၏ ရေနံအပိုင်စီးမှုအား သူ့ကျွန်မခံသောစိတ်ဓါတ်တို့ဖြင့် တော်လှန်ပုန်ကန်ကြပါတော့သည်။ ရေနံတောင်ရှိရေနံများကို ပျားတဲရွာမှတစ်ဆင့် ကျောက်ဖြူမြို့သို့ပို့ရာတွင် ဒေသခံများသည် လမ်းခရီးကြား၌ တိုက်ခိုက်လုယူကြသည်။ ထို့ကြောင့် မျက်နှာဖြူအရေးပိုင်မင်းကိုယ်တိုင် သေနတ်ကိုင်၍ လိုက်လံစောင့်ရှောက်ခဲ့ကြရသည်အထိ လုပ်ကိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂျေဗွီဆင်းတို့မိသားစုအားလုံး အိန္ဒိယသို့ပြောင်းရွှေ့သွားကြချိန်မှာတော့ ကျန်ရှိခဲ့သော မျက်နှာဖြူအင်္ဂလိပ်ကြီးသည် ရေန်ကူမှတီနှင့်ပူပေါင်းကာ ရေနံတောင်ဒေသခံရွာသားများနှင့်လည်း ညှိနှိုင်းလုပ်ဆောင်ခဲ့သည်။ ထို့ပြင် ဒေသခံရွာသားများကို သူ၏ရေနံရှာဖွေတူးဖော်ရေးတွင် အလုပ်သမားများအဖြစ် အလုပ်ခန့်ကာ လစာငွေများပေးရေးခဲ့သဖြင့်လည်း ပျော်ရွှင်ကျေနပ်နေကြသည်မဟုတ်ပါလား။

ထို့ပြင် ဤလက်ရှိအင်္ဂလိပ်မျက်နှာဖြူကြီး မစ္စတာစတီဗင်၏လက်ထက်တွင် ယခင်ကဲ့သို့ ရေနံတောင်မှရေနံများကို ပျားတဲဆိပ်ကမ်းသို့ လှူထမ်း၊ နွားလှမ်းတို့နှင့် မပို့တော့ဘဲ သံပိုက်များနှင့်သွယ်တန်းပို့ဆောင်ပေးခဲ့သည်။ ဤသည်ကိုလည်း ဒေသခံဘိန်းစားအချို့နှင့် မကျေနပ်သူများက သံပိုက်ကို မရေမကဖောက်၍ ရေနံများကို ခိုးထုတ်ယူငင်ခဲ့ကြသည်။ သို့သော် မြန်မာတစ်နိုင်ငံလုံးအား အင်္ဂလိပ်မျက်နှာဖြူများက ပိုင်ပိုင်နိုင်နိုင်အုပ်ချုပ်နိုင်သွားပြီဖြစ်ရာ ဒေသခံများမှာလည်း ယခင်ကဲ့သို့ မနှောက်ယှက်ခဲ့ကြပါလေတော့။

သို့သော် . . . ကောလဟာလဆန်ဆန်၊ ယုံတမ်းပုံပြင်ဆန်ဆန် သိုသိုသိပ်သိပ်ထွက်ပေါ်လာသော အရေးကိစ္စကြီးတစ်ခုက ရေနံတောင်တစ်ဝိုက်တွင် ပျံ့နှံ့လျက်ရှိပါလေ၏။ ဖြစ်ပုံမှာ မစ္စတာဂျေဗွီဆင်းနှင့် အင်္ဂလိပ်ကြီးနှစ်ယောက်တို့မှာ ရေနံတောင်တွင် ရေနံတူးဖော်ရင်း **'ရွှေချောင်းသိုက်'** (ရွှေချောင်းသေတ္တာကြီးတစ်ခု)ကို မမျှော်လင့်ဘဲ တူးဖော်တွေ့ရှိခဲ့ကြသည်ဟု ဆိုပါ၏။ မကြာခင် အင်္ဂလိပ်ကြီးနှစ်ယောက်





နံတောင်မှ ရုတ်တရက်ပျောက်ဆုံးသွားကြသည်။ ဘိုအင်္ဂလိပ်ကြီးယောက် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ပြီး မကြာခင်မှာပင် မစ္စတာဗွီဆင်းတစ်ယောက်လည်း သူနေထိုင်သည့် ဘိုတဲစံအိမ်တော်ကြီးထက်င် ထပ်မံ၍ပျောက်ဆုံးသွားခဲ့ရပြန်ပါ၏။

အင်္ဂလိပ်မြန်မာတတိယစစ်ပွဲကြီးကလည်း သွေးချောင်းစီးမျှက်ခိုက်ကြ၊ တော်လှန်ပုန်ကန်ကြနှင့် ရှုပ်ထွေးဆူပွက်နေချိန်ဖြစ်ပါ၏။ နံတောင်တွင်လည်း တော်လှန်ပုန်ကန်မှုများ ထွက်ပေါ်လာသဖြင့် စ္စတာဂျေဗွီဆင်း၏ဇနီးသည် အင်္ဂလိပ်မကြီးနှင့် မိသားစုအခြွေအရံများ အိန္ဒိယဘက်သို့ ရှောင်တိမ်းသွားခဲ့ကြရပါတော့သည်။

ဤသည်တို့၏ နောက်ပိုင်းတွင် ရေနံတောင် မောရိယကုန်းက်ရှိ မစ္စတာဂျေဗွီဆင်း စံမြန်းနေထိုင်ခဲ့ရာ ဘိုတဲကြီးမှ ခေါင်းလောင်းသွေ၊ သို့မဟုတ် မရဏာခေါင်းလောင်းသံ သို့မဟုတ် သေမင်းတမန်ခေါင်းလောင်းသံကြီးက လူးလွန့်ရှင်သန်နိုးကြားလာခဲ့ပါသည်ဟု . . . ဆိုလျှင် . . . ။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

## " လပြည့်ညရင်ခွင်၌ ဆော့ကစားခြင်း "

လပြည့်ညဲ၏ ငွေလဝန်းကြီးက အရှေ့ဘက်တောင်တန်းမြင့်မြင့်ကြီးများပေါ်မှ တဖြည်းဖြည်းကျော်တက်လာနေပါ၏။ ရွှန်းပဝင်းမြနေသည့် လပြည့်ည လရောင်ရင့်ရင့်အောက်တွင် ရေနံတောင်ကြောကြီးတစ်ခုလုံး မႈသာစတောင်း သာယာပြန့်ပြူးလျက်ရှိသည်။

-ထို့ပြင် ဖားလျားဝေနေသည့် ရွက်အုပ်မိုးသစ်ပင်ဝါးပင်ကြီးများမှာ အရွက်ခြွေခံထားရသည့် နွေလဖြစ်သဖြင့် လ,ထွက်လာ၍ မကြာမီအချိန်အတွင်းမှာပင် မောရိယကုန်းတစ်ပိုက်နှင့် ရေနံတောင်၊ မင်းပုန်းတောင်တို့ကို လေရှာင်တွင် လင်းလင်းပြပြ တွေ့မြင်နေရပါ၏။

မောရိယကုန်းထက်ရှိ ဘိုတဲကြီးပေါ်မှာတော့ ဘူမိဗေဒအရာရှိငယ် သို့မဟုတ် ရေနံတိုင်းတွာရှာဖွေရေးဦးစီး မင်းမောင်တစ်ယောက်





သူ့အရင် ဤရေနံတောင်လုပ်ကွက်တွင် တာဝန်ထမ်းဆောင်သွားကြသောမှက်နှာဖြူအင်္ဂလိပ်အရာရှိများ၏ နေ့စဉ်မှတ်တမ်းဖိုင်များကို လေ့လာဖတ်ရှုနေခြင်းဖြစ်သည်။

စားပွဲပေါ်ရှိ လက်ဆွဲမှန်အိမ်အနီးဝယ် အလုအာယက်တိုးဝှေ့ပျံသန်းနေကြသည့် ပိုးဖလံကောင်ငယ်လေးများ၏ တရှဲရှဲ တဖျတ်ဖျတ်အသံများမှအပ ပတ်ဝန်းကျင်တစ်ခုလုံး လပြည့်ည၏ အေးမြသောအရိပ်အောက်တွင် တိတ်ဆိတ်စွာအိပ်မောကျလျက်ရှိချေသည်၊

တစ်ချက် တစ်ချက် မင်းပုန်းတောင်ဘက်ဆီမှ ခလတိုက်ခတ်သံလား၊ ဟစ်အော်ညည်းတွားသံလေလား မကွဲပြားသောအသံဗလံများကိုသာ တပဲ့ပဲ့၊ တရှဲရှဲနှင့် မပီမသ ပိုးတဝါးကြားနေရသည်။ သူနေထိုင်ရာ မောရိယကုန်းထက်မှာတော့ လသာညများတွင် တစ်ညလုံးအိပ်ရေးပျက်ခံကာ အော်မြည်နေတတ်သည့် "ပန်းတိန်ငှက်" တစ်ကောင်၏ ဘကြော်ကြော်မြည်သံက ညဉ့်လေပြည်ထဲတွင် စီးမျောလျက်။

ပြာရီမှိုင်းမှောင်နေသော မောရိယလျှိုကြီးအောက်ဘက် သစ်ပင်အုပ်ဆီမှ အချက်ကျကျတောက်နေသည့် ဖီးကွက်ဘစ်ကောင်၏ တောက်သံကလည်း လေးလေးမှန်မှန်ထွက်ပေါ်လျက်ရှိပ်၏။ တစ်ဖက်တောင်ခြေဆီမှလည်း တဂီးဂီး၊ တဂစ်ဂစ်နှင့် ငှက်ဆိုးထိုးသံများ၊ သံတိုသံရှည် သံပြတ်နှင့် လေချွန်သလို အော်မြည်နေကြသော မြွေမျိုးစုံ၏ ဘွန်သံ၊ တွားသွားသတ္တဝါတို့၏ တောတိုးသံ စသော အသံဗလံများကြောင့်လည်း မောရိယကုန်း၏ လပြည့်ညသည် ချောက်ချားဖွယ် ရင်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



တုန်ဖွယ် ထိတ်လန့်ရင်ခုန်ဖွယ်ရာများနှင့်သာ ကြီးစိုးမင်းမူလျက်ရှိ
လေတော့သည်။

မင်းမောင်မှာ အနည်းငယ်မျက်စိညောင်းလာသဖြင့် ကြည့်
နေသည့် ရေနံတောင်မှတ်တမ်းဖိုင်ကြီးကို ပိတ်လိုက်သည်။ ပက်လ
ကုလားထိုင်တန်းတွင် ခေါင်းမှီ၍ မျက်လုံးအစုံကို မှေးမှိတ်ကာ ငြိမ်းခဲ့သ
ရက်ပိုင်းကမှ ပြောင်းရွှေ့သွားသည့် အင်္ဂလိပ်မျက်နှာဖြူအရာ
ဂျွန်အဲလစ်(စ်)နှင့် နှုတ်ဆက်ပွဲညက ပြောဖြစ်ခဲ့ကြသော စကားအချို
ပြန်လည်၍အာရုံယောင်လာမိသည်။

" အင်း . . . နိုင်ငံကြီးသားပီပီ မိတ်ဆွေကောင်းတစ်ယော
ပီသအောင် ကျုပ်မသွားခင်တော့ မောင်ရင့်ကို ဟောဒီမောရိယကုန်း
ဘိုတဲကြီးနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့အကြောင်းအရာလေးတွေ
တော့ ပိုပိုလိုလိုသတိပေးခဲ့ဦးမှဖြစ်မယ်ထင်တယ် . . . ဟင်း ဟင်
ဟင်း ''

ဂျွန်းအဲလစ်(စ်)က သောက်လက်စရမ်အရက်ကို ခပ်ကြမ်းကြ
ပင့်မော့ချလိုက်ပြီး ရေနံတိုင်းထွာရှာဖွေရေးဦးစီးမှူးလေး မင်းမောင်အ
စကားစလိုက်သည်။

" O'H: Yes သိပ်အဆင်ပြေတာပေါ့ အဲလစ်(စ်)ရယ် ကျွန်တေ
က မနေ့တစ်နေ့ကမှ ဒီရေနံတောင်ကို ရောက်လာခဲ့ရတာဆိုတော့ န
မြေအခြေအနေတွေနဲ့ ဟောဒီမောရိယကုန်းပေါ်က ဘိုတဲကြီးရဲ့အကြေ
ကို အကြမ်းဖျင်းလောက်တော့ သိသင့်တာပေါ့ အဲလစ်(စ်)ရယ်''





မင်းမောင်ကလည်း သူ၏အရက်ခွက်ထဲသို့ ရမ်တစ်ပက်ခန့်
င်းထည့်လိုက်ရင်း အဲလစ်(စ်)အား စကားလမ်းကြောင်းခင်းပေးလိုက်

" ဟင်း . . . ဟင်း . . . ဟင်း မောင်ရင်သိသင့်တယ်ထင်လို့
ပြောပြရမှာ ဟောဒီမောရိယကုန်းရယ်၊ ဘိုတဲကြီးရယ်နဲ့ ခေါင်းလောင်း
ပေါ်က မရဏခေါင်းလောင်းကြီးရယ် ဖြစ်ပျက်ခဲ့သမျှအရာအားလုံး
ာ မောင်ရင်သိသွားခဲ့ရင် တစ်ခါတည်းများ နောက်ကြောင်းပြန်ပြေး
မလားမသိဘူးဗျို့ . . . ဟား . . . ဟား . . . ဟား ''

ဂျွန်အဲလစ်(စ်)က သူပြောသည့်စကားကို သူကိုယ်တိုင်ရယ်မော
ရမ်အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် ဖိသောက်နေပါ၏။ နောက်
သွားသော သူ၏အရက်ခွက်ထဲသို့ ရမ်တစ်ပက်ခန့်လောင်းထည့်ရင်း

"ဒါနဲ့ မောင်ရင် . . . သရဲ တစ္ဆေဆိုတာကို ယုံကြည်သလား"

ဂျွန်အဲလစ်(စ်) အဆက်အစပ်မရှိသောမေးခွန်းကြောင့်
မောင်မှာ ပခုံးတစ်ချက်မျှသာတွန့်လိုက်ညပီး သောက်လက်စရမ်
ရက်ကိုသာ မျှင်း၍သောက်နေပါ၏။ စင်စစ် ဤကိစ္စသည် လွန်စွာ
ငွေးသော၊ ပဟေဠိဆန်သော၊ လွယ်လွယ်နှင့်ဖြေကြားရန်ခက်ခဲသော
ခွန်းတစ်ခုဖြစ်သည်။ အဆိုအရမှု တမလွန်ကိုယုံကြည်ကြသူများသည်
စ္ဆေရှိသည်ဟု မှချယုံကြည်ကြသည်။

သို့သော် တစ္ဆေကို မျက်မြင်ကိုယ်တွေ့ မတွေ့ဖူးမမြင်ဖူးကြ
ဖြင့် ယုံကြည်လက်ခံနိုင်ရန် ခက်ခဲနေကြခြင်းဖြစ်သည်။ လာကျွာပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဘာတွေရှိသည်ဟုဆိုခြင်းထက် တစ္ဆေဆိုတာ ဘယ်လိုအရာနည်း သည်ကိုသာ သိချင်နေကြသည်.. တစ်ခါတစ်ရံ မင်းမောင်ကိုယ်တို သံသယဒွိဟများနှင့် ရောထွေးနေလေ့ရှိသည်။ အမှန်ကိုဝန်ခံရလျှင် တစ္ဆေဟူသော သရဲပုံသွာကမှ မင်းမောင်၏ရင်ထဲတွင် ယနေ့တိုင် အခ ရှာလျက်ရှိနေသဲပါ။

" ခုဝိုစမ်းပါဦး အဲလစ်(စ်)ရဲ့ ဒီဘိုတဲကြီးနဲ့ မရဏခေါင်းလော ကိစ္စကြီးက သူ့ရဲတစ္ဆေယုံတာမယုံတာနဲ့ ဘာများပတ်သက်နေလို့လဲ "

" အင်း . . . မပြောမဖြစ်ပြောရမယ်ဆိုရင်တော့ ဟော ဘိုတဲကြီးနဲ့မရဏခေါင်းလောင်းသံကစပြီး ပြောရလိမ့်မယ်ထင်တယ် တကယ်တော့ ဘိုတဲကြီးမှာ တစ္ဆေချောက်တဲ့အကြောင်းရယ် မရဏ ခေါင်းလောင်းသံကြားရရင် လူသေတယ်၊ နိုက်တယ်ဆိုတဲ့အကြောင်းရယ် ကိုတော့ မိတ်းဆွကောင်းတစ်ယောက်ပီပီ မောင်ရင့်ကို အရင်ဆုံးကြိုတင် ပြီး သတိပေးထားမှဖြစ်မယ်လေ၊ ဒါမှ မောင်ရင် စောစောစီးစီး ဒီဘိုတဲ ကြီးကနေ ပြောင်းနေသင့်ရင်နေလို့ရအောင် ကျုပ်က စေတနာနဲ့ ကြိုတင် ပြီးပြောထားတာပါ မောင်ရင် "

မင်းမောင်က အဲလစ်(စ်)၏စကားများကို မည်သို့မှုခွန်းတုန့် မပြန်ဘဲ ခပ်ပြုံးပြုံးလေးဖြင့်သာ နားထောင်လျက်ရှိသည်။ ဤသည်ကို အဲလစ်(စ်)က မြင်တွေ့သွားပြီး မည်ကဲ့သို့ထင်မြင်သွားသည်မသိ၊ သောက် လက်စအရက်ခွက်ကို ဆက်ခနဲချလိုက်ပြီး . . .

" ကျုပ်တကယ်ပြောနေတာနော် . . . မောင်ရင့်ကို





ချောက်လှန့် သွေးတိုးနေတာမဟုတ်ဘူး၊ အင်း . . . လသာတဲ့ လပြည့်ညတွေမှာဆိုရင် ဘိုတဲကြီးရဲ့ မရဏခေါင်းလောင်းစင်က ခေါင်းလောင်းကြိုးကြီးဟာ သူ့အလိုလိုလှုပ်ရမ်းလာပြီး ခေါင်းလောင်း သံတွေကြားလာရတယ်လေ၊ နောက်ပြီး ခေါင်းလောင်းစင်ကြီး အနား မှာလည်း လူရိပ်တွေလိုလို မကောင်းဆိုးဝါးကောင်တွေကို အများကြီး မြင်တွေ့ရတယ်။ "

" ဟုတ်ပါ့မလား အဲလစ်(စ်)ရယ် လူဆိုးသူခိုးတွေကပ်တာများ လားမှမသိတာ "

" အိုး . . . No . . . No မဟုတ်ဘူး မောင်ရင် ဒီဘိုတဲကြီးကို ဆောက်ပြီးနေထိုင်ခဲ့တဲ့ အရေးပိုင်ဟောင်းကြီးဟာ သူ့ရဲ့စိတ်ကူးစိတ်သန်း နဲ့ ဘိုတဲဆောက်လုပ်ရာမှာ ခေါင်းလောင်းစင်ကြီးကို သေသေချာချာ ထည့်ပြီးဆောက်ခဲ့တာတဲ့လေ "

" ဟုတ်လား . . . ဒါကြောင့် ဘိုတဲကြီးမှာ ခေါင်းလောင်းစင် ကြီးပါရှိနေတာကို ထူးခြားနေပါတယ်လို့ ကျွန်တော်ထင်နေတာ . . . အဲလစ်(စ်)ရဲ့ "

ဤတစ်ကြိမ်တော့ မင်းမောင်မှာ သူ၏သောက်လက်စအရက် ခွက်ကို စားပွဲပေါ်သို့ အသာအယာချကာ စိတ်ဝင်တစားဖြင့် ရှုစမ်း လိုက်သည်။

မျက်နှာဖြူအင်္ဂလိပ်အရာရှိ မစ္စတာအဲလစ်(စ်)က သူ၏စကားကို အဆုံးသတ်ပြောဆိုလိုက်ပြီး ဘယ်နှစ်ကြိမ်မြောက်ခွက်မှန်း မသိနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



သည့် ရမ်အရက်ခွက်ကို တစ်ကျိုက်တည်း မော့သောက်ချလိုက်ပါတော့သည်။

မင်းမောင်မှာမူ ရုတ်တရက် မထင်မှတ်ဘဲကြားလိုက်ရသည့် မစ္စတာအဲလစ်(စ်)၏စကားများကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားကာ ကျောရိုးတစ်လျှောက်လည်း စိမ့်ခနဲဖြစ်သွားပါလေ၏။ တစ်ဆက်တည်း သူ၏ဆက်စပ်တွေးခေါ်မှုတွင် အကယ်၍များ ဤခေါင်းလောင်းကြီးကြီးသည် မစ္စတာအဲလစ်(စ်)၏ အရက်မူးမူး အာလေးလျှာလေးပြောသံကြီးက တိတ်ဆိတ်ငြိမ်သက်နေသည့် လပြည့်ညလေပြည်ထဲတွင် ပဲ့တင်ပြန်လာသည်သို့ . . . ။

" ဟင်း . . . ဟင်း . . . ဟင်း တကယ်ပါ မောင်ရင် ကျုပ်လည်း ကြားရကာစက မယုံခဲ့ဘူး၊ ဒါပေမဲ့ အဲ . . . အဲဒီခေါင်းလောင်းစင်ရှိတဲ့ စာကြည့်ခန်းထဲက ချိုးချိုးချွတ်ချွတ်အသံတွေ မကြာခဏ ကြားရတယ်၊ နောက်ပြီး လူတစ်ယောက် ဒါမှမဟုတ် နှစ်ယောက် လမ်းလျှောက်နေတဲ့ ခြေသံတွေ၊ ပစ္စည်းပစ္စယတွေ မွှေနှောက်ပြီးရှာဖွေနေတဲ့ အသံတွေ၊ ညည်းညူသံကြီးတွေကို ကျုပ်နား ဆတ်ဆတ်ကြားခဲ့ရတယ်၊ အော့ ... အော့ နောက် . . . နောက်တော့ ဟို . . . ဟိုခေါင်း . . . ဟိုခေါင်းလောင်း မ ... ရ ... ဏ ... ခေါင်းလောင်းသံကြီးကို တခေါင်ခေါင်နဲ့ ကြားလိုက်ရတယ်၊ ကျုပ်လည်း စာကြည့်ခန်းဘက်ကို ချက်ချင်းရောက်သွားခဲ့ပေမဲ့ လှုပ်ရမ်းနေတဲ့ခေါင်းလောင်းကြီးကြီးကလွဲပြီး ခြေရာလက်ရာ အကောင်အထည်ဆိုလို့





ဘာတစ်ခုမှ မတွေ့ . . . မတွေ့ရတော့ဘူး မောင်ရင်၊ အဲ့ဒါ ကျုပ်အထင်ပြောရရင်တော့ ဟို ဟိုအရာရှိကြီးရဲ့ ဝိညာဉ်ကြီးပေါ်က မကောင်းဆိုးဝါးသူ့ရဲ့တစ္ဆေကောင်တွေ မြူး မြူး ကြတာလားမသိဘူး၊ အဲဒီမကောင်းဆိုးဝါးဝိညာဉ်တွေက တစ္ဆေသရဲဘဝနဲ့ ကျုပ်တို့ကို အမျိုးမျိုး ခြောက်လှန့်နေကြတာပဲ ဖြစ်မယ်ဗျို့။ ဟင်း ဟင်း ဘယ်လိုလဲ မြန်မာအရာရှိလေးရဲ့ စိတ်လှုပ်ရှားပြီး သွေးပျက်နေပြီလား ဟင်းဟင်း၊"

မျက်နှာဖြူအရာရှိ မစ္စတာအဲလစ်(စ်)၏ ရီသွဲ့သွဲ့စကားကြောင့် မင်းမောင်မှာ စိတ်ဝင်တစားဖြင့် ခေါင်းစိုက်နားထောင်နေရာမှ ဆတ်ခနဲ ခေါင်းထောင်မတ်လိုက်သည်။

" ဟင်း . . . ဟင်း . . . ပြောသာပြောရတယ် ဒီနေ့တောင်ဘက်ကို ပြောင်းရွှေ့တာဝန်နဲ့ရောက်လာကြတဲ့ မောင်ရင်တို့လို မြန်မာအရာရှိငယ်ပေါက်စလေးတွေဆိုရင် ဟောဒီမောရိယကုန်းပေါ်ကနေ တစ်လနှစ်လလောက်ဆို ပြောင်းပြီးပြန်ပြေးကြတာ များတယ်လေ၊ ဟင်း ဟင်း . . . ဟင်း "

အရက်မူးမူးနှင့် မိမိတို့မြန်မာလူမျိုးများအား အထင်သေးစကား ပြောဆိုနေသည့် မစ္စတာအဲလစ်(စ်)ကို ရှုးရှုးရဲရဲစိုက်ကြည့်ကာ မင်းမောင် ပြန်လည်၍ ချေပစကားဆိုလိုက်ပါ၏။

"အိုး . . . No . . . No အဲလစ်(စ်)၊ ကျွန်တော်က လူတစ်မျိုးဗျ၊ နောက်ပြီး အဲဒီလိုအခြေအမြစ်မရှိတဲ့ ရှုးကြောင်ကြောင်တစ္ဆေသရဲ ပုံပြင်တွေကို သိပ်ပြီးအယုံအကြည်မရှိဘူးလေ ဟင်း . . . ဟင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရဲ့ခေါင်းကလည်း အဲဒီဘက်မှာဆိုရင် သိပ်ကိုမာ
အရမ်းကိုမာတာပဲ အဲလစ်(စ်)ရေ ဟင်း . . . ဟင်း ''

နှုတ်ဆက်ပွဲညလည်းဖြစ်ပြန် ရမ်တစ်လုံးနီးပါးလည်း ကုန်လု
ရှိနေပြီမို့ နှစ်ယောက်သား အရက်ရှိန်ခပ်ထွေထွေဖြင့် အာသွက်လျှာသွက်
ဖြစ်နေကြသည်မဟုတ်ပါလား ''

" ရက်(စ်) သစ်(စ်)ရိုက် ဗဲဒိုးဂွတ် မင်းမောင် . . . ကြိုက်တယ်
ဟင်း . . . ဟင်း ကျုပ် . . . ကျုပ်က မောင်ရင့်လိုသတ္တိမျိုးမှ ကြိုက်
ကြိုက်တာ၊ ဟောဒီရေနံတောင် မောရိယကုန်းပေါ်မှာရှိတဲ့ ဟောဒီဘုံ
ကြီးနဲ့ ခေါင်းလောင်းစင် . . . အော့ . . . အော့ ပြောရရင်တော့ မ
. . မ . . . မရဏခေါင်းလောင်းကြီးရဲ့ လျှို့ . . . လျှို့ဝှက်ထားတဲ့ ပ
. . ပဟေဠိတွေ ကျုပ် . . . သိ . . . သိချင်နေတာ ကြာ . . . ကြာပြီ''

မစ္စတာအဲလစ်(စ်)မှာ တအော့အော့နှင့် စကားများကို လျှာလေး
အာလေးနှင့်ပြောရင်း မကြာခဏ ခေါင်းစိုက်စိုက်သွားလေ့ရှိသည်။ သို့သော်
ကြိုးစားကာ ပြန်လည်၍ခေါင်းမတ်အားယူကာ စကားကိုဆုံးအောင်
ပြောဆိုနေပါလေ၏။

" ဟုတ် . . . ဟုတ်တယ် . . . ကျုပ်သိရသလောက်ဆိုရင်
ခေါင်း . . . ခေါင်းလောင်းစင်ကြီးတစ်ဝိုက်နားမှာ ရ . . . ရတနာသိုက်
တောင် ရှိ . . . ရှိတယ်လို့ ဆိုကြတယ်၊ နောက်ပြီး ဘာ . . . ဘာမှ
မသိတဲ့ လျှို့ဝှက်ချက်တွေကလည်း အ . . . များကြီး၊ ကျုပ် . . . ကျု
သိ ... သိအောင်ကြိုး ... စား ... ပေမဲ့ ဘာ ... ဘာမှ မ ... မ ... သိ





ခဲ့ ... ရ ... ဘူး ... ဘူး ... အော့ ... အော့ ... အ ''

နောက်ဆုံးတော့ အင်္ဂလိပ်မျက်နှာဖြူအရာရှိ မစ္စတာအဲလစ်(စ်)
မှာ မရဏခေါင်းလောင်းကြီး၏ လျှို့ဝှက်ချက်များနှင့် သူသိသမျှကို
ဘွတ်တွတ်ရင်ဖွင့်ပြောဆိုရင်း အရက်မူးလွန်ကာ သတိလစ်မေ့မျော
သွားပါလေတော့သည်။ သို့တိုင်အောင် မစ္စတာအဲလစ်(စ်)ပြောပြခဲ့သော
စကားသံများကမူ မင်းမောင်၏အကြားအာရုံထဲဝယ် ပဲ့တင်ထပ်ကာ
ပြန်လည်၍ကြားရောင်နေမိပါတော့သည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## " မောရိယစိတ္တ ... လပြည့်ညသံသရာ "

မှန်မီးအိမ်အလင်းဖျော့ဖျော့အောက်တွင် ပိုးဖလံအသေကောင်များက တစ်နေ့စီ၊တစ်ကွဲစီဖြင့် ပိုးလိုးပက်လက် ဇိဇိနံ့ချုပ်ငြိမ်းလျက်ရှိပါ၏။ တစ်ချို့ပိုးဖလံကောင်လေးများမှာမူ အတောင်ကျွတ်လျက် မပျံနိုင်၊ မသွားနိုင်ဖြင့် ကော့လန်တွန့်လိမ်နေကြသည်မှာ မီးကိုတိုးသောဖလံပိုးတို့၏ နိယာမသဘာဝလေလား . . . ။

ရေနံတောင်ထက်ရှိ မောရိယကုန်းဝန်းကျင်မှာတော့ လပြည့်ညအလရောင်သည် သစ်ရိပ်ဝါးရိပ်တို့ကို ထိုးဖောက်၍ ဖြန့်ကျက်လင်းလက်နေပါ၏။ တိတ်ဆိတ်ငြိမ်သက်မှုက မောရိယကုန်းပတ်ဝန်းကျင်တစ်ခုလုံးအား ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် ကြီးစိုးမင်းမူလျက်ရှိသည်။





ဘူမိဗေဒအရာရှိ မင်းမောင်မှာ မျက်စိညောင်းလာပြီမို့ ဖက်လက်စမှတ်တမ်းစိုင်ကြီးကို ပိတ်လိုက်သည်။ ပြီးလျှင် စားပွဲမှထကာ ခြေညောင်းလက်ဆန့် ဘိုတဲဝရံတာဘက်သို့ လျှောက်လာခဲ့သည်။ ဝရံတာဘက်ဆီမှ ဝေ့ဝဲဖြတ်တိုက်လာသည့် လပြည့်ညနှင်းခွတ်လေရူးကြောင့် အနည်းငယ်အေးစိမ့်စိမ့်ဖြစ်သွားသည်မို့ မင်းမောင်လည်ပင်းမှ ဖလာကို လုံခြုံအောင်ဆွဲယူပတ်လိုက်ပါ၏။

ဝေရီမှုန်မှိုင်းနေသည့် မောရိယသချိုင်းပျက်ကြီးဆီမှ သားစားညှိငှက်ကောင်များ၏ ကျိုးကျိုးကျည်ကျည်အော်မြည်သံများကို ရံဖန်ရံခါကြားနေရသည်။ မင်းမောင်မှာ လရောင်အောက်တွင် မြင်တွေ့နေရသည့် မောရိယကုန်းမြင့်ကွင်းတွင် နစ်မျောနေစဉ် . . .

နောက်ဘက်အခန်းထဲတွင် ကျန်ရစ်ခဲ့သော စားပွဲထက်မှ မှိန်ဖျော့ဖျော့မှန်အိမ်သည် ရေနံဆီကုန်သွား၍လော၊ လေရူးတိုးဝှေ့သွား၍လောမသိ၊ ရုတ်တရက် ဟုတ်ခနဲမီးငြိမ်းသေသွားပါ၏။

"ဟော . . . အရေးထဲ မှန်အိမ်မီးကငြိမ်းသေသွားရသေးတယ်"

မင်းမောင်မှာ တစ်ယောက်ထဲရေရွတ်ရင်း ဝရံတာထက်မှ ပြန်လည့်ကာ မှန်မီးအိမ်ရှိရာ စားပွဲဆီသို့သွားရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် . . . ။

" ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် . . . ကျွိ "

ဘိုတဲကြီး၏စာကြည့်ခန်းဘက်ဆီမှ ခြေသံလိုလို ရုတ်တရက်ကြားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင်း . . . ဘာသံလဲ . . . ဟို . . . ဟိုစာကြည့် ဘက်ဆီက ထွက်တဲ့အသံပဲ "

လှမ်းလက်စခြေလှမ်းကိုရုပ်ကာ အမှောင်ထဲမှာပင် မင်းမေ အသာအယာပင် ငြိမ်၍နားထောင်နေပါ၏။ ဟုတ်သည် ကြမ်းပြင်ထ တွင် တရုပ်ရုပ်လျှောက်နင်းနေသည့် ခြေသံလိုလို ကြွက်လျှောက်သံလို အသံတစ်ချို့က သူ၏ညာဘက်ရှိ စာကြည့်ခန်းဆီမှ ကြားလိုက်ရသ

" ဘယ်သူလဲ . . . ညဉ့်ကြီးအချိန်မတော် "

ဒ္ဒိဟာသံသယအတွေးများနှင့် မင်းမောင်တစ်ယောက်တ မေးခွန်းထုတ်နေမိသည်။ သို့သော် မှန်အိမ်မီးငြိမ်းသေသွားခြင်း၊ လက် ဓါတ်မီးဆောင်မထားခဲ့မိခြင်းကြောင့် မင်းမောင်တစ်ယောက် အခက် လျက်ရှိနေပါ၏။ မင်းမောင် သေချာစွာနားစိုက်ထောင်လိုက်တော့ ဘာ မျှမကြားရတော့။

" ခော် . . . ဘယ်လိုဖြစ်တာလဲ . . . လမ်းလျှောက်လာ ခြေသံတွေကို ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာပါ "

ဟုတ်သည် သေချာအောင် နားစိုက်ထောင်လိုက်မှပင် တိ ဆိတ်ငြိမ်သက်မှုတို့က ဘိုတဲကြီးတစ်ခုလုံးအား ကြီးစိုးမင်းမူထားလေသ သို့။ ယုတ်စွအဆုံး ညဉ့်အခါ ကြီးမားသောအိမ်ကြီးအတွင်း၀ယ် ကြ လေ့ရှိသော အိမ်မြှောင်စုတ်ထိုးသံ၊ ပိုးပရုစ်အော်သံမျိုးမျှပင် မကြား တိတ်ဆိတ်ခြင်းကသာ ကြီးစိုးနေပါလေ၏။ ထိုစဉ်မှာပင် စောစော ပျောက်ကွယ်သွားသောခြေသံအချို့က စာကြည့်ခန်းဘက်မှ ထွက်





လာပြန်သည်။

" ရုပ် . . . ရုပ် . . . ရုပ် . . . ကျွီ . . . ကျွီ "

" ဟော . . . "

သည်တစ်ကြိမ်တော့ မလွဲနိုင်တော့၊ ခြေသံမှ တကယ့်ခြေသံ အစစ်၊ တရုပ်ရုပ်နှင့်ကြားနေရသော ခြေနင်းသံကြောင့် ကြမ်းပြင်သစ်သား အချို့ပင် အတန်ငယ်လှုပ်ခါသွားပြီး နောက်ဆက်တွဲတကျွီကျွီမြည်သံများ ကိုပင် ကြားလိုက်ရပါ၏။ သူ့အရင် တာဝန်ထမ်းဆောင်ဖူးသော မျက်နှာ ဖြူအရာရှိ မစ္စတာအဲလစ်(စ်)ပြောခဲ့သော မရဏခေါင်းလောင်းတစ္ဆေ ဝိညာဉ်များသည် သူရှိရာသို့ အမှန်တကယ်ပင် ရောက်ရှိလာကြလေပြီ သား . . . ။

ဇဝေဇဝါ ဒွိဟာသံသယအတွေးများဖြင့် မင်းမောင်တစ်ယောက် စာကြည့်ခန်းတံခါးပေါက်အနီးတွင် မလှုပ်မယှက်နှင့်ရပ်နေပါ၏။ သူ အခန်းတံခါးဖွင့်၍ အတွင်းသို့ဝင်လိုက်လျှင် တစ္ဆေဝိညာဉ်ခြေသံရှင်သည် ငှမ်းလျှိုးကွယ်သွားလေမည်လား . . . ဟု။

သို့သော် . . . မင်းမောင်၏မသိစိတ်တချို့က ကျိုးပျက်နေသည့် ပြတင်းပေါက်တစ်ခုမှ အတွင်းသို့ချောင်းမြောင်းကြည့်လိုက်သည့် အပျက် အစီးအကြိုအကြားများကြားမှ တိုးဝှေ့ဝင်ရောက်လာသည့် လရောင် အလင်းအောက်တွင် တွေ့မြင်လိုက်ရသည့် ခေါင်းလောင်းစင်မှ ကြိုးကြီးက လှုပ်ရမ်းခါနေသလိုလို . . . ။

" ရုပ် . . . ရုပ် . . . ရုပ် . . . ရုပ် . . . ကျွီ "



www.burmeseclassic.com

www.burmeseclassic.com



" ဖလပ် . . . ဖလပ် . . . ရှပ် "

ထိုစဉ် စာကြည့်ခန်းဘီရိုရှည်ကြီးများ စီတန်းထားရာဘက်ဆီမှ ခြေသံတစ်ချို့နှင့် စာရွက်လှန်သံ တဖျတ်ဖျတ်ကိုကြားလိုက်ရသဖြင့် မင်းမောင်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

" ဝူး . . . အူး . . . အူး . . . ဝူး . . . ဝူး "

ထိုအခိုက် မောရိယသချိုင်းပျက်ကြီးဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီး ထွက်ပေါ်လာပြီးနောက် တိတ်ဆိတ်အိပ်မောကျနေသည့် သန်းခေါင်ယံလပြည့်ညသည် သက်ဝင်လှုပ်ရှားလာခဲ့ပြီထင့် . .။

မင်းမောင်ကလည်း စာကြည့်ခန်းတံခါးကို အသာအယာတွန်းဖွင့်လိုက်သည်။ သို့သော် . . . ဆီနှင့်ကင်းဝေးနေသည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်သောကြောင့် တံခါးပေါက်က တကျီကျီဖြင့် ညည်းညူသံပေးကာ ပွင့်ဟလာခဲ့သည်။

" ကျွီ . . . ကျွီ . . . ကျီ . . . ကျွီ "

" ဟင် . . . "

တစ်ချိန်တည်းမှာပင် စာကြည့်ခန်းနှင့်တစ်ဆက်တည်းရှိသော ခေါင်းလောင်းစင်ကြီးအနီးတွင် အဖြူရောင်အရိပ်သဏ္ဌာန်ကြီးတစ်ခုကို ဝိုးတဝါးတွေ့မြင်လိုက်ရသည်။

" ဟော . . . "

အပြင်မှတိုးဝင်လာသည့် လရောင်အလင်းနှင့် အခန်းတွင်းရှိ အမှောင်ထုကြားတွင် ဝိုးတဝါးမျှသာ မြင်တွေ့လိုက်ရသည့် အဖြူရောင်





...န်ရှင်မှာ ရှည်လျားမြင့်မားသော စာအုပ်ဘီရိုကြီးများကြားတွင် ...နဲပျောက်ကွယ်သွားပြန်ပါ၏။ ရုတ်တရက်မြင်တွေ့လိုက်ရသော ...ကြောင့် မင်းမောင်မှာ တံခါးအကွယ်တွင်ရပ်ကာ ဒုံးဒုံးမင်သက် ...မောကြည့်နေမိသည်။ ယခုလက်တွေ့ မျက်မြင်တွေ့လိုက်ရမှပင် ...ာင်တစ်ယောက် မစ္စတာအဲလစ်(စ်)ပြောပြခဲ့သော စကားများကို ...ကြည့်ခဲ့မိခြင်းကို နောင်တကြီးစွာရရှိနေမိပါ၏။

" ဒီရေနံတောင်က မောရိယဘိုတဲကြီးကို ရောက်လာကြတဲ့ ...ိုပေါက်စအသစ်လေးတွေဆိုရင် တစ်လနှစ်လလောက်ပဲ ခံကြတယ်၊ ...းလပြည့်အောင် နေသွားနိုင်တဲ့အရာရှိဆိုတာ ခပ်ရှားရှားပဲ၊ ကျုပ် ...ယောက်ပဲ ခြောက်လကျော်ကျော်လောက် ကျိတ်မှိတ်နေနိုင်ခဲ့တာ၊ . . . ဟိုစာကြည့်ခန်းထဲက မရဏခေါင်းလောင်းသံနဲ့ ကြိုးမိန့်ခံ ...ဉ်ကောင်တွေ သောင်းကျန်းတာကိုမခံနိုင်လို့ အားလုံးလိုလို ပြောင်းပြီး ...ကုန်ကြတာပေါ့ . . . ဟင်း . . . ဟင်း "

အနားမှကပ်၍ပြောလိုက်သည့်နှယ် . . . မစ္စတာအဲလစ်(စ်) ...းသံများက မင်းမောင်၏အကြားအာရုံတွင် ပဲ့တင်ရိုက်ခတ်လျက်၊ ...သို့ဆိုလျှင် စောစောကကြားနေရသောအသံများနှင့် ဝတ်ရုံဖြူတစ္ဆေ ...ဉ်ကောင်များက မစ္စတာအဲလစ်(စ်)ပြောခဲ့သည့် ကြိုးမိန့်ခံဝိညာဉ် ...လေလား . . . သို့မဟုတ် စွဲလန်းမှုဉပါဒါန်များဖြင့် ဂေဟ္ဘတ်မလွတ် ...ကြသေးသည့် ဘိုတဲပိုင်ရှင်များလေလား . . .။

" အို . . . ရှုပ်ပါတယ်၊ ငါကတော့ လက်တွေ့မျက်တွေ့သမား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အခုပျောက်လိုက်ပေါ်လိုက်ဖြစ်နေတဲ့ ဝတ်ရုံဖြူကောင်ကြီးကိုပဲ မိအောင်ဖမ်းပြလိုက်မယ် ”

ထိုကဲ့သို့ အတွေးစိတ်ကူးပေါ်လာသည်နှင့် မင်းမောင်မှာ ကြည့်ခန်းတံခါးတွင် ကွယ်၍ပုန်းခိုကာ ဝတ်ရုံဖြူတစ္ဆေကောင် တိတ်တဆိတ်ချောင်းမြောင်း စောင့်ဆိုင်းနေပါတော့သည်။ သို့သော် ထိုနေ့ညက အချိန်သာကုန်ဆုံးသွားသည်၊ ဝိညာဉ်ကောင် ဝတ်ရုံဖြူတ ကောင်ကမူ လုံးဝပေါ်မလာခဲ့ပါလေတော့။ လေအလျင်ကဲ့သို့ လျှင်မြန်စွာ ရောက်ရှိလာနိုင်ပြီး လေအလျင်ကဲ့သို့ပင် ပျောက်ကွယ်သွားလေသည်လား ဆိုသည်ကိုတော့ . . .။

ထိုနေ့ညက မင်းမောင် အိပ်ရာထက်သို့ပြန်လည်ရောက်ရှိလာ တော့ နံနက်ပုံးနာရီထိုးလုနီးပါး ဖြစ်နေပါပြီ၊ စိတ်ကိုလျှော့ကာ မျက်လုံး စုံမှိတ်၍ အိပ်လိုက်မှသာ မင်းမောင်တစ်ယောက် စိတ်မောလူမောဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါလေတော့သည်။

♛ ♛ ♛





## အခန်း(၁၁)

## “ ပြန်မပြောချင်တဲ့ . . . မောရိယမရဏခေါင်းလောင်းသံ ”

အချိန်က နံနက်ဆယ်နာရီခန့်သာ ရှိသေးသော်လည်း အုံ့မှိုင်းမှုန်နေသည့် ရာသီဥတုနှင့် မိုးရိပ်မိုးသားများကြောင့် နေရောင်ကို မမြင်ရသေးပေ။ သည်ကြားထဲ မိုးရိပ်မိုးငွေ့ပါသော မိုးသက်လေက တဟူးဟူးတိုက်ခတ်နေသည်မို့ မင်းမောင်မှာ မုန်ပြုတင်းပေါက်တစ်ချပ် ကို ဆွဲပိတ်လိုက်သည်။

“ ဟိုး . . . မြောက်ဘက်မှာ မိုးထိလုနီးပါး မြင့်တက်နေတဲ့ တောင်တန်းကြီးတွေက နဂါးမီးတောင်လို့ခေါ်ကြတယ် ဗိုလ်လေး . . . လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာကျော်လောက်က တစ်ကြိမ်ဝဝခံပေါက်ကွဲ ခဲ့ပြီး မီးငြိမ်းသေသွားခဲ့တဲ့ မီးတောင်တစ်ခုပေါ့ ”

သူ၏လက်ထောက် ဘူမိဗေဒကျောင်းဆင်းအရာရှိငယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရွှေဖ်က မှိုင်းညို့ညို့တောင်တန်းကြီးများရှိရာသို့ လက်ညှိုးညွ
ကာ ရှင်းလင်းပြောပြနေပါ၏။

" နေပါဦး ကျော်ရွှေဖ်ရဲ . . . ဘာကြောင့် နဂါးမီးတောင်
ခေါ်ရတာလဲ . . . အခုကော ပေါက်ကွဲတာတို့ ဘာတို့ရှိသေးလားကွ

" အင်း . . . ဟိုတုန်းကတော့ နဂါးမီးတောင်ကနေ အခိုးအ
တွေလွှတ်တယ်လို့ ပြောကြတယ်၊ ကျွန်တော့်ရဲ့အဘိုးပြောတာက
နဂါးမီးတောင်အောက်မှာ မြေအောက်နဂါးပွက်ကျင်းကြီးတွေ ရှိတယ်
အဲဒီနဂါးပွက်ကျင်းကြီးထဲက ရွှံ့လုံး ချော်လမ်းကြောင်းထဲက ကျော
ကျောက်လုံးကြီးတွေဟာ ရေနံရဲ့အခိုးရိုက်ခတ်မှုအရှိန်နဲ့ မှုတ်ထုတ်
တာကြောင့် နဂါးပွက်ကျင်းထဲကနေ ကျောက်ခဲကျောက်တုံးတွေ
အပေါ်ကိုလွင့်စင်ကျော်ထွက်လာကြတယ်တဲ့ ဗိုလ်လေးရဲ့ . . . အ
ကျွန်တော်ပြောတတ်သလိုပြောရရင် မိုးပေါ်ကိုလွင့်စင်တက်လာ
ကျောက်ခဲ၊ ကျောက်တုံးတွေ ပြန်အကျမှာ နောက်ထက်မိုးပေါ်ကိုလွင့်
တက်လာတဲ့ ကျောက်ခဲလုံးကြီးတွေနဲ့ ဆောင့်တိုက်မိခဲ့ကြရာက လျှ
မီးလက်သလို ဝင်းဖြာလင်းလက်သွားပြီး ရောင်စဉ်ရောင်တန်း
ဖြာထွက်လာတယ်လို့ အဘိုးကပြောခဲ့ဖူးတယ် "

(စကားကြွင်း) နဂါးမီးတောက်လျှင် နဂါးရေနံရသည်ဟု ကျောက်
ရမ်းပြုနှင့် မာန်အောင်ကျွန်းသားများက ယုံကြည်
ကောက်ယူသိမ်းဆည်းထားကြသော အလုံးအ
သတ္တုတစ်မျိုးမှာ ထိုကျောက်လုံးများဆီမှ ပွဲဝင်





ထွက်လာကြသော အစိတ်အပိုင်းများဖြစ်သည်။ မြေ
အောက်တွင် အမြဲဆူပွက်နေသည့် နဂါးပွက်ကျင်းထဲ
မှ ကျောက်လုံးကြီးများမှာ အဆမတန်ပြင်းထန်သော
ရေနံမီးနှင့်ထိမ်းတွေ့ရှိ လောင်ကျွမ်းခဲ့ရာမှ သက်ရင့်
ရွှေလိုလို ငွေလိုလိုအရောင်အဆင်းနှင့် သတ္တုတစ်မျိုး
ဖြစ်သွားကြခြင်းသာတည်း။

မင်းမောင်မှာ ကျော်ရွှေဖ်ပြောသမျှကို စိတ်ဝင်တစားနားထောင်
ရင်း ပြူတင်းပေါက်တစ်ခြမ်းမှ မြင်တွေ့နေရသော ရေနံတောင်မြင်ကွင်း
ကို ငေးကြည့်နေမိပါ၏။

" အင်း . . . ဒါဆိုရင် ဟောဒီရေနံတောင်ဒေသတစ်ဝိုက်ဟာ
အန္တရာယ်နယ်မြေကြီးတစ်ခုလို ဖြစ်ခဲ့တာပေါ့နော် . . . ဒါကြောင့် ဒီရေနံ
ခတောင်မြင်ကွင်းဟာ တစ်မျိုးကြီးဖြစ်နေတာကိုး "

" ဟုတ်တယ် . . . ဗိုလ်လေး ဒီရေနံတောင်မှာ ဟောဒီမောရိယ
ကုန်းတစ်ဝိုက်လောက်မှာပဲ သစ်ရိပ်ဝါးရိပ်တွေရှိနေတာ . . . ဟိုဘက်
တောင်ကြောတွေဘက်မှာဆိုရင် တစ်ချိန်က မီးသင့်မြေဖြစ်ခဲ့လို့ ပင်လယ်
ကဗ္ဗီးပင်တို့ ဆူးပင်၊ ကိုင်းပင်တွေနဲ့သာ ကြီးစိုးမင်းမူနေကြတာလေ "

ဟုတ်သည် . . . ရေနံတောင်သည် တစ်မျိုးတစ်ဘာသာထူး
သော မြင်ကွင်းတစ်ချို့နှင့် သဘာဝသဘာဝအလှကို တစ်ခါတရံတွင် လှစ်ဟ
ပြတတ်ပါ၏။ ထူးခြားသည်မှာ ဤရေနံတောင်နှင့် မင်းပုန်းတောင်တစ်
ဝိုက်တွင်သာ သစ်ကြီးဝါးကြီးတို့ရှိကြသည်။ ထို့ပြင် မဟူရာချောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်နှင့် ပြာပုံတောင်တို့လည်း သစ်ရိုပ်ပါးရိုပ်တို့ ထူပြောကြပြီး ကျန်သ
နေရာဒေသများတွင် ပင်လယ်ကမ္ဘီးနှင့် ဆူးရစ်ခြုံနွယ်များသာတည်
" ဒါနဲ့ ဟောဒီဘိုတဲကြီးပေါ်မှာရှိတဲ့ ခေါင်းလောင်းစင်ကိုမ
ရော ကျော်ရွှေဖံ ဘယ်လောက်သိထားသလဲ၊ ဘိုတဲနဲ့ခေါင်းလောင်းစင်
တာ ဘယ်လိုမှဆက်စပ်မရလို့ ထူးဆန်းနေသလိုပဲ "
ကစ်ဆက်တည်းမှာပင် မင်းမောင်က ကျော်ရွှေဖံအား ဘိုတဲကြ
ပေါ်ရှိ စာကြည့်ခန်းထဲမှ ခေါင်းလောင်းစင်အကြောင်းကို မေးမြန်းစုံစ
လိုက်သည်။ သည်တစ်ကြိမ်တော့ ကျော်ရွှေဖံ ချက်ချင်းမဖြေနိုင်။ အတ
ကြာမှ ၎င်း၏ ပြူတင်းဝမှတွေ့မြင်နေရသည့် မှိုင်းညို့ညို့တောင်ကြောက
ဆီသို့ ငေးကြည့်နေပါ၏။ ပြီးမှ သက်ပြင်းတစ်ချက်ကိုချကာ . . .
" အင်း . . . ကျွန်တော်သိရသလောက်ကတော့ ဘိုတဲပိုင်ရှ
အင်္ဂလိပ်ကြီး ဆောက်ကတည်းကရှိခဲ့တဲ့ ခေါင်းလောင်းစင်ကြီး
ဗိုလ်လေး၊ တစ်ခုရှိတာက လပြည့်လကွယ်ညတွေဆိုရင် တစ်ခါတလေ
ခေါင်းလောင်းထိုးသံတွေ ကြားရတတ်တယ်၊ ဟိုးခေတ်ကတော့ ရေ
အရေးအခင်းတွေရယ်၊ အန္တရာယ်ကိစ္စတွေရယ် ကြုံတွေ့လာခဲ့ရင် အချိ
အချက်ပေးလို့ ရအောင်ဆိုပြီး သူနေတဲ့ဘိုတဲပေါ်မှာ ခေါင်းလော
စင်ကို ထည့်ထားခဲ့တာတဲ့ "
နှစ်ယောက်သား စကားပြောဆိုရင်း ခေါင်းလောင်းစင်ရှိရာ
စာကြည့်ခန်းဆီသို့ လျှောက်လာကြသည်။ အလျား ပေသုံးဆယ်
အနံ ပေနှစ်ဆယ်ခန့် ကျယ်ဝန်းသော စာကြည့်ခန်းက နှစ်ပရိစ္ဆေဒ





ဘိုက်စားမှုကြောင့် အချို့နေရာများတွင် ပျက်စီးယိုယွင်းလျက်ရှိပါ၏။ နံရံတစ်ဖက်တွင် စာအုပ်တစ်အုပ်မျှမရှိတော့သည့် မှန်ဘီရိုကြီးခန်းထဲတွင် သူ့နေရာနှင့်သူ စီစီရီရီနှင့် ဘိုတဲစောင့်ကြီး ဦးဖံမှုး ရှိနေသဖြင့် သန့်ရှင်းရေးပြုလုပ်ထားသည့်တိုင် လူမနေသောစာကြည့်ခန်းကြီးကမူ အထီးကျန်ဆန်နေသယောင်။

ထူးထူးခြားခြား စာကြည့်ခန်း၏အလှကို ဖျက်ဆီးနေသည်မှာ မျက်နှာကြက်ကိုဖောက်ထွင်းလျက် ခေါင်မိုးအထက်တွင် တည်ရှိနေသော ခေါင်းလောင်းစင်ကြီးသာ ဖြစ်ပါချေ၏။ ခေါင်းလောင်းကြီးသည် ခေါင်းလောင်းဆီမှ ကြမ်းပြင်သို့တိုင် တွဲလောင်းကျ၍ ငြိမ်သက်နေသည်။ သုံးလွန်းတင်ကြိုးဖြစ်သည့်တိုင် လျှော်ကြိုး၏အရောင်အသွေးတို့က ညိုညို မြုံမြုံ။ ဝါဝါတို့ဖြင့်အရောင်အသွေးစုံလှသည်။

" ဟို . . . ဟို . . . ဗိုလ်လေး အယူမသီးဘူးဆိုရင် ဘစ်ခုလောက် ပြောချင်လို့ . . . "

" ပြောလေ ကျော်ရွှေဖံ . . . ငါအယူမသီးတတ်ပါဘူး။ အေး သူတကာပြောတိုင်းလည်း မယုံတတ်ဘူး . . . ကိုယ်တိုင်မျက်မြင် ကိုယ်တိုင် ကြုံတွေ့ရမှပဲ ယုံကြည်လေ့ရှိပါတယ် "

" အင်း ဗိုလ်လေးစကားအတိုင်းသာဆိုရင် . . . ကိုယ်ကိုတိုင် မမြင်ရမတွေ့ရတဲ့ ခရစ်တော်တို့၊ ဂေါတမဗုဒ္ဓတို့ . . . ဆိုတာတွေကို မယုံကြည်ဘူးဆိုတဲ့သဘောလား "

ကျော်ရွှေဖံ၏ ဗိုးဗိုးဒေါက်ဒေါက်မေးခွန်းကြောင့် မင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ ပြုံးလိုက်သည်။

" ဒီလိုမျိုးတော့ ဘယ်ဟုတ်ပါ့မလဲ ကျော်ရွှေဖုံရယ်၊ ကိုးကွယ်ဆည်းကပ်ရာ ဘုရားဆိုတာတော့ ကိုးကွယ်သူရဲ့နှလုံးသားမှာပဲ ရှိနေမှာပေါ့ "

မင်းမောင်၏အဖြေကို ကျော်ရွှေဖုံသဘောကျသွားသည်ထင်၊ အသံထွက်သည်အထိပင် ရယ်မောလိုက်သည်။ ပြီးမှ . . . .

" ဟင်း . . . ဟင်း . . . ဟင်း . . . ဗိုလ်လေးက စကားပြောတော်တော်ကောင်းတာပဲ ဒီလိုဆိုရင်တော့ ဗိုလ်လေးကို ခေါင်းလောင်းကြီးရဲ့ အကြောင်းကိုပြောပြမယ်၊ အမှန်တော့ ဟောဒီခေါင်းလောင်းကြီးဟာ မျက်နှာဖြူအရေးပိုင် ဂျေမ္ဗီဆင်းကိုယ်တိုင် ကြိုးမိန့်ချခဲ့တဲ့ သူတွေရဲ့ လည်ပင်းတွေမှာစွပ်ပြီး အသက်ဆိပ်နီတွေကို ဖြတ်ချွေခဲ့တဲ့ကြိုး။ တစ်နည်းပြောရရင် . . . သေသူတွေရဲ့ဝိညာဉ်တွေကို နှုတ်ယူခဲ့တဲ့ကြိုးတွေကို စုစည်းပြီး ပြန်ကျစ်ထားတဲ့ကြိုးဆိုရင် . . . ဗိုလ်လေးယုံနိုင်ပါ့မလားဟင်"

ဘာရယ်မသိ ကျော်ရွှေဖုံ၏စကားကြောင့် မင်းမောင်၏ကျောရိုးတစ်လျှောက် စိမ့်ခနဲဖြစ်သွားပါ၏။ အကယ်၍ ဤ "မောရိယမရဏခေါင်းလောင်းကြီး" ကြိုးသည် ကျော်ရွှေဖုံပြောပြခဲ့သော ကြိုးမျိုးသာ ဖြစ်ခဲ့ပါလျှင် မျက်နှာဖြူအရေးပိုင် ဂျေမ္ဗီဆင်းသည် စိတ်ဝေဒနာရှင်တစ်ဦးသို့မဟုတ် စိတ်နှယ်လွန် လောကီပညာရှင်တစ်ဦးလေလား ဟူ၍ အတွေးဝင်စရာရှိသည် မဟုတ်ပါလော။

" အင်း . . . ငါကြားဖူးတာတစ်ခုတော့ရှိတယ်၊ ဟိုး အာဖရိက





က အသားစားလူရိုင်းတစ်ချို့ကလည်း သူတို့သတ်ဖြတ်ခဲ့တဲ့ သူတွေ ခေါင်းတွေကို ခြစည်းရိုးတိုင်တွေမှာ ချိတ်ဆွဲတတ်ကြတယ်လို့ တယ်၊ အခုမင်းပြောတဲ့ မျက်နှာဖြူအရေးပိုင်မင်းကြီးကလည်း သတိုင်ကြိုးမိန့်ပေးခဲ့တဲ့ ရာဇဝတ်သားတွေရဲ့လည်ပင်းကို ညှစ်သတ် ကြိုးတွေကို ပေါင်းစည်းပြီး . . . ခေါင်းလောင်းကြိုးလုပ်ထားတယ် ဟာ အင်း . . . တွေးကြည့်ရင်မဖြစ်နိုင်စရာတော့ သိပ်မရှိပါဘူး"

မင်းမောင်က သူ၏ရှေ့မှ ဖြူနီဝါပြာအရောင်စုံလင်လှသည် လောင်းကြိုးကြီးကို ကိုင်ကြည့်ရင်း မှတ်ချက်ပေးလိုက်ပါ၏။ ထူးဆန်း မှာ သူကိုင်တွယ်ကြည့်နေသည့် လွန်ခဲ့သောနှစ်ပေါင်းများစွာက လောင်းကြိုးကြီးသည် ဆွေးမြည့်ခြင်းအလျှင်းမရှိဘဲ သူ၏လက်ထဲ ဘဒိတ်ဒိတ်နှင့် နှလုံးသွေးခုန်နေသည့်နှယ် ထိတွေ့ခံစားလိုက်ရ လန့်ဖျန့်ကာ လွှတ်ချလိုက်မိသည်။

" အို . . . ဘုရား . . . ဘုရား ဒါ . . . ဒါ ဘာလို့ဖြစ်တာလဲ . . . ခေါင်းလောင်းကြိုးကြီးက ငါ့လက်ထဲမှာ လှုပ် သလိုပါလား။ "

မင်းမောင်မှာ စိတ်ထဲတွင် ရေရွတ်မြည်တမ်းလိုက်ရင်း အံ့ဩ သွားပါ၏။

" ဗိုလ်လေး . . . ဗိုလ်လေး ဘာ . . . ဘာဖြစ်လို့လဲဟင် ဖြစ်လို့ ခေါင်းလောင်းကြိုးကြီးကို လွှတ်ချလိုက်ရတာလဲ "

" အော် . . . အင်း ဟို . . . ဟို ဘာမှမဖြစ်ပါဘူး အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တမဲ့ လက်ထဲကလွတ်ကျသွားတာပါ ကျော်ရွှေဖုံ ''

'' တော်ပါသေးရဲ့ ဗိုလ်လေးရယ် ကျွန်တော်က ဗိုလ်လေ ရုတ်တရက်ကြီး ကြိုးကိုလွှတ်ချလိုက်လို့ ထိတ်ခနဲဖြစ်သွားတာ၊ အဲ ဗိုလ်လေး အယူမသီးဘူးဆိုရင်တော့ တစ်ခုတော့ပြောရဦးမယ်။ လပြည့်လကွယ် ညဘက်တွေဆိုရင် ဟောဒီစာကြည့်ခန်းထဲမှာ ချိုး ချွတ်ချွတ် အသံတွေကြားရတတ်တယ်နော်၊ ဟို . . . လမ်းလျှောက်နေ အသံမျိုးတွေ၊ ပစ္စည်းတစ်ခုခုကိုမွှေနှောက်ရှာဖွေနေတဲ့ အသံမျိုးတွေ နောက်ပြီး စာရွက်လှန်လှောသံတွေနဲ့ တကျွိကျွိမြည်သံတွေလည်း တစ် တစ်ခါ ကြားရတတ်တယ် ဗိုလ်လေးရဲ့ ''

'' ဘာလဲ . . . မင်းပြောတာက ဒီစာကြည့်ခန်းထဲမှာ တစ္ဆေ ခြောက်တယ်လို့ ပြောချင်တာလား ကျော်ရွှေဖုံ။ မင်းကရော တစ္ဆေသရဲ ဆိုတာ ယုံနေလို့လား . . . ငါကတော့ စာသာဖတ်နေရရင် ငါ့အနားမှာ ဗုံးပေါက်ကွဲရင်တောင် သတိထားမိမှာမဟုတ်ဘူးနော် ဟင်း . . . ဟင်း ''

... မင်းမောင်မှာ သူ၏မသိစိတ်တစ်နေရာတွင် ကိန်းအောင်းလျက် ရှိသော မသိစိတ်မာနလေးဖြင့် ခပ်တင်းတင်းပြောလိုက်ပါ၏။ မင်းမောင်၏ စကားကြောင့် ကျော်ရွှေဖုံမှာ ပုခုံးတစ်ချက်မျှတွန့်လိုက်ပြီး . . .

'' ကောင်းပါလေ့ . . . ဗိုလ်လေးရယ် ကျွန်တော်ကတော့ ဗိုလ်လေးကို ဟောဒီမောရိယခေါင်းလောင်းကြီးနဲ့ တဲကြီးအကြောင်းကို လိုရမယ်ရ သတိပေးထားတာပါ၊ ကဲ . . . ကျွန်တော့်ကိုခိုင်းစရာမရှိဘူး ဆိုရင် ရေနံ့တွင်းတွေဘက်ကို ဆင်းလိုက်ဦးမယ် ''





ကျော်ရွှေဖုံမှာ သူ၏အထက်အရာရှိ မင်းမောင်အား နှုတ်ဆက်စကားဆိုလိုက်ရင်း ဘိုတဲကြီးပေါ်မှ ပြန်ဆင်းသွားပါလေ၏။ ယခုအချိန်မှာတော့ နာမည်ကျော် မောရိယဘိုတဲကြီးပေါ်တွင် ဘူမိဗေဒဦးစီးအရာရှိ မင်းမောင်တစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ မင်းမောင် ရေနံတောင်သို့ ရောက်ရှိလာခဲ့သည်မှာ ရက်သုံးပတ်ခန့်ရှိပြီဖြစ်သော်လည်း လုပ်ငန်းခွင်ကိစ္စများကို ဖိဖိစီးစီးမလုပ်ကိုင်နိုင်သေးပါ၊ အချိန်ရှိသရွေ့လည်း မောရိယမရဏခေါင်းလောင်းကိစ္စ၊ သရဲခြောက်သည်ဆိုသော ဘိုတဲကြီးကိစ္စလည်တို့ကို မစဉ်းစားနိုင်သေး။ သူ၏တာဝန်နှင့်ဝတ္တရားအရ ရေနံတောင်ရှိ ရေနံတွင်း(စက်တွင်း+လက်တွင်း)များကို စစ်ဆေးကြည့်ရှုရပေဦးမည်။

မင်းမောင်မှာ စိတ်ချောက်ချားဖွယ် ခေါင်းလောင်းစင်နှင့် စာကြည့်ခန်းကြီးကို တစ်ချက်မျှစောင်းငဲ့ကြည့်လိုက်ပြီးမှ စာကြည့်ခန်းဘီခါးကိုပိတ်တာ အမင်္ဂလာအခန်းအားကျောခိုင်းထွက်ခွာခဲ့ပါတော့သည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## " ဖြူနုစံဆိုသော . . . မိန်းမချောလေးနှင့်တွေ့ဆုံခြင်း "

ညနေဆည်းဆာက တဖြည်းဖြည်းချုပ်ငြိမ်းလာနေပြီဖြစ်သည်
ရေနံတောင် အနောက်ဘက်တောင်ကြောပေါ်မှ ဝင်လုဆဲနေလုံးနီနီ
သူ၏ တစ်နေ့တာဝတ္တရား ပြီးခုံးတော့မည်ထင်။ အလင်းအား မှိန်
ဖျော့ဖြင့် ရေနံတောင်တစ်ဝိုက်အား ထွေးပိုက်ထားပါလေ၏။

ရေနံထွက်ရှိရာ လယ်ဖျားကွင်းထဲတွင် ထီးထီးကြီးပေါက်
သော ဆီးပင်အိုကြီးသည် သစ်ရွက်ကြွေအချို့နှင့် အမှည့်လွန်ဆီးသီး
ကို တဖြုတ်ဖြုတ်နှင့် ဖြုတ်ချွေချလျက်ရှိပါ၏။ ညနေခင်းလေရူး တစ်
အဝှေ့တွင် ရွက်ကြွေအချို့က ဆီးပင်နှင့်မလှမ်းမကမ်းတွင် ရှိနေသ
လယ်ဖျားတဲငယ်လေးပေါ်သို့ ဝေ့ဝဲလွင့်ပျံကြွေသက်လျက်ရှိသည်။

ငြိမ်သက်လျက်ရှိသော တဲငယ်လေးအတွင်းမှာတော့ ဖြူန





ထမင်းအိုးကို အသေအချာတိုက်ချွတ်လျက် ဆန်အိုးထဲမှဆန်ကို နှီးဆီးဖူး
နှစ်ယောက်စာ ချင့်ထည့်နေသည်။ ထမင်းအိုးထဲတွင် ကျန်နေသည့်
ထမင်းကြမ်းကို ဂျော်ကီအတွက် ပန်းကန်တစ်ချပ်ထဲတွင် ထည့်ထားလိုက်
ပါ၏။ ထိုအချိန်တွင် တဲထဲမှ ဂျော်ကီ၏ ဟူးဟူးဝါးဝါးတိုးအော်သံကို ကြား
လိုက်ရသည်။

" ဝုတ် . . . ဝုတ် . . . ဝုတ် . . . ဝုတ် "

သေချာပြီ။ တဲရှေ့တွင် လူစိမ်းတစ်ယောက် ရောက်ရှိနေပြီဆို
တာ မေဒင်မေးရန်ပင်မလိုတော့။ ဂျော်ကီက အစ်ကိုထွန်းဖံ လက်သပ်
မွေးထားသည့် အမဲလိုက်ခွေးပီပီ လွန်စွာအနံ့ခံကောင်းသလောက် အကင်း
ပါးလှသည်။ ဖြူနုစံ ထမင်းအိုးကိုချကာ တဲရှေ့သို့ အပြေးတစ်ပိုင်းနှင့်
ထွက်လာခဲ့သည်။ ထင်ထားသည့်အတိုင်းပင် ဂျော်ကီက လူစိမ်းကို ဟူးဟူး
ရဲရဲ တိုးဟောင်လျက်ရှိပါ၏။

" ဂျော်ကီ . . . ရပ် . . . ရပ် မလုပ်နဲ့ "

ဖြူနုစံက ဂျော်ကီကို လှမ်း၍ဟန့်တားလိုက်သည်။ သို့သော်
ဂျော်ကီက ထုံးစံအတိုင်းပင် လူစိမ်းမှန်သမျှ တဲအတွင်းသို့အဝင်မခံ၊
မာန်ဖီတိုးဟောင်ရင်း တဲရှေ့ နယ်ခြားစည်းအတွင်းသို့ ဝင်မလာစေရန်
ခံတပ်ကြီးတစ်ခုနှယ် ကာကွယ်နေသည်သို့ . . .။

သို့တိုင်အောင် လူစိမ်းဖြစ်သူ မင်းမောင်က မသိသား ဆိုရှားစွာ
ဖြင့် ဂျော်ကီ၏နယ်ခြားစည်းအတွင်းသို့ ဝင်လာသည်မို့ ဂျော်ကီက အစွယ်
ဖွေးဖွေးနှင့် မာန်ဖီကာ ရန်မူရန်ဟန်ပြင်လိုက်စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



" ဝေါင်း . . . ဝုတ် . . . ဝုတ် . . . ဝေါင်း "

" ဟဲ့ ဂျော်ကီ . . . ရှေ့မတိုးနဲ့လေ ရပ် . . . ရပ်စမ်း "

ဖြူနုဖဲ၏ မာန်မဲဟန့်တားသံကြောင့် ဂျော်ကီမှာ မင်းမောင်၏ ရှေ့တွင် ကိုးတောင်ကျားတစ်ကောင်နှယ် ဟန်ထည်ထည်နှင့်ရပ်နေပါ၏။

" ရှင်ဘယ်သူလဲ ဘာကိစ္စနဲ့ ဖြူနုတို့ တဲဆီကို လာရတာလဲ"

ယောကျ်ားရုပ်အင်္ကျီ၊ ထဘီအနက်ရောင်ကို ခပ်တိုတိုဝတ်ကာ ညို့အားကောင်းသော မျက်ဝန်းလှလှတစ်စုံနှင့် သူ့အား စူးစူးရဲရဲကြည့်နေသည့် ဖြူနုဆိုသော မိန်းမချောလေးကို မင်သက်ငေးမောကြည့်နေသည်မို့ မင်းမောင် ချက်ခြင်းစကားမပြန်နိုင်။

" ရော် ...မေးနေတာ မကြားဖူးလား ဟင်း . . . ဂျော်ကီကို သာ လွှတ်ပေးလိုက်ရင် . . . ရှင် အရိုးတစ်ခြား အသားတစ်ခြားဖြစ်သွားမှာနော် "

" အော် . . . အင်း ဟို . . . ဟို ငါ့နာမည်က မင်းမောင်ပါ၊ တလောကမှာ ဟောဒီရေနံတောင်ကို တာဝန်နဲ့ပြောင်းလာတဲ့သူတစ်ယောက်ပဲ၊ ရေနံတွင်းတွေကိုစစ်ဆေးရင်း . . . ဒီဘက်ခြမ်းကိုရောက်လာခဲ့တာပါ "

ဟုတ်သည် ကာကီရောင်ယူနီဖောင်းဝတ်စုံနှင့် လက်ထဲတွင် ဖိုင်တွဲအချို့ကိုပိုက်ကာ လည်တိုင်တွင် အဝေးကြည့်စစ်သုံးမှန်ပြောင်းတစ်လက်ကို ချိတ်ဆွဲထားသည်ကို ဖြူနုဖဲ ယခုမှ အသေအချာမြင်မိသည် မဟုတ်ပါလား။





" အော် . . . အစ်ကိုထွန်းဖဲပြောတဲ့ ဟို မောရိယဘိုတဲကြီးကို နောက်ထပ်ရောက်လာတဲ့ ရေနံဗိုလ်လေး . . . ဆိုတာဖြစ်မယ်ထင်တယ်"

ဖြူနုဖဲခေါင်းထဲတွင် အတွေးပေါ်လာလိုက်၊ စိုပြေညိုမောင်းသော အသားအရည်၊ ကျစ်လျစ်သန့်စွမ်းသည့် ခန္ဓာကိုယ်၊ ပီရိသေသပ်သေသော နှုတ်ခမ်း၊ စူးရှသောမျက်လုံးအကြည့်နှင့် ကာကီရောင် အရာရှိဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသော မင်းမောင်ကို မသိမသာ ရှုစမ်းအကဲခတ်ရင်း တဒင်္ဂငေးမောသွားမိသည်။ ထိုအခိုက်မှာပင် . . .

" ဒိန်း "

ကျယ်လောင်စွာပေါက်ကွဲသံတစ်ချက်နှင့်အတူ မင်းမောင်၏ ခြေထောက်အနီးမှ မြေစိုင်မြေခဲတို့ လွင့်စင်ဖွာထွက်သွားကြသည်။ မင်းမောင် ထိတ်လန့်တကြားဖြင့် နောက်သို့ဖျတ်ခနဲခုန်ဆုတ်လိုက်ရင်း သေနတ်သံကြားရာသို့ လှမ်းကြည့်လိုက်ပါ၏။

" ဟင် "

တွေ့လိုက်ရပါပြီ နီကြောင်ကြောင်ဆံပင်ရှည်များက လေတွင် ဝဲလျက် အသားညိုညို့ ဗလကောင်းကောင်း မျက်နှာထားတင်းတင်းနှင့် အထက်ပိုင်းဗလာ ကိုယ်ထီးထီးနှင့် ဘောင်းဘီရှည်အနက်ရောင် တစ်ထည် ဝတ်ဆင်ထားသည့် . . . လူထွားကြီးတစ်ယောက်က ကျောက်ဆောင်ထိပ်မှနေ၍ မင်းမောင်၏ရင်ဘက်တစ်နေရာဆီသို့ ပြောင်းရှည်သေနတ်တစ်လက်ဖြင့် အပိုင်ချိန်ရွယ်ထားသည်ကို တွေ့မြင်လိုက်ရသည်။

" ဟင် . . . အစ်ကိုပြန်လာပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဝုတ် . . . ဝုတ် . . . ဝုတ် "

ဂျော်ဂျီမှာ သခင်ဖြစ်သူထွန်းဖဲကို တွေ့မြင်လိုက်ရသဖြင့် အ
ရဲလာကာ မင်းမောင်၏လည်မျိုကို ကိုက်ခွဲရန်ဟန်ပြင်လိုက်သည်
" မလုပ်နဲ့ ဂျော်ဂျီ . . . ဒါ ရန်သူမဟုတ်ဘူး . .
အစ်ကိုရေ အစ်ကို မပစ်နဲ့ . . . မပစ်နဲ့ ဒါ . . . ဒါ ရေနံတောင်
နောက်ထပ်ရောက် လာတဲ့ ဟို . . . ဟို မိုလ် . . . မိုလ်လေးဆိုတ
"

တင်းမာပေါက်ကွဲလုလု အခြေအနေသည် ဖြူနုဖဲ၏ ကြားဖြ
ဟန့်တားမှုကြောင့် ခေတ္တယာယီ ငြိမ်သက်သွားသည့်သို့ . . .
ထွန်းဖဲသည် ကျောက်ဆောင်ထက်မှ လွှားခနဲခုန်ချကာ တဲရှိရာ
ခပ်သွက်သွက် လျှောက်လာသည်။

မင်းမောင်မှာ လူ့အသက်တစ်ချောင်းကို ဖဲ့ခြွေထုတ်နိုင်စွမ်
သည့် သေနတ်တစ်လက်နှင့် အရမ်းကာရောပစ်ခတ်သည့် ထွန်းဖဲကို
ငေးမောကြည့်နေမိသည်။

" ကိုင်း . . . ဆိုစမ်းပါဦး မျက်နှာဖြူကောင်တွေရဲ့နောက်လို
ရေနံတောင်အရာရှိက ဟောဒီလယ်ဖျားက ရေနံတဲဆီကို ဘာအကြော
များရှိလို့ ရောက်လာခဲ့ရတာလဲဗျ "

သည်တစ်ကြိမ်တော့ လက်ထဲမှရိုင်ဖယ်သေနတ်ကို လျှော
လျှော့ရဲကိုင်ကာ မင်းမောင်အနီးသို့လျှောက်လာပြီး ထွန်းဖဲ မေး
ထုတ်လိုက်သည်။ အမဲလိုက်ခွေးကြီး ဂျော်ဂျီက သူ၏သခင်အနီး





အမြီးနှံ့ကာ တိုးဝင်ကပ်သွားပါတော့။

" မဟုတ်ပါဘူး . . . ဘယ်လိုအကြောင်းမှလဲ မရှိပါဘူး ဒီလယ်ဖျားဘက်က ရေနံတွင်းတွေနဲ့ လက်တွင်းတွေက မြေပုံထဲမှာသိပ်ပြီးမရှင်းလို့ ကိုယ်တိုင်လာကြည့်ရင်း ဟောဒီတဲဘက်ကိုရောက်လာခဲ့တာပါ "

" အော် . . . အော် . . . မျက်နှာဖြူကောင်တွေ အနိုင်ကျင့်ပြီး ရေနံတွင်းတွေကို သိမ်းယူတာအားမရနိုင်လို့ မင်းတို့လို အလိုတော်ရိတွေကပါ နောက်ကလိုက်ပြီး . . . ရေနံတောင်က ရွာသူရွာသားတွေကို နှိပ်စက်ကြဦးမလို့ပေါ့ . . . ဟုတ်လား "

ထွန်းဖဲ၏ရင်ထဲမှ မကျေနပ်မှုအစိုင်အခဲများက . . . မင်းမောင်၏စကားကြောင့် ထိရှနာကျင်ပေါက်ကွဲခဲ့လေပြီထင့် . . .။

" အိုး . . . မဟုတ်လိုက်တာ၊ ငါဟာ ဘူမိဗေဒအရာရှိတစ်ယောက်ပါ၊ ငါ့မြေ ငါ့ရေ ငါ့နယ်မြေထဲက ရတနာတွေ့ကို မျက်နှာဖြူဗြိတိသျှအရာရှိတွေရဲ့ လက်ထဲကို ဘယ်ပေးချင်ပါ့မလဲ၊ ဒါပေမဲ့ အခုချိန်မှာ ငါ့တို့တစ်တိုင်းပြည်လုံးကို သူတို့ကသိမ်းပိုက်ထားကြတယ်လေ၊ နောက်ပြီး ငါဟာ ပြည်သူ့ဝန်ထမ်းတစ်ယောက် တာဝန်နဲ့ဝတ္တရားကိုတော့ လေးစားရမှာပဲ၊ အချိန်ကျရင်တော့ ဒီမျက်နှာဖြူကောင်တွေကို ငါတို့နယ်မြေထဲကနေ မောင်းထုတ်ပစ်ရမယ်ဆိုတာ မင်းမမေ့လိုက်ပါနဲ့ "

မယုံကြည်နိုင်စရာ မျက်နှာဖြူအလိုတော်ရိတစ်ယောက်ထံမှ ဤကဲ့သို့သောစကားမျိုး ကြားလိုက်ရသဖြင့် ထွန်းဖဲတို့မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင်း . . . ဟင်း အပြောကတော့ကောင်းမှကောင်း ဖြူနုရေ ဟင်း . . . ဟင်း အဲဒီလောက်သတ္တိကောင်းတဲ့ မဟာသတ္တိရှင်ကြီး အခု မင်းရောက်နေတဲ့ မောရိယကုန်းပေါ်က ဘိုတဲကြီးမှာ တစ်လလောက် ပြည့်အောင် နေကြည့်လိုက်ဦး . . . တော်ကြာမှ ဘိုတဲကြီးပေါ်ကနေ ခွေးပြေးဝက်ပြေး ဆင်းပြေးသွားဦးမယ် ဟင်း . . . ဟင်း "

" ရှတယ် . . . ငါ ဒါတွေအယုံအကြည်မရှိဘူး ဘာကိုမှလည်း ဂရုမစိုက်ဘူး။ အေးတစ်ခုတော့ရှိတယ် ငါ့အလုပ်တာဝန်ကို ထိခိုက်အောင် နှောင့်ယှက်လာခဲ့မယ်ဆိုရင်တော့ . . . မရဏခေါင်းလောင်းတစ္ဆေရော ဘိုတဲသရဲရော၊ လူမိုက်သူခိုးတွေကိုရော သူသေကိုယ်သေ ရင်ဆိုင်ပယ် လိုက်မှာပဲ ဂဲ . . . ငါသွားမယ် "

သူ့အား စကားအရရော၊ ကိုယ်အမူအရာနှင့်ပါ ထိကပါးရိကပါ လုပ်နေသည့် မုဆိုးကောင်ကို ခပ်ပြတ်ပြတ်ပြောကာ တဲအိမ်ရှေ့မှ ချာ လှည့်ထွက်လာခဲ့ပါလေ၏။ သို့သော် . . . သူ၏မမြင်နိုင်သော ရင်ရပ် ထဲမှာတော့ " ဖြူနုဖုံ "ဆိုသော နတ်သမီးချောချောလေး၏ ပုံရိပ်လွှာ တွယ်ငြိပတ်ချက် လိုက်ပါလာသည်ကိုမူ မသိနိုင်မမြင်နိုင်ရှာလေပြီ

တစ်ချိန်တည်းမှာပင် ဝင်လုဆဲနေလုံးနီနီကြီးက ရေနံတော အနောက်ဘက်တောင်ကျောဆီသို့ ငုတ်လျှိုးပျောက်ကွယ်သွားပါလေ သည်။





## အခန်း (၁၃)

## ရေနံတောင်မြစ်ဖျားခံရာသမိုင်းကြောင်းအစ

အချိန်ကာလက . . . အောက်မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့ စိုးမိုးသိမ်းပိုက်ထားချိန်ဖြစ်သည်။ ရေနံတောင်ဒေသတွင်လည်း ဂ်လိပ်အရေးပိုင် ဂျေဗွီဆင်းနှင့် မျက်နှာဖြူတစ်စုတို့က ရေနံတွင်း းလုံးအား စက်ကရိယာများနှင့် တူးဖော်လုပ်ကိုင်ကြသဖြင့် ဒေသခံ သားများက ကျေနပ်ခြင်းမရှိကြပေ။ သို့သော်... မိမိတို့တိုင်းပြည်အား ဂ်လိပ်များက သိမ်းပိုက်ထားခြင်းကြောင့် အင်္ဂလိပ်အရေးပိုင် ဗွီဆင်းနှင့် ကုလားအလုပ်သမားများကို မည်သူမျှမဘော်လှန်ရဲခဲ့ကြ။

အင်္ဂလိပ်မျက်နှာဖြူအရေးပိုင် ဂျေဗွီဆင်းသည် ရေနံတောင်မှ နံဖြင့် စီးပွားဖြစ်ထွန်းခဲ့သဖြင့် မိသားတစ်စုလုံးကိုပါ ရေနံတောင်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ရေနံတောင်မောရိယကုန်းထက်တွင် ဥရောပ



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် ဘိုတဲကြီးတစ်လုံးကို ငှားစ်ထီးတစ်နန်းဆောက်လုပ်လျက် အ
ချကာနေထိုင်ကြသည်။

အင်္ဂလိပ်အရေးပိုင် ဂျေဗွီဆင်းနှင့် အင်္ဂလိပ်မင်းများက ဒေ
တွင်းအားလုံးကို (လက်ယက်တွင်း)ပါမကျန် သိမ်းပိုက်လိုက်သ
ဒေသခံများမှာ ရေနံကို ယခင်ကကဲ့သို့ မရကြပါလေတော့။ ကြာလာ
သူ့ကျွန်မခံလိုသော၊ မကျေနပ်ကြသော ဒေသခံများမှာ ရေနံအတွ
ပုန်ကန်ထကြွကြသည်။ လူစုလူဝေးဖြင့် ရေနံလှည်း(နွားလှည်း)မျာ
တိုက်ခိုက်လုယူရန် ကြိုးစားလာကြသည်။

ထိုအချိန်က ရေနံများကို ရေနံတောင်မှ များတဲရွာသို့ ကုလ
အလုပ်သမားများ၊ နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ကြရသည်။ ထို
တစ်ဆင့် တောင်းလှေကြီးများပေါ်သို့ ပြောင်းရွှေ့သယ်ယူကာ ကျောက်
မြို့သို့ လက်နက်ကိုင်အစောင့်အရှောက်များဖြင့် ပို့ဆောင်ကြရသည်

ထိုကဲ့သို့ ရေနံတောင်မှရေနံများကို များတဲရွာသို့ပို့ရာတွ
ကုလားအလုပ်သမားများနှင့် ထမ်းပို့သလို၊ နွားလှည်းများနှင့်လည်း
ပို့သည်။ သို့သော် နွားလှည်းမှာ နွားနှစ်ကောင်နှင့်သာမဟုတ်ဘဲ အင်္ဂလိ
ပြည်မှာကဲ့သို့ မြင်းလေးငါးကောင်းဆွဲသော လှည်းကဲ့သို့ နွားလေး
ကောင်ကို တစ်ပြိုင်တည်းတပ်၍ဆွဲသော နွားလှည်းများကို အသုံး
ကြသည်။

လမ်းခရီး၌ လုယက်တိုက်ခိုက်ကြသော ဒေသခံရွာသားများအ
ခုခံတိုက်ခိုက်ရန်အတွက် တစ်ခါတရံ အရေးပိုင်မင်း ဂျေဗွီဆင်းကိုယ်တို





ကက်နက်အပြည့်အစုံဖြင့် လိုက်ပါလေ့ရှိ၏။ ခရီးလမ်းပန်းက ကြမ်းတမ်း
ခဖြင့် တစ်ချို့နေရာများတွင် လှည်းမောင်းသည့်ဒဏ်ကို မခံနိုင်၍
ကောက်ရိုးထူထူခင်းကာ ဝမ်းလျားမှောက်၍ပင် လိုက်ပါကြရသည် မဟုတ်
ပါလား . . .။

မည်သို့ပင် ခက်ခဲကြမ်းတမ်းပါစေ မစ္စတာဂျေဗွီဆင်းတစ်
ယောက် အရေးပိုင်ဘဝမှပင်စင်ယူပြီး ရေနံတောင်တွင် ရေနံတွင်းများကို
တောင်တွေ့ရှိခဲ့ရာမှ မမျှော်လင့်ဘဲ စီးပွားရေးအကျိုးအမြတ်များစွာ
ဖြစ်ထွန်းခဲ့သဖြင့် ရေနံတောင်ကို မည်သို့မျှလက်မလွှတ်ပါလေတော့။

သို့သော် . . . ကံကြမ္မာသည် အရေးပိုင်ဟောင်း ဂျေဗွီဆင်း
ဘက်တွင် ရှိမနေသည့်ထင်။

တိုင်းပြည်အုံကြွဆူပူလာပြီး အင်္ဂလိပ်မြန်မာ တတိယစစ်မီးကြီး
တ တောက်လောင်လာခဲ့ပါတော့သည်။ တစ်ချိန်တည်းမှာပင် သူသိမ်းပိုက်
အုပ်ချုပ်ထားသည့် ရေနံတောင်ဒေသမှ ပြည်သူတစ်ရပ်လုံးသည်လည်း
သူနှင့်အင်္ဂလိပ်မင်းများအား ပုန်ကန်ထကြွကြသည်။ တော်လှန်တိုက်ခိုက်
ခဲ့ကြသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးနှင့် အနယ်နယ်ရပ်ရပ်တို့တွင်
ငြိမ်သက်အေးချမ်းခြင်းမရှိဘဲ ဆူပူအုံကြွကာ တစ်ခဲနက် တော်လှန်တိုက်
ခိုက်ကြပါလေတော့သည်။

ထို့ကြောင့် အရေးပိုင်ဟောင်း မစ္စတာဂျေဗွီဆင်းမှာ သူ၏
စုဆောင်းထားရှိသမျှ ရတနာပစ္စည်းများကို လုံခြုံစိတ်ချရာတစ်နေရာတွင်
သို့ဝှက်စွာမြှုပ်နှံသိမ်းဆည်း၍ မိသားစုကိုခေါ်ငင်ကာ ရေနံတောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တယာယီ ရှောင်တိမ်းသွားခဲ့သည်။ သူ၏မောရိယကုန်းထက်ရှိ ဘိုထဲ ကြီးနှင့် ရေနံလုပ်ငန်းကြီးကို သူ၏ညီတစ်ဝမ်းကွဲတော်စပ်သူ ကိုနီးတောလာ ဆိုသူအား ခေတ္တလွှဲအပ်ခဲ့သည်။

မကြာမီ ဗြိတိသျှအင်္ဂလိပ်တို့သည် မြန်မာပြည်တစ်ပြည်လုံး အား ပိုင်ပိုင်နိုင်နိုင်သိမ်းပိုက်ယူလိုက်ခြင်းဖြင့် အင်္ဂလိမ်မြန်မာ တတိယ စစ်ပွဲကြီး ပြီးဆုံးခြင်းသို့ရောက်ရှိသွားခဲ့ရပါလေ၏။ အခြေအနေငြိမ်သက် အေးဆေးသွားသည်နှင့် အရေးပိုင်ဟောင်း ဂျေဗွီဆင်းမိသားစုတို့သည် ရေနံတောင်သို့ ပြန်လည်၍ရောက်ရှိလာခဲ့ကြသည်။

ယခုတစ်ကြိမ် အရေးပိုင်မင်းဂျေဗွီဆင်း ရေနံတောင်သို့ ပြန်လည်၍ ရောက်ရှိလာတော့ ပုံစံအချိုးပြောင်းလဲသွားခဲ့သည်။ ယခင် ဖြစ်ရပ်များကို သင်ခန်းစာယူ၍ ရေနံတောင်ဒေသရှိ ရွာသူရွာသားများနှင့် သင့်တင့်မျှတအောင် နေထိုင်ခဲ့သည်။ ယခင်က ရေနံတောင်မှရေနံများကို များတဲဆိပ်ကမ်းသို့ လှည်း၊ နွားလှည်းများဖြင့်မပို့တော့ဘဲ သံပိုက်များနှင့် သွယ်တန်း၍ ပို့ဆောင်ခဲ့ကြသည်။ ဒေသခံ ဘိန်းစားအချို့ သံပိုက်များ ကိုဖေါက်၍ ရေနံခိုးကြသေးသည်။ သို့သော် မြန်မာတစ်နိုင်ငံလုံးအား အင်္ဂလိပ်အစိုးရက ပိုင်နိုင်စွာအုပ်ချုပ်ထားနိုင်သဖြင့် ယခင်ကလောက်မှ တိုက်ခိုက်နှောင့်ယှက်ခြင်းမပြုကြတော့ . . . ။

တစ်ဖက်တွင်လည်း မောရိယကုန်းထက်တွင် ဆောက်လုပ်ထား သည့် ဘိုတဲကြီး၏စာကြည့်ခန်းထဲရှိ ခေါင်းလောင်းစင်ကြီးကို ပြန်လည် ပြုပြင်ခဲ့သည်။ ထို့ပြင် ခေါင်းလောင်းကြီးကိုလည်း သူကိုယ်တိုင် ကြီးမေး





သတ်ဖြတ်ခဲ့သည့် ကြီးများကိုရှုဆောင်း၍ သုံးလွန်းတင်ကျစ်ကာ ဘုတ်ဆင် ခဲ့ပါလေ၏။ စစ်စင်မှု အရေးပိုင်မင်းဂျေဗွီဆင်းသည် အစွဲအလန်းတစ်ခု ကြောင့် စိတ္တဇဆန်ဆန် ဆောင်ရွက်လုပ်ကိုင်နေမိခြင်းသာဖြစ်သည်။

“ အမှန်တော့ မင်းရဲ့အရေးပိုင်အလုပ်ဆိုတာ သိပ်ပြီးလှူမှန်း များတာကလား။ မင်းသက်တမ်းတစ်လျှောက်မှာ အပြစ်ပေးခဲ့တဲ့ ရာဇဝတ် သားတွေကလည်း မနည်းဘူးလေ။ ကြိုးဒဏ်နဲ့ကျွန်းဒဏ်ကျတဲ့ အပြစ် သားတွေ၊ အလုပ်ကြမ်းနဲ့ထောင်ဒဏ်ကျခံခဲ့ရတဲ့သူတွေဆိုတာ နည်းမှ မနည်းဘဲ။ ဒီတော့ အဲ့ဒီရာဇဝတ်သားတွေနဲ့ပတ်သက်ပြီး မင်းမှာ ဗီအား တွေတုန့်ပြန်လာနိုင်တဲ့ အန္တရာယ်တွေက အမြဲလိုလိုရှိနေမှာပဲဆိုတာ မင်းမမေ့နဲ့ ဂျေဗွီဆင်း ”

တိုက်တိုက်ဆိုင်ဆိုင် ဂျေဗွီဆင်း အရေးပိုင်ဘဝမှ ပင်စင်ယူကာ နီးအချိန်တွင် ဟိန္ဒူယောဂီ ဖကီးကြီးတစ်ဦးနှင့် အမှုတစ်ခုတွင် မထင်မှတ် ဘဲဆုံတွေ့ခဲ့သည်။ အသက် (၇၀)ကျော် ပိန်ပိန်ပါးပါး၊ အသားအရည် မည်းညစ်ညစ်နှင့် စုတ်ဖွာကျနေသော ဆံပင်ရှည်ကြီးများ၊ ရှည်လျား လိမ်တွန့်နေသော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ကြားမှ ထူးထူးခြားခြား စူးရှလင်းလက်နေသော မျက်လုံးအစုံကြောင့် ထိုဖကီးကြီးကို ဂျေဗွီဆင်း မှတ်မိနေခဲ့ခြင်းဖြစ်သည်။

လမ်းကြောင်းလွှဲချော်သွားခါနီး အမှုကြီးတစ်ခုသည် ဤဟိန္ဒူ ယောဂီဖကီးကြီးကြောင့် အမှုအမှန်ပေါ်ပေါက်ခဲ့သည်။ ထိုအမှုကို အကြောင်းပြု၍ အရေးပိုင်မင်းဂျေဗွီဆင်းက ဖကီးကြီးကို သူ၏နေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်ကာ ကျွေးမွေးဧည့်ခံခဲ့သည်။

" ကျုပ်ကိုခွင့်လွှတ်ပါ ဖကီးကြီး . . . အလုပ်ဖောနဲ့မို့ ဖကီးကြီးပေါ်မှာ မှားယွင်းကျူးလွန်သွားမိတာကို နားလည်ပေးပါ "

ဖကီးကြီးမှာ ဂျေဗ္ဗီဆင်းအား တစ်ချက်မျှပြန်၍ စူးစူးရဲရဲကြည့်ရုံမှလွဲ၍ မည်သည့်စကားတစ်ခွန်းမျှမပြော၊ စင်စစ် ဖကီးကြီးအပေါ်တွင် အထင်အမြင်လွဲကာ ဖမ်းဆီးစစ်ဆေးခဲ့ခြင်းကြောင့် ဂျေဗ္ဗီဆင်းက တောင်းပန်နေခြင်းဖြစ်ပါ၏။

" ဆာမိရေ . . . ဖကီးစားဖို့ ငှက်ပျောသီးတို့ နွားနို့တို့ စီစဉ် စမ်းကွာ၊ ဒီအသားဟင်းတွေကို ဖကီးကြီးမစားဘူးကွ မင်းတို့ တော်တော် ခက်တဲ့ကောင်တွေပဲ "

" ရတယ် . . . ကိစ္စမရှိဘူး ကျုပ်အတွက် ဘာမှမလိုအပ်ပါဘူး။ ကျုပ်တို့က နေ့လွဲညစာစားလို့မရပါဘူး ဂျေဗ္ဗီဆင်း "

ဂျေဗ္ဗီဆင်းမှ ဖကီးကြီးနှင့် စကားစမြည်ပြောဆိုခဲ့ရာမှ ဖကီးကြီး၏အကြောင်းကို အတော်အတန်သိခဲ့ရပါ၏။ ဖကီးကြီးသည် ဟိမဝန္တာတောင်၌ ယောဂီကျင့်စဉ်များကို ဆရာသခင်တစ်ယောက်နှင့် သင်ကြားကျင့်ကြံပြီးနောက် လှည့်လည်သွားလာရင်း ဤအရပ်ဒေသသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဖက်ကီးကြီးကပင် ဂျေဗ္ဗီဆင်း၏မျက်လုံးအစုံကို စူးစူးရဲရဲစိုက်ကြည့်ရင်း အထက်ပါစကားများကို ပြောဆိုမိန့်မှာခဲ့ခြင်းဖြစ်သည်။

" ဒီလိုဆိုရင် . . . ကျုပ်မှာ အဲ့ဒီရာဇဝတ်သားတွေနဲ့ပတ်သက်





အန္တရာယ်တွေရှိနိုင်တယ်လို့ ဆိုတာလား ဖကီးကြီး ဒါဆိုရင် သူတို့ကြမှာပေါ့၊ ကျုပ်ဟာ တာဝန်ဝတ္တရားနဲ့ပတ်သက်လာရင် ဥပဒေကို လေးစားတဲ့သူတစ်ယောက်ပါ ဖကီးကြီး၊ နောက်ပြီး ကျုပ်ဟာ ဥပဒေ စောင့်ထမ်း အစိုးရအရာရှိတစ်ယောက် အပြစ်သားတွေပေါ်မှာ ချစ်ခြင်း၊ မုန်းခြင်းမရှိတဲ့ ဥပဒေနဲ့အညီ ပြစ်ဒဏ်တွေချမှတ်ပေးခဲ့ရတာပါ "

ဟုတ်သည် ဖကီးကြီးသည် လူနှင့်မှုကို ခွဲခြားသိမြင်တတ်သူ ဖြစ်သည်။ အရေးပိုင်မင်း မစ္စတာဂျေဗ္ဗီဆင်းကို လူတစ်ယောက်ခွဲခြားစိတ် ဖြာကြည့်လိုက်သောအခါ ဂျေဗ္ဗီဆင်းမှာ တာဝန်နှင့်ဝတ္တရားအရ လူသားချင်းချင်း ပြစ်ဒဏ်နှင့်ပတ်သက်၍ ရက်ရက်စက်စက်ချမှတ်ခဲ့သည် မှန်သော်လည်း အခြားတစ်ဖက်တွင် ထိုကဲ့သို့အပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် တစ်ပြန်တစ်လှည့်ခံစားရမည်ကို ကြောက်ရွံ့စိုးရိမ်တတ်သူတစ်ယောက် ပါလားဟု ကရုဏာသက်ချင်မိသလိုလိုပင် ဖြစ်သွားပါ၏။

" ဒီလိုရှိတယ် ဂျေဗ္ဗီဆင်း ဘုရားသခင်ဟာ လူသားတွေရဲ့ အပြစ်တွေကို ကယ်တင်ဖို့ဆိုပြီး လူ့လောကထဲကို ဆင်းသက်လာခဲ့တယ်။ ဒါပေမဲ့ အပြစ်ရှိတဲ့သတ္တဝါအားလုံးကို မကယ်တင်နိုင်ခဲ့ဘူးလေ။ ကယ်သင့် ကယ်ထိုက် ကယ်တင်ခွင့်ရတဲ့သူမှ ကယ်တင်လို့ရခဲ့တာမဟုတ်လား . . . အခုလည်း ဒီလိုသဘောတရားပါပဲ။ သင်က အပြစ်ရှိလို့ အပြစ်ပေးသည် ဖြစ်စေ၊ မပေးသည်ဖြစ်စေ သူ့ရဲ့အကြောင်းကံက ဖန်တီးလာခဲ့ရင် ဘယ်လိုမှ မလွတ်မြောက်နိုင်ပါဘူး ဂျေဗ္ဗီဆင်း။

ဂျေဗ္ဗီဆင်းမှာ ဖကီးကြီး၏စကားများကို စိတ်ဝင်တစားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေပါ၏။

" တစ်ခုတော့ရှိတယ် . . . သင့်ရဲ့စိတ်ထဲမှာ ဒီကိစ္စကြီ ပတ်သက်ပြီး အစွဲအလန်းတစ်ခုခု ဒါမှမဟုတ် မတော်မကျနဲ့ သံသယရှိ တယ်ဆိုရင် နည်းလမ်းကောင်းတစ်ခုပေးခဲ့မယ်။ အဲဒါကတော့ ဥပ ဖြစ်ရင် သင့်ကြောင့်၊ သင်အပြစ်ပေးခဲ့လို့ ကြိုးဒဏ်ကျခံသွားခဲ့ရသူ အပြစ်သားတွေကို သတ်ဖြတ်ခဲ့တဲ့ကြိုးတွေကို စုဆောင်းပြီး ခေါင်းလော ကြိုးတစ်ခုကျစ်ပြီး ခေါင်းလောင်းစင်ကခေါင်းလောင်းကို ထိုးခတ်ပေ အဲ့ဒီခေါင်းလောင်းထိုးသံကိုကြားရင် . . . သင့်ကြောင့် ဖြစ်ဒဏ်ချမှ ခံရပြီး သေဆုံးသွားကြတဲ့သူတွေရဲ့ဝိညာဉ်တွေက သင့်ကိုခွင့်လွှတ် လည်ပေးကြပါလိမ့်မယ် . . . ဂျေမ္ဗီဆင်း "

ဖကီးကြီး၏ နောက်ဆုံးစကားက သံသယဒွိဟများဖြင့် ရင် တွင် အမြစ်တွယ်နေသည့် ဂျေမ္ဗီဆင်းတစ်ယောက် လွန်စွာကျေနပ်အာ ဖြစ်သွားရပါလေ၏။ စင်စစ် သူ၏မသိစိတ်တွင် သူကိုယ်တိုင် ကြိုးပေ သတ်ဖြတ်ရန် အမိန့်ချမှတ်ခံရသူ ရာဇဝတ်သားများ၏ ဝိညာဉ်များ တွယ်ငြိပူးကပ်နေခဲ့သည် မဟုတ်ပါလား။

ထိုထိုသော အကြောင်းအချင်းအရာများကြောင့် အရေးပိုင်ဘ မှ ပင်စင်ယူ၍ ရေနံတောင်ဒေသသို့ ရောက်ရှိလာခဲ့ချိန်မှစ၍ စီးပွားရေ ဖြစ်ထွန်းနိုးမာလာသည့် ရေနံတွင်းများကိုအကြောင်းပြု၍လည်းကောင် သူကိုယ်တိုင် ယခင်အရာရှိ အရေးပိုင်မင်းဘဝက ကျင်လည်ခဲ့သည် မြို့ပြများနှင့်ဝေးရာအရပ်သို့ သွားရောက်အခြေချနေထိုင်လိုခြင်းကြော





လည်းကောင်း သူ၏မိသားစုနှင့်အတူ ကျောက်ဖြူခရိုင်အတွင်းရှိ ရေနံတောင်ရှိရာသို့ပြောင်းရွှေ့ကာ အခြေချခဲ့ခြင်းဖြစ်သည်။

ရေနံတောင်သို့ ရေနံတွင်းပိုင်ရှင် မစ္စတာဂျေမ္ဗီဆင်းအဖြစ် ပြောင်းရွှေ့ရောက်ရှိလာခဲ့သော်လည်း သာမန်ပြည်သူလူထုနှင့် ရောရော ယှက်ယှက်မနေတတ်သော မင်းစိုးရာဇာ လူကုံထန်တို့၏ ဓလေ့ထုံးတမ်းအတိုင်း မြို့အစွန်အဖျားတွင် တစ်သီးတစ်ခြားတည်ရှိသော မောရိယကုန်းမြင့်ထက် တွင် နေအိမ်တစ်ခုဆောက်လုပ်ကာ နေထိုင်ခဲ့ပါ၏။ အလယ်ခေတ် ဥရောပရှိ မှူးကြီးမတ်ရာသေနာပတိများ၏ထုံးစံ လက်လုပ်လက်စား ရေနံတွင်းအလုပ်သမား ရွာသူရွာသားများနှင့်ဝေးရာ လုံခြုံတိတ်ဆိတ်ရသော တောင်ကုန်းတောင်စောင်းများ၌ ရဲတိုက်ကြီးများကိုဆောက်လုပ်၍ နေထိုင် ခဲ့ကြသလို အရေးပိုင်မစ္စတာဂျေမ္ဗီဆင်းကလည်း ပတ်ဝန်းကျင်ကို အပေါ် စီးမှမြင်တွေ့နိုင်သည့် မောရိယကုန်းမြင့်ထက်တွင် သူ၏စံအိမ်တော်ကြီးကို ဆောက်လုပ်၍နေထိုင်ခဲ့ပါ၏။

စံအိမ်မှာ တိုက်ခံသစ်သားအိမ်ဆိုသည့်တိုင် ဗိသုကာပုံစံကမူ ခံတပ်ပိုလ်တဲကြီးတစ်ခုနှယ် တောင့်တင်းခန့်ညားလှသည် အကြည့်ရဆိုး နေသည်မှာ အိမ်ခေါင်တစ်နေရာမှ ခေါင်းလောင်းစင်လေးတစ်ခုက ဘုရား ရှိခိုးကျောင်းကြီးဆန်ဆန် ထည့်သွင်းဆောက်လုပ်ထားခြင်းပင်တည်း။

ဂျေမ္ဗီဆင်းကိုယ်တိုင် ဖကီးကြီး၏စကားများကို ယုံစားကာ ယခုကဲ့သို့ အိမ်သီးသန့်ဆောက်လုပ်ရာတွင် ခေါင်းလောင်းစင်ကို တစ်သီး တစ်သန့် ထည့်သွင်းဆောက်လုပ်ခဲ့ခြင်းဖြစ်ပါ၏။ သူ၏ရည်ရွယ်ချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကြီးပြောသကဲ့သို့ . . . ကြိုပေးသတ်ဖြတ်ခဲ့သည့် ကြိုးများကိုစုစည်းကျစ်နှောင်ကာ ခေါင်းလောင်းကြိုးအဖြစ်ပြုလုပ်ပြီး မကြာခဏ ထိုးလှုပ်ပေးခြင်းဖြင့် ရာဇဝတ်သားဝိညာဉ်များ လျော့ပါးချုပ်ငြိမ်းသွားခြင်းနှင့် သူ့အားတုန့်ပြန်လာနိုင်သည့် အန္တရာယ်များအတွက် ဟန့်တားကာကွယ်သည့်အနေဖြင့် အရေးကြုံလာခဲ့လျှင် နိုးစပ်ရာရဲစခန်းများအား အချက်ပေးနိုင်ရန် ထိုခေါင်းလောင်းစင်ကို ဆောက်လုပ်ထားရှိခဲ့ခြင်း ဖြစ်ပါချေတော့သည်။

ဤသို့ဖြင့် ရေနံတောင်တွင် ထူးခြားဆန်းပြားသော လူနေမှုစရိုက်ဖြင့် အရေးပိုင်ဟောင်းဂျေဗွီဆင်းတို့ မိသားစုနေထိုင်လာခဲ့ကြရာမှ ဂျေဗွီဆင်း၏ဘဝထဲသို့ ကြီးမားသောအပြောင်းအလည်းကြီးတစ်ခုနှင့် မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရပါသည်ဟု ဆိုပါလျှင်. .

♛ ♛ ♛





## ခန်း (၁၄)

## " ပြောင်းလဲသွားစေခဲ့သော . . . ကံကြမ္မာအပိုင်းအစများ "

ထိုနေ့က မစ္စတာဂျေဗွီဆင်းနှင့် သူ၏မျက်နှာဖြူကြီးနှစ်ယောက်တို့ ရေနံတောင်လယ်ဖျားဘက်တွင် ရေနံပိုက်လိုင်းများကို လိုက်လံစစ်ဆေးနေရှိန်ဖြစ်သည်။ ယခုတလော ဒေသခံမသမာသူများနှင့် ဘိန်းစားတစ်ချို့ ရေနံသွယ်တန်းထားသည့် သံပိုက်လုံးများကို ခိုးဖေါက်၍ ရေနံများကို ခိုးယူနေကြသဖြင့် မစ္စတာဂျေဗွီဆင်းကိုယ်တိုင် ကြပ်ကြပ်မတ်မတ်နှင့် လိုက်လံစစ်ဆေးနေရခြင်းဖြစ်သည်။

ရေနံတောင်၏ရာသီဥတုက မှိုင်းမှိုင်းပြပြနှင့် သို့သော် ပူလောင်အိုက်စပ်လျက်ရှိသည်။ ထူးထူးခြားခြားပင် သည်နေ့မှ လေက လွန်စွာငြိမ်သက်နေပါ၏။ အပင်မြင့်များမှ သက်ရှက်သစ်ခက်ကလေးမျှပင် မလှုပ်မခါ၍ ပူလောင်အိုက်စပ်မှုကြောင့် မစ္စတာဂျေဗွီဆင်း၏ နီစပ်စပ် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်တွင် ချွေးပေါက်များက တွဲခိုသီးလျက် . . . ၊

" OH . . . NO . . . ဘက် ရာသီဥတုက ဆိုးလှချည်လား ပူစပ်ပူလောင်နဲ့ လေကလည်းငြိမ်လိုက်တာ စမစ်ရေ ဟိုးရှေ့ကသစ်ပင်ရိပ်ကျရင် ခဏလောက်နားကြရအောင် "

" OK . . . YES . . . သစ်(စ်)ရိုက် "

စမစ်ဆိုသည့် ပိန်ရှည်ရှည်မျက်နှာဖြူကောင်က မစ္စတာ ဂျော့ဇ်ဆင်း၏စကားကို ထောက်ခံလိုက်သည်။ ဟုတ်သည် ပင်ပန်းပူလောင်မှုကြောင့် ရေလည်းငတ်၊ ချွေးစီးများလည်း တပေါက်ပေါက်ကျလျက် ရေနံတောင်၏ ဆိုးဝါးလှသောရာသီဥတုနှိပ်စက်မှုအောက်တွင် ရေနံတောင်အရာရှိ ဂျော့ဇ်ဆင်းတို့မှာ အလူးလူးအလဲလဲခံစားနေကြရပါ၏။

ဂျော့ဇ်ဆင်း၏လမ်းပြဖြစ်သူ လူယုံတော် ကျော်ဖုံဖြူကမူ ပြောင်းလဲနေသော ရာသီဥတုကို မသက်သာသလို လေ့လာအကဲခတ်နေပါ၏။ ဤကဲ့သို့သော ရာသီကာလမျိုးတွင် ရခိုင်ကမ်းရိုးတန်းဒေသများနှင့် ရခိုင်ပြည်နယ်တစ်ဝိုက်တွင် မုန်တိုင်းဆင်လေ့ရှိသည်မဟုတ်ပါလား။

" နေဦး သခင်ကြီး . . . ရာသီဥတုအခြေအနေကို ကျုပ်သဘောမတွေ့ဘူး။ ဒီနေရာက စိတ်မချရသေးဘူး သခင်ကြီး လယ်ဖျားတောင်အောက်ချောက်လှိုဏ်ကြီးဘက်ကို သွားကြမှထင်တယ် "

" What . . . ဘာ . . . ဘာဖြစ်လို့လဲ ကျော်ဖုံဖြူ . . . စိုးရိမ်စရာရှိလို့လား "

ဂျော့ဇ်ဆင်းက ကျော်ဖုံဖြူကိုမေးနေဆဲမှာပင် ပြာသနာက ရေနံ





တောင်၏ အနောက်ဘက်ရှိ ကမ်းရိုးတန်းများဘက်ဆီမှ နီဒါန်းချို၍ စတင်လာခဲ့သည်။ လေဖိအားနည်းရပ်ဝန်းတစ်ခုသည် မုန်တိုင်းငယ်တစ်ခုအဖြစ် ပြောင်းလဲကာ အရှေ့ဘက်ဆီသို့ တဖြည်းဖြည်းရွေ့လျားလာသည်။ ထိုကဲ့သို့ရွေ့လျားရင်း အင်အားပိုမိုပြင်းထန်လာကာ ရခိုင်ကမ်းရိုးတန်းများဘက်ဆီသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်တိုက်ခတ်လာခဲ့ပါတော့သည်။

ထိုအထဲတွင် ရေနံတောင်သည် မုန်တိုင်းမျက်စိရှေ့တည့်တည့်သို့ မကျရောက်သော်လည်း အဖျားခက်သည့်ဒဏ်ကိုကား အတော်ပင်ဆိုးဆိုးဝါးဝါး ခံစားလိုက်ရသည်။ နီညိုရောင်သန်းနေသည့် မိုးကောင်းကင်တစ်ခုလုံး မည်းမှောင်လာပြီး မိုးခြိမ်းသံကြီးများက တဂျုံးဂျုံးတဂျိုင်းဂျိုင်းနှင့် အော်သံပေးလာကြသည်။

" ဂျိန်း . . . ဝုန်း "

ကောင်းကင်၌ အစင်းကြောင်းကြီးလင်းသွားကာ ဂျုံးဂျုံးဂျိုင်းဂျိုင်း မြည်ဟီးသွားသည်။ ဝင်းခနဲ လက်ခနဲ လင်းလက်သွားသည်။ ဂျိန်းခနဲ အသံတစ်ချက်မြည်ပြီး ကောင်းကင်ကြမ်း မညီမညာတွင် ရောမပေပါခွဲကြီး လိမ့်နေသကဲ့သို့ တဒုန်းဒုန်းတဒိုင်းဒိုင်း အော်မြည်လိမ့်ဆင်းသွားသည်။

" ဒိန်း . . . ဂျိမ်း . . . ဂျလိမ်း . . . ဒိန်း "

လေပြင်းတစ်ချက်ဝှေ့ယမ်းလိုက်သည်တွင် မျက်နှာဖြူကောင်စမစ်၏ ဦးထုပ်က လွင့်ပါသွားသည်။ တဝေါဝေါ တဖျောဖျောနှင့် အဝေးမှ ရူညံသံများ ပြေးဝင်လာကြသည်ကို ထိတ်လန့်ချောက်ချားစွာ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

" ဝေါ . . . ဝေါ . . . ဖရော . . . ဝေါ "

" ဝုန်း . . . ဂျုံး . . . ဒိန်း . . . ဂျိမ်း "

ပြင်းထန်သောလေပြင်းမုန်တိုင်းက ရခိုင်ကမ်းရိုးတန်းများဘက်တွင် တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ဦးတည်တိုက်ခတ်လျက် ရေနံတောင်သို့ အဟုန်ပြင်းစွာ ခတ်ဝင်ရောက်လာခဲ့သည်။ ကမ်းရိုးတန်းဝန်းကျင်ရှိ တောတောင်များထဲရှိ မည်သည့်သစ်ပင်တစ်ပင်မှာမှ သစ်ရွက်ဆို၍ တစ်ရွက်မျှမကျန်ရအောင် မုန်တိုင်းကြီးက မွှေနှောက်တိုက်ခတ်သွားသည်။ ထိုဒေသတစ်ဝိုက်တွင် အိမ်ဆို၍ တစ်အိမ်မျှပြစရာမကျန်တော့လောက်အောင် မုန်တိုင်းက မွှေနှောက်စစ်ခင်းသွားပါတော့။

ကံကောင်းသည်မှာ ရေနံတောင်၊ မင်းပြင်၊ ကုလားပါ၊ ချောင်းဝတို့သည် မုန်တိုင်း၏အဖျားအမြီးလောက်နှင့်သာ ခတ်မိခြင်းဖြစ်သည်။ သို့တိုင်အောင် ဆုံးရှုံးမှုများနှင့် အသေအပျောက်အပျက်အဆီးများက မြင်မကောင်း။ ပြိုလဲပျက်စီးသွားကြသော အိုးအိမ်သစ်ပင်ကြီးငယ်များက ရေနံတောင်တစ်ခုလုံး မြင်မကောင်းတော့။

မစ္စတာဂျေမ်ဆင်းတို့လူစုမှာ လယ်ဖျားတောင်အောင်ချောက်လှိုဏ်ကြီးများထဲတွင် ပုန်းခိုနေကြသဖြင့် မိုးသက်မုန်တိုင်းဒဏ်မှ လွတ်ကင်းခဲ့ကြရသည်။ သို့သော် မစ္စတာဂျေမ်ဆင်းနေထိုင်ရာ မောရိယကုန်းမှာမူ ကုန်းမြင့်ကျသဖြင့် ဘိုတဲကြီး၏အနောက်ဘက်ခြမ်းသည် အတန်ငယ် အထိနာခဲ့သည်။ ထို့အပြင် ဘိုတဲကြီးမှာလည်း ကြီးမြင့်လှသဖြင့်





ခေါင်းလောင်းစင်ပင် ပြိုကျယိုင်လဲခဲ့ပါချေ၏။

မိုးသက်မုန်တိုင်းငြိမ်သက်သွားတော့ မစ္စတာဂျေမ်ဆင်းတို့ လှိုဏ်ချောက်ကြီးထဲမှ တက်လာခဲ့ကြသည်။ လမ်းခရီးတွင် ပြိုလဲပျက်စီးနေသည့် ရေနံပိုက်လိုင်းများကိုပါ တွေ့ရှိရသဖြင့် ဂျေမ်ဆင်း ခေါင်းကရမ်းရမ်းဖြစ်ခဲ့သည်။

" အိုး . . . နိုး . . . နိုး ဒီလိုမိုးသက်မုန်တိုင်းမျိုးတစ်ခါမှမကြုံ ဖူးဘူး။ အင်း ရေနံပိုက်လိုင်းတွေနဲ့ ရေနံတွင်းတွေတော့ အတော်လောက်များ ပျက်စီးလိုက်မလဲ . . . ဟင်း "

ပြိုကျပျက်စီးလျက်ရှိသော သစ်ပင်ဝါးပင်ကြီးများကြောင့် အပြန်ခရီးက သိပ်မတွင်လှ။ ဤသို့ဖြင့် မောရိယသချိုင်းပျက်ကြီးနားသို့ ရောက်မှာတော့ ပြိုကျနေသည့်အုတ်ဂူများကြားမှ မမျှော်လင့်သော အရာတစ်ခုကို ရုတ်တရက်တွေ့မြင်လိုက်ရသည်။

" OH ကြည့် . . . ကြည့်စမ်းပါဦး ဟို အုတ်ဂူကြီးက ဂူပေါက်ကြီးလို ဖြစ်နေပါလား "

" ဟာ ဟုတ်တယ် ဂျေမ်ဆ် ဒါ . . . ဒါ အုတ်ဂူကို ဂူပေါက်လို လှိုဏ်ဖောက်ပြီးလုပ်ထားတာနဲ့တူတယ် "

ကျော်ဖဲဖြူက ပြိုကျပျက်စီးနေသော အပျက်အစီးများကြားမှ အုတ်ဂူပေါက်ဝဆီသို့ တိုးဝင်ကြည့်လိုက်သည်။ ဟုတ်သည် လူတစ်ယောက်ဝင်သာရုံမျှ ကျယ်ဝန်းသော အုတ်ဂူတံခါးဝ၌ ဖလှကားထစ်များရှိသည့် အောက်ဆင်းလမ်းတစ်ခုကို ထူးခြားစွာတွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် . . . သခင်ကြီး ဒါ သချိုင်းဂူရဲ့ လှိုဏ် မြေအောက်ခန်းကိုသွားတဲ့ ဂူပေါက်ဝတစ်ခုပဲ ဟိုမှာကြည့်ပါလား။ လှေ... ထစ်လေးတွေက အောက်ဘက်ကိုနိမ့်ဆင်းသွားကြတယ်လေ "

" OH . . . GOD . . . တစ်ကယ်ပဲ ထူးထူးဆန်းဆန်း... တွေ့နေရပါလားဟေ့ နေ . . . နေကြဦး လှေကားထစ်တိုင်းဆင်းကြ... ရရင် ကောင်းမယ်ထင်တယ်။ ကျွန်ုပ်ကြားဖူးတာရှိတယ် ဒီလိုသ... အုတ်ဂူမျိုးမှာ စိတ်ဝင်စားစရာသမိုင်းပစ္စည်းတွေ ရှိတတ်တယ်ဆိုတာ...

" ရတယ်လေ . . . ဂျော့ဗ်ရဲ့သဘောပဲ ကံကောင်... ထူးထူး ခြားခြား ရှားရှားပါးပါး သမိုင်းရှေးဟောင်းပစ္စည်း... ရချင်ရမှာပေါ့ မဟုတ်ဘူးလား "

ကျော်ဖ်ဖြူမှာ သချိုင်းဂူပျက်ကြီးထဲသို့ မဝင်ချင်သော်လ... သူ၏သခင်ဖြစ်သူ မစ္စတာဂျော့ဗ်ဆင်းကြောင့် ငြင်းပယ်၍မရပါလေ... ဝင်လုဆဲဆဲနေရောင်ခြည်အလင်းကို ထူးဆန်းစွာတွေ့လိုက်ရသော သ... ပေါက်ဝအတွင်းသို့ အတော်ဝေးဝေးရောက်အောင် ထွန်းလင်းလျက်ရှိ...

" ကျော်ဖ်ဖြူရေ . . . သေသေချာချာကြည့်ပြီးမှဆင်... ဒီလှေကားက ဘယ်ထိရှည်သလဲမသိဘူး "

မစ္စတာဂျော့ဗ်ဆင်းက လက်ထဲမှ နှစ်လုံးပြူးသေနတ်... အဆင်သင့်ကိုင်လျက် ရှေ့ဆုံးမှတိုးဝင်သွားသည့် ကျော်ဖြူဖ်အားသ... လိုက်ပါ၏။ လှေကားလေးငါးထစ်ခန့်ဆင်းလိုက်လျှင် အပြင်မှအ... ရောင်သည့် ထိုနေရာသို့မရောက်တော့၊ သေချာစွာ တစ်ထစ်ချင်း...





...ဆင်းလာခဲ့ကြသည်။

" သတိထားပြီးဆင်းပါ သခင်ကြီး။ ဒီနေရာတွေက မှောင်နေ... ...သယ် ဟိုးရှေ့မှာတော့ အလင်းရောင်မြင်နေရတယ် "

" အေး . . . စိတ်ဝင်စားစရာပဲကွဲ . . . မှောင်နေရမဲ့နေရာမှာ ...ဆင်းနေတယ်ဆိုတော့ တစ်ခုခုတော့ ထူးခြားနေသလိုပဲ ဂမ်စ်ရေ "

ယခုလက်ရှိလေးယောက်အုပ်စုတွင် စကားအနည်းဆုံးသောသူ ...ာ မျက်နှာဖြူလူဝကြီး တိုနီပင်ဖြစ်ပါ၏။ အချိန်ရှိသ၍ ဆေးပြင်းလိပ် ...ည်းမည်းကြီးကိုသာ ပါးစပ်တွင်ခဲကာ နေလေ့ရှိသည်။ မစ္စတာတိုနီသည် ...ခန့်နှင့်ပတ်သက်လျှင် ကျွမ်းကျင်သော ဘူမိဗေဒပညာရှင်တစ်ယောက် ...ည်းဖြစ်ပါ၏။

ဆယ့်တစ်ထစ်တိတိဆင်းပြီးသည်နှင့် လှေကားထစ်များက ...ုံးသွားသည်။ အတန်ငယ်ပြစ်သောလမ်းကြားအတိုင်း မစ္စတာဂျော့ဗ်ဆင်း ...ို ဆက်၍လျှောက်လာကြပါ၏။ မကြာမီ ပြိုကျပျက်စီးလျက်ရှိသော ...ခန်းကျယ်ကြီးတစ်ခုထဲသို့ ရောက်ရှိလာကြသည်။ မြေအောက်ခန်း ...ထောင့်တစ်နေရာတွင် လင်းလက်နေသဖြင့် သွားရောက်ကြည့်ကြစဉ်

" ဟာ "

" ဟင် "

" OH . . . GOD . . . "

အခန်းနံရံတွင် မီးစုန်းတောက်ပါသော ရောင်စုံအလင်းပြန်များနှင့် ...ထက်နေသောအခန်းတစ်နေရာတွင် ပွင့်ဟနေသော သေတ္တာတစ်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ထက်မှ ပုံကြဲနေသော အဖိုးတန်လက်ဝတ်ရတနာပစ္စည်းများ
ရွှေဂါးပြားများက အလင်းရောင်ပိုးတစ်ဝါးအောက်ဝယ် လင်းလက်လျှ

စင်စစ် မိုးသက်မုန်တိုင်းဒဏ်ကြောင့် သင်္ချိုင်းဂူအများအပြ
ပြိုကျပျက်စီးခဲ့ကြရာ ထိုအထဲတွင် ဤလို့ဂုက်လှိုဏ်ခေါင်းနှင့်
အောက်ခန်းရှိသည့် ဂူတစ်ဂူပျက်ကြီးကို မစ္စတာဂျေဗွီဆင်းတို့ တိုက်တို
ဆိုင်ဆိုင် တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ မမျှော်လင့်ဘဲတွေ့ရှိခဲ့
သော မောရိယသင်္ချိုင်းဂူတစ်ဂူပျက်ကြီးအတွင်းမှ ထူးဆန်းလှသ
အဖိုးမဖြတ်နိုင်သော ရတနာသေတ္တာကြီးတစ်လုံးကိုပါ ထပ်မံ၍ တွေ့
ခြင်းပင်တည်း။

မှုက်နှာဖြူကောင် စမစ်က လက်ထဲမှ ရိုင်ဖယ်သေနတ်ကိုပ
ကာ ရတနာသေတ္တာကြီးအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ မျက်
ထက်တွင်လည်း လောဘအရိပ်ယောင်များက ယှက်သန်းလျက် . .

**OH ! Very Good** ကောင်းလိုက်တဲ့ . . . ရတနာရွှေငွေပ
တွေ အများကြီး . . . အများကြီးပါလားဟေ့ ငါ . . . ငါတို့တေ
. . သ . . . သ . . . သူဌေးဖြစ်ပြီဟ . . . ဟား ဟား ဟား ဟာ

မစ္စတာဂျေဗွီဆင်းကမူ ရတနာသေတ္တာအနီးမှ စိတ်ဝင်စာ
ရာ အရိုးစုနှစ်စုနှင့် နန်းသုံးပစ္စည်းအချို့ကို ဂရုတစိုက်ကိုင်တွယ်ကြ
နေသည်။ မစ္စတာတိုနီကလည်း ပစ္စည်းဘူဇွာများကို စိတ်မဝင်စား။ အ
ကြီးတစ်ခုဇာ်ရင်ဝတွင် စိုက်ဝင်နေသည့် ဓားရှည်ကြီးတစ်ချောင်းကို
စိတ်ဝင်တစားကြည့်နေပါ၏။





"အင်း . . . ဒီပစ္စည်းတွေဟာ ကျုပ်အထင်ပြောရရင် နန်းကျ
ဘုရင်တစ်ပါးပါးနှင့် ဆက်စပ်နေလိမ့်မယ် သခင်ကြီး၊ နောက်ပြီး ဒီလို
ရတနာပစ္စည်းတွေမှာ ကျိန်စာတို့ ရည်ရွယ်ချက်တို့ဆိုတာမျိုးတွေလည်း
နှိတတ်တယ် . . . သခင်ကြီး "

" ကျိန်စာ ဝုပ် . . . ကျိန်စာဆိုတာဘာလဲ ကျော်ဝံဖြူ "

မစ္စတာတိုနီက ကျော်ဝံဖြူစကားကို နားမလည်သဖြင့် မေးခွန်း
ထုတ်လိုက်ခြင်းဖြစ်သည်။

" ဒီလိုရှိပါတယ် သခင်ကြီး . . . ရှေးဟောင်းပစ္စည်းတို့
ရတနာသိုက်တို့ဆိုတာ သူ့ရဲ့သမိုင်းနဲ့ သူရေးထိုးခဲ့တဲ့၊ ကျိန်စာဆိုတဲ့
အလေ့အထတွေဟာ ကျုပ်တို့ရဲ့ ရှေးမင်းတွေ အဆက်ဆက်ကတည်းက
ရှိခဲ့ကြပါတယ်။ ဒါကြောင့် ဒီရတနာပစ္စည်းတွေကို ယူမယ်ဆိုရင် . . .
သတိထားဖို့တော့ လိုပါလိမ့်မယ်။ ကျုပ်သဘောဆန္ဒအရကတော့
မယူစေချင်ပါဘူး သခင်ကြီး "

" ရှပ်တ်အပ် . . . နိုး . . . နိုး . . . ဘာလယ်ဒီဖူးလ် .
. . မင်း မင်းဟာ အရူးတစ်ယောက်ပဲ၊ ဒီလောက်တန်ဖိုးကြီးတဲ့
ရတနာပစ္စည်းတွေ ကို ကိုယ်တိုင်တွေ့ခဲ့တာတောင် မယူဘူးဆိုတော့..
မင်းဟာလူမိုက်ပဲ ပေါ့ "

" ဒါဟာ . . . ပိုင်ရှင်မရှိတဲ့ . . . သမိုင်းရှေးဟောင်းပစ္စည်းတွေ
မဟုတ်ဘူးလား "

မစ္စတာစမစ်က ကျော်ဝံဖြူအား ဒေါသတကြီးနှင့် အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆိုလိုက်သလို . . . မစ္စတာတိုနီကလည်း တန်ဖိုးကြီးမားသော ဘယက်တစ်ခုကို ကိုင်ကြည့်ရင်း စကားဆင်ခြေပေးလိုက်သည်။ မစ္စတာဂျေမ္ဘိဆင်းကမူ မျက်နှာဖြူအရေးပိုင်ဟောင်းပီပီ သူ၏လူယုံတော် ကျော်ဖုံဖြူ၏စကားကို ဆင်ခြင်တွေးဆနေသလို တွေတွေငေးငေးနှင့် ရတနာပစ္စည်းသေတ္တာကြီးကို ကြည့်နေပါ၏။

လျှို့ဝှက်သိုသိပ်ကူပေါက်မှစတင်တွေ့ရှိခဲ့သော မြေအောက်ဥမင်လိုဏ်ခေါင်းအတွင်းဝယ် လူလေးယောက်၊ အရိုးစုနှစ်ခု ရတနာသေတ္တာတစ်လုံးဖြင့် ပဋိပက္ခအသွင်သို့ ဆောင်နေလေကြပြီးလား . . . ။

ထိုစဉ်မှာပင် မစ္စတာစမစ်က သူ၏အနီးမှရိုင်ဖယ်သေနတ်ကို ဆတ်ခနဲကောက်ဆွဲယူကာ မစ္စတာဂျေမ္ဘိဆင်းတို့လူစုအား ချိန်ရွယ်လိုက်သည်။

“ ကဲ . . . ကြားတယ် ဂျေမ္ဘိဆင်း ငါတို့ဒီရတနာပစ္စည်းတွေကို အချိုးကြခွဲဝေယူကြမလား၊ ဒါမှမဟုတ် ငါ့ဟာငါ စီစဉ်လိုက်ရမလား ငါ့အစီအစဉ်အတိုင်းဆိုရင်တော့ ပစ္စည်းသေတ္တာကို မြေပေါ်အထိသယ်ပြီး ခွဲဝေယူကြမယ်။ အေး . . . ကန့်ကွက်တားဆီးခဲ့ရင်တော့ ဟော ကျည်ဆံပဲရမယ် ”

“ နေ . . . နေပါဦး စမစ်ရဲ့ . . . မင်းကလည်း ဆန္ဒတွေစောလိုက်တာ ငါပြောတာကို နားထောင်ပါဦး . . . ဟောဒီ ရတနာပစ္စည်းသေတ္တာကို ငါတို့ခွဲဝေယူကြမယ် ဒါပေမဲ့ ဖြစ်လာနိုင်တဲ့အန္တရာယ်တွေတော့ အတတ်နိုင်ဆုံးရှောင်ရှားရမယ်။ ဒီအတွက် လောလောဆယ်





ဟောဒီမြေအောက်ဥမင်လိုဏ်ခေါင်းကို အရင်ဆုံးစစ်ဆေးရမယ် စမစ်”

တိုနီကမူ ဘာမှမပြောတော့ဘဲ ပခုံးတစ်ချက်ကို အသာတွန့်လိုက်ပြီး သူ၏ မီးသေသွားသည့်ဆေးပြင်းလိပ်ကိုသာ မီးညှိရှိုက်ဖွာနေပါ၏။ ကျော်ဖုံဖြူကလည်း သူ၏လက်ထဲမှ ဓါးကောက်ကြီးကို တဆဆနှင့် စမစ်၏ သေနတ်ပြောင်းဝကိုသာ ဂရုတစိုက်ကြည့်နေသည်။

“ OH . . . NO . . . NO . . . အလားကားအလုပ်ရှုပ်ရအောင် ဂျေမ္ဘိရယ်၊ ကိုင်း ဟောကောင်ကျော်ဖုံဖြူလာ . . . ဒီသေတ္တာကြီးကို မင်းရယ်၊ တိုနီရယ် နှစ်ယောက်ဆွဲကြစမ်း။ ငါတို့ ဒီမြေအောက်ခန်းထဲက နေ ပြန်ထွက်ကြမယ် ”

မစ္စတာစမစ်၏သွေးတို့က ဆူဝေပွက်လျှံလာကြသည်လေလား။ ရာနာဟူသော လောဘဇောက စမစ်၏အတွင်းစိတ်ကို ဘီလူးစိတ်သို့ ပြောင်းလဲပစ်လိုက်သည်သို့ . . . ၊ သူ၏အထက်အရာ ရှိ ဂျေမ္ဘိဆင်းကိုပင် ဆန့်ကျင်တိုက်ခိုက်တော့မည်လေလား . . . ။

“ ကြားလား . . . ကျော်ဖုံဖြူ မင်းလက်ထဲကဓါးကြီးချပြီး သေတ္တာကို လာပြီးဆွဲစမ်း . . . ဟိုမှာတိုနီတောင်ဆွဲမယူနေပြီ ”

စမစ်၏ အမိန့်ဆန်ဆန်စကားလုံးများနှင့် သေနတ်ကိုင်ကာ ခြိမ်းခြောက်နေသည့် စမစ်ကြောင့် . . . ကျော်ဖုံဖြူ သူ၏သခင်ရင်းဖြစ်သူ မစ္စတာဂျေမ္ဘိဆင်းအား တစ်ချက်မျှစိုက်ကြည့်လိုက်သည်။

သို့သော် . . . ဖြစ်ချင်တော့ ဂျေမ္ဘိဆင်းမှာ သူ၏နှစ်လုံးပြူး သေနတ်ကြီးကို ကျောတွင်လွယ်သိုင်း၍ထားလိုက်ပြီးမို့ လောလောဆယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဆောင်သင့်ချိန်ရွယ်၍ စေခိုင်းနေသော စမစ်ကို မလွန်ဆန်နိုင်ပြီထင်၏ လောတတစ္ဆေ ပူးဝင်ကပ်နေပြီဖြစ်သည့် သူ၏တပည့် မစ္စတာစမစ်ကိုသာ ငေး၍ကြည့်နေပါတော့သည်။

ဤမျှဆိုလျှင် ကျော်ဇံဖြူ သဘောပေါက်လိုက်သည်။ ထို့ကြောင့် စမစ်နှင့် သူ၏ကြားရှိအကွာအဝေးကို တွက်ဆနေပါ၏။ ထိုစဉ် သူတို့နှစ်ဦး အကြားသို့ မစ္စတာတိုနီက ရတနာသေတ္တာကို ဆွဲကိုင်ရန် မသိသာ ဆိုးဝါးစွာဖြင့် ဝင်ရောက်လာခဲ့သည်။ ကျော်ဇံဖြူက ထိုအခွင့်အရေးကို မိမိရရယူလိုက်သည်။

မစ္စတာတိုနီ၏ ခန္ဓာကိုယ်ကြီးကို အကာအကွယ်ယူကာ လျှပ် တစ်ပြက်လှုပ်ရှားလိုက်သည်။

" ဝုစ် . . . ဒုတ် "

" အ . . . ဒိုင်း "

" အား . . . "

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ကျော်ဇံဖြူက သူ၏ လက်ထဲမှ ဓါးကောက်ကြီးဖြင့် မစ္စတာစမစ်အား ဖျက်ခနဲပစ်ပေါက်လိုက် သည်။ ကျော်ဇံဖြူ၏ဓါးချက်က စမစ်၏ရင်ဝသို့ တစ်ရှိန်ထိုးစိုက်ဝင်သွား သည်နှင့် စမစ်၏လက်ထဲမှ ရိုင်ဖယ်သေနတ်က ဒိန်းကနဲမြည်ကာ ကံဆိုးသူ တိုနီ၏ ဗိုက်ပူပူကြီးထဲသို့ တန်းကနဲဝင်ရောက်ထိမှန်သွားပါ တော့သည်။

" အား . . . ကျွတ် . . . ကျွတ် . . . မင်း . . . မင်း





. . . အ . . . အား "

မစ္စတာစမစ်မှာ ကျော်ဇံဖြူအား နာကျည်းသော အမုန်း က်လုံးများဖြင့်၊ စူးစူးရဲရဲကြည့်ရင်း ညည်းညူကာ သူလိုချင်တက်မက် နိုးလှသော ရတနာသေတ္တာကြီးပေါ်သို့ ဝုန်းကနဲမှောက်ကျပြီး ငြိမ်သက် သွားပါလေ၏။ တိုနီကမူ သေနတ်ထိမှန်မှန်ချင်းပင် ချက်ကောင်းကိုထိမှန် ကာ ပွဲချင်းပြီးသေဆုံးသွားသည်။ ယခုတော့ . . . လှိုဏ်ဂူမြေအောက် ိုယ်ဂူကြီးထဲတွင် မစ္စတာရောဂျီခင်းနှင့် ကျော်ဇံဖြူတို့ပင် ကျန်ရစ်ပါချေ ာည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

### " မောရိယသချိုင်းပျက်ကြီးအတွင်းမှ . . . ရတနာသေတ္တာတစ်လုံး "

ဤမြေအောက်လှိုဏ်ဂူကြီးကို ဖန်တီးခဲ့သူမှာ လွန်စွာမှ သဘာ
တရားကို ကျွမ်းကျင်နှံ့စပ်သူတစ်ယောက် ဖြစ်ပါလိမ့်မည်။ အဘယ့်ကြော
ဆိုသော်၊ မြေအောက်လှိုဏ်ခေါင်းလမ်းကြောင်းတစ်လျှောက် မီးစုန်းခါ
ပါသော အလင်းပြန်ကျောက်အလင်းများကို လှိုဏ်ခေါင်းနံရံဘေးများတွ
ထည့်သွင်းဆောက်လုပ်သွားခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် မှောင်မည်
နေရမည့် မြေအောက်လှိုဏ်ခေါင်းထဲတွင် မီးစုန်းအလင်းခါတ်များကြော
ဝိုးတဝါးအလင်းရောင် ရှိနေခဲ့ခြင်းဖြစ်သည်။

မစ္စတာဂျေဗွီဆင်းနှင့် ကျော်ဇံဖြူတို့နှစ်ယောက်သား လက်န
များကို အဆင်သင့်ကိုင်လျက် သချိုင်းအုတ်ဂူ လှိုဏ်ဂူလမ်းကြော
အတိုင်း သတိနှင့်တိုးဝင်လာခဲ့ကြသည်။ သွားရင်းလာရင်းမှ ကျော်ဇံဖြူ





သူ၏သခင်ကြီးအား စောစောကအဖြစ်အပျက်အတွက် တောင်းပန်နေ
ပါ၏။

" ကျုပ်က ခြောက်လုံးပြူးလောက်ပဲကြံစည်ခဲ့တာပါ သခင်ကြီး။
သူတို့နှစ်ဦးကို သေစေလိုတဲ့စိတ်နဲ့ ပစ်လိုက်တာမဟုတ်ပါဘူး။ မစ္စတာ
တို့ သေနတ်ထိမှန်သွားခဲ့ရတာဟာလည်း တိုက်ဆိုင်မှုတစ်ခုပါ။ သခင်ကြီး
ဘာပဲဖြစ်ဖြစ် ကျုပ်ကိုခွင့်လွှတ်ပါ . . . သခင်ကြီး "

" အင်း . . . ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်တော့မှာလဲ
ကျော်ဇံဖြူရယ်၊ တစ်ကယ်လို့ မင်းကမသတ်ခဲ့ရင်လည်း စမ်းက မင်းကို
သတ်မှာပဲလေ . ကဲ . . . ဒါတွေထားလိုက်ပါတော့ ဟောဒီ မြေအောက်
လှိုဏ်ခေါင်းဟာ ဘယ်မှာလမ်းဆုံးမှာလဲဆိုတာ ငါသိချင်သေးတယ်
ဆက်ပြီးလျှောက်ကြရအောင် "

ထို့နောက် နှစ်ယောက်သား ဆက်၍တိုးဝင်သွားခဲ့ကြရာ
မြေအောက်လမ်းသည် တောင်ဘက်သို့သွားရာမှ ရုတ်တရက် အရှေ့
ဘက်သို့ ကွေ့၍သွားပြီးလျှင် အပေါ်သို့ မသိမသာမြင့်တက်လာခဲ့သည်။
လှေကားထစ်များက အနည်းငယ်ကျဉ်းမြောင်းလာပြီး မကြာမီ သူတို့သည်
ဘောင်ကုန်းတစ်ခုပေါ်သို့ တက်နေရသည့်နှယ် ကျောက်သားလှေကားထစ်
များပေါ်သို့ တစ်ထစ်ချင်းတက်လာခဲ့ကြသည်။

နောက်ဆုံး ကျောက်ဂူဝသဏ္ဌာန် ပိတ်ကာထားသည့် ဆယ်ပေ
သာသာ အခန်းငယ်တစ်ခုထဲသို့ ရောက်လာကြသည်။ ထူးခြားသည်မှာ
ထိုအခန်းထဲတွင် စာအုပ်ဘီဒိုကြီးများကဲ့သို့ ဘီဒိုကြီးများက လေးငါး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံး တန်းစီလျက်ရှိသည်ကို မစ္စတာဂျေမ်ဆင်းတို့ အံ့သြစွာတွေ့
လိုက်ကြရသည်။

“ ဘယ်လိုဖြစ်တာလဲ . . . လမ်းလည်းဆုံးရော မြေအောက်
စာကြည့်ခန်းကြီးတစ်ခုကို တွေ့လိုက်ရတာပါလားဟေ့ . . .
ထွက်ပေါက်က ဘယ်မှာရှိနေမှာလဲ ”

“ ဟုတ်တယ် သခင်ကြီး . . . ဒီနေရာဟာ မြေအောက်လှိုဏ်
လမ်းဆုံးပဲ . . . ဒါပေမဲ့ အခန်းကြီးတစ်ခုသာရှိပြီး ထွက်ပေါက်မရှိသ
ဖြစ်နေပြီ သေချာရှာကြည့်ပါဦး . . . သခင်ကြီး ”

နှစ်ယောက်သား ဆယ်ပေသာသာခန့်ကျယ်ပြီး ဘီဒိုကြီးများဖြ
လေးဘက်လေးတန် ပိတ်ကာထားသော မြေအောက်လှိုဏ်ဂူ လမ်းဆုံ
ခန်းကို အံ့သြတွေဝေစွာ ကြည့်နေကြပါ၏။ နံရံသုံးဘက်လုံး နေရာအ
နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေကြည့်ကြရာ . . . တစ်နေရာတွင် သစ်သာ
းမီးခြစ်ဘူးအရွယ် သဏ္ဌာန်တစ်ခုကို တွေ့လိုက်ကြရသည်။

ဘာရယ်မသိ . . . ကျော်ဖြိုးက ထိုအပြားသဏ္ဌာန် ဘုပြ
လေးကို ဖိနှိပ်ကြည့်လိုက်ပါ၏။ ထိုစဉ်မှာပင် . . .

“ ကျွီ . . . ကျွီ . . . ကျွီ . . . ကျွီ . . . ဝူး . . . ကျွီ

သူတို့လက်ယာဘက်ခြမ်းမှ တအုပ်ဘီဒိုကြီးတစ်ခုက တကျွီ
နှင့် နဘေးသို့ရွှေ့လျားသွားကာ လူတစ်ယောက်ဝင်ထွက်သွားသာ
တံခါးဝတစ်ခု ထွက်ပေါ်လာခဲ့သည်။

“ OH . . . GOD . . . ဘုရားသခင် ဘယ်လိုဖြစ်တာ





ရုံးဆန်းလှချည်လား ”

“ ဟာ . . . ဒါ . . . ဒါ တံခါးပေါက်ဝ ထွက်ပေါက် . .
. ထွက်ပေါက်တစ်ခုပဲဟေ့ ”

ကျော်ဖြိုးမှာ ဝမ်းသာအားရနှင့် တံခါးဝထွက်ပေါက်မှ ပြေး
ထွက်ရန်ဟန်ပြင်လိုက်စဉ် . . . မစ္စတာဂျေမ်ဆင်းက
ဆက်ဆွဲကာဟန့်တား လိုက်သည်။

“ နေဦး . . . ကျော်ဖြိုး ခဏစောင့်ဦး ”

သူ၏သခင်က လက်မောင်းကိုဆွဲကာ ဟန့်တားလိုက်သည်မို့
ကျော်ဖြိုး တုန့်ခနဲဖြစ်သွားစဉ် . . .

“ ရှစ် . . . ရှစ် . . . ရှစ် ”

“ ဒုတ် . . . ဒုတ် . . . ဒုတ် ”

မြားသုံးစင်းက ကျော်ဖြိုး ဖြတ်ဝင်မည့်လမ်းကြောင်းအတိုင်း
ပြေးထွက်လာကာ နံရံတွင်စိုက်ဝင်သွားကြသည်။ အကယ်၍သာ ထို
သတ်ကွင်းကို ကျော်ဖြိုးဖံသာ တိုးဝင်သွားပါက ထိုမြားသုံးစင်းက
ကျော်ဖြိုး၏ ခန္ဓာကိုယ်တွင် နေရာယူသွားကြမည်မှာ မလွဲပါတည်း။

“ ဟူး . . . တော်ပါသေးရဲ့ အချိန်မီ သခင်ကြီးက ဆွဲလိုက်ပေ
လို့သာပေါ့ . . . နို့မို့ဆို အခုချိန်လောက်ဆို ကျုပ်တစ်ကိုယ်လုံး
ဖြားဆိုင် တွေတက်ပြီး သေလောက်ပြီ ”

“ မဟုတ်ဘူး . . . ဒီလိုလှို့ဝှက်မြေအောက်လှိုဏ်ဂူမျိုးတွေမှာ
အခုလို လျှို့ဝှက်လက်နက်ဆန်းတွေ၊ မရဏသေတွင်းတွေရှိတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြားဖူးနားဝရှိထားခဲ့လို့ မင်းကို ဆွဲထားလိုက်မိတာပါ ''

ထိုနောက်မှာတော့ နှစ်ယောက်သား လျှို့ဝှက်တံခါးဝမှ သတိနှင့် အပေါ်သို့တက်လိုက်ကြသည်။ နောက်ဆုံးတွေ့ရှိရသော တံခါးချပ်က ဆွဲတံခါးဖြစ်နေသည်မို့ မစ္စတာဂျေဗွီဆင်းက အသာယာဆွဲဖွင့်ကာ အပြင်သို့ခေါင်းထွက်၍ ကြည့်လိုက်သည်။

" **OH . . . GOD** . . . ဘုရားသခင် ဘယ်လိုဖြစ်တာလဲ"

" ဘာ . . . ဘာဖြစ်လို့လဲ သခင်ကြီး . . . ဘာကိုတွေ့ရလို့ လဲ "

အမေရိုက်အသံကြီးနှင့်အတူ ထိတ်လန့်အံ့ဩသွားသည့် မစ္စတာဂျေဗွီဆင်းကိုကြည့်ကာ ကျော်ဖုံဖြူ ကပျာကရာမေးလိုက်သည်။

" ဟို . . . ဟို ဘာမှမဟုတ်ပါဘူး ကျော်ဖုံဖြူ . . . ဟို ငါ့ ငါ့ရဲ့ စာကြည့်ခန်းထဲကို ပြန်ပြီးရောက် . . . ရောက်နေလို့ အံ့ဩမိနေတာ"

ဟုတ်သည် . . . မောရိယသချိုင်းကြီး၏ မထင်မရှား အုတ်ဂူပျက်တစ်လုံး၏ လျှို့ဝှက်တံခါးပေါက်မှသည် . . . မစ္စတာဂျေဗွီဆင်း၏ စာကြည့်ခန်းမကျယ်ကြီးထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်လမ်းပေါက်သော မြေအောက်လှိုဏ်ခေါင်းကြီးတစ်ခု ဖြစ်နေပါချေပြီကော။ အိမ်ရှင်ကိုယ်တိုင် မသိလိုက်ရသော မြေအောက်ဥမင်လှိုဏ်ခေါင်းကြီးသည် ဘီိုတဲကြီး၏ စာကြည့်ခန်းကြီးထဲမှ စာအုပ်ဘီရိုကြီးတစ်ခုအတွင်းဝယ် လမ်းဆုံးသွားခဲ့ သည်မှာ မည်သည့်ရည်ရွယ်ချက်များကြောင့်ပါနည်း။ သို့မဟုတ် . . . ဤကိစ္စ ဤဖြစ်ရပ်သည် ထူးဆန်းအံ့ဩဖွယ်ရာ တိုက်ဆိုင်မှုကြီးတစ်ခုပင်





လေလား။

မည်သို့ပင်ဖြစ်စေ . . . မစ္စတာဂျေဗွီဆင်းအတွက် အဲဆိုးထဲမှ အကောင်းဟုပင် ဖြေသိမ့်ကာ တွေးယူကြည့်လိုက်ပါလေ၏။ သူ၏လက်ရုံး ခန်နေဂျာနှစ်ယောက်ဖြစ်သော မစ္စတာစမစ်နှင့် တိုနီတို့သည် တစ်ကယ် တော့ လောဘသား လူလည်နှစ်ဦးပင်တည်း။ ရတနာရွှေငွေနှင့်ပတ်သက် သောလျှင် ဆရာသမားအရင်းကိုပင် လုပ်ကြံသတ်ဖြတ်ရန် ဝန်မလေးသော လူစားမျိုးများပင် . . . ။

တော်သေးသည် . . . သူ၏လူယုံတစ်ဦးနှယ် အားကိုးရသော ကျော်ဖုံဖြူက လက်သွက်ခြေသွက်ဖြင့် သတ်ဖြတ်လိုက်၍သာ သူတို့ နှစ်ယောက်စလုံး ဆက်လက်ရှင်သန်ခွင့် ရခဲ့ကြသည် မဟုတ်ပါလား။ သို့မဟုတ်ပါလျှင် သူတို့ဆရာတပည့်နှစ်ယောက် မြေအောက်လှိုဏ်ခေါင်း ထဲဝယ် လူမသိ၊သူမသိနှင့် သေဆုံးသွားကြမည်မှာ မြေကြီးလက်ခတ် မလွဲပါတည်း။

ယခုတော့ ရေနံတောင်ရှိ ကုလားအလုပ်သမားများနှင့် ရေနံ လုပ်သားအားလုံးအား သူ၏မျက်နှာဖြူမန်နေဂျာနှစ်ယောက် ရေနံတောင် မှ ပြည်မသို့ ပြန်လည်ထွက်ခွာသွားကြသည်ဟု လုပ်ကြံသတင်းဖြန့်လိုက် ခြင်းဖြင့် မစ္စတာစမစ်တို့၏ကိစ္စ နိဂုံးချုပ်သွားခဲ့ပြီမဟုတ်ပါလား။ မောရိယ သချိုင်းထဲရှိ အုတ်ဂူပျက်မှ လျှို့ဝှက်တံခါးကြီးကိုလည်း တတ်နိုင်သမျှ ခြေရာဖျောက်ထားကြပါ၏။ သူ၏စာကြည့်ခန်းနှင့် ဆက်နွှယ်လျက်ရှိသော မြေအောက်လှိုဏ်ခေါင်းထဲမှ ရတနာပစ္စည်းများကိုလည်း ထိုနေရာမှာပင်



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံစွာသိမ်းဆည်းထားလိုက်သည်။ ထိုနောက်မှာတော့ မုန်တိုင်းဒဏ်ကြောင့် အနည်းငယ်ပျက်စီးယိုယွင်းသွားသည့် သူ၏ဘိုတဲကြီးကိုလည်း ပြုပြင်သည်၏ ပြုပြင်တည်ဆောက်ရင်း ရေနံတောင်မှာပင် အခြေမပျက် ဆက်လက်နေထိုင်သွားကြပါတော့သည်။

သူ၏လှုပ်ငန်းတော် ကျော်ဇံမြို့ကိုလည်း ဘဏ္ဍာစိုးအဖြစ် တစ်ဆင့် တိုး၍ခန့်အပ်ကာ ရေနံတောင်၏ ဒေသခံရွာသူရွာသားများနှင့် ပိုမိုရင်းနှီးအောင် ပေါင်းသင်းဆက်ဆံသည်။ ဂါမပညတ်ဖြစ်သော ရေနံတောင်၏ ဒုရေး သုရေးတို့၌လည်း ရွာခံအိမ်ထောင်စုများကဲ့သို့ပင် ကူညီပေးသည်။

ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများကိုလည်း မီးထွန်းရေနံဆီ လှူဒါန်းသည်။ ရေနံတောင်ဒေသ၏ အလှူညီကျွေးမွေးစားစရိတ်ကိုလည်း ပေးသည်။ သူတို့ဘိုတဲကြီးမှ ခွမ်းမပို့သော်လည်း လစဉ်ခွမ်းစရိတ်ပေးသည်။ ဂါမပညတ်ချက်မှန်သမျှ ရခိုင်ဗုဒ္ဓဘာသာများနည်းတူ ကူညီပေးသည်။ ထို့ကြောင့် မစ္စတာဂျေဗွီဆင်း၏ ရေနံမြေတွင်လည်း . . . ယခင်က ကုလားအလုပ်သမားထက် ရခိုင်အလုပ်သမားများသာ တဖြည်းဖြည်းနှင့် ပိုမိုများပြားလာခဲ့ပါတော့သည်။





အခန်း(၁၆)

## " မစ္စတာဂျေဗွီဆင်း၏ နောက်ဆုံးနေ့ရက်များ "

အချိန်က ၁၉၃၉ ခုနှစ် . . . နှစ်ဦးပိုင်းလောက်ခေါ်ကဖြစ်သည်။ ဥရောပတိုက်တွင် စစ်ရိပ်စစ်ငွေ့များ ဖုံးလွှမ်းလျက်ရှိသော အချိန်ကာလ ကမ္ဘာကြီးတစ်ခုလုံးရှိ နယ်မြေမြောက်များစွာကို အင်္ဂလိပ်များက ပိုင်ဆိုင်အုပ်စိုးနေသည့် အချိန်ကာလလည်းဖြစ်ပါ၏။ အင်္ဂလိပ်များ၏ စစ်အာဏာ ထက်မြက်၍ တန်ခိုးထွားနေချိန်ဖြစ်သဖြင့် အင်္ဂလိပ်တို့ စစ်ရေးနှင့်တော်သက်၍ ကြွားလုံးဟိတ်လုံးထုတ်နိုင်သော အချိန်လည်းဖြစ်နေခဲ့သည်။

အင်္ဂလိပ်တို့၏ အပြောအရဆိုလျှင် (The Sun Never Set in Britesh Empire) အင်္ဂလိပ်တွေအုပ်စိုးနေသည့် အင်္ဂလိပ်လက်အောက်ခံနိုင်ငံတွေမှာ ဘယ်တော့မှနေမဝင်ဘူးဟု ၍ ဖြစ်သည်။

ထိုကဲ့သို့သောအချိန်တွင် ဥရောပတိုက် ရှိ ဂျာမဏီနိုင်ငံသည်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးများနှင့် အင်အားတောင့်တင်းခိုင်မာနေချိန်ဖြစ်သည်။ ထို့ကြောင့်လည်း ပြင်သစ်၊ အင်္ဂလန်၊ ရုရှား စသည့်နိုင်ငံကြီးများကပင် ဂျာမနီနိုင်ငံ၏ စစ်အင်အားကို စိုးရွံ့ကြောက်လန့်နေရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ဂျာမနီနိုင်ငံကလည်း လွန်စွာတန်ခိုးထွားကာ ကြွားလုံးထုတ်နေသည့် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများနည်းတူ ဥရောပတိုက်ရှိ ဂျာမနီနိုင်ငံ၏ ပတ်ဝန်းကျင်တွင်ရှိသော အင်အားငယ်နိုင်ငံလေးများကို အတင်းအဓမ္မဝင်ရောက်၍ သိမ်းပိုက်ရန် ဟန်တပြင်ပြင်ရှိနေပါလေ၏။

မြန်မာနိုင်ငံရှိ အင်္ဂလိပ်တို့ကလည်း ထိုကဲ့သို့သောစစ်မီးလျှံကြီးကို ရိပ်စားမိသည့်ထင် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက် စစ်တပ်ကို အဆင်သင့်ကပ်လုပ်၍ထားရှိသည်။ ထိုအချိန်တွင် ရန်ကုန်ရှိ မစ္စတာဂျော့ဆင်းကလည်း သူ၏မိသားစုအား မိခင်နိုင်ငံသို့ ပြန်လည်၍ ပို့ဆောင်ခဲ့သည်။ သူကိုယ်တိုင်ကမူ ရန်ကုန်တွင် ခိုအောင်း၍ နေထိုင်ရင်း စစ်ရိပ်စစ်ငွေ့ကို စောင့်ကြည့်လျက်ရှိသည်။

ဤသို့ဖြင့် ၁၉၃၉-ခု စက်တင်ဘာလဆန်းတွင် ဂျာမနီသည် စစ်အင်အားအလုံးအရင်းနှင့် ပိုလန်နိုင်ငံအား အတင်းအဓမ္မ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ထိုသည်ကိုအကြောင်းပြု၍ အင်္ဂလိပ်နှင့် ပြင်သစ်တို့က စစ်ကြေငြာကာ ပိုလန်နိုင်ငံဘက်မှနေ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ ဒုတိယကမ္ဘာစစ်မီးကြီး စတင်၍လောင်ကျွမ်းခဲ့ပါလေတော့သည်။ ထို့ကြောင့် အင်္ဂလိပ်လက်အောက်ခံ နိုင်ငံများဖြစ်ကြသော အိန္ဒိယ





နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာလည်း ဒုတိယကမ္ဘာစစ်ကြီး၏ အရှိန်အဟုန်က်ကွင်းထဲသို့ အလိုအလျောက် ပါဝင်သွားခဲ့ပါတော့သည်။

အခြေအနေကို စောင့်ကြည့်နေသည့် . . . မစ္စတာဂျော့ဆင်းမှာ ငြိမ်မသက်ဖြစ်လာသည့် မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေကို ရိပ်စားမိက်သဖြင့် ရန်ကုန်မှထွက်ခွာ၍ အန္တိယသို့ပြေးရန် စီစဉ်ပါလေ၏။ ထို့ကြောင့် သူ၏လူယုံတော် ဘဏ္ဍာထိန်း ဦးကျော်ဖုံမြူကို ခေါ်ယူတိုင်ပင်ခဲ့သည်။

“ ဒီမှာ ကျော်ဖုံမြူ ကျုပ်ပြောတာကို သေသေချာချာ နားထောင် . . . ဒီနေ့မနက်အာရုံတက်တာနဲ့ ကျုပ်ဒီရန်ကုန်ကနေ ခွာမယ်။ ဒါ ကျန်တဲ့ရန်တွင်းကီစ္စတွေကို ကျော်ဖုံမြူကိုယ်တိုင် ကြီးကြပ်ပြီး ထားရစ်ပါ၊ မကြာခင် ဂျပန်တွေ မြန်မာပြည်ထဲကို ဝင်လာကြတော့ယ်၊ ဒီတော့ ဒီနေ့ည မြေအောက်လှိုဏ်ခေါင်းထဲကိုဆင်းပြီး ရတနာတ္တာထဲက ရတနာပစ္စည်းတွေကိုယူကြမယ်၊ ကျော်ဖုံမြူကဲ့ သုံးပုံတစ်ပုံမယ်။ ရန်တွင်းတွေကိုလည်းပေးခဲ့မယ်။ နောင်တစ်ချိန်ကျိန် ကျုပ်ပြန်တဲ့အခါအထိ ထိန်းသိမ်းထားပေးပါ ”

“ စိတ်ချပါ သခင်ကြီး၊ သခင်ကြီးဆန္ဒရှိသလို ကျုပ် အတတ်း ဆောင်ရွက်ပေးပါ့မယ် ”

ဤသို့ဖြင့် ကျောပိုးအိတ်ကိုယ်စီ၊ မီးတိုင်ကိုယ်စီ ထွန်းညှိကာကြည့်ခန်း လှို့ဝှက်တံခါးမှတစ်ဆင့် မြေအောက်လှိုဏ်ခေါင်းထဲသို့တဆိတ် ဆင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဝိုး . . . ဝိုး . . . ဖလပ် . . . ဖလပ် "

မီးရောင်ကို မြင်လိုက်ရသဖြင့် မြေအောက်လှိုဏ်ခေါင်းအတွင်း ဝယ် နိုကပ်နေကြသော လင်းနို့၊ လင်းဆွဲကြီးများက တဖျတ်ဖျတ်နှင့် ပြေးထွက်ပျံသန်းနေကြသည်။ ကျော်ဇံဖြူမှာ မီးတုတ်ကိုမြှောက်၍ လှေကားများကို မြင်သာအောင်ပြကာ မစ္စတာဂျေမ္ဗီဆင်းကို ဂရုတစိုက် ဆင်းစေသည်။

" ရတယ် ကျော်ဇံဖြူ . . . မင်းသာရှေ့ကို ဂရုစိုက်ကြည့်ပြီး ဆင်း၊ ခြေချော်ကျသွားမှ ဒုက္ခရောက်နေဦးမယ် "

မြေအောက်လမ်းတစ်လျှောက် မီးရောင်များက လင်းလက်နေ ပါ၏။ ကျော်ဇံဖြူတို့၏ မီးတိုင်မီးအလင်းရောင်၊ ကျောက်ဂူနံရံမှ မီးစုန်း များ၏ အလင်းရောင်တို့ကြောင့် မြေအောက်လှိုဏ်ဂူကြီးထဲတွင် ထိန်ထိန် လင်းလျက်ရှိသည်။ မည်သည့်ခေတ်ကာလက မည်သူက ပြုပြင်ဖောက် လုပ်ထားသည်မသိသော မြေအောက်ဥမင်လမ်းကြောင်းသည်။ မောရိယ သချိုင်းမှ အုတ်ဂူပျက်တစ်လုံးနှင့် မည်ကဲ့သို့ဆက်သွယ်နေပါသနည်း။ ထိုဥမင်လမ်းကြောင်းသည်လည်း အဘယ့်ကြောင့် မစ္စတာဂျေမ္ဗီဆင်း၏ စာကြည့်ခန်းနှင့် ဆက်သွယ်နေရပါသနည်း။ ဤအချက်အလက်များသည် တိုက်ဆိုင်မှုသော့ ဖြစ်နိုင်မည်မထင်။ တစ်စုံတစ်ခုသော အကြောင်းဆက် တစ်ခုကြောင့်သာ ဝေးကွာလှသော မောရိယသချိုင်းပျက်ကြီးဆီမှ ကုန်းမြင့်ထိပ်ရှိ ဘိုတဲကြီးနှင့်ဆက်စပ်နေသည်မှာ မသင်္ကာဖွယ်ရာ သံသယ များနှင့် ပြည့်နှက်နေပါချေပြီကော။

**သူရဲကောင်းစာစဉ်တိုက်**



သို့သော် . . . ထိုအချက်ကို မစ္စတာဂျေမ္ဗီဆင်း မတွေးတော့ လောလောဆယ် မြေအောက်ခန်းကြီးထဲရှိ ရတနာသေတ္တာကြီးများထဲမှ ရတနာများကို သယ်ယူနိုင်ရေးကိုသာ ကြိုးစားနေမိသည်။

"ဟိုနှစ်ယောက်ကို သေသေချာချာမြေမြှုပ်ခဲ့ရဲ့လား ကျော်ဇံဖြူ"

" စိတ်ချပါ သခင်ကြီး . . . ကျုပ်ကိုယ်တိုင် ကျင်းနက်နက်တူး ပြီး အခန်းထောင့်မှာ မြေမြှုပ်ပစ်ခဲ့တာပါ . . . "

လွန်ခဲ့သော ခြောက်လခန့်က ရတနာသေတ္တာကိစ္စနှင့်ပတ်သက် ၍ စိတ်ဝမ်းကွဲခဲ့ကြသည့် သူ၏ မန်နေဂျာနှစ်ယောက်ဖြစ်သော မစ္စတာ စမစ်နှင့်၊ မစ္စတာတိုနီတို့၏ အလောင်းများကို ပြောဆိုနေခြင်းဖြစ်ပါ၏။

" ဘာပဲဖြစ်ဖြစ် ကျုပ် . . . ကျော်ဇံဖြူကိုသဘောကျတယ်၊ လောဘကို မျိုသိပ်နိုင်စွမ်းရှိတယ်၊ သစ္စာရှိတယ်၊ ရိုးသားတယ်၊ ကိုယ်ရဲ့ ဘာသာခေါင်းစဉ်ကိုလည်း ယုံကြည်ကိုးကွယ်တယ်၊ အဲဒီလို လူမျိုးခြား ဘာသာတစ်ယောက်ကတောင် ရတနာသေတ္တာကြီးကို တွေ့တာတောင် တော်မလှုပ်နဲ့ ငြိမ်ငြိမ်သက်သက်ရှိနေသေးတာ . . . ကျုပ်နဲ့လူမျိုးတူ ဘာသာတူ လက်ရုံးနှစ်ယောက်ဟာ ကျော်ဇံဖြူလောက်တောင်မှ မစောင့် စည်းနိုင်တာကိုတွေးပြီး ဝမ်းနည်းမိတာပါ "

မစ္စတာဂျေမ္ဗီဆင်းမှာ နိုင်ငံကြီးသား လွန်စွာဝါသသူတစ်ယောက် ဖြစ် သူ၏လူမျိုး မစ္စတာစမစ်နှင့် မစ္စတာတိုနီတို့၏အကြောင်းကို အမှား အမှန် ခွဲခြားသုံးသပ်၍ မြင်နိုင်စွမ်းရှိခဲ့သည်။ ထိုလုပ်ရပ်ကြောင့် ကျော်ဇံဖြူ အား အပြစ်မယူသည့်အပြင် သစ္စာရှိခြင်းကို ဂုဏ်ပြုသည့်အနေဖြင့်

**သူရဲကောင်းစာစဉ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြားတစ်ဦးကို . . . လူယုံတော် ဘဏ္ဍာထိမ်းအဖြစ် တစ်ဆင့်တိုး ကာပင် ခန့်အပ်ခဲ့သည် မဟုတ်ပါလား။

ထိုသည်မှာ မစ္စတာဂျေမ္ဗီဆင်း၏ ထူးခြားမှုတစ်ခုပင်၊ ကိုယ်နှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် လူမျိုးခြား ဘာသာခြားတစ်ဦး၏ အရည် အသွေးကို အဆင့်ဆင့်စမ်းသပ်စစ်ဆေးကာ လူယုံမန်နေဂျာအဖြ ခန့်အပ်ခဲ့ရာမှ နောက်ဆုံး လူယုံဘဏ္ဍာစိုးမန်နေဂျာအဖြစ် ခန့်အပ်ခဲ့ခြ ပင်ဖြစ်သည်။ ကျော်ဖုံဖြူကိုယ်တိုင်ကလည်း သူ၏ရိုးသားမှု၊ သစ္စာရှိ ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ သီလ၊ သမာဓိ၊ ဂုဏ်သိက္ခာ စသည်တို့ အောချယူနိုင်လောက်အောင် အနေအထိုင်အပြောအဆို တည်တံ့လှသဖြ ယခုကဲ့သို့ ကိုင်းတစ်ပါးလူမျိုးခြားအရာရှိတစ်ယောက်၏ ယုံကြည်ကိုး မှုကို ခံစားရသည်မဟုတ်ပါလား။

ယခုလည်း မည်သည့်လက်နက်မှ ကိုင်ဆောင်ခြင်းမရှိဘဲ သူ လက်နက်ဝတ်စုတည်းကိုသာ ယုံကြည်စွာကိုင်ဆွဲ၍ ဝင်ရောက်လာခဲ့ သော ကျော်ဖုံဖြူနှင့် မစ္စတာဂျေမ္ဗီဆင်းတို့မှာ ရတနာသေတ္တာရှိရာ မီးတုတ်ကိုယ်စီနှင့် တိုးဝင်လာနေကြပါတော့သည်။

မကြာမီ . . . အရိုးစုများနှင့်ဝိုင်းရံထားသည့် ရတနာသေတ္တာ ကြီးကို ပုံစံပျက်တွေ့မြင်လိုက်ရပါတော့သည်။ ကျော်ဖုံဖြူက သည်ထ ကြိမ်တော့ ဒေါသမကြီးတော့၊ ရတနာသေတ္တာရှိရာသို့မသွားမီ ဝန်းကျ တစ်ခုလုံး စေ့စပ်သေချာစွာ ကြည့်ရှုစစ်ဆေးလိုက်သည်။ မသင်္ကာဖွယ် ဟူ၍ ဘာမျှမရှိ၊ ပြည့်လျှံကျနေသော ရတနာပစ္စည်းများ ဖိတ်တစ်





ဝင်တစ်ချို့နှင့်။

မြေပေါ်တွင်ပြန့်ကျဲနေသည့် ရနာပစ္စည်းများထဲမှ ပတ္တမြား သည်ဆွဲတစ်ခုကို မစ္စတာဂျေမ္ဗီဆင်းက ကောက်ယူကြည့်နေပါ၏။ စ်ယောက်သား ရတနာသေတ္တာနှင့်ပတ်သက်၍ အန္တရာယ်ရှိနိုင်မည် မှန်သမျှအား ဂရုတစိုက်နှင့် လေ့လာအကဲခတ်နေကြသည်။ ရတနာ သေတ္တာကြီးထဲမှ ရတနာပစ္စည်းများကို သူတို့ယူလာကြသည့် စ်လွယ်အိတ်ကြီးနှစ်ခုထဲသို့ ပြောင်းရွှေ့ထည့်ရန် စီစဉ်နေကြသည်။

“ သတိထား . . . သခင်ကြီး ဒီရတနာသေတ္တာကြီးပွင့်နေတာ နယ်၊ ဟောဒီက အရိုးစုတွေရယ်ကိုကြည့်ရတာ မသင်္ကာစရာဖြစ်နေတယ်၊ ကြောင့် ဒီရတနာသေတ္တာကြီးပွင့်နေရသလဲဆိုတာ အင်္ဂါသော့ချက် . . . သခင်ကြီး ”

“ အင်း . . . မင်းပြောတဲ့အချက်တွေက ဟုတ်စရာပဲ ကျော်ဖုံဖြူ . . . ဒါပေမဲ့ ကျုပ်မှာ အချိန်မရှိတော့ဘူးလေ ကနေ့မနက် ရုံးတက်မှာပဲ ခရီးထွက်ရတော့မယ့်ဥစ္စာ . . . ကဲ ရွှေးမနေတော့ပါဘူး ဒီ အိတ်နှစ်အိတ်ထဲကို ဆန့်သလောက်သာထည့်ကြစို့ ”

မစ္စတာဂျေမ္ဗီဆင်းက စစ်လွယ်အိတ်ကြီးနှစ်အိတ်ကို ရတနာ သေတ္တာအနီးတွင်ချကာ ရတနာများကို ကျုံး၍ထည့်ရန် ဟန်ပြင်လိုက် သည်။ ထိုစဉ်မှာပင် မစ္စတာဂျေမ္ဗီဆင်း၏ ခြေထောက်က ရတနာသေတ္တာ ခင့်စွန်းမှ ဘုဝိုင်းလေးကို အမှတ်မထင်ထိမိလိုက်သည်နှင့် . . .

“ ဝေါ . . . ဝေါ . . . ဝုန်း ”



www.burmeseclassic.com

www.burmeseclassic.com



" OH . . . GOD . . . ဘုရားသခင် . . . အ "

ရတနာသေတ္တာကြီးမှာ တဝေါဝေါအသံများဖြင့် အော်မြည်ရင်း ရုတ်တရက် သွက်သွက်ခါအောင်လှုပ်ရမ်းရင်း အောက်ဘက်သို့ နိမ့်ဆင်းသွားကာ ဝေါခနဲမြေအောက်ထဲသို့ ကျသွားပါလေ၏။

" ဟာ . . . သ . . . သ . . . သခင်ကြီး "

မစ္စတာဂျေမ္စ်ဆင်းမှာ ရတနာသေတ္တာကြီးနှင့်အတူ မြေအောက်ထဲသို့ ဝေါခနဲပြုတ်ကျသွားသဖြင့် . . . ကျော်ဇံဖြူ ကပျာကရာဆွဲလိုက်ပါသော်လည်း မမီလိုက်ပါလေတော့ . . .။

" အိုး . . . ရတနာသေတ္တာကြီး အောက်ထဲကို ကျွံကျသွားပြီ ဘုရား . . . ဘုရား "

တစ်ခဏအတွင်းမှာပင် တဝေါဝေါနှင့်ပြိုဆင်းကျသွားသော မြေကြီးများနှင့် ကျောက်တုံးကျောက်ခဲများက ရတနာသေတ္တာကြီးနှင့် မစ္စတာဂျေမ္စ်ဆင်းတို့အား ဖုံးလွှမ်းသွားပါလေတော့သည်။ အပေါ်ယံ မြေကြီးမှာလည်း တသိမ့်သိမ့်တုန်ခါလာပြီး ကျော်ဇံဖြူပင် နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်ရသည်။

" ဝေါ . . . ဝေါ . . . ဝေါ "

" ဖရော . . . ဖျော . . . ဝုန်း "

အောက်သို့ပြုတ်ကျသွားသည့် ဂျေမ္စ်ဆင်းသည်လည်း မြေကြီး ပြိုကျဖုံးအုပ်သွားသည့်အတွက် အရှင်လတ်လတ်မြေမြှုပ်ခံရသကဲ့သို့ ဖြစ်သွားပါတော့သည်။ သို့သော် . . . တဝေါဝေါနှင့် မြည်သံကြီးက





ရပ်တန့်မသွားသည့်အပြင် မြေအောက်လှိုဏ်ခေါင်းကြီးတစ်ခုလုံး သိမ့်သိမ့်ခါရမ်းနေသဖြင့် ဆက်လက်၍မနေရဲတော့ဘဲ ကျော်ဇံဖြူမှာ . . . လာရာ လမ်းအတိုင်း ထွက်ပြေးလာခဲ့ပါလေ၏။

" ဟီး . . . ဟီး ဟေး . . . ဟေး . . . ဟား . . . ဟား"

" ဟေး . . . မပြေးနဲ့ . . . ရပ် . . . ရပ် . . . ဟေး"

" ဟေး . . . ဟူး . . . ဒီတစ်ခါ နင့်အလှည့်ပဲ ကျော်ဇံဖြူရေ ဟေး . . . ဟေး "

ကျော်ဇံဖြူမှာ တဝေါဝေါနှင့်အော်မြည်သံများကြားမှ သူ့နာမည်ကို အော်ဟစ်ကာ ပြေးလွှားလိုက်လာကြသည့် အရိပ်မည်းကြီးများကို ထိတ်လန့်စွာကြည့်ရင်း လှေကားထစ်များကို ခုန်ပျံကျော်နင်းကာ ပြေးထွက်လာခဲ့သည်။

သူ၏စိတ်အာရုံထဲတွင် သူကိုယ်တိုင်သတ်ဖြတ်မိခဲ့သော မစ္စတာ မော်၏ ကြောက်မက်ဖွယ်ရာ သွေးစွန်းမျက်နှာကြီးနှင့် မစ္စတာတိုနီတို့၏ သွေးစွန်းမျက်နှာနှင့် မစ္စတာတိုနီတို့၏ ချောက်ချားဖွယ်ရာမျက်နှာကြီးများကို မြင်တွေ့သလိုလို . . .၊ သူ့အားရှည်လျားသော လက်တံရှည်ကြီးများ၊ သွေးစွန်းနေသော လက်သည်းချွန်ကြီးများဖြင့် ဆန့်တန်းကုတ်ခြစ်ကာ အသံနက်ကြီးများဖြင့် အော်ဟစ်ရင်း ထပ်ချပ်မကွာလိုက်လာသည့် အရိပ်မည်းတစ္ဆေကောင်ကြီးများလက်မှ လွတ်မြောက်အောင်ပြေးလွှားရင်း ထွက်ပေါက်အနီးဝယ် ဝုန်းခနဲပြိုလဲကျသွားပြီးနောက် သတိလစ်မေ့မျောသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

## " မော်ရိယဝိညာဉ်တစ္ဆေလော . . . လူမလေးလော "

ဘူမိဗေဒအရာရှိမင်းမောင် ဖတ်ရှုနေသည့် နေ့စဉ်မှတ်တမ်းဖိုင်ကို ပိတ်လိုက်သည်။ ဤနေ့စဉ်မှတ်တမ်းသည် မစ္စတာဂျေဗွီဆင်းကိုယ်တိုင် ရေးသားခဲ့သော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ကို မင်းမောင်ရှာဖွေတွေ့ရှိသည်မှာ မကြာလှသေးပါ။ ပြီးခဲ့သောအပတ်က စာကြည့်ခန်းထဲတွင် လက်ကျန်စာအုပ်များကို လှန်လှောကြည့်ရင်း အမှတ်မထင်ဘီရိုနောက်မှ အံဝှတ်တစ်ခုကို မင်းမောင်တွေ့ရှိလိုက်ရသည်။

အံဝှတ်ကိုဖွင့်ကြည့်လိုက်တော့ . . . အနီရောင် ကတ်တူဖုံးနှင့်လက်တစ်ဝါးသာ စာအုပ်တစ်အုပ်ကို တွေ့ရပါ၏။ စာအုပ်ကိုလှန်လှော၍ကြည့်လိုက်တော့မှ အင်္ဂလိပ်စာများနှင့်ရေးသားထားသည့် မစ္စတာဂျေဗွီဆင်း၏ နေ့စဉ်မှတ်တမ်းစာအုပ်ဖြစ်နေသည်ကို သိလိုက်ရသည်။ ဤသို့ဖြင့်





မစ္စတာဂျေဗွီဆင်း၏မှတ်တမ်း၊ သူ၏အတွေ့အကြုံများကို အကြမ်းဖျင်းဒိုင်ယာရီသဖွယ် ရေးမှတ်ထားသည့်စာအုပ်ကို မင်းမောင်ယူဆောင်လာပြီး စိတ်ဝင်တစားဖြင့် ဖတ်ရှုနေခြင်းဖြစ်သည်။

မှတ်တမ်းက . . . မစ္စတာဂျေဗွီဆင်းတစ်ယောက် မြေအောက်လှိုဏ်ခေါင်းထဲတွင် မြေပြို၍သေဆုံးခဲ့ပြီးနောက်ပိုင်း လူယုံတော် ဘဏ္ဍာစိုးကြီး ကျော်ဖုံမြို့ ဆက်လက်၍ရေးသားထားခဲ့ခြင်းဖြစ်သည်။ ထိုမှတ်တမ်းတွင် မစ္စတာဂျေဗွီဆင်းသေဆုံးခဲ့ပြီး ကျော်ဖုံမြို့ထွက်ပြေးကာ သတင်းစာမဲ့ပျောက်သွားခဲ့သည်အထိသာ ရေးသားထားခဲ့သည်။ နောက်ပိုင်းမှတ်တမ်းထဲတွင် ဘာမျှမရေးထားခဲ့ပါလေတော့ . . . ။

ထို့ကြောင့် . . . တစ်ခြားမှတ်တမ်းတစ်ခုနှင့် ဆက်နွယ်ကြည့်လိုက်မိသည်။ တစ်ခြားမှတ်တမ်းထဲတွင် လူယုံဘဏ္ဍာစိုးကြီး ဦးကျော်ဖုံမြို့တစ်ယောက် လူကြီးရောဂါနှင့် အိမ်ရာထဲတွင်လဲသည့်အချိန်နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရသည်။

" အင်း . . . ဒီလိုဆိုရင် ကျော်ဖုံမြို့ဟာ . . . ဒီမှတ်တမ်းကိုဘယ်သူမှမသိအောင် ဘီရိုနောက်ကအံဝှက်ထဲမှာ ဝှတ်ထားခဲ့တာဖြစ်ရမယ် . . . ဒါဆိုရင် မြေအောက်ခန်းထဲမှာ ရတနာသိုက်ကြီးက ရှိနေဦးမယ်ထင်တယ်၊ ခက်တာက . . . စာကြည့်ခန်းထဲမှာက စာအုပ်ဘီရိုတွေကအများကြီးပဲ။ ဘယ်ဘီရိုနောက်မှာ လျှို့ဝှက်တံခါးရှိနိုင်မလဲဆိုတာစိတ်ရှည်ရှည်နဲ့ ရှာဖွေမှဖြစ်မယ် . . . ဟူး "

ရေနံတောင်၏ လပြည့်ညက ဆီးနှင်းမြူမှုန်များအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ဝင်နေပါ၏။ ထုံးစံအတိုင်း ဘုရားပွဲထက်ရှိ လက်ခွဲမှန်အိမ်အနီးမှာတော့ ပိုးဖလံကောင်လေးများက တောင်ပံခတ်သံ တစ်ဖျတ်ဖျတ်နှင့် မီးရောင်ကို တိုးဝှေ့ပျံသန်းနေကြသည်။

တစ်ချက် . . . တစ်ချက် မင်းပုန်းတောင်ဘက်ဆီမှ လေတိုက်ခတ်သံလား။ အော်ဟစ်ညီးတွားသံလေလား မသိသော အသံဗလံများကိုသာ တဟီးဟီးတရှဲရှဲနှင့် မပီမသ ပိုးတဝါးကြားနေရပါ၏။ သစ်ရိုင်းဝါးရိုင်းများဖြင့် ထူထပ်စွာပေါက်ရောက်နေသော မင်းပုန်းတောင်နှင့် ရေနံတောင်တို့က လပြည့်ည၏ ညဥ့်ကောင်းကင်ကို ထိုးဖေါက်လျက် လွင့်မျောနေသည်သို့ . . . ၊

ထိုမှတစ်ဆင့် . . . အနိမ့်အမြင့် အမို့အမောက်များနှင့် မှိုင်းညို့ ညို့ ရစ်သွယ်တန်းလျက်ရှိသော တောင်စဉ်တောင်တန်းကြီးများက ရေနံ တောင်နှင့်အကြားတွင် သဘာဝတံတိုင်းကြီးများသဖွယ် စည်းခြားကာရံ ထားသဖြင့် ရေနံတောင်နှင့်မင်းပုန်းတောင်တို့ကို နယ်မြေပိုင်းခြား သတ်မှတ်ထားသည်သို့ . . . ။

ဂရုံဘက်ဆီမှ ဝှေ့ဝဲတိုင်ခတ်လာသည့် လပြည့်ညနှင်းငွေ့ လေပြေကြောင့် အေးစိမ့်စိမ့်ဖြစ်လာသဖြင့် မင်းမောင် . . . အင်္ကျီ လည်ပင်းဝါတိုင် ဆွဲစေ့လိုက်သည်။ ထိုစဉ်မှာ စားပွဲထက်ရှိ မှိန်မှိန်ရေ မျော မှန်မီးအိမ်သည် ရေနံဆီကုန်သွား၍လော . . . လေတိုး၍လော ဟုတ်ခနဲ ငြိမ်းသေသွားပါ၏။

"ဟော . . . ဘယ်လိုဖြစ်တာလဲ ရေနံဆီများကုန်သွားလို့လား





ပြီးခဲ့သည့် လပြည့်ညကလည်း ယခုကဲ့သို့ပင် မီးငြိမ်းသေသွားခဲ့ပြီး မကြာမီ စာကြည့်ခန်းဘက်ဆီမှ လမ်းလျှောက်သံလိုလို၊ ငြီးတွားသံ လိုလို ကြားခဲ့ရသေးသည်ကို အမှတ်ရလာမိသည်။

" အင်း . . . ဒီညမှာလည်း တိုက်တိုက်ဆိုင်ဆိုင် မီးငြိမ်းသွားပြန်ပြီ . . . ဘာတွေဖြစ်လာဦးမလဲ မသိဘူး "

သည်တစ်ကြိမ်မှာတော့ စားပွဲအနီးတွင်ရှိနေသည်မို့ မင်းမောင်းက မီးခြစ်ကိုလှမ်းယူလိုက်ပြီး မှန်အိမ်မီးကို ထွန်းညှိရန်ပြင်လိုက်စဉ်မှာပင်

" ခွီး . . . ခွီး . . . ဝုန်း "

" ဟာ "

မည်သည့်နေရာက ရောက်လာသည်မသိသော ကြောင်နက်တစ်ကောင်က ဘီရိုပေါ်မှ ခွီးခနဲအော်မြည်ကာ . . . မင်းမောင်ပေါ်သို့ ဝှားခနဲခုန်ချလိုက်သည်။ ထို့ကြောင့် မင်းမောင်လန့်ဖျန့်ကာ တိမ်းရှောင်လိုက်ရင်း မှန်အိမ်ကိုတိုက်မိကာ စားပွဲထက်မှ လွင့်စင်ကျသွားပါချေ၏။

" ချွမ် . . . ထောက် "

" ဟာ . . . ဘယ်ကကြောင်က ရောက်လာရတာလဲကွာ . . . တောက် "

မင်းမောင် စားပွဲစွန်းတွင်လက်ကိုထောက်၍ ခန္ဓာကိုယ်ကိုထိန်းရင်း မီးအိမ်ကိုကောက်ယူရန် လက်ကိုလှမ်းလိုက်စဉ် . . .

" ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် . . . ဖလပ် "

" ဟော "



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ထိုင်နေသည့် ညာဘက်ခြမ်းရှိ စာကြည့်ခန်းဘက်ဆီမှ ခြေသံလိုလို ရုတ်တရက်ကြားလိုက်ရသဖြင့် ထိတ်ခနဲ ရင်ခုန်သွားပါ၏။

" ဟင် . . . ဘာသံလဲ ဟော . . . ဟော . . . စာကြည့်ခန်းဘက်ဆီက ကြားရတဲ့အသံပဲ "

ဇာပွဲစွန်းတွင် မှေးကာရပ်နေရင်း ဝိုးတဝါးအမှောင်ရိပ်ထဲမှာပင် မင်းမောင် ငြိမ်သွားနားစွင့်နေပါ၏။ ဟုတ်သည် . . . ယခင်တစ်ခါ လပြည့်ညက ကြားခဲ့ရသည့်ခြေသံမျိုးကို ယခုပြန်၍ကြားနေရခြင်းဖြစ်သည်။ ဖွဖွညင်ညင်နှင့် တိတ်တဆိတ်လျှောက်လှမ်းလာသည့် ခြေသံသဲ့သဲ့က တိတ်ဆိတ်ငြိမ်သက်နေသော ညသန်းခေါင်ယံတွင် ကြားနေရသည် မဟုတ်ပါလား . . . ။

" အင်း . . . သေချာပြီ ဒါ . . . ဒါ တစ္ဆေခြောက်တာတော့ မဖြစ်နိုင်ဘူး လူတစ်ယောက်ရဲ့ခြေသံအစစ်ပဲ၊ ငါ . . . ငါ ဘာလုပ်ရရင် ကောင်းမလဲ "

အတွေးဝက်ပါထဲဝယ် မင်းမောင်တစ်ယောက် အဖြေရှာမရနိုင်ဘဲ တစ်ယောက်တည်း မေးခွန်းထုတ်နေမိသည်။ မှန်အိမ်မီးငြိမ်းသွားခြင်း၊ လက်နှိပ်ဓာတ်မီး အလွယ်တကူမရှိခြင်းတို့ကြောင့်လည်း မင်းမောင် သေးကျုပ်နံကျုပ်ဖြစ်နေပါ၏။ ထိုစဉ် . . .

" ရှပ် . . . ရှပ် . . . ဖလပ် . . . ရှပ် . . . ရှပ် "

ဟုတ်သည် . . . စာကြည့်ခန်းဘက်ဆီမှ တရှပ်ရှပ်နှင့်ကြားနေရသောခြေသံသည် တစ်ကယ့်ခြေသံအစစ်ဖြစ်ပါ၏။ အဘယ့်ကြောင့်





ဆိုသော် ခြေနင်းမှုကြောင့် လှုပ်ခါသွားသည့် ကြမ်းပြင်သစ်သားများမှ တကျွိကျွိအော်မြည်သံကို ကြားလိုက်ရသည်။ အလုပ်တာဝန်မှ ပြောင်းရွှေ့သွားသော အင်္ဂလိပ်ကြီး၏ ပြောစကားအတိုင်း မာရိယမရဏာခေါင်းလောင်း တစ္ဆေပိညာဥ်များသည် လပြည့်ညသန်းခေါင်ယံရောက်တိုင်း မွှေးတူးပျော်ပါးရန် ရောက်လာကြလေပြီလား . . . ။

ဖဝေဖဝါ ဒွိဟသံသယအတွေးများဖြင့် ဝိုးတဝါးအလင်းရောင်အောက်တွင် စာကြည့်ခန်းရှိရာသို့ တရွေ့ရွေ့ဝင်လာခဲ့ပါ၏။ အသံ လုံးဝ ထွက်စေရန် သတိထားရင်း ခြေသံရှင်ပိညာဥ်တစ္ဆေကို မှန်းဆကြည့်နေသည်။

" ရှပ် . . . ဖလပ် . . . ဖလပ် . . . ရှပ် . . . ကျွီ . . . အီ "

မင်းမောင် စာကြည့်ခန်းရှေ့သို့ရောက်သည်နှင့် စာကြည့်ခန်းထဲမှ ခြေသံအချို့နှင့် တစ်စုံတစ်ရာဆွဲဖွင့်လိုက်သည့်အသံကိုပါ နီးကပ်စွာ ကြားလိုက်ရသဖြင့် ထိတ်ခနဲရင်ခုန်သွားကာ ခေါင်းနပန်းများပင်ကြီးသွားမိပါ၏။

" ကျွီ . . . ကျွီ . . . အီ . . . ကျွီ "

" ဂူး . . . အူး . . . အူး . . . ဂူး . . . အူး . . . ဂူး "

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်တွင် မောရိယသင်္ချိုင်းမျက်ကြီးဆီမှ . . . ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးက တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံလပြည့်ညကို သွေးပျက်ချောက်ချား ထိန်လှုပ်စေရန် တပ်လှန့်ပေးလိုက်သည်သို့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် . . . အမြင်မှတိုးဝင်လာသော လရောင်
လင်းနှင့် စာကြည့်ခန်းထဲမှ ဗိုးတဝါးအမှောင်ထုကြားတွင် ဖျတ်ခနဲ
လျားသွား သည့် အရိပ်သဏ္ဌာန်တစ်ခုကို မင်းမောင်တွေ့မြင်လိုက်ရသည်

" ဟော . . . "

မင်းမောင် စာကြည့်ခန်းတံခါးအကွယ်မှ ထိုအရိပ်ရှင်
သေချာစွာကြည့်လိုက်တော့ စာအုပ်ဘီရိုများကြားတွင် ဖျတ်ခနဲပျောက်
ကွယ်သွားပြန်ပါ၏။ ဤအရိပ်ရှင်သည် အင်္ဂလိပ်မျက်နှာဖြူအရာရှိဟောင်
ပြောခဲ့သည့် မောရိယခေါင်းလောင်းတစ္ဆေဝိညာဉ်လေလား . . . သို့တည်
မဟုတ် . . .။

" ရှုပ် . . . ရှုပ် . . . ဖလပ် "

ထိုအခိုက် နီးကပ်စွာကြားလိုက်ရသည့် ခြေသံနှင့်အတူ မည်
မည်းအရိပ်သဏ္ဌာန်တစ်ခုက သူ့အနီးမှဖြတ်၍ စာအုပ်ဘီရိုတစ်လုံးဆီ
ညင်သာစွာရွေ့လျားသွားသည်ကို ရုတ်တရက်တွေ့လိုက်ရသည်။

— " ဟော . . . ဟို . . . ဟိုမှာ လူ . . . လူလာ
ဝိညာဉ်တစ္ဆေ ကောင်လားမသိဘူး။ အို ရှုပ်ပါတယ် . . . ဒီတစ်
အခွင့်အရေးရရင်တော့ အရိပ်တစ္ဆေကောင်ကို ငါမိအောင်ဖမ်းမယ်

ထိုကဲ့သို့ စိတ်ကူးပေါ်လာသည်နှင့် မင်းမောင် အရိပ်ရှင်
အပိုင်ဖမ်းချုပ်နိုင်ရန် အဆင်သင့်ပြင်ကာ တံခါးအကွယ်တွင် နိုကပ်
လိုက်သည်။ မကြာမီ အရိပ်ရှင်သည် မင်းမောင်ပုန်းနေသည့် တံခါးအ
မှဖြတ်ကာ . . . စာအုပ်ဘီရိုကြီးတစ်ခုဆီသို့ ကူးပြောင်းလိုက်သည်နှ





" ဟော့ . . . မပြေးနဲ့ "

မင်းမောင် တံခါးအကွယ်မှ ရုတ်တရက်ထွက်ကာ အရိပ်ရှင်အား လှမ်းခနဲ ခုန်အုပ်ဖမ်းချုပ်လိုက်သည်နှင့် . . .

" ဝုစ် . . . ဖျတ် "

" ဟင် "

မင်းမောင် ဟာခနဲဖြစ်ကာ ထိတ်ခနဲရင်ခုန်သွားသည်။ သူ ဖမ်းဆီးချုပ်ကိုင်လိုက်မိသည်က နူးညံ့သောခြပ်ဝတ္ထုတစ်ခု၊ မယုံကြည်နိုင်ဖွယ် နူးညံ့အိစက်သော အထိအတွေ့ကြောင့် မင်းမောင် ဟာခနဲဖြစ်ကာ သတိလက်လွှတ်ဖြစ်သွားခိုက် . . .

" ဝုစ် . . . ဖတ် . . . ဖတ် . . . ဒုတ် "

" ဟာ . . . အွတ် "

မြန်လိုက်သည့်ဖြစ်ခြင်း တကန့်ဝက်မျှသာရှိမည်ထင်ပါ၏။ နူးညံ့ပျော့ပျောင်းသော ခန္ဓာကိုယ်လေးက ဖျတ်ခနဲ သူ့၏ရင်ခွင်ထဲမှ ရုန်းထွက်သွားသည်နှင့် ပြင်းထန်အားပါသော တတောင်ချက်က မင်းမောင်၏ အရိုက်သို့ထိမိသဖြင့် ရှုးခနဲ ပါးစပ်ထဲမှ လေများပင်အန်ထွက်ကာ သတိတစ်ချက်လစ်သွားသည်နှင့် . . .

" ဝုစ် . . . ဒုတ် "

" အင့် . . . ရှူး "

လျှောခနဲ မြွေတစ်ကောင်နှယ် လွတ်မြောက်သွားသည့် အရိပ်တစ္ဆေမှာ သူ့၏နောက်တက်တံခါးပေါက်မှတစ်ဆင့် လစ်ခနဲပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ အမှောင်ထုထဲတွင် ထွက်ပြေးပျောက်ကွယ်သွားပါလေ၏။

မင်းမောင်လဲကျနေရာမှ ကပျာကယာ လူးလဲထလိုက်ပြီး အရိပ်တစ္ဆေထွက်ပြေးရာ လမ်းကြောင်းအတိုင်း ပြေးလိုက်ခဲ့သည်။ သို့သော် နည့်အိစက်သော အရိပ်တစ္ဆေသည် ပျောက်ကွယ်သွားခဲ့လေပြီလား။

တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံရှာဖွေကြည့်ရှုသော်လည်း ထူးခြားသော အရိပ်ရှင်တစ္ဆေမလေးကမူ ထူးခြားစွာပင် မြေလျှိုး၍မိုးပျံသွားလေသလားမသိ၊ မည်သို့မျှ ရှာဖွေ၍မတွေ့ပါလေတော့ . . .။

" ဟူး...မလွယ်ပါလား...ဘာဝိညာဉ်တစ္ဆေမှ မဟုတ်ဘူး လူ . . . လူမှ လူမလေးအစစ် ဟင်း . . . ဟင်း ငါကိုယ်တိုင် သေသေ ချာချာဖက်တွယ်မိတာ . . . မိန်းကလေးတစ်ယောက်ပဲ "

မင်းမောင် သက်ပြင်းပူကြီးတစ်ခုကို မသက်မသာနှင့် မှုတ်ထုတ်လိုက်ရင်း ဝရံတာဘက်သို့ လျှောက်လာခဲ့သည်။ မောရိယကုန်းတစ်ဝိုက်မှာတော့ ရွှန်းမြလင်းဖြာနေသည့် လပြည့်ည၏ လရောင်အောက်တွင် ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။ စောစောပိုင်းက အရိပ်တစ္ဆေမလေးနှင့် ဝုန်းဒိုင်းကြကာ လျှပ်တစ်ပျက်ဆူညံလှုပ်ရှားသွားခဲ့သော အဖြစ်အပျက်သည် သူနှင့်မည်သို့မျှမသက်ဆိုင်သကဲ့သို့ . . .။

ယခုတော့ လပြည့်ညသည် မောရိယရင်ခွင်ထက်တွင် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိပါချေတော့သည်။ လှုပ်ရှားမှုဟူ၍ အရိပ်ရှင်တစ္ဆေမလေးနှင့် နူးညံ့သောအထိအတွေ့ကြောင့် ထူးဆန်းစွာ ရင်ခုန်လှုပ်ခတ်နေသည့် မင်းမောင်၏ရင်ဘတ်ကြီးတစ်ခုသာ ကျန်ရစ်ခဲ့ပါချေ





တော့သည်။

" ဘယ်လိုဖြစ်လို့ ဒီလူမလေးက ဝိညာဉ်တစ္ဆေယောင်ဆောင်ပြီး လပြည့်နေ့လို ညမျိုးတွေမှာ ဟောဒီဘိုတဲကြီးက စာကြည့်ခန်းထဲကို လာလာနေရတာလဲမသိဘူး။ အင်း . . . တစ်ခုခုတော့ တစ်ခုခုပဲ "

မင်းမောင်ရင်ထဲတွင် အမျိုးအမည်မသိသော လှုပ်ရှားရင်ခုန်မှုတစ်ဝက်နှင့်အတူ ဒွိဟသံသယအတွေးများက ရှုပ်ယှက်ခတ်လျက်။ ယုံကြည်နိုင်ခြင်း၊ ခံပြင်းခြင်း စသောအရာများက ရင်ကိုရိုက်ခတ်နေကြပါ၏။ ထိုအတူ နူးညံ့အိစက်သောအထိအတွေ့၊ ထူးခြားသော ရနံ့တစ်ခုနှင့် အငွေ့အသက်တို့သည် အာရုံတွင် စီးမျောပျော်ဝင်နေကြဆဲ . . .။

ဤသို့ဆိုလျှင် အင်္ဂလိပ်အရာရှိ မူးမူးနှင့် ရင်ဖွင့်ပြောဆိုသွားခဲ့သော မောရိယမရဏာခေါင်းလောင်း ဝိညာဉ်တစ္ဆေပုံပြင်သည် ဆုပ်ကိုင်၍ ရနိုင်သော အကောင်အထည်ဒြပ်ဝတ္ထုအဖြစ် မြင်သာ၊ ထင်သာ ရှိခဲ့လေပြီလား . . .။

မင်းမောင် ဒွိဟဖြစ်နေသည်မှာ သူကဲ့သို့သော ယောကျ်ားရင့်မကြီးတစ်ယောက်ကိုယ်တိုင် မိမိရရ ဖမ်းချုပ်ဆုပ်ကိုင်ထားသည့်ကြားမှ လွယ်လင့်တကူရုန်းထွက်ကာ တံတောင်တစ်ချက်ပင် လက်ဆောင်ပေးသွားသည့် အရိပ်ရှင်တစ္ဆေမလေးသည် သာမန်မိန်းမပျိုလေးတစ်ဦးတော့ ဖြစ်နိုင်။

ဤသို့ဆိုလျှင် . . . မောရိယကုန်းပေါ်ရှိ မစ္စတာရောဗွီဆင်း၏ ဘိုတဲကြီးပေါ်သို့ လပြည့်ညရောက်တိုင်း ရောက်လာလေ့ရှိသည့် အရိပ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်တစ္ဆေမလေးသည် မည်သို့သောအကြံအစည်များဖြင့် အန္တရာယ်များလှသော ဘိုဝဲကြီးဆီသို့ ညဦးအချိန်မတော် တိတ်တဆိတ် နိုးဝင်လာရပါသနည်း။

အင်္ဂလိပ်အစိုးရနှင့်ပတ်သက်သော ဝန်ထမ်းများ၊ အရာရှိများသာ တည်းခိုနေထိုင်ခွင့်ပေးထားသည့် နာမည်ကျော် " မောရိယမရဏခေါင်းလောင်းကြီး "တည်ရှိရာ ဘိုတဲကြီးဆီသို့ လပြည့်ညသန်းခေါင်ယံရောက်တိုင်း တိတ်တဆိတ်ဝင်ရောက်လာလေ့ရှိသော အရိပ်ရှင်တစ္ဆေလေး၏ အဓိကရည်ရွယ်ချက်ကို မသိနိုင်ပြီမို့ မင်းမောင်ခမျာ သက်ပြင်းမောကြီးတစ်ရှက်ကိုသာ ပင်ပန်းကြီးစွာ ချလိုက်ပါလေတော့သည်။

လပြည့်ဝန်းကြီးကတော့ တိမ်မြူကင်းစင်နေသည့် ညဦးကောင်းကင်ထက်ဝယ် တရွေ့ရွေ့နှင့် ခရီးနှင်နေဆဲ . . .။

♛ ♛ ♛





အခန်း(၁၈)

## " လူတစ်ယောက် . . . သေနတ်တစ်လက် . . . ပစ်ဒေါင်းတစ်ပွဲ "

သစ်ပင်ကိုင်းခက်၊ ရွက်လက်ရိုးတံညို့ အကြိုအကြားမှ ယိုဖိတ်ဖြာဆင်းလျက်ရှိသော နေခြည်အလင်းတန်းများက ရေနံတောင်ထက်တွင် သက်ဖြာကျဆင်းနေကြသည်။ သို့တိုင်အောင် ရေနံတောင်ထက်ရှိ ရေနံတွင်းများဝန်းကျင်မှာတော့ အပူငွေ့တို့က တငွေ့ငွေ့ပျံ့လွင့်နေသည်သို့။

သည်နေ့နံနက်ခင်းကတည်းက . . . မင်းမောင်တစ်ယောက် သူ၏ရေနံတွင်း အလုပ်သမားခေါင်းနှစ်ယောက်နှင့်အတူ ရေနံပိုက်လိုင်းများကို မြင်းကိုယ်စီနှင့် လှည့်လည်စစ်ဆေးနေပါ၏။ ယခုတလော ရေနံပိုက်လိုင်းများမှပေါက်၍ ရေနံများခိုးယူနေကြသူများက ပိုမိုများပြားလာသဖြင့် အုပ်စုသုံးစုခွဲ၍ လိုက်လံစစ်ဆေးနေကြရသည်။ ထို့ကြောင့် ယနေ့နံနက်တွင် အလုပ်သမားခေါင်း ဦးကြံမှုနှင့် သူ၏လက်ထောက်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင် သာဒွန်းဖြူကိုပါ ခေါ်ဆောင်၍ လယ်ဖျားရှိ ရေနံတွင်းများသို့တိုင် လှည့်လည်ကာ စစ်နေကြခြင်းဖြစ်သည်။

မင်းမောင်မှာ မြင်းညိုကြီးကို အသားကျစီးနင်းလာရာမှ ကမူစွန်းထိပ်တွင် မြင်းဇက်ကိုဆွဲကာ တန့်လိုက်သည်။ သူ၏ဘေးတစ်ဖက်တစ်ချက်တွင် ဦးကြံမှုနှင့် သာဒွန်းဖြူတို့က ဝဲယာရံလျက် မြင်းများကို ရပ်တန့်လိုက်ကြပါ၏။ မင်းမောင်က မြင်းကြီးပေါ်မှမဆင်းဘဲ အရှေ့ဘက် လယ်ဖျားကွင်းများဘက်ထိတိုင် မြင်တွေ့နေရသည့် ရေနံပိုက်ကြီးများကို မျက်စိတစ်ဆုံး ငေးမောကြည့်နေမိသည်။

" ဒီဘက်တွေက လူသွားလူလာမပျက်တာရယ်၊ ဘုန်းကြီးကျောင်းရယ် ရှိနေတာကြောင့် ရေနံပိုက်ဖေါက်တာတွေ သိပ်မရှိဘူး ဗိုလ်လေးရဲ့၊ ဟိုး . . . ရေနံတောင် အရှေ့ဘက်ချောင်းဖျား၊ ချောင်းလက်တက်နဲ့ လယ်ဖျားတွေဘက်က ရေနံပိုက်လိုင်းတွေသာ အများဆုံးခိုးဖေါက်ယူတာ ခံနေရတာ ဗိုလ်လေးရေ "

ဦးကြံမှုက မြင်းဇက်ကိုအသာထိမ်းရင်း . . . မင်းမောင်အား ရှင်းပြပြောဆိုနေပါ၏။

" ခက်တော့ခက်သား ဗိုလ်လေးရဲ့ . . . ရေနံခိုးဖေါက်တဲ့ သူတွေကလည်း ပစ်ထားရင်ပစ်ထားသလို ခိုးယူနေကြတော့ ကျွန်တော်တို့က အရေးယူဆောင်ရွက်နိုင်မှ တော်ကာကျတာ "

သာဒွန်းဖြူကပါ ရေနံပိုက်ခိုးဖေါက်ခြင်းများကို ပြောဆိုနေသည်မို့ မင်းမောင်က ငြိမ်၍နားထောင်နေပါ၏။ သူကိုယ်တိုင်လည်း ယခုကဲ့သို့





ညီးမဲ့ကမ်းမဲ့ ခိုးယူနေကြခြင်းကို မနှစ်သက်ပေ။ ဤကဲ့သို့ မဖြစ်ရလေအောင် မကြာခဏဆိုသလို ဒေသခံရွာသားများအား ရေနံဆီများကို ဝေငှပေးလှူရှိသည်။ သို့တိုင်အောင် ရေနံခိုးယူသူများက လျှော့ပါးမသွားဘဲ ပို၍သာများပြားလာခဲ့ပါ၏။

" အင်း . . . တတ်နိုင်သမျှတော့ ကာကွယ်စောင့်ရှောက်ရမှာပဲ ဦးကြီးရေ၊ ဒီလိုစည်းကမ်းမဲ့ ခိုးယူနေတာကိုတော့ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး ဦးကြီး။ ကဲ . . . လယ်ဖျားတွေဘက်ကို ဆက်ပြီးသွားရအောင်"

ဤသို့ဖြင့်မြင်းသုံးစီးကို ရေနံတောင်ချောင်းဖျားဘက်ဆီသို့ ဦးတည်ကာ စီးနင်းလာခဲ့ကြသည်။ ဦးတည်ရာမဲ့ တိုက်ခတ်လာသည့် လေပြေညှင်းက မင်းမောင်၏ဆံနွယ်စများကို တိုးဝေ့ရှိက်နမ်းသွားကြသည်။ မွန်းတည့်နေရောင်တွင် တစ်ပင်ပုံကျ၊ တစ်ကိုင်းဝင်နားနေကြသည့် တောငှက်လေးများပင် မမြည်ကြ၊ မတမ်းကြ၊ လေပြည်ရှူးသာတိုက်ခတ်လျက်ရှိသည်။ လေသာမတိုက်လျှင် တွေမြင်ထိသိနေကြရသည့် မြင်ကွင်းများမှာ အသက်မှရှိပါလေစ . . . ဟု ထင်မြင်စရာပင်။

မြင်းသုံးစီး၏ မြင်းခွာသံတဖြောက်ဖြောက်က ချောင်းဖျား၊ ထယ်ဖျား ဝန်းကျင်တွင် ပဲ့တင်ရိုက်ခတ်သွားသည်။ မကြာမီ ချောင်းဖျား ၊ သို့ကြီးဘက်သို့ မင်းမောင်တို့ ချိုးကွေ့ဝင်လိုက်သည်နှင့် . . .

" ဟာ . . . ဟေး . . . အစောင့်တွေ ဝင်းလှည့်လာတယ်ဟေ့ ပြေးကြ . . . ပြေးကြဟေ့ "

" ဟော . . . ဟို . . . ဟိုမှာ ရေ . . . ရေနံသူခိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရေနံပိုက်လိုင်းများကို နှိုးဖေါက်နေကြသူ လေးငါး ယောက်မှာ မင်းမောင်တို့ကို မြင်တွေ့လိုက်ကြသဖြင့် ဖေါက်ယူလက်စ ရေနံဆီပုံးများနှင့် ပစ္စည်းပစ္စယများကိုစွန့်ကာ ခြေဦးတည့်ရာသို့ ပြေးဝင် ထွက်ပြေးကြပါလေ၏။

" ဟေ့ . . . မပြေးကြနဲ့ "

" ဒိုင်း . . . ဒိုင်း "

မင်းမောင်က လက်ထဲမှခြောက်လုံးပြူးသေနတ်ဖြင့် ရေနံသူခိုး များကို ချောက်လှန့်ပစ်ခတ်လိုက်သဖြင့် လှိုဏ်ကြီးထဲတွင် သေနတ်သံက ဟိန်း၍ထွက်သွားသည်။ ရေနံသူခိုးများမှာ ခုခံတိုက်ခိုက်ဖို့ဝေးစွ၊ သေနတ် သံကြောင့် နောက်ကြောင်းသို့ လုံးဝလှည့်မကြည့်တော့ဘဲ တောနက်လှိုဏ် ကြီးများထဲသို့ အလျှိုလျှိုဖြင့် ထွက်ပြေးသွားကြပါတော့သည်။

" ကြည့်စမ်းပါဦး . . . ဗိုလ်လေးရယ် . . . ဒီမှာ ပုံးကြီးပုံးငယ် တွေနဲ့ ရေနံတွေခိုးထုတ်နေကြတာ တောက် . . . တွေ့ကြသေးတာပေါ့ကွာ နောက်တစ်ခါမိလို့ကတော့ . . . ဒီကောင်တွေကို အသေခေါ်ပစ်မယ်"

သာဒွန်းဖြူက လူငယ်ပီပီ မြင်းပေါ်မှလွှားခနဲခုန်ဆင်းကာ နှိုးယူ ထားသည့် ရေနံဆီပုံးများကိုကြည့်ကာ ဒေါသထွက်နေပါ၏။ ပြီးလျှင် အပေါက်ခံထားရသည့် ရေနံသံပိုက်လုံးများကို စစ်ဆေး၍ ဖာထေးပြုပြင် ရန် စီစဉ်ရသည်။ မင်းမောင်နှင့် ဦးကြံ့မှုံတို့ကလည်း မြင်းပေါ်မှဆင်းကာ လှိုဏ်ကြီးတစ်ပိုက်တွင် လှည့်လည်၍စစ်ဆေးနေကြသည်။ ရေနံသူခိုးများ





ခိုအောင်းသည့်နေရာ၊ အဝင်အထွက် စသည်တို့မှတ်သားသည်။ ရေနံ သံပိုက်လုံးများကိုပါ နိုင်ခန့်မှုရှိမရှိစစ်ဆေးနေကြစဉ် သူတို့နှင့်ခပ်လှမ်းလှမ်း ၌ လှိုဏ်ဝပ်ဝါးရုံပင်များဆီမှ ရိပ်ခနဲလှုပ်ရှားသွားသည့် အရာတစ်ခုကြောင့် မင်းမောင်၏ သေနတ်ပြောင်းဝက ထိုနေရာသို့ တန်းခနဲချိန်ရွယ်လိုက် သည်။

" ဟေ့ . . . ဝါးရုံပင်နောက်ကဘယ်သူလဲ ထွက်ခဲ့စမ်း "

မင်းမောင်နှင့်ဦးကြံ့မှုံတို့က လက်နက်ကိုယ်စီဖြင့် ချိန်ရွယ်လျက် ဝါးရုံပင်ကြီးများနောက်ကွယ်မှ အရိပ်ရှင်ကို အမိန့်ပေးခိုင်းစေလိုက်သည်။ ပထမတော့ ဝါးရုံပင်နောက်မှအရိပ်သည် လုံးဝမလှုပ်ရှား။ ပကတိငြိမ် သက်တိတ်ဆိတ်လျက်၊ မင်းမောင်နှင့် ဦးကြံ့မှုံတို့ကလည်း အလွတ်မပေး စတမ်း ရင်ဘောင်တန်း၍ ချိန်ရွယ်ထားကြသည်။

အတန်ကြာမှ ဝါးရွက်စိမ်းစိမ်းများ လှုပ်ရှားသွားကာ ဝါးရုံပင် နောက်မှ အရိပ်ရှင်ထွက်လာခဲ့သည်။ ထောင်ထောင်မောင်းမောင်း ညို မောင်းသန်စွမ်းသော ခန္ဓာကိုယ်နှင့် စစ်ဆွယ်တာအင်္ကျီအစုတ်ကို ဝတ်ဆင်ကာ ရိုက်ဖယ်သေနတ်ကို ပခုံးတွင်ထမ်းထားပြီး လက်ထဲတွင် တောကြောင်အသေနှစ်ကောင်ကို ကိုင်ဆွဲထားသည့် လူတစ်ယောက်က ခြေလှမ်းမှန်မှန်ဖြင့် ဝါးရုံပင်နောက်မှ ထွက်လာသည်။

သို့သော် . . . မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများဖြင့် ရှုပ်ထွေးမွေလီ နေသော ထိုလူရွယ်၏မျက်နှာကမူ တင်းမာသုန်မှုန်လျက်၊ မင်းမောင်ကမူ ဤကဲ့သို့သော မျက်နှာပေါက်နှင့် လူရွယ်ကို ဘယ်မှာမြင်ဖူးပါလိမ့်ဟု



www.burmeseclassic.com

www.burmeseclassic.com



စဉ်စားနေမိရင်းမှ . . .

"မင်း ဘယ်သူလဲ... ဒီဝါးရုံပင်နောက်မှာ ဘာလုပ်နေတာလဲ"

" ဟင်း . . . ဟင်း အဲ့ဒီမေးခွန်းက ငါကမေးရမှာ ကိုယ့်လူ ငှါဟာငါ ငါးရုံပင်နောက်မှာ ထောင်ချောက်ဆင်နေတာကို မင်းက အမိန့် ပေးရအောင် ငါက မင်းရဲ့လက်အောက်ငယ်သား မဟုတ်ဘူးလေ . . . အရာရှိကလေးရဲ့ ဟင်း . . . ဟင်း . . . ဟင်း "

သည်လေသံ၊ သည်ဟန်ပန်အမူအရာနှင့် သည်လိုပုံစံမျိုးနှင့် လူတစ်ယောက်ကို သူမှတ်မိလိုက်ပြီ။

ထွန်းဖံ ဟုတ်သည် . . . မိန်းမချောလေး ဖြူနုဖံ၏အစ်ကို မှဆိုးကောင် ထွန်းဖံ သို့မဟုတ် ညောင်ည်ကို သေနတ်ဖြင့် ဆီးကြိုညှဉ်း သည့် အိမ်ရှင်မဆန်သော အိမ်ရှင်တစ်ယောက်။

" အော် . . . ဘယ်သူများလဲမှတ်တယ် မင်းကိုး၊ ဖြူနုဖံရဲ့ အစ်ကို ထွန်းဖံ မဟုတ်လား "

" တော်စမ်းပါစကားအပြောအဆို ဆင်ခြင်စမ်းပါ၊ ဖြူနုဖံလို့ မင်းကခေါ်ရအောင် ငါရဲ့ညီမနဲ့ မင်းက ဘယ်နှစ်ခါတွေ့ဖူးလို့လဲ၊ ဘယ်လောက်ထိ ရင်းရင်းနှီးနှီးရှိနေလို့လဲ အရာရှိကလေးရဲ့ ဟင်း ဟင်း"

ထွန်းဖံ၏ စကားအပြောအဆိုကြောင့် ဦးကြီးမှာ သူ၏အထက် အရာရှိ မင်းမောင်ကို အားတုံ့အားနာဖြင့် ကြည့်နေပါ၏။ ထွန်းဖံဘက်သို့ လှည့်လည်၍ လူကြီးပီပီ သတိပေးစကားပြောလိုက်သည်။

" ဒီမှာ ထွန်းဖံ . . . ဒီနေရာဟာ ရေနံသူခိုးတွေ ကျက်စား



အောင်းတဲ့ နေရာဖြစ်နေတယ်၊ ဒါကြောင့် မင်းကို . . . မိုးပ်လေး ကောင်းကောင်းမွန်မွန်စစ်မေးနေတာ၊ ဘာဖြစ်လို့ မင်းက ကလန်ကဆန် ပြောနေရတာလဲ၊ စောစောကလေးတင် ရေနံခိုးတဲ့ကောင်တွေနဲ့တိုးလို့ သေနတ်နဲ့တောင် ခြောက်လိုက်သေးတယ် မင်းမကြားဖူးလား ထွန်းဖံ"

" အော် . . . ဟော် . . . သေနတ်သံရဲ့ ဂရားခံက ရာရှိ ကလေးကိုး၊ ဟိုး . . . ဟိုး ကျူပ်ကလည်း စည်းမဲ့ကမ်းမဲ့ သေနတ်နဲ့ ပစ်တဲ့သူကို လိုက်ရှာမလို့ဗျို့၊ ကြည်လေ . . . ကျူပ်က ားကောင်ကို အပိုပစ်ဖို့ ချောင်းနေတာ၊ အဲ့ဒီဘက်က ခြုံခနဲ သေနတ်သံ ကွာလာတော့ ကျူပ်သားကောင်က လန့်ပြီးထွက်ပြေးသွားတော့တာပေါ့၊ င်း . . . ဟင်း အရာရှိကလေးက တောစည်းကမ်းလေး‌တွေတော့ ားလည်ထားမှပေါ့ဗျာ "

ဦးကြီးမှာ ပြောလေကဲလေဖြစ်နေသော ထွန်းဖံကြောင့် သူ၏ ထက်အရာရှိ မင်းမောင်၏မျက်နှာကို အားတုံ့အားနာဖြင့် ကြည့်နေမိ သည်။ ထိုအခိုက် သာခွန်းဖြူရောက်လာပြီး ထွန်းဖံအား တစ်စုံတစ်ရာ ပြောမည်ပြင်လိုက်စဉ် . . . မင်းမောင်က လက်မောင်းကိုဆွဲကာ ဟန့်တား က်ပြီး . . .

" အေး . . . ငါမှားသွားတယ် ထွန်းဖံ၊ ဒါပေမဲ့ မင်းသားကောင် ချောင်းနေတာကို ငါမသိဘူးလေ၊ ငါ တာဝန်နဲ့ဝတ္တရားအတိုင်း ရေနံသူခိုး တွေကို ပစ်ခတ်ဖမ်းဆီးနေတာပါ၊ ငါတို့လို အစိုးရဝန်ထမ်းတွေက ကျည် ဆံတောင့်ရဲ့ တန်ဖိုးအပေါ်မှာ အများကြီးတွက်ချက်ချင့်ချိန်ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဖေ၊ နောက်ပြီး တောထဲတောင်ထဲမှာရှိတဲ့ တောရိုင်း သတ္တဝါတွေ လည်း မျိုးဆက်မပြုန်းတီးအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက် ရတဲ့တာဝန်လည်း ရှိသေးတယ်လေ။

လေသံအေးအေးနှင့် ထိထိမိမိပြောဆိုလိုက်သည့် မင်းမောင် စကားကြောင့် ထွန်းဖေတစ်ယောက် အနာပေါ်တုတ်ကျသွားရသည်ထင် ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်ခဲ့သည်။ မင်းမောင်ကမူ ထွန်းဖေအား လှည့် မကြည့်တော့၊ သူ၏ မြင်းညိုကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ စိုင်းနှင် ထွက်ခွာသွားပါလေတော့သည်။ ထိုအခါကျမှ ဦးကြံမှုံနှင့် သာဒွန်း တို့လည်း မြင်းပေါ်သို့တက်၍ သူ၏ဆရာဖြစ်သူနောက်သို့ မြင်းခွာသံ တဖျောင်းဖျောင်းပေးကာ လိုက်သွားကြပါလေတော့သည်။

♛ ♛ ♛





သည်နေ့က . . . ဥပုသ်နေ့ . . .။

ရေနံ့တောင် ဘူမိဗေဒအရာရှိ မင်းမောင်မှာ ရေနံ့တောင် ဘုန်းကြီးကျောင်းသို့ ဆွမ်းဆန်စားရိတ်ပေးလှူရင်း မီးထွန်းရန် ရေနံဆီ ပုံးများကိုပါ လှည်းနှင့်တင်၍ ပေးပို့လှူဒါန်းစေခဲ့သည်။ ထို့နောက် ဦးကြံမှုံ နှင့်အတူ ရေနံ့တောင်ဘုန်းကြီးကျောင်းသို့ လိုက်ပါလာခဲ့ပါ၏။ ဘုန်းကြီး ကျောင်းတွင် ကပ္ပိယကြီး ဦးဖြူဒွန်းနှင့်ဆုံတွေ့ကာ စကားစမြည်ပြောဆို ရင်း ရေနံ့တောင်သမိုင်းကြောင်းတစ်ချို့ကို စပ်မိစပ်ရာပြောဆိုကြသည်။

ဦးဖြူဒွန်းမှာ အသက်အရွယ်ကြီးရင့်သလောက် အကြားအမြင် ပညာဗဟုသုတနှင့်ပြည့်စုံ၍ စာပေကျမ်းဂန်ဘက်၌လည်းကောင်း၊ အဂ္ဂိယ ဘက်၌လည်းကောင်း၊ ဗေဒင်ဘက်၌လည်းကောင်း၊ ဆေးဘက်၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အရာရာ စုံလင်တတ်ကျွမ်းခဲ့သူဖြစ်သည်။ ရွာသူရွာသားများ အငြင်းပွားဖွယ်ကိစ္စရပ်များနှင့် ကြုံတွေ့ခဲ့လျှင် ဦးဖြူဒွန်း၏ထံတွင် အဆုံးအဖြတ်ခံယူကြသည်။

" မောင်ရင်လေးက ...ရေနံတောင်ကို နောက်ထပ်ပြောင်းလာတဲ့ အရာရှိဆိုတာလားကွယ့် "

" ဟုတ်ကဲ့ပါ . . . အဘိုး ကျွန်တော့်နာမည် မင်းမောင်ပါ။ ဒီရေနံတောင်က မောရိယဘိုတဲကုန်းကြီးမှာ နေပါတယ်၊ အခု ဆရာတော်ကြီးဆီကို ဆွမ်းစားစရိတ်နဲ့ရေနံဆီတွေ လာပြီးလှူတာပါ အဘိုး "

ဦးဖြူဒွန်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း မင်းမောင်နှင့် အမေးအဖြေလုပ်နေပါ၏။ မောရိယကုန်းထက်ရှိ ဘိုတဲကြီးပေါ်တွင်နေသည်ဆို၍ ဘိုးဖြူဒွန်း၏ မျက်ခုံးအစုံမြင့်တက်သွားပါ၏။

" ဘာရယ် . . . မောရိယကုန်းပေါ်က ဘိုတဲကြီးမှာနေတယ် ဟုတ်လား "

"ဟုတ်ပါတယ် . . . အဘိုး ဘာဖြစ်လို့ မေးတာပါလဲ အဘိုး"

" အော်...ဘာရယ်မဟုတ်ပါဘူးကွယ် . . . မောင်ရင်လေးလို ငယ်ငယ်ရွယ်ရွယ်နဲ့ ပညာတတ်တစ်ဦးက မောရိယကုန်းလိုမျိုးက ဘိုတဲကြီးပေါ်မှာ နေတယ်ဆိုလို့ အဘိုးက အံ့သြချီးကျူးမိတာပါကွယ် "

ဘိုးဖြူဒွန်းက မင်းမောင်၏ ရုပ်လက္ခဏာကိုကြည့်ကာ ခေါင်းတညိမ့်ညိမ့်နှင့် ပြောဆိုနေသည်မို့ မင်းမောင်တအံ့တသြနှင့် ပြန်လည်၍ မေးမြန်းလိုက်သည်။





" ဟို . . . မောရိယကုန်းပေါ်က ဘိုတဲကြီးပေါ်မှာနေတာကို အဘိုးက ဘာကြောင့်အံ့သြရတာပါလဲ ခင်ဗျာ "

" ရော် . . . ဒီမောင်ရင်လေးက ဘိုတဲကြီးပေါ်က "မောရိယမရဏခေါင်းလောင်း"ရဲ့အကြောင်းကို စိုးစဉ်းလေးတောင်မသိရှာဘူးလား။ အဲ့ဒီမှာနေတာ ဘယ်လောက်ကြာသွားပြီလဲ . . . ဘာမှ ထူးထူးခြားခြား ဖြစ်တာတွေ မကြုံဖူးဘူးလားကွယ့်၊ အင်း ဟိုတုန်းကတော့ ဘိုတဲကြီးမှာ မရဏဝိညာဉ်သရဲတွေရှိတာတို့ ခေါင်းလောင်းကြီး လူမထိုးဘဲ သူ့အလိုလို မြည်နေတာတို့၊ ခေါင်းလောင်းထိုးသံကြားရတိုင်း လူအသေအပျောက်ရှိတယ်ဆိုတာတွေက ကောလဟာလကြီးတစ်ခုလို ရွာနီးချုပ်စပ် ပြောဆိုနေခဲ့ကြတာကလား "

ဘိုးဖြူဒွန်းက စိတ်လိုလက်ရနှင့် မောရိယကုန်းမှ ဘိုတဲကြီးနှင့် မောရိယမရဏခေါင်းလောင်းကြီး အကြောင်းကို သူသိသမျှပြောပြနေပါ၏။

" တစ်ချို့ကလည်း ...ဘိုတဲကြီးပေါ်မှာ သူ့ရဲ့ဝိညာဉ်တွေရှိတယ်၊ ခေါင်းလောင်းကြီးပေါ်ကို တက်လိုက်တာနဲ့ ခေါင်းလောင်းကြိုးကြီးက သူ့အလိုလို လည်ပင်းကိုပတ်ရစ်ပြီး သတ်ဖြတ်လေ့ရှိတယ်လို့လည်း ပြောဆိုနေကြတယ် . . .၊ တစ်ချို့ကလည်း တစ်ကယ့်ကို မကောင်းဆိုးဝါး ဝိညာဉ်တွေ အခြောက်ခံရတယ် . . .၊ တစ်ချို့ကျတော့လည်း ကြားဖူးနားဝတွေနဲ့ လေသံဖမ်းပြီး ဝါးလုံးချီးသုတ် ရမ်းသန်းပြောဆိုလေ့ရှိကြတယ်လေ။ ဒါကြောင့် မောင်ရင်လေး အဲ့ဒီမှာနေတာ သရဲခြောက်မခံရဘူးလားလို့ . . . မေးချင်တာ "



www.burmeseclassic.com

www.burmeseclassic.com



" အင်း . . . ကျွန်တော့်အရင်ပြောင်းသွားတဲ့ မျက်နှာဖြူအရာရှိတစ်ယောက်ကတော့ အဘိုးပြောတဲ့ . . . မောရိယမရဏခေါင်းလောင်းနဲ့ပတ်သက်ပြီး ပြောခဲ့ဘူးတာတွေရှိပါတယ် . . . မောရိယသုရဲဝိညာဉ်တွေအကြောင်း . . . လပြည့်ညတွေဆိုရင် မောရိယခေါင်းလောင်းသံကိုကြားရလေ့ရှိတယ်ဆိုတာရယ် . . . စာကြည့်ခန်းထဲက သရဲဝိညာဉ်တွေအကြောင်းရယ် တော်တော်လေး စုံစုံစေ့စေ့ပြောခဲ့ဘူးပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကြုံတွေ့ခဲ့ရတာကတော့ ခြေသံတွေကြားရတယ် ချိုးချိုးချွတ်ချွတ်အသံတွေကြားရတယ် . . . နောက်ပြီး အဘိုးပြောတဲ့ စာကြည့်ခန်းထဲမှာ ခြေသံတွေနဲ့လူရိပ်တွေကိုတွေ့ပြီး ပျောက်ပျောက်သွားတာတွေကိုတော့ ကြုံခဲ့ဘူးပါတယ်။ အဲ့ဒါကို သရဲတစ္ဆေလို့ခေါ်မလား မောရိယဝိညာဉ်တွေလို့ခေါ်မလား အဘိုး "

မင်းမောင်၏ အမေးစကားကြောင့် ဘိုးဖြူခွန်း ခေါင်းတညိတ်ညိတ် ကွမ်းတမြုံ့မြုံ့နှင့် စကားဝိုင်းက ခေတ္တခဏငြိမ်သက်သွားသည်။ ဦးကြံ့မှန်က ရေနွေးကြမ်းတစ်ခွက် ငုံ၍သောက်လိုက်ရင်း ရှေ့ဆက်လာမည့် စကားများကို နားစွင့်နေပါ၏။

" ဟင်း . . . ဟင်း . . . ခေတ်ပညာတတ် အရာရှိတစ်ယောက်ဆိုတော့လည်း ပညာရေးဘက်မှာရော၊ စဉ်းစားတွေးခေါ်မှုမှာရော စေ့စေ့စပ်စပ်ရှိတာပေါ့လေ၊ ဒါပေမဲ့ . . . အဲ့ဒီလို တစ်ဖက်သတ်တွေးခေါ်လို့လည်းမရဘူး မောင်ရင်လေး။ ကျေးရှူးရှင် မာန်လည်ဆရာတော်ဘုရားနဲ့ မင်းကွန်းဆရာတော်ကြီးတို့ရဲ့ အမေးအဖြေမှာကိုက တစ္ဆေဆိုတာ ဘယ်လို





ဆိုတာ အတိအကျဖြေကြားထားတာရှိတယ်။ နောက်ပြီး သေကျွတောင်ဆရာတော် အရှင်တိလောကကိုယ်တိုင် မိန့်တော်မူခဲ့ဘူးတာက "တို့ထက်ကာမဝိဇ္ဇိကြီးမားသော တစ္ဆေများမှာမူ ကိုယ်ထင်ပြရုံမျှမက နှုတ်မှမြွက်ဟ၍ပင် ပြောပြကာ အကူအညီတောင်းတတ်ကြသည်"လို့ အတိအကျရေးထားခဲ့တာကို ဖတ်ရမှတ်ရတယ်ကွယ့် "

" ဒါဆိုရင် မောရိယမရဏခေါင်းလောင်းက တစ္ဆေဝိညာဉ်တွေဆိုတာ တစ်ကယ်ရှိတယ်လို့ ဆိုလိုတာလား အဘိုး "

" ဟင်း . . . ဟင်း . . . ဟင်း ရှိတယ်လို့ ကျမ်းကိုးကျမ်းကားတွေနဲ့ ဆိုခဲ့ကြတာပဲ မောင်ရင်လေးရယ်၊ ဒါပေမဲ့ အဘိုးကိုယ်တိုင်တော့ တွေ့ဖူးသေးဘူး။ တစ်ခုတော့ရှိတယ် မောရိယသချိုင်းနဲ့ အခု မျက်နှာဖြူကြီးဆောက်ထားတဲ့ မောရိယကုန်းပေါ်က ဘိုတဲကြီးဟာ လှိုဏ်ခေါက်အဆက်အသွယ်ရှိတယ်လို့ ပျံလွန်မှုသွားတဲ့ ဆရာတော်ဘုရားကြီးက ပြောခဲ့ဘူးတာတော့ ရှိတယ်ကွယ့် "

ဘိုးခွန်းဖြူစကားကြောင့် ပြီးခဲ့သည့်တစ်ပတ်ခန့်က သူကိုယ်တိုင်ဖတ်ခဲ့သော မစ္စတာဂျော့ခ်ဆင်း၏ နေ့စဉ်မှတ်တမ်းကို သတိရသွားမိသည်။ ထိုမှတ်တမ်းထဲတွင် မောရိယသချိုင်းမှ အုတ်ဂူပျက်တစ်လုံးနှင့် ဘိုတဲကြီးပေါ်မှ စာကြည့်ခန်းတို့ မြေအောက်ဥမင်လိုဏ်ခေါင်းနှင့် ဆက်နွယ်လျက်ရှိသည်ကို ပြဆိုထားသည်မဟုတ်ပါလား "

" ဒီလိုဆို အဘိုးပြောသလိုအတိုင်းသာဆိုရင် မောရိယကုန်းဆိုတဲ့နာမည်ဟာ . . . ရာဇဝင်သမိုင်းတစ်ခုရဲ့ အမည်နာမလိုဖြစ်နေတာရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သတိထားမိခဲ့တယ် . . . အဲ့ဒါကရောဟုတ်သလား အဘိုး"

" အင်း . . . မောင်ရင်ပြောသလို မောရိယကုန်းတို့ မောရိယသချိုင်းတို့ဆိုတာက ဟိုးလွန်ခဲ့တဲ့ နှစ်ရာကျော်လောက်ဆီကတည်းက ရှိခဲ့ကြတဲ့ နိမိတ်နာမည်တွေပေါ့၊ တစ်ချိန်တုန်းက ဒီနေရာတဝိုက်ဟာ စန္ဒဂုတ်မင်းကြီး စိုးစံအုပ်ချုပ်ခဲ့တဲ့ မောရိယနေပြည်တော်ကြီး ဖြစ်ခဲ့တူးတယ်လေ"

ဤသည်မှစ၍ ဘိုးဖြူဒွန်းပြောပြနေသည့် စန္ဒဂုတ်မင်းကြီးနှင့် မောရိယနေပြည်တော်ကြီး၏ ဇာတ်လမ်းအကျဉ်းကို မင်းမောင်တို့လူရှုရစိတ်ဝင်တစားနှင့် နားထောင်နေကြပါတော့သည်။

♛ ♛ ♛





အခန်း(၁၉)

## ဘိုးဒွန်းပြော၏ မောရိယနှစ်ထောင့်တစ်ညပုံပြင်

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က ဤမင်းပုန်းာင်၊ ရေနံတောင်နေရာများသည် စန္ဒဂုတ်မင်းကြီး အုပ်ချုပ်စိုးစံသည့်ာရိယတိုင်းပြည်ကြီး ဖြစ်ခဲ့သည်။ တောတောင်များ ဝိုင်းရံထားသည့်ာယ်တောင်ဖြစ်သော ယခု(မောရိယကုန်း)နေရာသည် ဧန္ဒဂုတ်မင်းန်းစိုက်ရာနေရာဖြစ်သည်။

ထို့ကြောင့် မောရိယကုန်းတစ်ဝိုက်တွင် ရံဖန်ရံခါ ရှေးဟောင်းအင်္ဂါများနှင့် ရှေးဟောင်းပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်ာတ်ပါလား။ စင်စစ် ဘုရင်မင်းမြတ် စန္ဒဂုတ်မင်းကြီးသည် တရားဒေနှင့်အညီ အုပ်ချုပ်စိုးစံသည့် မင်းတစ်ပါးဖြစ်ပါ၏။ သက်တမ်းစ်လျှောက် ပြည်သူပြည်သားများကို ရင်ဝယ်သားနှင့်မခြား ချစ်ခင်

www.burmeseclassic.com



ကြင်နာ၏။ စန္ဒကုတ်မင်းကြီးသည် ချစ်မြတ်နိုးရပါသော မိဖုရားခေါင်ကြီး
နတ်ရွာစံပြီးနောက်ပိုင်းမှာတော့ မာယာဒေဝီဟူသော မိဖုရားတစ်ပါးကို
မိဖုရားခေါင်နေရာသို့ လွှဲအပ်ခဲ့သည်မှစ၍ ဘဝတစ်ဆစ်ချိုး ပြောင်းလဲ
ခဲ့ပါလေ၏။

သားတော်အိမ်ရှေ့စံမင်းသား သီဟသူနှင့်လည်း အဆင်မပြေ
ဖြစ်ခဲ့သည်။ အိမ်ရှေ့စံမင်းသား သီဟသူမှာ ဖခမည်းတော်ဘုရင်ကြီး
စိတ်ဆင်းရဲမည်စိုးသဖြင့် မာယာဒေဝီ အလွန်အကျူးပြုမူခဲ့သည့် ပြစ်မှု
များကို ငုံးအုပ်ပေးခဲ့သည်။ သို့သော် မာယာရမ္မက်ကြီးလွန်းလှသော
နန်းစည်းစိမ်ကို မက်မောလှသော မိဖုရားခေါင်ကြီး မာယာဒေဝီသည်
အိမ်ရှေ့စံမင်းသား သီဟသူကို မိန်းမမာယာဖြင့် ကျူးသွင်းညှို့ယူကာ
ဖခမည်းတော်ဘုရင်ကြီးနှင့် အထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီး
သည်။

သို့သော် . . . မင်းသားသီဟသူမှာ သီလအကျင့်စင်ကြယ်သူ
ကျေးဇူးသစ္စာကို ထောက်ထားသူ၊ စောင့်စည်းနိုင်းစွမ်းရှိသောသူ
ယောက်ဖြစ်သဖြင့် မာယာဒေဝီ၏အကြံအစည်သည် မအောင်မြင်ခဲ့ပါ
ထို့ကြောင့် မင်းသားသီဟသူကို ရန်ညှိုးသိုအမျက်ပွားကာ ခမည်းတော်
ဘုရင်ကြီးနှင့် ပဋိပက္ခဖြစ်စေရန် အမြဲတမ်းကြံစည်နေခဲ့ပါလေ၏။

တစ်နေ့တွင် အိမ်ရှေ့စံမင်းသား သီဟသူမှာ စစ်မက်ရေးရာကိစ္စ
များဖြင့် ရှုပ်ထွေးနေစဉ် လူယုံတော်တစ်ဦး၏အကူအညီဖြင့် မာယာ
ဒေဝီမှာ ငုံတော်အုပ်ထဲတွင် မူးရစ်ထုံထိုင်းသော ဆေးတစ်မျိုးကို ခတ်





သည်။ အိမ်ရှေ့စံမင်းသား မူးရစ်ရီဝေနေခိုက် သလွန်ထက်တွင်သိပ်ထား
ကာ မာယာဒေဝီတစ်ယောက် မိန်းမမာယာသဲကိုးဖြာ ဖော်လမ်းဆင်ကာ
မည်းတော်ဘုရင်ကြီးအား ဝိုယိုတိုင်ကြားပါလေတော့သည်။ မာယာဒေဝီ
အချောအလှ မိဖုရား၏စကားအရာမှာ ဒီတစ်ချည်တော့ အောင်မြင်သွား
ခဲ့သည်ထင်ပါ၏။

ရင်နှစ်သည်းချာ သားရတနာကိုပင် မိဖုရားခေါင်ကြီး မာယာ
ဒေဝီ၏ သွေးထိုးမှုကြောင့် ဖမ်းဆီးရန်အမိန့်ချမှတ်လိုက်သည်မို့ အိမ်ရှေ့
စံမှာ လုံးဝအဖမ်းမခံဘဲ သူ၏ကျွန်ယုံတော် ရဲမက်များနှင့်အတူ ထွက်ပြေး
တိမ်းရှောင်သွားပါလေ၏။ ထိုသို့ထွက်ပြေးရာတွင် သူ၏မယ်တော်မိဖုရား
ကြီး၏ တန်ဖိုးကြီးမားလှသော ရတနာပစ္စည်းများကိုပါ သယ်ယူသွားခဲ့
သည်။ ထိုသတင်းကို ကြားသိလိုက်ရသည့် မာယာဒေဝီ မိဖုရားခေါင်ကြီး
သည် သူ၏လူယုံတော် စစ်သူကြီးတစ်ဦးနှင့် ရဲမက်စစ်သည်များကို
သီဟသူ မင်းသားနောက်သို့ လိုက်စေခဲ့သည်။

အိမ်ရှေ့စံမင်းသားမှာ လက်နက်လူသူအင်အား မမျှသဖြင့်
နိုင်ငံညှို့မှောင် မြင့်မားမက်စောက်လှသည့် တောင်ပေါ်သို့တက်ရောက်
ကာ ခေတ္တယာယီပုန်းခိုနေခဲ့သည်။ (ယခုအခါတွင် မင်းပုန်းတောင်ဟု
ခေါ်တွင်နေသည့်တောင်ဖြစ်သည်။)

ထိုအချိန်တွင် . . . မင်းသားသီဟသူ၏ အဖြည့်ခံရဲမက်များ
ဖြစ်သည့် မောရိယသဉ်ချင်းတော်မှ . . . သဉ်ချင်းစောင့်ကြီး သခံရာဇာနှင့်
အတွဲသည့် မင်းသားအား တိတ်တဆိတ်စောင့်ရှောက်ကာကွယ်၍ လိုအပ်

www.burmeseclassic.com



သောအကူအညီများကို ပေးစွမ်းခဲ့ပါ၏။ ထို့ကြောင့် အိမ်ရှေ့စံမင်း
သီဟသူသည် မောရိယသချိုင်းစောင့် စဏ္ဍာလသခ်ရာဇာနှင့် အ
ခင်ပွန်းဖွဲ့ကာ မာယာဒေဝီ၏ စစ်သည်ရဲမက်များကို ခုခံတိုက်ခိုက်
သည်။

သို့သော်...မာယာဒေဝီက မင်းသားသီဟသူ၏ မယ်တော်
၏ ရတနာသေတ္တာကြီးကို လိုချင်တပ်မက်စိတ်ဖြင့် စစ်သည်ရဲမက်မျ
တပ်ကူပို့ကာ တိုက်ခိုက်ချေမှုန်းစေခဲ့သဖြင့် . . . မင်းသားသီဟသ
မင်းပုန်းကောင်ကိုစွန့်ခွာ၍ သခ်ရာဇာနှင့် ရှောင်တိမ်းလိုက်ပါခဲ့သ
ပြီးလျှင် မောရိယသချိုင်းကြီးကို ခြေကုတ်ယူကာ မာယာဒေဝီ၏ စစ်သ
များအား ပျောက်ကျားစနစ်ဖြင့် ပြန်လည်၍တိုက်ထုတ်ခဲ့ကြသည်။

မောရိယသချိုင်းစောင့်ကြီး သခ်ရာဇာသည် အမြော်အမြင်
သည်၊ လက်ရုံးရည်မရှိသော်လည်း နှလုံးရည်ဓါတ်ခံအားက သူ
အောင် ထက်မြက်ကောင်းမွန်လှသည်။ ထို့ကြောင့် ရှေ့ခံစစ်ကြောင်း
မာယာဒေဝီ၏ ရဲမက်စစ်သည်က ခုခံတိုက်ခိုက်နေကြစဉ် သူကိုယ်
ကြိုတင်ပြုလုပ်ထားသည့် လျှို့ဝှက် မြေအောက်ဥမင်လှိုဏ်ခေါင်းအတွင်
သီဟသူမင်းသားအား ခေါ်ငင်ပြသခဲ့သည်။ ထိုမြေအောက် ဥမင်လှို
ခေါင်းသည် မောရိယကုန်းထက်ရှိ ဇရပ်တစ်ဆောင်တွင် ထွက်ပေါက်
လုပ်ထားသဖြင့် မည်သို့မျှ ရှာဖွေတွေ့ရှိခြင်းမရှိနိုင် ။

အိမ်ရှေ့စံမင်းသား သီဟသူသည် သခ်ရာဇာ၏ စီမံချက်
သဘောကျသဖြင့် မယ်တော်၏ ရတနာသေတ္တာကြီးကို လျှို့ဝှက်





သချိုင်းအုတ်ဂူပေါက်မှတစ်ဆင့် မြေအောက်ဥမင်လှိုဏ်ခေါင်းထဲတွင်
ျှို့ဝှက်သိမ်းဆည်းထားလိုက်ပါတော့သည်။ သို့သော် . . . သခ်ရာဇာနှင့်
သီဟသူတို့ သတိတစ်ချက်လစ်သွားကြပါ၏။ ထိုသတိတပ်ချက် . . .
အသိတစ်ချက် လစ်ဟာသွားသည်က သူတို့နှစ်ဦး၏ အသက်ဇီဝိန်ကို
ျပ်ငြိမ်းသွားစေခဲ့ပါသည်ဟု ဆိုလျှင် . . .

အသားထဲကလောက်ထွက် သစ္စာဖေါက် ပုဆိန်ရိုးတစ်ယောက်
ကြောင့် မောရိယသချိုင်းမြေသည် သွေးပင်လယ်ဖြစ်ခဲ့ပါချေပြီ။ သို့သော်
ိုက်ပွဲသည် အရှိန်အဟုန်ပြင်းထန်လှသဖြင့် သချိုင်းမြေအုတ်ဂူများ
ြားတွင် တစ်ယောက်ပြီးတစ်ယောက် လဲပြိုကျသွားကြသည်၊ နောက်ဆုံး
ာယာဒေဝီ၏စစ်သူကြီး ဖြူတာယော်နှင့် သီဟသူ မင်းသားလေးတို့သာ
ျန်ရစ်ပါလေတော့သည်။ စစ်သူကြီး ဖြူတာယော်ကလည်း သူ၏ရှေ့မှ
ရတနာသေတ္တာကြီးကို မက်မောစွာကြည့်ရင်း အိမ်ရှေ့စံကို သဲကြီးမဲကြီး
ိုက်ခိုက်ခဲ့သည်။ အိမ်ရှေ့စံမင်းသားကလည်း သူ၏နှလုံးသွေးမရပ်
သရွေ့ မယ်တော်ကြီး၏ ရတနာသေတ္တာ ရန်သူ့လက်သို့ မပါစေရဟူ
သော သံန္နိဋ္ဌာန်ချမှတ်ကာ အသေအလဲတိုက်ခိုက်သည်။

" တရားသောစစ်နှင့် . . . မတရားသောစစ် "
ကျူးကျော်စစ်နှင့် . . . ခုခံစစ် . . .

အလိုလောဘရမ္မက်နှင့် သစ္စာတရား...စသော ပဋိပက္ခနှစ်ဦး
၏ နောက်ဆုံးလှုပ်ရှားပွဲသည်ကား သွေးနီလွှမ်းသော အနိဋ္ဌာရုံများနှင့်သာ
ဆုံးသတ်စေခဲ့ပါလေ၏။ တရားသောစစ်နှင့် သစ္စာတရားအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသက်စွန့်ကာ နောက်ဆုံးအချိန်ထိတိုင် တိုက်ပွဲဝင်သွားခဲ့သော . . . အိမ်ရှေ့စံမင်းသားလေး သီဟသူ၏ရင်ဘတ်တွင် ဓါးဒဏ်ရာများနှင့် သွေးများတစ်ပေါက်ချင်းကျကာ ဝိညာဉ်ချုပ်ငြိမ်းသွားသကဲ့သို့ ရန်သူတော် စစ်သူကြီးမှာလည်း လည်မျိုတွင် ဓါးဒဏ်ရာပေါင်းလောင်းကြီးနှင့် လဲကျငြိမ်သက်လျက် ရှိပါတော့သည်။

နှစ်ဦးသားကြားမှာတော့ ပွင့်ဟနေသော ရတနာသေတ္တာကြီးက ရတနာပစ္စည်းများ ဖိတ်စင်ကျလျက်၊ စောစောက ရတနာအတွက် အသက်ကို ရင်းနှီးပေးဆပ်၍ တိုက်ပွဲဝင်ခဲ့ကြသော မဟာလူသား နှစ်ယောက်ကတော့ သူတို့၏ချစ်လှစွာသော ရုပ်ခန္ဓာကြီးကို စွန့်ခွာလျက် သူတို့၏ဝိညာဉ်များကမူ ကြေဝဥ္စာတစ်နံတစ်လျားထိတိုင် လွင့်ပျံ့စေ့ရော သွားကြပါချေပြီတည်း။

♛ ♛ ♛





ကပ္ပိယကြီး ဘိုးဒွန်းဖြူ၏စကားများကို မင်းမောင်နှင့် ဦးကြီးမှန် တို့နှစ်ဦးသား စိတ်ဝင်တစားနှင့် နားထောင်နေကြသည်။ ဤသို့ဆိုလျှင် အိမ်ရှေ့စံမင်းသား သီဟသူ၏ ရတနာသေတ္တာကြီးသည်။ ပေါက်ရိုယသချိုင်း အုတ်ဂူ၏ လှို့ဝှက်ဥမင်လိုဏ်ခေါင်းထဲတွင် ရှိနေမည်သာဖြစ်သည်။ ဓမ္မာရာမဂျေဗ္ဗိဆင်း၏ မှတ်တမ်းထဲတွင်လည်း မောရိယမရဏာခေါင်း လောင်း။ ထူးဆန်းသောရတနာသိုက်နှင့် မြေအောက်ဥမင်သမိုင်းကြောင်း ကို ပါရှိသည်မဟုတ်ပါလော။

" ဒီလိုဆိုရင် . . . ဘယ်နေရာမှာ ရှိမှန်းမသိနိုင်တဲ့ လှို့ဝှက် မြေအောက်ဥမင်ထဲမှာ အိမ်ရှေ့စံသီဟသူရဲ့ ရတနာသေတ္တာကြီးဟာ တစ်ကယ်ကို ရှိနေတာပေါ့နော် . . . အဘိုး "



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဒီရာဇဝင် သမိုင်းကြောင်းသာ ဟုတ်မှန်ခဲ့မယ်ဆိုရင် သီဟာသူမင်းသားလေးရဲ့ ရတနာသေတ္တာကြီးဟာလည်း မြေအောက်ဥမင်လှိုဏ်ခေါင်းထဲမှာ ရှိနေသင့်တာ ပေါ့ကွယ်။ ဒါပေမဲ့ တစ်ကယ်ရှိတယ် မရှိဘူးဆိုတာကတော့ နှစ်ပရိစ္ဆေဒကြာမြင့်သွားတဲ့အပေါ်မှာ ဘယ်သူမှ တပ်အပ်သေချာ မပြောနိုင်ဘူးလေ၊ သည်ကြားထဲ နောက်ထပ် မောရိယကုန်းပေါ်မှာ မျက်နှာဖြူအရေးပိုင်ကြီးက မလုပ်စကောင်း ခေါင်းလောင်းစင်နဲ့ ဘိုတဲကြီးကို တစ်ဆက်စပ် တည်းဆောက်လိုက်ပြန်တော့ ဇာတ်တွေက ရှုပ်ထွေးပြီးရင်း ရှုပ်ထွေးကုန် တော့တာပေါ့ကွယ် . . ."

ထိုနေ့က ကပ္ပိယကြီးဘိုးသာဒွန်းဖြူ၏ မောရိယနန်းတော်ကြီး အကြောင်းနှင့် အိမ်ရှေ့စံမင်းသားသီဟာသူတို့၏ ပဋိပက္ခပြိုင်ဆိုင်မှုတွေက မင်းမောင်ရင်ထဲဝယ် သပွတ်အူလယ်လျက်ရှိသည်။ နောက်ဆုံး သူ၏ အပြန်ခရီးထိတိုင် ထိုအဖြေမရှိနိုင်သော ပုစ္ဆာများက မင်းမောင်ရင်ထဲဝယ် လွှန်းထိုးယက်လိမ်လျက် ရှိပါတော့သည်။

မင်းမောင်ကံကောင်းချင်တော့ ဘုန်းကြီးကျောင်းမှ အပြန်ခရီးတွင် ကျောင်းဝင်းထဲမှ ထွက်လာသည့် ဖြူနုဖဲကို တွေ့လိုက်ရခြင်းပင်။ ဖြူနုဖဲကလည်း သူ့ကိုမှတ်မိသည်ထင်။ မျက်ဝန်းညို့ညို့နှင့် လှမ်းကြည့်လိုက်သည်။

" ဟင် . . . ဖြူနုဖဲ ကျောင်းကိုလာတာလား "





" ဟုတ် . . . ဟုတ်တယ် မိုလ် . . . မိုလ်လေး "

ထစ်ထစ်ငေါ့ငေါ့နှင့် ဖြေဆိုနေပုံလေးကိုက မြတ်နိုးထွေးပိုက်ချင်စရာ၊ လက်ထဲမှ ဆွမ်းချိုင့်ကိုမြင်လိုက်ရသဖြင့် ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်လာပို့သည်ကို မေးစရာမလိုတော့ပါ။

" ဒါနဲ့ . . . ဖြူနုရဲ့အစ်ကို ထွန်းဖဲကြီးရော မပါဘူးလား၊ မမြင်လို့ မေးကြည့်တာနော် "

" ဟင်း . . . အစ်ကိုကြောင့်လည်း ခက်ပါတယ်ရှင်၊ ဟိုနေ့က အစ်ကို့ရဲ့ ပြုမူဆက်ဆံပုံတွေကို ဖြူနုတောင်းပန်ပါတယ်နော် မိုလ်လေး"

သူ့အစ်ကိုနှင့်ပတ်သက်သည်များကို မင်းမောင်အား မျက်နှာနီနီနှင့် တောင်းပန်စကားပြောနေပါ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

## " မောရိယသချိုင်းမှ လျှို့ဝှက်တံခါးပေါက်တွေ့ရှိခြင်း "

တစ်ခုသော ညနေချမ်းတွင် . . . ဘူမိဗေဒအရာရှိ မင်းမောင်မှာ မောရိယသချိုင်းပျက်ကြီးဆီသို့ ရောက်ရှိလာခဲ့ပါ၏။ မောရိယသချိုင်းပျက်ကြီးမှာ ရှေးပဝေသဏီကပင် တည်ရှိခဲ့သော သချိုင်းကြီးဖြစ်သဖြင့် သချိုင်းအုတ်ဂူများ၊ မှတ်တိုင်အကျိုးအပျက်များနှင့် တစ်ပိုင်းတစ်စသာ ကျန်ရှိတော့သည့် အုတ်ဂူများက ကြီးမားကျယ်ပြောစွာ ကျန်ရစ်ခဲ့ပါသည်။

ဤမောရိယသချိုင်းပျက်ကြီးဆီသို့ မင်းမောင် မှတ်မှတ်ရရ လေးငါးကြိမ်ခန့် ရောက်ရှိခဲ့ပြီးဖြစ်သည်။ မစ္စတာဂျေဗီဆင်း၏ ဒိုင်ယာရီ မှတ်တမ်းကို ဖတ်မိသည်နှင့် ဘိုတဲကြီးပေါ်မှ စာကြည့်ခန်းကို မင်းမောင် ပိုက်စိတ်တိုက်၍ ရှာဖွေကြည့်သည်။ အကြိမ်ကြိမ်အခါခါ စစ်ဆေးကြည့် သည်။ သို့သော် . . . မသင်္ကာဖွယ်ရာ လျှို့ဝှက်တံခါးချပ်ကိုမူ မည်သို့မျှ





ရှာဖွေ၍ မတွေ့ရပါချေ။

" ဟူး . . . ဒီစာကြည့်ခန်းထဲမှာတော့ ရှာရတာမလွယ်ဘူး။ ဘာတစ်ခုမှလည်း မသင်္ကာစရာမရှိဘူး။ မထူးပါဘူး . . . မောရိယသချိုင်း ထဲမှာသွားပြီး အုတ်ဂူပျက်က လျှို့ဝှက်တံခါးကိုတောင် ရှာရမလိုဖြစ်နေပြီ"

ထိုကဲ့သို့ စဉ်းစားမိတိုင်း မောရိယသချိုင်းပျက်ကြီးဆီသို့ မင်းမောင် မကြာခဏဆိုသလို ရောက်ရှိနေခဲ့ခြင်းပင်တည်း။ မင်းမောင် မှာ ဘောင်းဘီအိတ်ထဲမှ ပုပ္ပါးစီးကရက်ဗူးကို ဆွဲထုတ်လိုက်ပြီး ရွှေရောင် တစ်ရစ်နှင့် အစီခံပါသော စီးကရက်တစ်လိပ်ကို ရွေးထုတ်ယူလိုက်သည်။ ပြီးမှ မီးညှိရှိုက်ဖွာလိုက်ရင်း မြူနှယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးနေသည့် မောရိယသချိုင်းပျက်ကြီးအတွင်းသို့ ဝေ့ဝဲအကဲခတ်နေပါလေ၏။

ဝင်စစ်မှ . . . မင်းမောင်မှာ လျှို့ဝှက်မြေအောက် လိုဏ်ဂူကြီး ထဲမှ ရတနာသေတ္တာကို လိုချင်တပ်မက်လွန်း၍မဟုတ်၊ မောရိယကုန်းမှ ဘိုတဲကြီးနှင့်ပတ်သက်၍ ရှုပ်ထွေးဖွေးလီနေသည့် ပဟေဠိပုစ္ဆာများ၊ ပြည့်ညရောက်တိုင်း လူမရှိဘဲ သူ့အလိုလိုမြည်ဟီးနေသည့် မောရိယ မရဏာခေါင်းလောင်းကြီး၊ စာကြည့်ခန်းတစ်ဝိုက်နှင့် မရဏာမောရိယ ခေါင်းလောင်းကြီးတစ်ဝိုက်တွင် ကျက်စားပျော်မြူးနေကြသော ဝိညာဉ် ဆွေမျိုးကောင်များ စသည့် အဖြေမသိနိုင်သည့် ပဟေဠိပုစ္ဆာများကို ဖြေရှင်း ချင်သဖြင့်သာ ကြိုးစားပန်းစားရှာဖွေနေမိခြင်းဖြစ်သည်။

မောရိယသချိုင်းပျက်ကြီးရဲ့ အရှေ့ဘက်လျှိုစပ်မှာ အရိပ်အာဝါ သကောင်းပြီး ကြီးမားလှတဲ့ ညောင်မြစ်ပျဉ်ကြီးတွေနဲ့အတူ ထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား ဖိုး၊လောက်ဆိုင်ပေါက်နေသည့် ညောင်ပင်အိုကြီးသုံးပင်အား မင်းမောင် တွေ့မြင်လိုက်ရသည်။ ခါတိုင်းတွေ့မြင်နေကြ ဖြစ်သော်လည်း ဒီနေ့မှ သေသေချာချာကြည့်လိုက်မိတော့ အလယ်ခေါင်မှ ညောင်ပင်ကြီး၏ ညောင်မုတ်ဆိတ်များကြားတွင် နတ်ကွန်းစင်လိုလို အုတ်ကျိုးများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦးပျက်တစ်ခုကို တွေ့လိုက်ရသည်။

" အင်း . . . ညောင်ပင်အိုကြီးကြီးမှာ ဆောက်ထားတာဆိုတော့ ညောင်ပင်စောင့်နတ်တွေ၊ ရုက္ခစိုးကြီးတွေကိုများ ပူဇော်ပသထားတဲ့ နတ်ကွန်းစင်များလား။ သချိုင်းကြီးကလည်း ရှေးဘုရင်တွေ လက်ထက် ကတည်းက ရှိခဲ့တာဆိုတော့ ဖြစ်နိုင်တာပဲလေ"

ညောင်ပင်မုတ်ဆိတ်များကြားတွင် ညှပ်ပိတ်နေသည့် အုတ်တိုက်ပျက်ကလေးကိုကြည့်ရင်း မင်းမောင် စဉ်းစားနေမိသည်။ မင်းမောင်၏ ဖခင်ကြီးမှာ ရှေးဘုန်းကြီးကျောင်းသားဖြစ်ခဲ့သဖြင့် ဘာသာတရားနှင့် ပတ်သက်၍မူ ရှိသေကိုင်းရှိုင်းမှုရှိပြီး အမြဲတမ်း လေးစားလိုက်နာသူဖြစ်သည်။ ထို့ကြောင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်ကြီးများအကြောင်းကို ဆရာတော်ကြီးများ၏ အဆုံးအမနှင့်ယှဉ်၍ ဟောပြောသည်များကို နာယူမှတ်သားဖူးခဲ့သည်။ အထူးသဖြင့် ယခုကဲ့သို့ ကြီးမား လှပြီး သက်တမ်းရင့်အိုလှပြီဖြစ်သော ညောင်ပင်ကြီးမျိုးတွင် ရုက္ခစိုး နတ်ကြီးများ ရှိတတ်ကြောင်း ထိုသို့ ရုက္ခစိုးနတ်ကြီးများသည် သစ်ပင်ပေါ် တွင် နေထိုင်ကြသည်မဟုတ်ဘဲ သစ်ပင်အကြောင်းပြု၍ မိမိတို့၏ကံ ကုသိုလ်အလျောက် ဘုံဗိမ္မာန်ကြီးများဖြင့် နေထိုင်ကြသော သမ္မာဒေဝနတ်ကြီး





များဖြစ်ကြောင်း။ ၎င်းတို့အား မလေးမစားမလုပ်သင့်ကြောင်းနှင့် သူတို့အား ရှိသေလေးစားမှုရှိလျှင် ကူညီစောင့်ရှောက်ပေးသဖြင့် မယုံ မကြည်နှင့် စော်ကားပြောဆိုခဲ့သူများမှာလည်း ဘေးဒုက္ခအန္တရာယ်အမျိုး မျိုးဖြင့် တွေ့ကြုံရလေ့ရှိကြောင်း ဟောပြောခဲ့သည်များကို အမှတ်ရလာမိ ခဲ့သည်။

ထို့ကြောင့်း မင်းမောင်မှာ ညောင်ပင်ကြီးကိုကြည့်ကာ တစ်စုံ တစ်ရာကို စဉ်းစားမိသည်ထင်၊ အုတ်တိုက်နတ်ကွန်းစင်ပျက်လေး ရှိရာသို့ လျှောက်ပြီး ရုက္ခစိုးနတ်မင်းကြီးနှင့် သက်ဆိုင်ရာနတ်မင်းများအား တိုင်တည်လိုက်မိသည်။

" ဘိုးဘိုးရုက္ခစိုးနတ်မင်းကြီး . . . ကျွန်တော်သည် ဤမောရိယသချိုင်းနဲ့ ဆက်နွယ်နေတဲ့ ရတနာသိုက်ရှိရာ လျှို့ဝှက်တံခါးကို ရှာဖွေနေ သူတစ်ဦးဖြစ်ပါတယ်၊ ဒါပေမဲ့ လောဘဖက်၍ရှာဖွေခြင်းမရှိဘဲ ဗေဟုဦပုဏ္ဏားများ ရှင်းလင်းသွားစေရန်သာ ကောင်းမြတ်သော ရည်ရွယ် ချက်နှင့် ရှာဖွေနေခြင်းဖြစ်ပါတယ် . . . အဲ့ဒါကြောင့် တတ်နိုင်သမျှ ဘိုးဘိုးက ကူညီရှာဖွေပေးပါခင်ဗျား "

မင်းမောင်မှာ ဘာရယ်မဟုတ် တွေ့လိုတွေ့ငြား ဒေကြကုန်၍ ဒွန်ဆားချက်လိုက်ခြင်းမျှသာ၊ သို့သော် . . . အကျိုးပေးလျှင် အရာဝင် သည်ဆိုသော စကားပုံအရ အဖြစ်အပျက်တို့သည် မယုံကြည် နိုင်ဖွယ်ရာ ပြောင်းလဲသွားခဲ့ပါသည်ဟု ဆိုလျှင် . . .

ထိုနှစ်က ရေနံတောင်တွင် မိုးကြီးလေကြီးများက မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို ရှာသွန်းနေချိန်ဖြစ်သည်။ မင်းမောင်မှာ ထိုကဲ့သို့ ဆုတောင်းပြီး ရှေးဟောင်းသချိုင်းအုတ်ဂူပျက်ကြီးများကို တစ်ခုချင်းရှာဖွေကြည့်နေမိပါ၏။ လက်ရှိအနေအထားရဆိုလျှင် သချိုင်းဂူမှာ လျှို့ဝှက်တံခါးချက်ကို တွေ့နိုင်ဖို့ဆိုသည်မှာ မလွယ်ကူပါ၊ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို ကောက်ရိုးပုံထဲတွင် အပ်တစ်ချောင်း ဖြစ်၍ရှာဖွေနေသည်နှင့် တူလှပါ၏။ သို့သော် . . . လူတစ်ယောက်၏ ကံဇာတာအလှည့်အပြောင်း အကြောင်းအကျိုးနှင့် အကောင်းအဆိုးတို့သည် ကြိုတင်၍မသိနိုင်။

လုံထမ်းလာသည်ကို မြင်နိုင်သော်လည်း . . . ကံထမ်းလာသည်ကိုလည်း မည်သူမျှ ကြိုတင်၍မသိနိုင်ပါ။ သို့သော် . . . မင်းမောင် အတွက်တော့ ယနေ့ညနေသည် ကံထမ်းလာသည့် ညနေဟုပင် ဆိုရပေမည်လား . . .။ ထိုနေ့ညနေစောင်း မောရိယသချိုင်းသို့ မင်းမောင်ရောက်ရှိနေခဲ့ပြီး မကြာမီအချိန်မှာပင် ကောင်းကင်တစ်ခုလုံး မှိုင်းမှုန်မည်းမှောင်လာခဲ့ပြီး . . . မိုးသက်လေကလည်း တဝေါဝေါနှင့် ရွာချလာခဲ့သည်။

“ ဟား . . . ခုကွဲပဲဟေ့ မိုးကသဲကြီးမဲကြီးနဲ့ကို ရွာချတော့တာပါလား ”

ရုတ်တရက်ရွာချလာသောမိုးကြောင့် မိုးခိုရန်အတွက် . . . မင်းမောင် ကဗျာကရာရှာကြည့်လိုက်မိသည်။ အရွက်ဖါးဖါးနှင့် သိပ်သည်းသော ညောင်ပင်ကြီးတစ်ပင်အောက်သို့ ပြေးဝင်ခိုကပ်လိုက်ရသည်။ မိုးကသဲသဲမဲမဲနှင့် ရွာကောင်းနေဆဲပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကျသွားပြီး မြင်ကွင်းတစ်ခုလုံး မှိုင်းပြမှုန်ဝေနေပါ၏။ သည်ကြားထဲ





လျှပ်ရောင်တဝင်းဝင်း . . . မိုးခြိမ်းသံတဒိုင်းဒိုင်းနှင့်ကြောင့် မင်းမောင်တစ်ယောက် ဇက်များပင်ပုသွားပါသည်။

“ ဂျိမ်း . . . ဒလိန်း . . . ဂျိမ်း ”

“ ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ ”

အချိန်က ညနေစောင်းနေဝင်ချိန်ဖြစ်နေပြီမို့ အလင်းရောင်က အားပျော့စပြုနေပါပြီ။ မိုးမှောင်မှောင် သစ်ရိပ်ဝါးရိပ်များနှင့် အုံ့ဆိုင်းသို့မှိုင်းနေသည့် မောရိယသချိုင်း၏ မိုးသံလေသံအောက်မှာတော့ မင်းမောင်တစ်ယောက် မိုးရေများနှင့်စိုရွှဲလျက်။ သည့်ထက်မိုးလေလုံခြုံသည့်နေရာသို့ မင်းမောင်တစ်ယောက် ရှာဖွေနေခိုက် . . . ညောင်ပင်ကြီးအောက်မှ အုတ်တိုက်နတ်ကွန်းစင်ကို သတိရသွားမိသည်။

“ ဟော . . .ဟို . . . ဟိုညောင်ပင်အောက်က နတ်ကွန်းစင်မှာ မိုးလုံတာပဲ၊ အဲဒီကို ပြေး . . . ပြေးမှ နို့မို့ဆိုရင် . . . ဒီမိုးသည်းပုံမျိုးနဲ့တော့ မလွယ်ဘူး . . . ဟူး ”

မင်းမောင် လက်ရှိမိုးခိုနေသည့်နေရာမှ . . . နတ်ကွန်းစင်ရှိရာသို့ အပြေးအလွှားထွက်လာခဲ့သည်။ ထိုစဉ်မှာပင် . . .

“ အုန်း . . . ဂျိမ်း ”

“ ဟာ . . . ”

ကျယ်လောင်စွာထွက်ပေါ်လာသော မိုးကြိုးနှင့်အတူ မင်းမောင်၏နှဖူးက ချောချော်သွားပြီး သူ၏အနီးမှ ရှေးဟောင်းသချိုင်းဂူပျက်ကြီးဆီသို့ လွင့်စင်လဲကျသွားပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . . ဟာ . . . ဒုန်း "

ထိုအခိုက် မင်းမောင်၏ခန္ဓာကိုယ်ကြီးက သချိုင်းအုတ်ဂူပျက်၏ နံရံတစ်ဘက်ကို ဒုန်းကနဲဝင်ဆောင့်မိလိုက်သည်နှင့် . . .

" ဝုန်း . . . ဒုန်း "

" ကျွီ . . . ကျွီ . . . ကျွီ . . . ကျွီ "

မယုံကြည်နိုင်ဖွယ်ရာပင် သချိုင်းအုတ်ဂူဝတစ်ခုက တကျွီကျွီမြည်ကာ လူတစ်ယောက်စာဝင်နိုင်သည့် အပေါက်တစ်ခု ပေါ်ထွက်လာခဲ့သည်။ ရုတ်တရက်ပြောင်းလည်းသွားသည့် မြင်ကွင်းကြောင့် မင်းမောင်ခမျာ နာကျင်မှုကိုပင် အမှုမထားနိုင်တော့ဘဲ သချိုင်းဂူပေါက်ဝကိုသာ တအံ့တသြဖြင့် ကြည့်နေမိပါသည်။

" ဟာ . . . ဒါ . . . ဒါ လှိုဏ်ခေါင်း . . . လှိုဏ်ခေါင်းတံခါးပေါက်ကြီးပါလား ဘုရား . . . ဘုရား ဒါဆိုရင် . . . ဟိုမစ္စတာဂျေမ့်ဆင်းရဲ့ မှတ်တမ်းက မှန်နေပြီပဲ "

မင်းမောင်မှာ နာကျင်မှုဝေဒနာကြားမှ . . . ကြိုးစားရှေ့ထက လှိုဏ်ခေါင်းတံခါးပေါက်အနီးသို့ တိုးကပ်လာခဲ့သည်။ တွေ့လိုက်ရပါပြီ၊ လူတစ်ယောက်ဝင်သာရုံမျှ ကျယ်ဝန်းသော လှိုဏ်ခေါင်းဝမှတစ်ဆင့် လှေကားထစ်တစ်ချို့ကို မြင်တွေ့လိုက်ရသည်။

" ဟော . . . ဟိုမှာ အောက်ဆင်းသွားတဲ့ လှေကားထစ်တွေပါလား၊ ဒါဆိုရင် ဒီသချိုင်းဂူဟာ မောရိယဘိုတဲက စာကြည့်ခန်းထဲဆီကို သွားတဲ့ မြေအောက်လှိုဏ်ခေါင်းပဲဖြစ်မယ် "





မင်းမောင် ထိတ်ခနဲဝမ်းသာသွားပြီး လှေကားထစ်များအတိုင်း တိနှင့်ဆင်းလာခဲ့သည်။ မြေအောက်လှေကားထစ်များ ဝန်းကျင်တွင် လင်းရောင်ပိုးတဝါးမျှသာ၊ အမှောင်ထုကသာ နေရာအတော်ရာများများကို ကြီးစိုးမင်းမူထားသည်။ ထိုစဉ်မှာ မင်းမောင်၏ကိုယ်မှ စီးဆင်းကျလာသော မိုးရေစက်များကြောင့် လှေကားထစ်တွင် ချော်ချော်သွားကာ အောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွားပါလေ၏။

" ဝေါ . . . ဖရော . . . ဖျော . . . ဖရော "

" အ . . . အား "

မင်းမောင် ရုတ်တရက်လန့်ဖျန့်ကာ အော်ဟစ်သံကြီးက သချိုင်းလှိုဏ်ခေါင်းကြီးအတွင်းဝယ် ပဲ့တင်ရိုက်ခတ်သွားပါချေတော့သည်။ လှိုဏ်ခေါင်းဥမင်သည် မည်သည့်အရပ်၊ မည်သည့်ဒေသတွင် ဆုံးမည် မသိ မှောင်အတိကျနေသည့် လှိုဏ်ခေါင်းအတွင်းဝယ် တလိမ့်လိမ့်နှင့် ဆင်းသွားရင်း မင်းမောင်နှုတ်ဖျားမှ အမှတ်မထင် ရက္ခစိုးဘိုးဘိုးကြီးကို တလိုက်မိသည်။ ထို့နောက်မှာတော့ အသိတရားဟူသမျှ မင်းမောင်၏ ခန္ဓာကိုယ်အတွင်းမှ ပြေးထွက်သွားပါချေပြီကော . . .။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

## " ပစ္စာဆန်သော . . . မောင်နှမနှစ်ယောက် "

မင်းမောင်တစ်ယောက်တည်း အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် လက်ဖျားခြေဖျားများမှာ အအေးဒဏ်ကြောင့် ထုံကျင်ကိုက်ခဲစပြုနေပြီ။ ဦးခေါင်းကြီးတစ်ခုလုံး ရေခဲတုံးတွေထဲသို့ ထည့်ထားရသည်သို့ ထုံကျင် အေးစက်လျက်၊ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေပါသော် လျှပ်စီးတဖျန်းဖျန်း မိုးခြိမ်းသံ တကျိမ်းကျိမ်းနှင့် မိုးသဲညဝန်းကျင်တစ်ခုလုံး သွေးပျက်ချောက်ချားဖွယ်ရာပင် ရှိနေသည်။

" ဖျန်း . . . ကျိမ်း "

ထိုစဉ် . . . လျှပ်စီးများ အဆက်မပြတ်ဝင်းလက်သွားချိန်တွင် သူ၏ရှေ့မှ အဖြူရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက်ကို တောင်ဝှေး ကြီးတစ်ချောင်းနှင့် မြင်တွေ့လိုက်ရသည်။ ထိုအဘိုးအိုမှာ အဖြူရောင်





အဝတ်စတစ်ခုကို ခေါင်းပေါင်းထားသည်။ အသက်အရွယ်ကြီးကြီးနှင့် မှတ်ဆိတ်မွေး ပါးသိုင်းမွေးများက ရင်ဘတ်ထိ ထူးထူးခြားခြား ရှည်လျား စွာကျရောက်နေပါ၏။

ယခုမှ မင်းမောင် ကိုယ့်ကိုကိုယ်သတိထားမိသည်။ လှေကား ထစ်များအောက် တွင်းချိုင့်ကြီးအတွင်းဝယ် သူကျရောက်နေခြင်းဖြစ် သည်။ ကုတ်တွယ်စရာမရှိ ကိုင်တွယ်မှီခွဲစရာနတ္ထိ၊ ထိုတွင်းချိုင့်အပေါ်ရှိ အဖြူရောင်ဝတ်စုံနှင့် အဘိုးကြီးသာမကယ်တင်လျှင် တွင်းချိုင့်အပေါ်သို့ မည်သို့မျှမရောက်နိုင်၊ မတတ်နိုင်။

ထို့ကြောင့် အဘိုးအိုအားလက်ကိုကမ်းကာ သူ့အားကယ်တင် ပေးပါရန် ပြောလိုက်သည်။ သို့သော် . . . စကားသံက ဗလုံးဗထွေး နှုတ်ဝါးဝါးနှင့်သာ။

ထိုစဉ်မှာပင် အဘိုးအိုက သူ၏တောင်ဝှေးကြီးအား မင်းမောင် ရှိရာသို့ ထိုး၍ပေးလိုက်သည်။ မင်းမောင်မှာ ဝမ်းသာအားရနှင့် တောင်ဝှေး ကို လှမ်းကိုင်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ဆွဲ့ခနဲဆွဲတင်လိုက်သည် သို့ မြောက်တက်သွားပြီး အပြင်ဘက်လှိုဏ်ခေါင်းကျယ်တစ်နေရာသို့ ဆင်းကျသွားပါတော့သည်။

" ဒိုး . . . ဖရော . . . ဖရော . . . ဘုန်း "

တစ်ချိန်တည်းမှာပင် မင်းမောင်တစ်ယောက် အမှောင်ထဲမှ လွတ်မြောက်လာသူတစ်ဦးနှယ် ဖျတ်ခနဲသတိရလာခဲ့သည်။

" အီး . . . အင်း . . . ဟင်း . . . ဟင်း "



www.burmeseclassic.com

www.burmeseclassic.com



" ဟော . . . သူ သတိရလာပြီထင်တယ်၊ ဗိုလ်လေး . . . ဗိုလ်လေး "

ကြည်မြပီသသော အသံချိုချိုလေးက . . . ဟိုးအဝေးမှ ကြားရ သလိုလို၊ အနီးမှ ကြားနေရသလိုလို ဝေးသွားလိုက် နီးလာလိုက်နှင့် မင်းမောင် မျက်လုံးအစုံကို အားယူ၍ဖွင့်ကြည့်လိုက်သည်

ဝေဝါးတွေပြားနေသော . . . အမြင်အာရုံတွင် အရိပ်နှစ်ခု လှုပ်ရမ်းလျက်၊ အသံတွေကကြားနေရသည်။ လူရိပ်သဏ္ဍာန်များ က မကြည်လင်သေး။

" အင်း . . . ဟိုး . . . အင်း . . . ဘယ်သူလဲ "

" ဟော . . . ဗိုလ်လေး ဗိုလ်လေး . . . သတိရလာပြီလား ဟင် "

သည်တစ်ကြိမ်တော့ မင်းမောင် မျက်လုံးအစုံကို ပီပြင်စွာကြည့် လိုက်နိုင်သည်။ တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ပထမ အံ့သြသွား သည်။ ဒုတိယ ထိတ်ခနဲဝမ်းသာသွားပါ၏။

" ဟင် . . . မင်း . . . မင်း ဖြူ . . . နု . . . ဖဲ "

" သတိရပြီလား . . . ဗိုလ်လေး၊ ဗိုလ်လေးကို သတိပေးမ လုပ်တုန်း ချော်လဲပြီးမြှုပ်ကျသွားလို့ ဖြူနုတို့ အချိန်မီ ဆွဲတင်ကယ်ဆယ် ခဲ့တာပါ "

ဖြူနုတို့ဟူ၍ . . . မင်းမောင် ကျန်သည့်အရိပ်တစ်ခုက လည်း ကြည့်မိလိုက်သည်။ ထိုသူ၏ မျက်နှာကိုမြင်လိုက်ရသည်နှင့် မင်းမောင် နှုတ်ဖျားမှ အာမေဋိတ်သံများပင်ထွက်ကျသွားသည်။

" ဟင် . . . မင်း . . . ထွန်း . . . ဖဲ "

နှုတ်ခမ်းမွေးရေးရေး၊ မျက်နှာထားတင်းတင်းနှင့် နှုတ်ခမ်းကို တင်းတင်းရင်းရင်းစိထားပြီး . . . မင်းမောင်ကို ရူးရူးရဲရဲကြည့်နေသည့် ထွန်းဖဲ . . . သို့မဟုတ် သူနှင့် စကားနိုင်လုဘက်အဖြစ် အငြိုတစေရန်လို နေသည့် လူတစ်ယောက်။

" ဟုတ်တယ် . . . မင်းမောင်၊ အကြောင်းစုံမသိရသေးခင်မှာ မင်းသေသွားမှာစိုးလို့ ငါကယ်ထားလိုက်ရတာ "

ထုံးစံအတိုင်း ထွန်းဖဲနှုတ်ဖျားမှ ထွက်ကျလာသော စကားလုံး များက မင်းမောင်အတွက် ပီယဝါစာမဖြစ်သေး။ သို့သော် . . . လောလော ဆယ် သူ၏အသက်အန္တရာယ်ကို ကယ်တင်စောင့်ရှောက်ထားသည်မှာ ညီမောင်နှမနှစ်ဦးသည် သူ့ကျေးဇူးရှင်များပင် ဖြစ်နေသည်မဟုတ် လား။

အသားမဖြူမည်း မျက်နှာသွယ်လျလျ ပါးမို့မို့တွင် သနပ်ခါး ဘစ်ချို့ ပျက်တစ်ဝက်၊ ရှိတစ်ဝက်နှင့်၊ ဆံနွယ်စလေးများတွင်း မိုးရေစက် များခိုတွဲလျက်၊ ရှည်လျားနက်မှောင်သော ဆံပင်ရှည်ကြီးများကို နောက်တွဲ ထားသည့် မိန်းမချောလေး ဖြူနုဖဲက ဖျင်အင်္ကျီ အမည်းဟတ်ဆင်ကာ မောက်နေသည့်ရင်အစုံက မိုးရေတို့နှင့်ကပ်ညိနေသည်၊ သို့သော် သူ၏ ချိုးအဆစ်ပြေပြစ်သော မိန်းမချောတစ်ယောက်၏ အင်္ဂါရပ်တို့ကို ဖယ်ထားသော ဆောင်ခါးရှည်ကြီးက ဖျက်ဆီးနေသည်သို့။




www.burmeseclassic.com

www.burmeseclassic.com



မင်းမောင် မိုလဲ့နေရာမှ အားယူ၍ထလိုက်သည်။ နာကျင်ကိုက်ခဲမှုဝေဒနာများက လျော့ပါးစပြုနေပါပြီ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မြေအောက်လှိုဏ်ခေါင်းထဲမှာ မဟုတ်တော့၊ သချိုင်းဇရပ်ပျက်ပေါ်တွင် ရောက်ရှိနေပါပြီ။

" ဒါထက် . . . နေပါဦး ငါမသိလို့မေးစမ်းပါရစေ၊ ငါချော်ပြီး ပြုတ်ကျခဲ့တာက ဟိုသချိုင်းမြေအောက်က ဥမင်လမ်းထဲမှာ၊ မင်းတို့နှစ်ယောက်က ဘယ်လိုလုပ်ပြီး ငါ့ကိုတွေ့တာလဲဟင် "

" မင်းဘယ်အချိန်မှာ ဒီမေးခွန်းကိုမေးမလဲဆိုတာ ငါစောင့်နေတာ၊ အင်းပြောရမယ်ဆိုရင်တော့ ဒီဇာတ်လမ်းကအရှည်ကြီးပဲ မင်းမောင် ဒါပေမဲ့ ငါတို့မောင်နှမရဲ့အကြောင်းကို မင်းသိထားမှဖြစ်မှာမို့ ဒီကိစ္စကို ပြောရမှာဖြစ်နေတယ်။ မင်းကသာမသိတာ မင်းရဲ့နောက်မှာ ငါတို့မောင်နှမနှစ်ယောက်အမြဲရှိနေတာလေ၊ ဟောဒီက ဖြူနု ဆိုရင် မင်းဆီကို လပြည့်ညတိုင်း ရောက်နေကျပဲ ဥစ္စာ ဟင်း . . . ဟင်း . . . ဟင်း "

" ဘာ . . . ဘာပြောတယ် ငါ့ရဲ့နောက်မှာ အမြဲရှိတယ် ဟုတ်လား၊ ဖြူနုဖံ့ကလည်း ငါ့ဆီကို လပြည့်ညတိုင်းရောက်နေကျ ဟုတ်လား ဟင် "

ပဟေဠိအဖြေညှိရန်လာခဲ့သော မင်းမောင်မှာ ဒုတိယအကြိမ် ထပ်မံ၍ ပဟေဠိအမေးပုစ္ဆာကို ခံနေရသဖြင့် ခေါင်းတရမ်းရမ်းနှင့် အဖြေရှာနေမိပါတော့သည်။





လပြည့်၊ ညမောရိယဝိဉာဉ်တစ္ဆေ၊ နုညံ့သောအထိအတွေ့၊ ရုန်းထွက်နိုင်သောလျှင်မြန်မှု။

ဖြူနုဖံ့ ဖျတ်လတ်သွက်လက်သော မိန်းမချောတစ်ယောက် ထို့ပြင် ကျောပြင်တွင်လွယ်ထားသည့် ဓါးရှည်တစ်ချောင်း။ ဤသို့ဆိုလျှင် လပြည့်ညရောက်တိုင်း မောရိယမရဏခေါင်းလောင်းစင်ရှိရာ ရောက်လာလေ့ရှိသော "နုညံ့အိစက်သော အထိအတွေ့ပိုင်ရှင်" မောရိယဝိဉာဉ်တစ္ဆေမလေးသည် . . .

"ဟော . . သိပြီ . . သိပြီ ဟို . . မောရိယဝိဉာဉ်တစ္ဆေမ . . တစ္ဆေမအယောင်ဆောင်ထားတဲ့ မင်း . . မင်း . . ဖြူ နု . . ဖံ့ . . ဟုတ်တယ်မို့လား "

" ဟင်း ...ဟင်း . . . ဟင်း မင်းတော်တယ်၊ သိပ်ပြီးတော်တယ် ...နည်းနည်းလေးအရိပ်ပြလိုက်တာနဲ့ အကောင်အထည်ကို တစ်ခါတည်းဖော်မိတယ် ...ဒါကြောင့် မင်းကို စိတ်မချတာပေါ့ မင်းမောင်"

" ဘာရယ် . . . ငါ့ကို စိတ်မချတာ ဟုတ်လား . . . နေပါဦး ဒါက ဘာတွေလုပ်နေလို့လဲ . . . ထွန်းဇံ့ "

" ဟင်း . . . ဟင်း . . . ဟင်း မင်းက သိပ်ပြီးတော်နေလို့ နောက်ပြီး ...အရည်အချင်းရှိသလောက် စူးစမ်းလေ့လာမှုအား ကောင်းလို့ စိတ်မချတာကွ အရင်မျက်နှာဖြူအရာရှိက ဘာမှအရည် အသွေးမရှိဘူး . . .နေ့နေ့ညညအရက်ကိုပဲ သောက်နေတာဆိုတော့ ငါတို့မောင်နှမ ဘိုတဲကုန်းက စံအိမ်ကြီးကို မွှေချင်တိုင်းမွှေလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲ့ဒီမျက်နှာဖြူအကောင်က ပြောင်းသွားပြီး သူ့နေရာကို မင်းရောက်လာခဲ့တယ်။ အေး . . . မင်းကတော့ ငါတို့နဲ့ တိုင်းရင်းသားချင်းမို့ တချိန်ချိန်မှာ ဖွင့်ဟပြောပြီး အကူအညီတောင်းမယ်လို့ စိတ်ကူးထားခဲ့တာ။ ဒါပေမယ့် မင်းအရှည်အချင်းက သိပ်ပြီးတော်နေလို့ နောက်ပြီး မင်းက ဟိုမျက်နှာဖြူကောင်တွေကို အလုပ်အကြွေးပြုနေတဲ့ အရာရှိ တစ်ယောက်ဆိုတော့ ဟို . . . ''

'' တိတ်စမ်း . . . ထွန်းဖေ၊ မင်းတို့ဟာ ငါကိုကယ်တင်ပေးတဲ့ ကျေးဇူးရှင်မို့ ငါဒီလောက်သည်းခံနေတယ်မှတ်ပါ၊ ငါဟာ မြန်မာလူမျိုး တစ်ယောက် တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ . . . ငါတို့နိုင်ငံကို တိုင်းတစ်ပါးသား နယ်ချဲ့တွေလာပြီး ကျူးကျော်အုပ်စိုးနေတာကို ကျေနပ်လက်ခံနေတယ်လို့ မင်းထင်နေသလား၊ အခု ငါလုပ်နေတဲ့အလုပ်က ငါ့တာဝန်နဲ့ဝတ္တရားအတိုင်း ငါလုပ်ဆောင်နေတာ''

ထိုစကားက ထွန်းဖေ၏နှလုံးသားကို မည်သည့်အတိုင်းအတာထိ ထိရှနာကျင်စေခဲ့သည်မသိ၊ ဝုန်းခနဲ ထိုင်နေရာမှထရပ်လိုက်ပြီး . . .

'' ဘာလဲ မင်းတာဝန်က ကိုယ့်လူမျိုးအချင်းချင်း ရေနံဆီ နည်းနည်းလောက်ခိုးနေတဲ့ သူခိုးတွေကို ဖမ်းနေရတဲ့တာဝန်လားကွ ဟေ . . . ''

အခြေအနေက မထင်မှတ်ထားပဲ ပဋိပက္ခပြင်းထန်လာသည်မို့ ဖြူနုဖံ့ အစ်ကိုဖြစ်သူ ထွန်းဖေ၏လက်မောင်းကို အသာဆုပ်ကိုင်၍ သတိပေးလိုက်သည်။

*သူ့ရုံတောင်းစာစေတိုက်*



'' ဟုတ်တယ် . . . ဥပဒေကို ချိုးဖေါက်တဲ့သူဟာ ဥပဒေကပေးတဲ့ အပြစ်ဒဏ်ကိုတော့ ခံကြရမှာပဲ၊ နည်းနည်းများများ ဥပဒေကို ချိုးဖေါက်တာပဲ ထွန်းဖေ၊ ဘယ်သူတွေက အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတစ်နိုင်ငံမှာ သူ့ရဲ့ပြဌာန်းထားတဲ့ ဥပဒေဆိုတာရှိတယ်၊ အေး . . . ငါလည်း ဒီအင်္ဂလိပ်မျက်နှာဖြူတွေ အုပ်ချုပ်တာမကြိုက်ဘူး၊ တော်လှန်ပစ်ရမယ်၊ တိုက်ထုတ်ပစ်ရမယ်။ ဒါပေမဲ့ . . . အချိန်မကျသေးဘူး ထွန်းဖေ . . . အနာတစ်ခုဟာ ပြည်မှည့်မှ ဖေါက်လို့ရတယ်၊ ပြည် မမှည့် အချိန်မတန်သေးဘဲဖေါက်ရင် အနာရင်းတတ်တယ် . . . ထွန်းဖေ ဒီမျက်နှာဖြူကောင်တွေကို တိုက်ထုတ်နိုင်ဖို့က လက်နက်ရှိရမယ်၊ အင်အားရှိရမယ်၊ စစ်ပညာတတ်မြောက်ရမယ်၊ ဦးစီးခေါင်းဆောင်ဆိုတာ ရှိရမယ် . . . ဒီလိုအချက်အလက်တွေပြည့်စုံမှ ငါတို့တိုင်းပြည်ကို ဗိုလ်ကျ ပိုးမိုးထားတဲ့ အင်္ဂလိပ်တွေကို တိုက်ထုတ်ပစ်လို့ရမယ်၊ နို့မို့ဆိုရင် တော်လှန်ရေးဟာ မိုက်ရူးရဲတော်လှန်ရေးပဲ ဖြစ်သွားလိမ့်မယ် . . . ထွန်းဖေ ''

ဒေါသအားမာန်နှင့် ပြောဆိုနေသော မင်းမောင်မှာ မိုးရေမိထားသောဒဏ်၊ အားနည်းသတိလစ်မေ့မျောထားသည့်ဒဏ်၊ နာကျင်ကိုက်ခဲသားသောဒဏ်တို့ စုပေါင်း၍ ခန္ဓာကိုယ်အား ပြင်းထန်စွာနှိပ်စက်လိုက်သည့်အခါမှာတော့ မာန်ပြင်းကာ ထပ်မံ၍ ဒုတိယသတိလစ်လဲကျသွားပါလေတော့၏။

'' ဟာ . . . ဗိုလ်လေး . . . ဗိုလ်လေး ''

'' မင်းမောင် . . . မင်းမောင် . . . မင်းမောင် ''

*သူ့ရုံတောင်းစာစေတိုက်*

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဖံတို့မောင်နှမနှစ်ယောက်၏ ထိတ်လန့်တကြားဟစ်အော်သံများက တဖွဲဖွဲရွာနေသည့် မိုးသံလေသံအောက်ဝယ် တိုးဝင်ပျောက်ကွယ်သွားပါလေတော့သည်။

♛ ♛ ♛





## အခန်း(၂၂)

## " ပဋိပက္ခသံယောဇဉ် နှလုံးသားများ "

" ငါတို့မောင်နှမယောက်က မန်နေဂျာအတွက်ဆိုကြီး ဦးကျော်ဖြူရဲ့ မြေးနှစ်ယောက်ပဲ၊ ငါတို့အဘိုးက လူကြီးရောဂါလို့ ခေါ်ရမလားပဲ တစ်ညမှာ သူ့ရဲ့သခင်ကြီးဂျေဗွီဆင်းနဲ့ နှစ်ယောက်ပျောက်သွားကြရာက သခင်ကြီးဂျေဗွီဆင်း ပါမလာတော့တဲ့ အဘိုးတစ်ယောက်ထဲ ထိတ်ထိတ်လန့်လန့်နဲ့ ပြန်ရောက်လာခဲ့တယ်၊ အဲဒီအချိန်ကစပြီး အဘိုးဟာ ဂယောင်ချောက်ချားတွေအော်လိုအော်၊ ထွက်ပြေးလိုပြေးနဲ့ စိတ်ကစဉ့်ကလျားဖြစ်သွားရကနေ နောက်တော့ သေသွားခဲ့တယ်၊ သခင်ကြီးဂျေဗွီဆင်းကိုတော့ အဲဒီအချိန်ကဘည်းက . . . တစ်ခါမှမတွေ့တော့ဘူး"

နံနက်ခင်းလေပြည်က ညင်းသွဲ့သွဲ့တိုက်ခတ်နေသည်။ ထွန်းဖံတို့မောင်နှမနှစ်ယောက် ဒုတိယအကြိမ် သတိလစ်မေ့မျောသွားရာသည့်



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ကိုထမ်းကာ လယ်ဖျားမှ သူတို့၏နေအိမ်ရှိရာသို့ ခေါ်ဆောင်ခဲ့ကြသည်။ မင်းမောင်မှာ မိုးမိခဲ့ရာမှ တစ်ကိုယ်လုံး အေးစက်ထုံကျင်လျ တဆတ်ဆတ်တုန်ကာ သတိလစ်မေ့မြောသွားခဲ့ခြင်းပင်ဖြစ်ပါ၏။

ထွန်းဖဲမှာလည်း မခံချင်စိတ်ဖြင့် ပေါက်ကွဲထွက်လာသော မင်းမောင်၏ရင်ဖွင့်စကားကြောင့် ရေနံတောင်မင်းမောင်၏ စိတ်ရင်းအ ကို သိရှိလိုက်ရပြီမဟုတ်ပါလား။ ဖြူနုဖဲနှင့်ထွန်းဖဲတို့၏ ပြုစုကုသမှု မင်းမောင် ပြန်လည်သတိရလာခဲ့သည်။ ပြီးလျှင် ဆန်ပြုတ်နှင့် ဆတ်သ ခြောက်ဖုတ်တို့ဖြင့် မင်းမောင်အားတိုက်ကျွေးရင်း သူတို့မောင်နှမ ယောက် ဇာတ်လမ်းအစုံကို ထွန်းဖဲက တစ်လုံးချင်း ရှင်းပြနေခြင်း သည်။

" နောက်တော့ . . . ငါတို့အဖေဆီကတစ်ဆင့် ရတနာသေတ္တ အကြောင်း သတင်းသဲ့သဲ့ကြားသိခဲ့ရတယ်၊ ငါတို့အဘိုးဟာ အဲ့ဒီရတ သေတ္တာကြောင့် သေခဲ့ရတာလို့လည်းပြောတယ်။ လှို့ဝှက်လမ်းကြော ဟာ စာကြည့်ခန်းနဲ့ ခေါင်းလောင်းစင်အနားမှာပဲရှိတယ်လို့ ပြောခဲ့ပေ အခုချိန်ထိ . . . ဘယ်လိုမှရှာလို့မတွေ့ဘူး။ ငါတစ်လုည့် ဖြူနုဖဲတစ်လှ မင်းနေတဲ့ ဘိုတဲကြီးက စာကြည့်ခန်းထဲအထိ မွှေနှောက်ရှာဖွေကြ ပေမယ့် . . . လှို့ဝှက်တံခါးကို ဘယ်လိုမှရှာလို့မရဘူး "

ဟုဆိုသည် လပြည့်ညများတွင် စာကြည့်ခန်းထဲ၌ လူမတွေ့ရ ချိုးချိုးချွတ်ချွတ်မြည်သံများ၊ တရှပ်ရှပ်ခြေသံများဖြင့် ခြောက်လှန့် သူတို့မောင်နှမနှစ်ယောက် စာကြည့်ခန်းကြီးထဲတွင် စိတ်ကြိုက်မွှေနှော





ရှာဖွေနေခြင်း ဖြစ်ပေလိမ့်မည်။ ယခင် မှုကဲ့နာဖြူအရာရှိလက်ထက်က ဆိပ်ညလုံးမှူးနေသဖြင့် စိတ်ကြိုက်ရှာဖွေနိုင်သော်လည်း၊ မင်းမောင် ာက်ထက်တွင်မူ ထိုသို့မရတော့။ သည့်ကြားထဲ ရှုးစမ်းလိုးျင်စိတ်ကြောင့် "မောရိယမရုဏာဝိညာဉ်တစ္ဆေ" မဟုတ်ကြောင်း မင်းမောင် ရိပ်စားမိလိုက် ခြင်းကို ထွန်းဖဲ သိရှိသွားပါလေ၏။

ထို့ကြောင့် အရိပ်အမြွှစ် နောက်မှမလိုက်တော့ဘဲ ထိပ်တိုက် ရင်ဆိုင်ဖြေရှင်းရန်အတွက် မင်းမောင်နောက်မှာ နောက်ယောင်ခံ၍ လိုက်ခဲ့ ရာမှ မောရိယသင်္ချိုင်း၏ လှို့ဝှက်တံခါးချပ်ကို မထင်မှတ်ဘဲတွေ့ရှိသွား ခဲ့ရခြင်းပင်တည်း။ ထိုအချိန်တွင် မြေအောင်ဥမင်ထဲမှ မင်းမောင်၏ စိတ်လန့်တကြားအော်ဟစ်သံကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား မြေအောက်လှေကားမှ ဆင်းခဲ့ကြရာ သိတိလစ်လဲကျနေသည့် မင်းမောင် ကို တွေ့ရှိခဲ့ကြရသည်မဟုတ်ပါလား။ ထိုသည်မှစ၍ မင်းမောင်နှင့် ထွန်းဖဲတို့နှစ်ဦး ပဋိပက္ခ စကားစစ်ထိုးပွဲဆင်နွှဲကြရင်း တစ်ယောက် အကြောင်းတစ်ယောက် သိရှိလာခဲ့ကြရပါလေ၏။

" ငါ့စိတ်ထဲမှာ ရှိတဲ့အတိုင်းပြောရရင် မင်းဆီမှာ သခင်ကြီး ရာဇ်ဆင်းနဲ့ပတ်သက်တဲ့ အထောက်အထား၊ အချက်အလက်၊ ဒါမှ မဟုတ် မှတ်တမ်းလို လမ်းကြောင်းသိထားနိုင်တဲ့ မြေပုံရှိနေမယ်လို့ ထင်ယုံနေတယ် "

ထွန်းဖဲက သူ၏စိတ်ထဲတွင်ရှိသည့်အတိုင်း မင်းမောင်အား မေးမြန်းလိုက်သည်၊ မင်းမောင်ကမူ ခေါင်းလည်းမခါသလို ခေါင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မငြိတ်။ အတန်ကြာမှ ထွန်းဖံ၏မျက်နှာအား စေ့စေ့ကြည့်ကာ . . .

" နေပါဦး ထွန်းဖံ . . . ဒီလို ရှက်ကိစ္စတွေကို ငါ့ကို ဘာဖြစ်လို့ ပြောပြနေရတာလဲ။ ဒီကိစ္စတွေကို ငါသိတော့ရော ဘာလုပ်နိုင်မှာလို့လဲ၊ နောက်ပြီး ရတနာသေတ္တာဆိုတာကရော . . . မင်းကိုယ်ကျိုးအတွက် သုံးဖို့လား ထွန်းဖံ "

မင်းမောင်၏မေးခွန်းကြောင့် ထွန်းဖံ ခေါင်းကဆတ်ခနဲမော့သွားသည်။ သို့သော် အချိန်မီ လက်ခွဲကာဟန့်တားလိုက်သည့် ဖြူနုဖံကြောင့် ထွန်းဖံ သူ့ဇာတိစိတ်ကို လျှော့ချလိုက်ပါ၏။

"ဒီလိုရှိပါတယ် မိုလ်လေး။ အခုလို တစ်ယောက်နှင့်တစ်ယောက် စကားအချေအတင်သာ ပြောနေကြရင် ပြီးမှာမဟုတ်တော့ဘူး။ မိုလ်လေးကို အကူအညီတောင်းချင်တာက ဖြူနုတို့ ရတနာသေတ္တာ ရှာနေတဲ့ကိစ္စကို မနှောင့်ယှက်ဖို့ပါပဲ၊ တစ်ကယ်တော့ မိုလ်လေးပြောသလို ဒီမျက်နှာဖြူ နယ်ချဲ့တွေကို တော်လှန်တိုက်ခိုက်ဖို့ဆိုတာ လက်နက်အင်အား၊ လူအင်အား လိုအပ်တယ်ဆိုတာမှန်ပါတယ်။ သခင်ကြီးဂျေဗွီဆင်းရဲ့ ရတနာသေတ္တာကိုသာရခဲ့ရင် ဖြူနုတို့တော်လှန်ရေးအတွက် အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုမှာပါ၊ မိုလ်လေးဆီက သဘောတူညီချက်ရခဲ့ရင် ဖြူနုတို့ရဲ့ခေါင်းဆောင် မိုလ်ကျော်သာနဲ့ တွေ့ပေးဖို့အထိ ရည်ရွယ်ချက်ရှိပါတယ် မိုလ်လေး "

ဖြူနုဖံက မင်းမောင်အား ပွင့်ပွင့်လင်းလင်းပင် ပြောကြားလိုက်ပါ၏။ သူတို့အနေဖြင့်လည်း အဘိုးနှင့်အဖေတို့၏ ရသင့်ရထိုက်သော





ပစ္စည်းလည်းဖြစ်သည်။ တစ်ချိန်က . . . သခင်ကြီးဂျေဗွီဆင်းနှင့် အဘိုး ဖြစ်သူ ကျော်ဖံဖြူတို့နှစ်ဦးတွေ့ရှိခဲ့သော ရတနာသေတ္တာဖြစ်သည် မဟုတ် ပါလား၊ စင်စစ်ထိုရတနာသေတ္တာသည် ရာဇဝင်တွင် အိမ်ရှေ့စံမင်းသား သီဟသူ၏မယ်တော် မိဖုရားကြီး၏ ရတနာသေတ္တာ . . . ဟူ၍ သိရှိခဲ့ရ သည်။ ပါးစပ်ရာဇဝင်လော၊ ယခု မစ္စတာ ဂျေဗွီဆင်း၏ လက်ထက်တွင် ထိုရတနာသေတ္တာကိစ္စက ပေါ်ပေါက်လာခဲ့ပြီး . . . နောက်ဆုံး မစ္စတာ ဂျေဗွီဆင်းကိုယ်တိုင် ဘိုတဲကြီးမှ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရာမှ နိဂုံးချုပ်သွားခဲ့ရသည် မဟုတ်ပါလား။

မင်းမောင် ဖြူနုဖံကို စေ့စေ့စူးစူးကြည့်လိုက်သည်။ အလှသွေး ကြွယ်ကြွယ်နှင့် စကားထည်လှသော မိန်းမချောလေးကို သူ လျှော့၍ တွက်ခဲ့သည်။ ယခု ထိုမိန်းမချောလေး၏နှုတ်ဖျားမှ ရဲရဲတောက် တော်လှန်ရေးစကားသံများ ထွက်ပေါ်လာခြင်းမှာ အိပ်မက်တော့ မဖြစ်နိုင်ပါချေ။

" ဖြူနုပြောတာတွေအားလုံး အမှန်တွေပဲလား . . . ဟင် "

" ဟုတ်ပါတယ် မိုလ်လေး . . . ဒါတာ မှန်သောသစ္စာစကား ပါ၊ တစ်ကယ်ဆိုရင် ဖြူနုတို့မောင်နှမဟာ အဘိုးကျော်ဖံဖြူရဲ့ မျိုးဆက် တွေဖြစ်လို့ ဒီရတနာသေတ္တာကို တစ်ဝက်တိတိ ပိုင်ဆိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ . . . အားလုံးကို တော်လှန်ရေးကြီးအတွက်ပဲလို့ ဆုံးဖြတ်ထား ပါတယ် မိုလ်လေး "

မိန်းမသားတစ်ယောက်၏ နှုတ်ဖျားမှ ရဲရင့်ပြတ်သားသော အတိကို ကြားသိလိုက်ရသဖြင့် မင်းမောင်မှာ ဖြူနုဖံတို့မောင်နှမအား



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းမှ ကျိတ်၍ချီးကျူးလိုက်မိသည်။

" အင်း . . . နောက်ဆုံးတော့ မောရိယမရဏခေါင်းလောင်း ဝိညာဉ်ဖာတ်လမ်းက မင်းတို့မောင်နှမနှစ်ယောက် ခြောက်လှန့်ထားကြ တာကိုး . . . ဒါထက် နေပါဦး ခေါင်းလောင်းသံကြားတိုင်း လူသေတတ် တယ်ဆိုတာကရောကွဲ့ "

" ဒါက တိုက်ဆိုင်မှုသက်သက်ပါ . . . ဒါပေမဲ့ ဒီရတနာသေတ္တာ ကိစ္စကို တစ်ချို့နားစွန်နားဖျားကြားတဲ့သူတွေကလည်း လောဘတက်ပြီး စာကြည့်ခန်းထဲက ခေါင်းလောင်းစင်ကြီးနားမှာလာပြီး ရတနာသေတ္တာ ရှာဖွေကြရင်း . . . သေကျေပျက်ဆီးခဲ့တာတွေလည်း ရှိခဲ့လေတော့ "မောရိယမရဏခေါင်းလောင်း"ကိစ္စက ပိုပြီးနာမည်ကြီးသွားခဲ့တာပါ မင်းမောင် . . . "

သည်တစ်ကြိမ်တော့ ထွန်းဖဲက ဖြေကြားလိုက်သည်။ ယခုတော့ "မောရိယမရဏခေါင်းလောင်းကြီး"၏ ပဟေဠိအချို့သည် အဖြေရှိလာ ခဲ့ပြီမို့ မင်းမောင်တစ်ယောက် ဆုံးဖြတ်ချက်ချလိုက်ပါ၏။ ထို့ကြောင့် စာကြည့်ခန်းဘီရိုအံဆွဲထဲမှ တွေ့ရှိခဲ့သော "မစ္စတာဂျေဗွီဆင်း၏ နေ့စဉ် မှတ်တမ်း" စာအုပ်ငယ်လေးအကြောင်း ဖြူနုဖဲတို့မောင်နှမအား ပြောပြ လိုက်ပါတော့သည်။

နေရောင်က တစ်စတစ်စမြင့်တက်လာခဲ့သည်။ ထန်းနီပြူစပြု သည့် ထန်းပင်ကြီးများက လေပြည်တွင် မလှုပ်တလှုပ်ဖြင့် ယိမ်းငင်နေကြ သည်။ ထန်းနောင်း၊ ငုံ၊ သီး၊ ညောင်နှံ့သာ၊ တမာ၊ မန်ကျည်း စသော





အပင်များမှာလည်း လေပြည်တွင် စိမ်းစိမ်းစိုစိုနှင့် လှုပ်လှုပ်လှုပ်၊ ဆီးဖြူ ပင်ပေါ်ရှိ စာဝတီးတစ်မြုံက အသိုက်ဝတွင် တကျစ်ကျစ်နှင့် အော်မြည်နေ ကြသည်။ မင်းမောင်က မစ္စတာဂျေဗွီဆင်း၏ မှတ်တမ်းပါအကြောင်းအရာ များကို ဖြူနုဖဲတို့မောင်နှမအား ခရေစေ့တွင်းကျ ရှင်းပြလိုက်သည်။ မင်းမောင်၏စကားဆုံးမှ ဖြူနုဖဲက တအံ့တသြနှင့် . . .

" ဟင် . . . ဒီ . . . ဒီလိုဆို . . . သခင်ကြီးဂျေဗွီဆင်းက ရတနာသေတ္တာနဲ့အတူ မြေမြုပ်တဲ့အထဲကို ပါသွားတာပေါ့ . . . ဟုတ်လား ဗိုလ်လေး "

" ဟုတ်တယ်ဖြူနု . . . ဖြူနုတို့အဘိုးကျော်ဖဲမြူသာ ကံကောင်း လို့ သေဘေးကနေလွတ်သွားခဲ့တာလေ၊ အဲဒီနောက် သတိဝင်လာခဲ့ရင် မှတ်တမ်းစာအုပ်မှာဖြည့်ရေးပြီး စာကြည့်ခန်းထဲက စာအုပ်ဘီရိုတစ်ခုရဲ့ အံဆွဲထဲမှာ ထည့်ထားခဲ့တယ်နဲ့တူတယ်။ အင်း . . ဟိုတုန်းက လူကြီး သူမတွေဟာ သစ္စာတရားနဲ့ ကတိတစ်လုံးကို သိပ်ပြီးတန်ဖိုးထားကြတယ်၊ ဒါဟာ တစ်ကယ့်ကို လေးစားဂုဏ်ယူဖို့ကောင်းတယ်"

သုံးယောက်သား စိတ်ဝင်စားစွာဖြင့် ရတနာသေတ္တာကိစ္စကို ဆွေးနွေးတိုင်ပင်နေကြသဖြင့် သူတို့၏တဲအိမ်နဘေးတွင် ကပ်၍ချောင်း မြောင်းနားထောင်နေသည့် လူနှစ်ယောက်ကို သူတို့အားလုံး သတိမထား မိလိုက်ကြပါချေပြီးတည်း . . . ။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၃)

“ လေးနှစ်ကြာခရီးစဉ် ရှင်းတမ်း ”

အချိန်က . . . နံနက်ဆယ်နာရီခန့်ရှိပါပြီ၊ ကျောက်ဖြူမြို့သို့ အရေးပေါ်အခြေအနေဟု လမ်းကြောင်းပြကာ ဒီအက်စ်ပီခေါ် ခရိုင်ရဲဝန် ကိုယ်တိုင် ရောက်ရှိလာပြီး ရာဇဝတ်ဝန်ကြီး မစ္စတာကင်းဘဲလ်၊ ရဲဝန် ထောက်ကလေး မစ္စတာကယ်လီတို့ကိုခေါ်ယူကာ တံခါးပိတ်စည်းဝေး ကြသည်ဟု သိရသည်။

အကြောင်းမှာ . . . ရေနံတောင်တွင်ရှိနေသော ရေနံဘူမိဗေဒ အရာရှိ မင်းမောင်နှင့်ပတ်သက်၍ သတင်းထူးများဝင်လာခြင်းကြောင့် ဖြစ်သည်။ ငင်စစ် ရေနံတောင်ရှိ မစ္စတာဂျေမ်စ်ဆင်သည် အရေးပိုင်ဟောင်း တစ်ဦးဖြစ်ခြင်းကြောင့် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သော အရေးပိုင် ဂျေမ်စ်ဆင်၏အမှုကာ နှစ်ကာလကြာမြင့်သည့်တိုင် ပျောက်ပျယ်မသွား





သေးပါ။

“ ဒီသတင်းက သေချာရဲ့လား ကယ်လီ၊ တော်ကြာ ကောလ ဟာလနဲ့ ပါးစပ်ရာဇဝင်ဆိုပြီး အရင်တစ်ခါလို အဖျားရှူးသွားခဲ့ရင်တော့ ကျုပ်တို့မျက်နှာမရဘဲ အရှုံခံထိနေဦးမယ်နော ”

“ သေချာပါတယ် . . . ဖဲရီးရှူးပါပေါ့ ဂျိုးဇက်၊ ဝန်ကြီးရောက်လာ တာနဲ့ ကျုပ်တင်ပြတာကိုသာ ပြောပေးပါ၊ ရေနံတောင်ကိစ္စက ဒီတစ်ချီ တော့ ဘွားဘွားကြီးပေါ်တော့မှာပါ ”

သူတို့နှစ်ဦး စကားပြောနေကြစဉ် ဘိနပ်သံတဂေါက်ဂေါက်နှင့် ခြေသံများကို ကြားလိုက်ရသဖြင့် မစ္စတာကယ်လီနှင့် ဂျိုးဇက်တို့က မျက်လုံးလှန်၍ကြည့်လိုက်ကြသည်။ ဤကဲ့သို့သော အချိန်အခါမျိုးတွင် သူ၏ရုံးခန်းထဲသို့ ဘိနပ်သံတဂေါက်ဂေါက်နှင့် ဝင်လာနိုင်သည့်သူမှာ သူနှင့် သူ၏မျက်နှာဖြူအရာရှိ ညီသည်များသာဖြစ်ရမည် မဟုတ်ပါ လား။

“ ရှူး . . . ဒီအက်စ်ပီ . . . လာနေပြီ ကယ်လီရေ ”

ဟုတ်သည် ဒီအက်စ်ပီခေါ် ခရိုင်ဝန်ကိုယ်တိုင် ရောက်ရှိလာ သည်မို့ ရာဇဝတ်ဝန်ကြီးနှင့် ဝန်ကလေးတို့ ခရီးဦးကြိုပြုရန် ပြင်ဆင်လိုက် ကြသည်။ မကြာမီ ခရိုင်ရဲဝန် မောရစ်ကောလင်းက ပြုံးရွှင်စွာနှုတ်ဆက် လိုက်ပြီး စားပွဲထိပ်တွင် ဝင်၍ထိုင်လိုက်သည်။

“ မောနင်း . . . ကယ်လီ၊ မောနင်း . . . ဂျိုးဇက် ဘယ်လိုလဲ ဒီတစ်ကြိမ်သတင်းကတော့ အမှန်ဖြစ်လိမ့်မယ်လို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါတယ် ကယ်လီ ''

ခရီးရောက်မဆိုက်ပင် ခရိုင်ဝန်က နိမိတ်ကောင်းနှင့် ဖွင့်လိုက်သည်မို့ ရာဇဝတ်ဝန်ကြီး မစ္စတာကယ်လီနှင့် ရဲဝန်ကလေး မစ္စတာဂိုးဖော်တို့က နေရာထိုင်ခင်းပေးကာ စီးကရက်ဗူးနှင့် ငွေမီးခြစ်တို့ဖြင့် တည်ခင်းဧည့်ခံလိုက်ပါ၏။

" စိတ်ချပါ ရဲဝန်ချုပ် ဒီတစ်ကြိမ်သတင်းကတော့ ထင်မှတ်မထားတဲ့ သတင်းကြီးနှစ်ခုပါပဲ ခင်ဗျာ။ ဒီသတင်းသာ အတည်ဖြစ်ခဲ့ရင် တန်ဘိုးမဖြတ်နိုင်တဲ့ ရတနာသေတ္တာတစ်လုံးပါ လက်ဆောင်ရမှာ ဖြစ်ပါတယ် ''

" နေပါဦး ကယ်လီရဲ့ . . . ဟိုပျောက်ဆုံးနေတဲ့ အရေးပိုင်ဟောင်းဂျေဗ္ဗီဆင်းရဲ့ သတင်းကရော ဘယ်လိုလဲ၊ ရေနံတောင်မှာရော အေးအေးချမ်းချမ်းပဲလား ''

ရာဇဝတ်ဝန်ကြီးကယ်လီက . . . ချက်ချင်းမဖြေသေးပဲ စားပွဲပေါ်မှ ဘဲလ်ကိုတစ်ချက်နှိပ်လိုက်သည်။ မကြာမီ ချာပလာစီတစ်ယောက်က ဝီစကီပုလင်းကြီးတစ်လုံးနှင့် ဖန်ခွက်လှလှသုံးခွက်၊ ရေခဲတုံးလေးများနှင့် ကြက်ကြော်တစ်ပန်းကန်ပါ ယူလာခဲ့ပြီး စားပွဲပေါ်သို့တင်လိုက်သည်။

" သုံးဆောင်ပါဦး . . . ရဲဝန်ချုပ်၊ အရေးပိုင်ဟောင်းဂျေဗ္ဗီဆင်းရဲ့ သတင်းကတော့ သိပ်ပြီးမကောင်းဘူး။ ကျွန်တော်တို့ရဲ့ လျှို့ဝှက်စုံထောက်ရဲ့ သတင်းအတိုင်းသာဆိုရင် လျှို့ဝှက်မြေအောက်လှိုဏ်ဂူတစ်နေရာမှာ ရတနာသေတ္တာတစ်လုံးနဲ့အတူ မြေမြှုပ်သင်္ဂြိုလ်ပြီးသားဖြစ်နေပါပြီလို့





သိရပါတယ် ''

" ဝုပ် . . . ရတနာသေတ္တာ . . . ရတနာသေတ္တာဆိုတာဘာလဲ ကယ်လီ . . . အဲ့ဒီရတနာသေတ္တာကိစ္စက နောက်ထပ်ပေါ်လာတဲ့ သတင်းလား။ ''

" မှန်ပါတယ် ဝန်ချုပ် . . . စပိုင်ရဲ့ ခန့်မှန်းချက်အရဆိုရင် အရေးပိုင်ဟောင်း မစ္စတာဂျေဗ္ဗီဆင်းဟာ ဂျပန်တွေအဝင်မှာ ရေနံတောင်ကနေ ထွက်ပြေးဖို့ကြိုးစည်ခဲ့တယ်လို့ ဆိုပါတယ်၊ အဲ့ဒီအချိန်မှာ သူ့ရဲ့လူယုံတော် ဘင်္ဂလီစိုးတစ်ယောက်နဲ့အတူ မြေအောက်လှိုဏ်ဂူထဲမှာ ရတနာသေတ္တာကို သွားရောက်ဖော်ယူရာကနေ လျှို့ဝှက်ယန္တရားထောင်ထားတွေပိလို့ ဂျေဗ္ဗီဆင်းသေဆုံးသွားခဲ့ပြီး ရတနာသေတ္တာပါ မြေကြီးထဲမှာ နစ်မြုပ်ပျောက်ဆုံးသွားခဲ့ရပါတယ် ''

ရာဇဝတ်ဝန်ကြီး မစ္စတာကယ်လီက အရေးပိုင်ဟောင်းဂျေဗ္ဗီဆင်း ပျောက်ဆုံးမှုကို သုံးနှစ်ကျော် လေးနှစ်ထဲသို့ရောက်မှ သတင်းအချက်အလက်များကို စုံစမ်းသိရှိခဲ့ရသည်။ ကြားကာလသည် မြန်မာနိုင်ငံအား ဂျပန်တို့သိမ်းပိုက်အုပ်ချုပ်ခဲ့သည့် နှစ်ကာလများပင်ဖြစ်ပါ၏။ ရဲဝန်ချုပ်က ရာဇဝတ်ဝန်ကြီးကယ်လီ တင်ပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ . . .

" နောက်ထပ် ထူးခြားတဲ့သတင်းဆိုတာကရော ကယ်လီ''

ရဲဝန်ချုပ်မစ္စတာမောရစ်ကောလင်းက ဝီစကီတစ်ခွက်ကို မျှင်း၍သောက်နေရာမှ မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" နောက်သတင်းကလည်း နည်းနည်းထူးခြားတယ် ရေနံတောင်မှာ တာဝန်ကျနေတဲ့ မြန်မာအရာရှိ မင်းမောင်ဟာ မြေအောက်တော်လှန်ရေးသမားတွေနဲ့အတူ ရတနာသေတ္တာကြီးကို ပြန်ပြီးတူးဖော်ကြမယ်လို့ သတင်းရထားပါတယ်၊ နောက်ပြီး မင်းမောင်ဆီမှာ အရေးပိုင်ဟောင်းဂျေမ့်စ်ဆင်းရဲ နေ့စဉ်မှတ်တမ်းစာအုပ်ပါ ရှိနေတယ်လို့လည်း သိရပါတယ် ရဲဝန်ချုပ် "

" အိုး . . . ဘဲရီးလ် ဘက်(တ်)တယ်ဆိုးဝါးပါလား၊ ဒါနဲ့များ ကယ်လီတို့က ဘာလုပ်နေကြတာလဲ၊ ဒီမင်းမောင်ဆိုတဲ့သူကို ဖမ်းချုပ်ပါတော့လား . . . ဘာဖြစ်လို့ နှောင့်နှေးနေရတာလဲ "

ရဲဝန်ချုပ်မောရစ်ကောလင်းက သောက်လက်စ ဝီးစကီခွက်ကို ချကာ ရာဇဝတ်ဝန်ကြီး မစ္စတာကယ်လီအား လက်ညှိုးတထိုးထိုးနှင့် ပြောဆိုလိုက်သည်။

" ခဏလောက်သည်းခံပေးပါ . . . ရဲဝန်ချုပ်၊ ခဲတစ်လုံးတည်းနဲ့ ငှက်သုံးကောင်ဖမ်းမိဖို့ ကျွန်တော်စီစဉ်ထားပါတယ်၊ အချိန်တန်ရင် ရေနံတောင်က မြန်မာအရာရှိမင်းမောင်ရော၊ ရတနာသေတ္တာရော၊ မြေအောက်တော်လှန်ရေးတွေရောပါ တစ်ခုတည်းထဲ ဖမ်းမိနိုင်ဖို့ စီစဉ်ထားပါတယ် ခင်ဗျား . . . "

"**OK . . . Very Good** ဒီအစီအစဉ်အတိုင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ်၊ ကိုင်း . . . ကယ်လီရေ ဒီကိစ္စအောင်မြင်အောင်သာကြိုးစားပေတော့ . . . ကျုပ်ကယ်လီဆီက





ဝင်လာသတင်းကောင်းကိုပဲ စောင့်နေမယ်၊ ကိုင်း . . . ချီးယားစ် "

သုံးယောက်သား ဝီစကီဖန်ခွက်လေးများကို ကိုယ်စီကိုင်မြှောက်လိုက်ကြသည်။ ပြီးလျှင် ချွင်ခနဲ . . . ချွင်ခနဲ ဖန်ခွက်ချင်းသိခတ်ကာ ရွှေတောင်းနီဒါန်းပြုသံလေးများက နံနက်ခင်းလေပြည်ထဲတွင် စီးမျောလွင့်ပျံ့သွားပါလေတော့သည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ပြာနှမ်းနှမ်းကောင်းကင်ပြင်တွင် ဝိုးတဝါးသာနေသည့် လက လေးက ထနောင်းပင်ကြားမှ အလင်းအားဖြန့်ကျက်လျက် မောရိယကုန်း ပေါ်သို့ ကြဲပက်ထားပါ၏။ မောရိယကုန်းထက်ရှိ ဘိုတဲကြီးကတော့ တိတ်ဆိတ်စွာအိပ်မောကျလျက်၊ ခါတိုင်း စုတ်ထိုးနေကျ အိမ်မြှောင်လေး များပင် စုတ်ထိုးရန်မေ့လျော့ ငိုက်မြည်းနေသည်ထင်၊ ထနောင်းပင်ပေါ်ရှိ တဝတီးငှက်ငယ်လေးများသည်ပင် သူတို့၏ ဘူးတောင်းစံအိမ်လေးထဲတွင် ငြိမ်သက်စွာအိပ်မောကျနေပါပြီ။ ညှင်းသွဲ့သွဲ့ တိုက်ခတ်လျှက်ရှိသော ညဥ့်လေပြေတွင် စာဖူးတောင်းလေးများက ထနောင်းကိုင်းငယ်များနှင့် အတူ တသွပ်လွှပ်ယိမ်းနွဲ့နေကြသည်။

မောရိယကုန်းပေါ်ရှိ ဘိုတဲကြီးနှင့် ခေါင်းလောင်းစင်အရိပ်မည်း





ကြီးက ဝိုးတဝါးလရောင်တွင် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးတစ်ကောင် ငုတ်တုတ်ထိုင်ကာ ငိုက်မြည်းနေသည်သို့၊ အချိန်က သန်းခေါင်ယံ၏ ဟိုမှာဘက် နယ်လွန်စပြုနေပါပြီ။ ထိုအချိန်တွင် အရိပ်မည်းကြီးသုံးခုက ဘိုတဲကြီး၏တိုက်နံရံဆီသို့ လေဇာ်လျှင်မြန်ခြင်းမျိုးဖြင့် လှစ်ခနဲ ပြေးဝင် ကပ်သွားကြသည်။

ထိုအရိပ်မည်းကြီးသုံးခုမှာ ဘိုတဲကြီး၏နံရံကို ကျောကပ်ကာ ရှေ့လျှားရင်း ဘိုတဲကြီးအတွင်းသို့ ဝင်ရောက်နိုင်ရန် တိတ်တဆိတ်ကြိုး စားနေကြသည်။ မကြာမီ ကလစ်ဟူသော မြည်သံသဲ့သဲ့နှင့်အတူ အိမ် နောက်ဖေးတံခါးတစ်ချပ် သော့ပွင့်သွားပါလေ၏။ တံခါးသော့ဖွင့်လိုက် သည့်လူက ကျန်အရိပ်နှစ်ကောင်ထံ လက်မထောင်ပြလိုက်သည်။ အောင်မြင်စွာတံခါးဖွင့်နိုင်ပြီ . . . ဟူသော သင်္ကေတအထိမ်းအမှတ်။

ထို့နောက်မှာတော့ ထိုတံခါးမှတစ်ဆင့် မောရိယစံအိမ်ဘိုတဲကြီး အတွင်းသို့တိုးဝင်ကာ ကြောင်ရိုင်းကောင်များနှယ် ပျောက်ကွယ်သွားကြ ပါလေ၏။ သူတို့ဦးတည်ရာအခန်းသည်ကား ရေနံဘုမိဗေဒအရာရှိ မင်းမောင်၏အခန်းရှိရာသို့။

မင်းမောင်မှာ ညဦးယံကတည်းက အသိုက်ပြောင်းသွားသည် ကိုမှ သကောင့်သား အရိပ်မည်းရှင်သုံးဦး လုံးဝမရိပ်စားမိလိုက်ကြပါချေ။ ဟုတ်သည် သချိုင်းဂူလှိုဏ်ခေါင်းမှတစ်ဆင့် မြေအောက်လှိုဏ်ခေါင်း ထဲသို့ ဝင်ရောက်၍ ရတနာသေတ္တာတူးဖော်ရန်ကိစ္စအား ဖြူနုစံတို့ မောင်နှမနှင့် ပူးပေါင်းတိုင်ပင်ရန် ညဦးယံကတည်းက ဘိုတဲကြီးပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်၊ ထွက်ခွာသွားသည် မဟုတ်ပါလော။ မင်းမောင်မှာမူ သူ
လုပ်ဆောင်ချက်များကို မည်သူတစ်ဦးတစ်ယောက်မျှ ရိပ်စားမိခြင်း
စေရန်အတွက် ညဉ့်အခါကာလ လူချေတိတ်ချိန်တွင် လှုပ်ရှားခြင်း
သည်။

ထိုအချက်မသိသော ညဉ့်လူသုံးယောက်တို့က မင်းမောင်
အခန်းအား ကိတ်တဆိတ်ဖေါက်ထွင်းဝင်ရောက်ရန် ကြိုးစားနေကြခြ
ဖြစ်သည်။ ထိုသုံးယောက်၏ ခေါင်းဆောင်မှာ အင်္ဂလိပ်စကားပြ
ဘသန်းတင် ဖြစ်သည်။ စင်စစ် ဘသန်းတင်သည် မြေခွေးလိုလူစားဖြ
သည်။ ထို့အပြင် သုံးဘက်ချွန်သူလျှိုဟုပင် ခေါ်ဆိုရမည်ထင်၊ သူ၏သ
ကြီးများဖြစ်သည့် ရာဇဝတ်ဝန်ကြီး မစ္စတာကာယ်လီနှင့် ရဲဝန်ထော
မစ္စတာဂျိုဇက်ကတို့ထံလည်း ရရှိထားသော သတင်းအချက်အလက်များ
ပေးပို့ပြီးဖြစ်သည်။ နောက် သူကိုယ်တိုင်ကလည်း ဤရတနာသေတ္တာ
ရရှိနိုင်ရေးအတွက် သူ၏ရဲဘော်ရဲဘက်များနှင့် အကွက်ချစီစဉ်ပြီးသာ
နောက်ဆုံး ရတနာသေတ္တာကိုအကြောင်းပြု၍ အင်္ဂလိပ်အစိုးရ
မြေအောက်တော်လှန်ရေးသမားများကို ထိပ်တိုက်တွေ့ဆုံပေးခြင်းဖြ
ကြားထဲမှ မြေခွေးဘသန်းတင်က ကြားဖြတ်ယူငင်ရန် ကြံစည်နေသ
မဟုတ်ပါလော။။

သုံးသောက်သား မကြာမီ ခေါင်းလောင်းစင်ထားရှိရာ တကြ
ခန်းကြီးအနီးသို့ ရောက်ရှိလာခဲ့ကြသည်။ ဝိုးတဝါးလရောင်ကမူ သစ်ရွ
သစ်ခက်များကို ထွင်းဖေါက်ကာ တကြည့်ခန်းအတွင်းသို့ မလင်းတ





သင်း၏သို့ . . . ၊

ထိုအခိုက် . . . သူတို့အနီးရှိ တကြည့်ခန်းကြီးထဲမှ ချိုးချိုးချွတ်
ချွတ်နှင့် အသံဗလံတစ်ချို့ကို ကြားလိုက်ကြရသဖြင့် . . . သုံးယောက်သား
ခြေလှမ်းများတွန့်သွားကြသည်။ ဘသန်းတင်က သူ့လူနှစ်ယောက်ကို
အသံမထွက်စေရန် သတိပေးလိုက်ပြီး တကြည့်ခန်းအနီးသို့ ချည်းကပ်
လာခဲ့သည်။

ဟုတ်သည် အသံတွေက မဲ့မရဲနှင့် တိုးတိုးညှင်းညှင်းပေါ်ထွက်
နေခြင်းဖြစ်သည်။ တရှပ်ရှပ်နှင့် ခြေသံလိုလိုလည်း ကြားနေရသည်။
ကြိုးတစ်ချောင်းကို အရှုတ်တိုက်ဆွဲနေသည့် တဖျောဖျောနှင့် အသံတစ်ချို့
ကိုလည်း ကြားရပါ၏။

ဘယ်သူလဲ၊ တကြည့်ခန်းထဲတွင် သူတို့ထက်အရင်ဦးစွာ
ဘယ်သူရောက်နေပါသနည်း။ အကြံတူနေသည့် ရန်သူတွေများလား၊
ဇဝေဇဝါ ဒွိဟအတွေးများဖြင့် ကျိုးပျက်နေသည့် နံရံပေါက်တစ်ခုမှ
တကြည့်ခန်းအတွင်းသို့ အသာအယာ ချောင်းမြောင်းကြည့်လိုက်သည်။

သို့သော် . . . အသံတစ်ချို့ကိုသာ ကြားနေရသည်၊ ရုပ်ဖြင့်
သွားကိုမူ မတွေ့မမြင်ရသေး မှုန်ဝါးဝါးလရောင်အောက်တွင် တကြည့်
ခန်း၏ နေရာတော်တော်များများမှာ လုံးဝပကာတိမှောင်မိုက်လျက်။

" ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် "
" ကျွီ . . . ကျွီ . . . ကျွလီ . . . ကျွီ "
" ဟား "



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူ၏ခြေထောက်ပေါ်မှ တိုးဝှေ့ဖြတ်သွားသည့် အမွေးစုတ်ဖွားနှင့် ကြွက်တစ်ကောင်ကြောင့် ဘသန်းတင် ထိတ်လ တကြားဖြစ်သွားခဲ့သည်။

" အော် . . . လက်စသပ်တော့ ဘာတွေများလည်းမှတ်တယ် ကြွက်ကြီးတွေကိုး "

အာမေဋိတ်သံနှင့်အတူ ဘသန်းတင်တို့သုံးဦးသား စာကြည့်ခ ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုစဉ်မှာပင် စားပွဲတစ်လုံးထက်တွ အမွေးဖွားဖွားနှင့် ယောက်ျားလက်သီးဆုပ်ခန့်ရှိသည့် မြေကြွက်ကြီ သုံးလေးကောင်က ဘသန်းတင်တို့ကိုပင် ဂရုမစိုက်တဲ့ သူတို့လူစုဘက် မျက်လုံးနီနီကြီးများဖြင့် ပမာမခန့် ကြည့်နေကြသည်။

" အောင်မယ် . . . ဒီကြွက်ကြီးတွေက မကောင်းဆိုးဝါးကြွ တွေကြနေဘာပဲ အတင့်ရဲလိုက်တာ "

ဟုတ်သည် . . . ကြီးမားလှသော အမွေးစုတ်ဖွားနှင့် ကြွ ကြီးများက စာကြည့်ခန်းထဲတွင် ဟိုနေရာတစ်ချို့၊ သည်နေရာတစ်ချို တကျိုကျိုအော်မြည်ကာ စာကြည့်ခန်းထဲသို့ ဝင်ရောက်လာကြသည် ဘသန်းတင်တို့အား ရန်လိုသောအကြည့်များဖြင့် ကြည့်နေကြသည်သို

နေရာအနှံ့အပြားမှ မျက်လုံးနီနီများကြောင့် သန်းတင် အရဲ့ ကာ အသင့်ပါလာသည့် လက်နှိပ်ဓါတ်မီးဖြင့်ထိုးကာ ကြည့်လိုက်သည်

" ဟား . . . "

" အိုး . . . များလှချည်လား ကြွက် . . . ကြွက်ကြီးတွေ"





ဘသန်းတင်တို့လူစုမှာ တစ်ကြိမ်တစ်ခါမျှ ဤမျှများပြားလှ သော ကြွက်ကြီးများကို မတွေ့ဖူးကြသဖြင့် ထိတ်လန့်တုန်လှုပ်သွားကြ သည်။

"အာ . . . အာစရိ ထွက် . . . ထွက်ကြစို့ ကြွက် . . . ကြွက် တွေက အများကြီးပဲ "

" ဟာ . . . လူမိုက်လုပ်နေပြီး မင်းက ကြွက်ကိုကြောက်ရ တယ်လို့ကွာ . . . ဒီမှာ ကွဲကြီး ငါတို့လိုချင်တဲ့စာအုပ်က ဒီစာကြည့်ခန်း နဲ့ မင်းမောင်ဆိုတဲ့အရာရှိရဲ့ အခန်းထဲမှာ ရှာရမှာကွ၊ ကဲ . . . စာအုပ် ဘီရိုတွေထဲမှာ သေချာရှာကြစမ်း၊ ဒီသောက်ကြွက်စုတ်တွေကို အရေး လုပ်မနေကြနဲ့ . . . စကားကိုလည်း တိုးတိုးပြောကြ "

ဘသန်းတင်က သူ၏တပည့်ကျော်နှစ်ယောက်အား ပေါက်ငန်း က "မစ္စတာဂျေဗွီဆင်း"၏ နေ့စဉ်မှတ်တမ်းစာအုပ်အား စာကြည့်ခန်း ထဲရှိ ဘီရိုကြီးများထဲတွင် တစ်ခုချင်းရှာဖွေကြပါတော့သည်။

ထိုအခိုက်မှာပင် . . .

" ဒေါင် . . . ဒေါင် . . . ဒင် . . . ဒေါင် "

ရုတ်တရက် တဒေါင်ဒေါင်နှင့်မြည်လာသော ခေါင်းလောင်းသံ ကြီးက တိတ်ဆိတ်စွာ အိပ်မောကျနေသည့် ညဥ့်ကာလကို ဟပ်လှန့်ကာ နှိုးလိုက်သည်သို့။

" ဟော . . ခေါင်း . . လောင်း . . ခေါင်းလောင်းထိုးသံ ကြီးပါလား . . ဘုရား . . ဘုရား နိမိတ် . . နိမိတ်မကောင်းတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



အာ . . အာစရိရေ ”

“ အရေးထဲ မင်းကလည်းတစ်မျှောင့်ကွာ . . . ခေါင်းလောင်းသံကြောင့် ဟိုမြန်မာအရာရှိကောင် . . . နိုးလာမှာစိုးရတဲ့အထဲ၊ ဒါပေမဲ့ ဒီလောက်ဆူညံနေတာတောင် မနိုးဘူးဆိုရင် . . . ဒီကောင် ဒီညဘိုတဲ ကြီးမှာ မအိပ်ဘူးနဲ့တူတယ် ”

ဘသန်းတင်မှာ မင်းမောင်ရှိရာ အခန်းဘက်ဆီမှ လှုပ်ရှားသံ မကြားရသဖြင့် စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေပါ၏။ ထို့ကြောင့် သူကိုယ်တိုင် သွားရောက်ကြည့်ရန် အခန်းထဲမှထွက်လိုက်သည်နှင့် . . .

“ ဟို . . ဟို . . အာစရိ ဘယ်ကိုသွားမလို့လဲ ကျုပ်တို့လည်း ဒီကွက်ကြီးတွေကြားမှာ မနေရဲဘူး။ နောက်ပြီး ဒီဘိုတဲကြီးက အမင်္ဂလာဘိုတဲကြီးဗျ . . . ကျုပ်တို့ကြားဖူးတာကတော့ ညဘက်သန်းခေါင်ယံတွေမှာ ဟောဒီဘိုတဲကြီးက ခေါင်းလောင်းသံတွေကြားရရင် လူသေတတ်တယ်ဆိုတာလေ ”

“ ဟာ . . . ပေါက်တတ်ကရတွေကွာ၊ ဒါ . . . တစ်ယောက်ယောက်က ခေါင်းလောင်းကို ထိုးလိုက်လို့မြည်တာကွ၊ ဘာတွေလျှောက်ပြီး တွေးနေတာလဲမသိဘူး။ ဟင်း . . . တော်တော်သတ္တိကောင်းတဲ့ ဗမ္ဗလ သွေးတွေပဲကွ၊ နောက်ထပ်တာစကားမှမပြောနဲ့ တာဆုပ်ကိုသာတွေ့အောင်ရှာထားကြ . . . ကြားလား ”

ဘသန်းတင်မှာ သူ့တပည့်ကျော်နှစ်ယောက်အား သေချာစွာမှာကြားခဲ့ပြီး ရေနံအရာရှိ မင်းမောင်၏အိပ်ခန်းဆီသို့ ထွက်သွားပါသည်။





ဲ့တော့ . . . နာမည်ကျော် မောရိယမရဏာခေါင်းလောင်းကြီးရှိရာ ကြည့်ခန်းထဲတွင် ကျွဲကြီးနှင့်နက်ကျော်တို့နှစ်ယောက်သား ထိတ်ထိတ်ံ့လန့်နှင့် ကျန်ရစ်ခဲ့ပါတော့သည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

## " မောရိယမရဏာခေါင်းလောင်း . . . ခေါ်သံ "

" ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင် "

သည့်တစ်ကြိမ် ခေါင်းလောင်းထိုးသံ ကြားလိုက်ရတော့ နှစ်ယောက်သား စာအုပ်ဘီရိုကြီးများထဲတွင် " မစ္စတာဂျော့ဇ်ဆင်း၏ နေ့စဉ်မှတ်တမ်း " စာအုပ် ရှာဖွေနေရာမှ သွေးပျက်ချောက်ချားသွားကြသည်။

ကျွဲကြီးမှာ ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းလောင်းစင်ကြီး ရှိရာသို့ လက်နှိပ်ဓါတ်မီးနှင့် ကဗျာကသီထိုးကြည့်လိုက်ရာ ရုတ်တရက် အသက်ရှူပင်ရပ်တန့်သွားသည်သို့။

" ဟာ . . . အိုး . . . ဘုရား . . . ဘုရား "

" အမယ်လေး . . . ကြွက် . . . ကြွက်ကြီးတွေ





များလှချည်လားဟေ့။ "

ဟုတ်သည် ကြမ်းပြင်နှင့်ထိလုမတတ် တွဲလောင်းကျနေသော ခေါင်းလောင်းကြီးကြီးမှာ မသိမသာယိမ်းနွဲ့နေပြီး ခေါင်းလောင်းကြီးကြီး တစ်လျှောက် တွယ်ကပ်နေကြသော အမွေးစုတ်ဖွားနှင့် ကြွက်ကြီးများကို အသည်းယားစဖွယ် တွေ့လိုက်ရပါသည်။

ကြွက်ကြီးတွေက အရွယ်အစား ပုံသဏ္ဍာန်အမျိုးမျိုး တကျိကျိ တကျိကျိနှင့် ခေါင်းလောင်းကြီးကြီးဆီမှနေ၍ မျက်လုံးနီနီကြီးများဖြင့် စိန်ခေါ်နေသလို ဝိုင်း၍ကြည့်နေကြသည်။ တစ်ချိန်တည်းမှာပင် ခေါင်းလောင်းစင်ရှိရာဆီမှနေ၍ နောက်ထပ်ကြွက်ကြီးများကလည်း ကြိုးတန်း အတိုင်း တန်းစီကုပ်တွယ်၍ ဆင်းလာနေကြသည်ကို သွေးပျက်ရင်ဖိုစွာ တွေ့လိုက်ကြရပါချေပြီကော။

" ကျိ . . ကျလိ . . ကျိ . . ကျိ ကျလိ . . ကျိ "

တစ်ချို့သောကြွက်ကြီးများကဆိုလျှင် တကျိကျိနှင့် ရန်လိုကာ ခေါင်းလောင်းကြိုးကြီးဆီမှ ကျွဲကြီးတို့နှစ်ယောက်ထံ ခုန်ပုံကိုက်ဆွဲရန်ပင် ကြိုးစားနေကြပါလေ၏။ ထို့ကြောင့် စိတ်မရှည်နိုင်သူ ကျွဲကြီးက အနီးရှိ စာအုပ်နှင့် လှမ်း၍ပစ်ပေါက်လိုက်သည်။

" ဗိုး . . . ဘုန်း "

" သွားစမ်းကွာ . . . မကောင်းဆိုးဝါးကြွက်တွေ "

" ဗိုး . . . ဘုန်း . . . ဘုန်း "

" ဟာ . . ကျွဲ . . ကျွဲကြီး ဟို . . ဟိုမှာ ဘာ . .



www.burmeseclassic.com

www.burmeseclassic.com



ဘာကောင် ကြီးတွေလဲကွ . . ငါတို့ဆီကို လာ . . လာနေကြပြီ ”

ဟုတ်သည် မျက်လုံးငဲမိစိမ်းနှင့် ကြောင်နက်ကြီးသုံးကောင်က လည်း ကြွက်အုပ်ကြီးကို ချောင်းမြောင်းနေကြသည့်ထင်၊ တရွေ့ရွေ့နှင့် ခေါင်းလောင်းကြီးရှိရာသို့ တိုးဝင်လာနေကြသည်။ ခေါင်းလောင်းကြီး ပေါ်တွင်လည်း ကြွက်ကြီးများက လျော့ပါးမသွားဘဲ ခေါင်းလောင်းကြီးကြီး အတိုင်း သွယ်တန်း၍ ဆင်းလာနေကြသည်ကို အသည်းယားစဖွယ် တွေ့မြင်လိုက်ကြရသည်။

ယခုအချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး တကျိုကျိုနှင့် ကြွက် အော်သံကြီးများ။ ကြောင်နက်ကြီးများ၏ မာန်ဖီညီးတွားသံကြီးများဖြင့် ညံ့သည် ပိုမို၍ သွေးပျက်ချောက်ချားဖွယ်ရာအသွင်သို့ ဆောင်လာခဲ့လေ ပြီလား။

“ ကျွိ . . ကျွိ . . ကျလိ . . ကျိ . . ကျွိ ”

“ ဖွီး . . ဝှီး . . ဟဲ့ . . ဟင်း ”

ထိုစဉ်အခိုက်မှာပင် . . . ကျွဲကြီးနှင့်နက်ကျော်တို့၏ အမြင်တွင် တကျိုကျိုနှင့် အော်မြည်နေကြသော ကြွက်ကြီးများသည် အမွှေးစုတ်ဖွား နှင့် ကြွက်ကြီးများမဟုတ်ကြတော့ဘဲ မစ္စတာရေချို့ဆင်း ကြိုးမိန့်ပေးခဲ့၍ သေခုံးသွားခဲ့ကြသော ရာဇဝတ်သားများဖြစ်နေကြသည်သို့ ထင်မြင်လာ မိကာ ခေါင်းလောင်းကြိုးကြီးကိုလည်း အားပါးတရ လွှဲရမ်းနေသည်ကို မြင်ယောင်လာမိပါတော့သည်။

“ဟေး . . ဟေး . . ဟူး . . ဟူး . . ဟား . . ဟား . . ဟား ဟေး ”

“ ဒေါင် . . ဒင် . . ဒေါင် . . ဒင် ”

တစ်ချိန်တည်းမှာပင် ကြေးပိဿာချိန် (၁၅)ပိဿာခန့်ရှိသော ခေါင်းလောင်းကြီးသည် တစ်စတစ်စလွှဲရမ်းလာကာ ဒေါင်ဒင်သံ မြည်ဟီး ထွက်ပေါ်လာခဲ့ပါတော့သည်။ ထိုခေါင်းလောင်းကြိုးစရှည်ကြီးပေါ်တွင် ကြွက်ကြီးများက ပြုတ်ကျခြင်းမရှိဘဲ မိမိရရကုတ်တွယ်ကာ ကြိုးစကြီး ၏ခါရာနောက်သို့ တစ်ပျော်တစ်ပါးကြီး ရိုးလေးနိုကာ လိုက်ပါစီးနေကြ လေချေပြီကော။

“ ဒေါင် . . ဒင် . . ဒေါင် ဒင် . . ဒေါင် ”

ကျွဲကြီးနှင့်နက်ကျော်တို့မှာ ထူးခြားသောမြင်ကွင်းကြောင့် ခေါင်း လောင်းကြိုးပေါ်မှ ကြွက်ကြီးများပြုတ်ကျစေရန် ကြိုးကိုခါရမ်းခွဲလှုပ်ကြ သည်။ တစ်ချိန်တည်းမှာပင် မရဏာခေါင်းလောင်းသံကြီးက အိမ်ပြိုလု မတတ် ပဲ့တင်ရိုက်ဟီးလာပြီး ကျွဲကြီးတို့၏အထဲတွင် ကြွက်ကောင်ရေ ထောင်ပေါင်းများစွာ စုဝေး၍ အော်မြည်သံမိုးကြီးကို နှလုံးသွေးပျက်လု မန်း ချောက်ချားစွာ ကြားနေရပါချေပြီတည်း။

နောက်ဆုံး ကြွက်များအားလုံး ပြုတ်ကျစေရန် ရည်ရွယ်လျက် ခေါင်းလောင်းကြိုးကို အားကုန်ဆွဲဆောင့်လိုက်သည့်အချိန် ခေါင်းလောင်း ထိုးတံဆီမှ ကြွက်ကြီးများကလည်း ခေါင်းလောင်းကြိုးကို တိခနဲဖြတ်ချ လိုက်ချိန် . . . ထိုနှစ်ချိန်တိုက်ဆိုင်သွားသောအခါမှာတော့ ကျွဲကြီးနှင့် နက်ကျော်တို့နှစ်ဦး အရှိန်လွန်ကြီးဆွဲမိရာမှ ဝုန်းခနဲ နောက်သို့လန်ကျကာ







www.burmeseclassic.com

www.burmeseclassic.com



လေှကားအပေါက်မှ အောက်ဘက်သို့ တဝုန်းဝုန်းနှင့် ပြုတ်ကျလွင့်စင်သွ ပါချေတော့သည်။

ထိုသို့သောအချိန်တွင် . . .

♛ ♛ ♛

မောရိယသချိုင်းကြီးနှင့် ဘိုတဲကြီးတို့အား လှို့ဝှက်ဆက်သွယ် ထားသည့် မြေအောက်ဥမင်လှိုဏ်ခေါင်းထဲမှာတော့ မင်းမောင်၊ ထွန်းဖေ ဖြူနုဖဲတို့သုံးယောက် လက်နက်ကိုယ်စီနှင့် တိုးဝင်လျက်ရှိကြသည် ကျောက်နံရံတွင်ပါရှိသော မီးစုန်းခါတ်များက မင်းမောင်တို့ ကိုင်ဆော လာသည့် မီးဘုတ်များ၏အလင်းရောင်နှင့် ရောင်ပြန်ဟပ်ကာ လှိုဏ်ခေါ် ထဲဝယ် လင်းထိန်လျက်ရှိပါချေ၏။

" ဝိုး . . . ဝိုး . . . ဖျန်း "

" သတိထား ဖြူနုဖဲ . . . သူ့ရဲ့တောင်ပံတွေနဲ့ ရိုက်မိရင် မသက်သာဘူး။ "

မင်းမောင်က ပြောင်ချောနေသည့် လေှကားထစ်များကို သတိ





ထား၍ ဆင်းလာရင်း ဖြူနုဖဲအား သတိပေးလိုက်သည်။ လှိုဏ်ခေါင်းမှာ လွန်စွာမက်စောက်၍ လေှကားထစ်များအတိုင်း ရေတွက်၍ဆင်းလာခဲ့ရာ ဆယ်ထစ်ခန့်ဆင်းမိသည်နှင့် မြေပြင်သို့ရောက်လာခဲ့သည်။ ထိုနေရာ၌ ကား လှိုဏ်ခေါင်းအတွင်းရှိ ကျောက်နံရံများသည် နံဘေးမှလည်းကောင်း၊ အပေါ်မှလည်းကောင်း တဖြည်းဖြည်းကျဉ်းမြောင်းလာပြီးလျှင် မတ်တပ် ရပ်၍သွားရာမှ ခေါင်းငုံ့၍ပင်သွားနေရပါချေပြီ။ ထိုမှတစ်ဆင့် ပေါင်းဆယ် ခန့်သွားမိလျှင် ညှိစို့စို့အနံ့များက ပိုမို၍ စူးစူးဝါးဝါး ထွက်ပေါ်လာပြီး ကျယ်ပြန့်သောနေရာသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုနေရာသည်ကား။

" ဟာ "

" ဟယ် "

" အမယ်လေး "

ဖြူရော်ဝါကျင်နေပြီဖြစ်သော လူ့အရိုးစုသုံးလေးခုက ကျောက် ဂူအုတ်နံရံများတွင်မှီကာ တစ်ချို့တစ်စောင်းလဲကျလျက်၊ တစ်ချို့မှီလဲ၍ ထိုင်နေသည်သို့ ဖြူနုဖဲနှင့်နီးကပ်လျက်ရှိသော အရိုးစုကြီးမှာ သွားများဖြီး ကာ ဖြူနုဖဲအား စေ့စိုက်ကြည့်နေသဖြင့် ထိတ်လန့်တကြား ဟစ်အော် လိုက်မိသည်။

" အား "

" ဟေး . . . မကြောက်နဲ့ . . . ဖြူနုဖဲ မကြောက်နဲ့ အဲဒါ အရိုးစုကြီးတွေ ဖြူနုကို သူတို့ဘာမှလုပ်လို့မရဘူး . . . အရေးကြီးတာက ကျောက်သားဘီရိုကြီးတွေကို တွေ့အောင်ရှာကြ "



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်မှာ ရတနာသေတ္တာကြီး နောက်ဆုံးမြှုပ်ကျသွားသည့် နေရာရှိ အဓိကအထောက်အထားများကို ရှာဖွေရမည်မဟုတ်ပါလား။ မစ္စတာဂျေမ်စ်ဆင်းနှင့် ကျော်ဖြူဖုံတို့ နောက်ဆုံးရတနာသေတ္တာကြီးကို တွေ့ရှိခဲ့သောနေရာသည်သာ အဓိကပစ်မှတ်နေရာဖြစ်ရမည်။ ထိုနေရာတွင် ကျောက်ဘီလူးကြီးများရှိသည်ဟု နောက်ဆုံးရေးသားခဲ့သည့် ကျော်ဖုံဖြူ၏ မှတ်တမ်းတွင်ပါရှိပါလေ၏။ မင်းမောင်မှာ မီးတုတ်များကိုင်မြှောက်ကာ ထွန်းဖုံနှင့်ယှဉ်၍ နံရံကပ်ကျောက်သားဘီလူးကြီးများကို အဓိကထား၍ ရှာဖွေလျက်ရှိသည်။

မကြာမီ မြေအောက်လှိုဏ်ခေါင်းသည် သိသိသာသာကျယ်ဝန်းလာခဲ့ပြီး ခန့်မှန်းခြေ ၂၅ပေပတ်လည်ခန့် စတုရန်းပုံသဏ္ဌာန် အခန်းတစ်ခုထဲသို့ ရောက်လာခဲ့ကြသည်။ ထိုစဉ်မှာပင် . . .

"ဟို . . ဟို . . ဟိုမှာ ကျောက်ဘီလူးကြီးတွေမဟုတ်လား"

ရုတ်တရက် ဖြူနုဖုံ၏အသံကို ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ လူတစ်ရပ်ကျော်ခန့်မြင့်သော ကျောက်သားနှင့်ထုဆစ်ထားသည့် နံရံကပ်ဘီလူးကြီးများကို မင်းမောင်တို့ မျှော်လင့်ဘဲတွေ့လိုက်ကြရပါလေ၏။ လက်ရာမှာ အတန်ငယ်ကြမ်း၍ ရှေးဟောင်းလက်ရာ(ကျောက်ဆစ်လက်ရာ) တစ်ခုဖြစ်ကြောင်း ခန့်မှန်းမိသည်။

မင်းမောင်တို့နေရာတစ်ဝိုက်တွင် ဒူးထောက်ထိုင်ချကာ မြေပြင်အနေအထားကို စေ့စေ့လေ့လာနေမိသည်။ ထွန်းဖုံကလည်း သူ၏ အခဲလိုက်ခါးမြောင်နှင့် မြေသားအချို့ကို အကျစ်အပွစစ်ဆေးနေပါ၏။ ထွန်းဖုံ





သော လေးနှစ်နီးပါးခန့်က မြှုပ်ကျသွားခဲ့သော မြေသားအနေအထားကို စနစ်တကျ တွက်ချက်စစ်ဆေးကြည့်နေကြသည်။

ဖြူနုဖုံက . . . မင်းမောင်တို့လုပ်ကိုင်နေသမျှကို စိတ်ဝင်တစားဖြင့် ကြည့်နေပါ၏။ ထိုစဉ်မှာပင် မသက်ာဖွယ်ရာ မြေသားပွပွနေရာကို မင်းမောင် စိတ်ကြိုက်ရှာဖွေမိလိုက်သည်။

" ဒီနေရာ ဖြစ်ဖို့များတယ် ထွန်းဖုံ၊ မြေသားတွေ ပွပွယောင်းယောင်းနဲ့ နေရာက ဆယ်ပေသာသာလောက်ရှိတယ်။ ငါတို့နှစ်ယောက် ငါးပေလောက်စီခွဲတူးပြီး ရှာကြည့်ကြမယ် ထွန်းဖုံ "

" လုပ်လိုက်လေ . . . မင်းမောင်၊ မင်းနဲ့ငါနဲ့ ရည်ရွယ်ချက်မှန်လို့ ကံထိုက်ခဲ့ရင် ငါတို့ရွေးချယ်တဲ့နေရာဟာ တကယ့်ကို ရတနာသေတ္တာ မြှုပ်သွားခဲ့တဲ့ နေရာပဲဖြစ်ရမယ်ကွ "

ထွန်းဖုံကလည်း အားတက်သရောနှင့် အိတ်ထဲမှ စစ်သုံးပေါက်ချွန်းနှင့် ပေါက်ပြားတို့ကို ထုတ်ယူကာ တပ်ဆင်လိုက်သည်။ ပြီးလျှင် ရွေးချယ်ထားသည့် နေရာတစ်ဝိုက်ကို စနစ်တကျ တူးဖော်ကြပါလေတော့သည်။

ထိုသို့သောအချိန်တွင် . . . ၊

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကားပြန် ဘသန်းတင်နှင့် ပေါ်ဦးတို့၏ သတင်းပေးမှုနှင့်အတူ စကားပြန်ပေါ်ဦးကိုယ်တိုင် ဦးဆောင်လမ်းပြ၍ ခေါ်ငင်လာသည့် လက်ဖနှင်တင်စစ်ဗိုလ် စတီးလ်ဝဲ ဦးဆောင်သော ဂေါ်ရခါစစ်ပုလိပ်နှစ်ဆယ်လောက်မှာ မောရိယသချိုင်းပျက်ကြီးရှိရာသို့ တိတ်တဆိတ် ရောက်ရှိလာခဲ့ကြသည်။

မောရိယသချိုင်းပျက်ကြီး၏ အုတ်ဂူပျက်ကြီးတစ်ခု၏ အမှောင်ရိပ်တွင်နိုကာ ပေါ်ဦးက ဓါးကွက်မြည်သံနှစ်ချက် အသံပြုလိုက်သည်။ မကြာမီ သချိုင်းဇရပ်ပျက်ကြီးအနီးမှ လူရိပ်သဏ္ဌာန်တစ်ခုက ပေါ်ဦးရှိရာသို့ လျှောက်လာပြီး . . .

" ရောက်လာပြီးလား ကိုပေါ်ဦး၊ ဟိုရေနံ့ဗိုလ်လေးတို့ ကျောက်ဂူ





တံခါးကိုဖွင့်ပြီး အထဲကိုဝင်သွားကြတာ နာရီဝက်ကျော်ကျော်လောက်ရှိသွားပြီ၊ စုစုပေါင်း သုံးယောက်ထဲပဲ အထဲကိုဝင်သွားကြတယ် "

" အိုကေ . . . ကျော်ကြီး လာ . . . ငါတို့ကို အဲဒီလျှို့ဝှက်ဂူပေါက် နေရာကို လိုက်ပြ၊ ပြီးရင် မင်းကိုယ်တိုင်ရှေ့ကနေဦးစီးပြီး ဝင်ပေတော့၊ ဟင်း . . . ဟင်း၊ ဒီကနေ့တော့ ရတနာပုံဆိုက်ပြီပေါ့ ဟင်း . . . ဟင်း ဟင်း "

ထို့နောက်မှာတော့ ကျော်ကြီး၏လမ်းပြမှုနှင့် လျှို့ဝှက်သချိုင်းဂူပေါက်မှတစ်ဆင့် အင်္ဂလိပ်စစ်သားများအား တိတ်တဆိတ်ခေါ်ဆောင်လာခဲ့သည်။ စင်စစ် ထိုကိစ္စကြီးကို ထွန်းဖဲတို့နေအိမ်တွင် မင်းမောင်တို့ စကားပြောနေကြခိုက် ဘသန်းတင်နှင့်ပေါ်ဦးတို့ ချောင်း၍နားထောင်ခဲ့ကြရာမှ သိရှိသွားခဲ့ရခြင်းပင်တည်း။ ထို့ကြောင့် ဘသန်းတင်နှင့်ပေါ်ဦးမှာ သူတို့၏သခင်ကြီးများထံသို့ သတင်းပို့ပြီး ဤရတနာသေတ္တာကိစ္စအား ထဲထဲဝင်ဝင် စုံစမ်းခဲ့ကြသည်။ သတင်းတိကျသေချာသောအခါတွင် ရာဇဝတ်ဝန်ကြီး မစ္စတာကယ်လီက လက်ဖနှင်တင်စစ်ဗိုလ်တစ်ယောက်နှင့် ဂေါ်ရခါစစ်ပလိပ်(၂၀)တို့ကို စေလွှတ်ကာ မြေအောက်တော်လှန်ရေးသမားများနှင့် ရတနာသေတ္တာကို တိုက်ခိုက်လုယူစေရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။

သို့သော်...စကားပြန် ဘသန်းတင်သည် လူလည်၊ ဖျံမြွေခွေးတစ်ကောင်ဖြစ်သည်။ ရတနာသေတ္တာကို လိုချင်ဇောဖြင့် မစ္စတာကျေဇွီဆင်း၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို မင်းမောင်ထံမှရယူရန် ကြိုးစား၍



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ပနင်တင်စစ်ပိုလ် ဝေါ်းလ်ဘဲနှင့် ရှိန်းဆိုတားရာသို့မသွားတော့ဘဲ မောရိယကုန်းထက်မှ ဘိုတဲကြီးဆီသို့ သူဓါတ်ပည့်ကျော်နှစ်ယောက်နှင့်အတူ အချိန်ကိုက်ဝင်ရောက်ခဲ့ကြသည် မဟုတ်ပါလား။ သစ္စာဖောက်ကျော်ကြီးနှင့်ပေါ်ဦးတို့ မြေအောက်လှိုဏ်ဂူထဲသို့ တိတ်တဆိတ်တိုးဝင်လာခဲ့ကြချိန်မှာ ကံကောင်းချင်တော့ မင်းမောင်နှင့်ထွန်းဇံတို့ မြေကျင်းတူးဖော်နေကြချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဝင်ရောက်လာကြသည့် ခြေသံအချို့ကို မကြားနိုင်ကြ။

ထို့ပြင် မမြင်ရသေးသည့် ရတနာသေတ္တာအောက်ခြေခြင်းကြောင့်လည်း အင်္ဂလိပ်စစ်သားများ မြေအောက်လှိုဏ်ခေါင်းထဲသို့ ဝင်ရောက်လာကြသည်ကို မင်းမောင်တို့လူစု မသိနိုင်၊ မမြင်နိုင်ကြပါချေပြီတည်း။

ထိုသို့သောအချိန်တွင် . . .

♛ ♛ ♛





အခန်း(၂၅)

"မာယာပဥ္စလက်များနှင့် ရတနာသေတ္တာကြီး"

" ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ် "

" ဟာ . . . အောက်မှာ အမာခံတွေ့ပြီဟေ့ . . . ကြည့်ရတာ ရတနာသေတ္တာကြီးများ ခံနေပြီလားမသိဘူး "

မင်းမောင်နှင့်ထွန်းဇံတို့ မြေသားပွပွများကို တူးဆွကြရင်း ခုနစ်တောင်ခန့်အနက်သို့ ရောက်သောအခါတွင်မှ သံထည်ပစ္စည်း၊ သို့မဟုတ် ကျောက်ပြားတစ်ချပ်ကို ပေါက်တူးနှင့် ထိခတ်မိသည့်အသံများ ထွက်ပေါ်လာသဖြင့် ထိတ်ခနဲဝမ်းသာသွားကြသည် မဟုတ်ပါလား။

" ဟုတ်တယ် . . . မင်းမောင် ဒါဆိုရင် . . . သေချာပြီကွ ဆက်တူးကြမယ် "

" မလိုတော့ပါဘူးလေ . . . မင်းတို့နောက်ဆုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နားလိုက်ကြတော့ ”

ရုတ်တရက် နောက်ဘက်မှထွက်ပေါ်လာသော အသံတစ်သံကြောင့် မင်းမောင်ရောထွန်းဖံပါ အံ့အားသင့်လျက် လှည့်ကြည့်မိလိုက်ကြသည်။ ဝိုးတဝါးအလင်းရောင်တွင် လူရိပ်အချို့ကို တွေ့လိုက်ကြရသည်မို့ ဒိတ်ကနဲရင်ခုန်သွားသည်သို့။

“ တစ်ယောက်မှမလှုပ်နဲ့ . . . မင်းတို့ကို အင်္ဂလိပ်ဂေါ်ရာစစ်သားတွေ ဝိုင်းထားလိုက်ပြီ၊ အသက်မသေချင်ရင် ကျွင်းနားကနေဆုတ်ပြီး ကျောက်နံရံမှာကပ်နေကြ ”

ဟုတ်သည် . . . လက်နက်ကိုယ်ဆီနှင့် ဝိုင်းရံထားကြသည့် အင်္ဂလိပ်ဂေါ်ရာစစ်သားတစ်ချို့နှင့် မြန်မာစကားပြန်နှစ်ဦးတို့ကို မီးရောင်တွင် ထင်ထင်လင်းလင်းမြင်လိုက်ကြရသည်။ မင်းမောင်နှင့်ထွန်းဖံတို့နှစ်ယောက်လက်ထဲမှ ပေါက်ချွန်းကိုယ်စီကို တင်းတင်းဆုပ်ကိုင်လျက်

ကံကောင်းသည်ဟု ဆိုရမည်လေလား၊ အမှောင်ရိပ်စပ်တွင်ရောက်နေသည့် ဖြူနုဖံကို သူတို့မမြင်မတွေ့ကြ၊ ဖြူနုဖံကလည်းလျှင်သည်။ အန္တရာယ်ဟုသိလိုက်သည်နှင့် ကျောက်သားဘီရိုကြီးများကိုအကာကွယ်ယူကာ အမှောင်ထဲတွင် တိုးဝင်ပျောက်ကွယ်သွားပါလေတော့သည်။

“ မင်းတို့ ဘယ်သူတွေလဲ . . . ဘယ်လိုလုပ်ပြီး ဒီလှိုဏ်ခေါင်းထဲကို ဝင်လာကြတာလဲကွ . . . ဟေ ”

မင်းမောင်က ဖြူနုဖံလွတ်မြောက်မှု အချိန်ရစေရန် သိသိကြီးနှင့်





မေးလိုက်သည်။

“ ဟား . . . ဟား . . . ဟား မင်းနုပါသေးတယ် ရေနံအရာရှိလေးရယ် ဒီမှာမှတ်ထား နံရံတွေမှာနားရှိတယ် . . . အဲ့ဒါမမေ့စေနဲ့၊ ဟောဒီရေနံတောင်မှာ အပ်ကျတာကအစ ပေါ်ဦးတို့အကုန်သိတယ်၊ မင်းဟာ ပြန်တမ်းဝင်အရာရှိတစ်ယောက် ဒါပေမဲ့ . . . ငါတို့ရဲ့သခင်ကြီးတွေရဲ့ အင်္ဂလိပ်အစိုးရကို သစ္စာဖောက်တယ်၊ မြေအောက်တော်လှန်ရေးသမားတွေနဲ့ပေါင်းပြီး ရတနာသေတ္တာကိုခိုးထုတ်ဖို့ ကြိုးစားတယ် အဲ့ဒီပြစ်ချက်တွေနဲ့တင် ငါမင်းကိုဖမ်းလို့ရပြီနော ဟင်း . . ဟင်း . . ဟင်း ”

“ တောက် . . . မင်းကဘာကောင်မို့လို့ ဒီစကားတွေပြောနေရတာလဲဟင် ခွေးပါးစပ်က နတ်စကားတွေထွက်လို့ကွာ ဟွန်း ”

ထွန်းဖံက လူငယ်ပီပီ မြန်မာအချင်းချင်း ဟိန်းဟောက်နေသည့် ပေါ်ဦးအား စကားနှင့်ခံပက်လိုက်သည်။

“ ဘာ . . . ဘာကွ . . . ဘာပြောတယ် မင်းလိုကောင်ကများကွာ . . . ကဲ ”

“ ဝုန် . . . ဖတ် ”

ပေါ်ဦး၏ လက်ပြန်ရိုက်ချက်ကို ထွန်းဖံက လက်သွက်ခြေသွက်ဖြင့် ဖမ်း၍ဆုပ်ကိုင်လိုက်သဖြင့် လမ်းခုလပ်တွင် တန့်ကနဲဖြစ်သွားသည်။

“ ဟင်း . . . ဟင်း . . . ငါ့အသားကိုမထိနဲ့ ကိုယ့်လူ . . . ငါက တိုင်းရင်းသားအချင်းချင်း လူပါးဝရင် အဲ့ဒီလူပါးဝတဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



ငါက အစိမ်းလိုက်ဝါးစားပစ်တာကွ၊ သိရဲ့လား . . . ဟင်း . . . ဟင်း ''

" ဟင် . . . မင်း . . . မင်းကွာ နေဦး . . . ပြီးမှ မင်းနဲ့ငါ စာရင်းရှင်းမယ် ''

ထွန်းဖံဖမ်းချုပ်ထားသည့်လက်ကို ဆောင့်ဆွဲထုတ်ပြီး သူ၏နောက်မှ လက်ဖနင်တင်စစ်မိုလ်လေးအား အင်္ဂလိပ်လိုပြောကြားလိုက်သည်။ မကြာမီ ဂေါ်ရာစစ်သားများမှာ လက်နက်များကို လွယ်သိုင်းကာ မင်းမောင်နှင့် ထွန်းဖံတို့ထံမှ ပေါက်ချွန်း ပေါက်တူးတို့ကို လက်လွှဲယူကာ မင်းမောင်တို့တူးလက်စ မြေကျင်းကြီးအားဆက်လက်၍ တူးဆွပါလေတော့သည်။

" ဒုတ် . . . ဒုတ် . . . ဒုတ် . . . ချွင် ''

" ဟုတ်ပြီ . . . အောက်မှာ အမာခံတွေ့နေပြီဟေ့ ဒါဆိုရင် ရတနာသေတ္တာရဖို့ နီးပြီ . . . တူးကြဟေ့ . . . တူးကြ ''

ပေါ်ဦးက ဂေါ်ရာစစ်သားတစ်ချို့ တူးဆွနေသည်ကို အော်ဟစ်အားပေးရင်း ရတနာသေတ္တာကို ဆက်လက်၍တူးဖော်စေခဲ့သည်။ ပေါ်ဦးက သချိုင်းဂူပေါက်ဝထဲသို့ ဂေါ်ရာစစ်သားဆယ်ယောက်ကို အစောင့်အဖြစ်ထားရှိခဲ့ပြီး လှိုဏ်ခေါင်းထဲသို့ ကျန်သည့်ဂေါ်ရာစစ်သားများနှင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုအထဲမှ ငါးယောက်ကို တွင်းတူးစေပြီး ကျန်သည့်စစ်သားငါးယောက်နှင့် လက်ဖနင်တို့က မင်းမောင်နှင့် ထွန်းဖံတို့ကို ထိန်းချုပ်ထားခဲ့ခြင်းဖြစ်ပါ၏။ ထိုစဉ် . . .





" အိုး . . . ဂေါ့ဒ် ''

" ဟာ . . . အိုး ''

တစ်ချိုတွင် မြေသားများနှင့်အတူ အရိုးစုကြီးတစ်ခုက သွားကြီးအဖြီးသားနှင့် ပေါ်လာသည်မို့ ဂေါ်ရာစစ်သားများပင် ဟာခနဲ ဟင်ခနဲဖြစ်သွားကြသည်။ အရိုးစုကြီးက ပေါက်ချွန်း ပေါက်တူးတို့၏ ဒဏ်ချက်ကြောင့် ခေါင်းတစ်ခြားကိုယ်တစ်ခြား ဖြစ်နေပါချေပြီ။

လက်ဖနင်တင်စတီးလ်ဝဲက အရိုးစုကြီးကို တစ်စဲ့ ကောက်ယူပြီး သေချာစွာစစ်ဆေးကြည့်လိုက်တော့ ဝဲဘက်လက်သူကြွယ်တွင် ငွေလက်စွပ်တစ်ကွင်း စွပ်ထားသည်ကို တွေ့လိုက်ရသည်။ ထို့ပြင် . . . ညာဘက်ခြေသန်း တစ်ဆစ်ခန့်ပြတ်နေသည်ကိုပါ စစ်ဆေးတွေ့ရှိလိုက်ရသဖြင့် . . . ဤအရိုးစုသည် မစ္စတာဂျေမ္မီဆင်းရဲ့အရိုးစု အမှန်တကယ်ဖြစ်ကြောင်း အသိပေးကြေငြာလိုက်သည်။

" သေချာပြီဟေ့ . . . ဟောဒီအရိုးစုဟာ လွန်ခဲ့တဲ့လေးနှစ်လောက်က ရတနာသေတ္တာကြီးနဲ့အတူ မြေမြှုပ်တဲ့အထဲကို ပါသွားတဲ့ မစ္စတာဂျေမ္မီဆင်းရဲ့ အရိုးစုရုပ်အလောင်းပဲ . . . ကဲ ဆက်ပြီးတူးကြစမ်းဟေ့ . . . မကြာခင် ရတနာသေတ္တာကြီးပေါ်လာတော့မယ် ''

ပေါ်ဦးမှာ မစ္စတာဂျေမ္မီဆင်း၏အရိုးစုအား တွေ့ရှိလိုက်ရသဖြင့် သွန်စွာအားတက်သွားပြီး ဂေါ်ရာစစ်သားများအား ဆက်လက်၍ တူးဆွစေသည်။ သူ၏စိတ်ထဲတွင် မကြာခင် မြေတွင်းကြီးထဲမှ ဘွားခနဲပေါ်လာတော့မည့် ရတနာသေတ္တာကြီးကို မြင်ယောင်နေမိသည်လေလား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တွင်းဝတွင်ရပ်ကာ အမိန့်ပေးစေခိုင်းနေပါလေ၏။ မကြာမီ ရတနာသေတ္တာကြီးကို မြေတွင်းထဲတွင် တစ်ဝက်နီးနီးခန့် ပေါ်ထွက်လာသည်ကို ဘွားခနဲတွေ့မြင်လိုက်ရပါတော့သည်။

" ဟေး . . ဟို . . ဟိုမှာ ရ . . ရတနာသေတ္တာကြီး မဟုတ်လား "

" အေး . . ဟုတ်တယ်ဟေ့ . . နေ . . နေ ငါကိုယ်တိုင် လာခဲ့မယ် "

ပေါ်ဦးမှာ မြေတွင်းကြီးအောက်သို့ တဖြည်းဖြည်းဆင်းချလာခဲ့ပြီး ၎င်း၏ဂေါ်ရာစစ်သားများနှင့်အတူ ရတနာသေတ္တာကြီးကို တွင်းထဲမှ ဆယ်ယူရန် ဝိုင်းဝန်းကြိုးစားကြသည်။ ရတနာသေတ္တာကြီးမှာ မြေသားများဖြင့်ညှပ်ကာ လွန်စွာလေးလံလှသဖြင့် လိုံစွပ်များ၊ ပေါက်ချွန်းများ၊ သံချောင်းရှည်ကြီးများကိုအသုံးပြု၍ သေတ္တာအဖုံးကို ဖွင့်သူဖွင့်၊ သေတ္တာကြီးကို မလိုမနှင့် နောက်ဆုံး အဖုံးပွင့်လုနီးပါးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။

မင်းမောင်မှာ ထွန်းဖံအား မေးဆက်ပြရင်း နံရံနောက်ထိ ကျောကပ်နေရန် တိုးတိုးညင်ညင်သတိပေးလိုက်သည်။ သူ၏စိတ်ထဲတွင် အန္တရာယ်၏အနံ့အသက်ကို ကြိုတင်၍သိနေသလိုလို။

ဝေဘာဖောကပ်နေသည့် အမိုက်မှောင်သား ဂေါ်ရာစစ်သားတစ်စုကတော့ လောကီအန္တရာယ်လည်းမကြောက်၊ ထောင်ချောက်ယန္တရားရန်စွယ်ကိုလည်း မတွေးတော၊ သူတို့အလိုရှိသည့် ရတနာသေတ္တာ





ကြီးကိုသာ ဝိုင်းဝန်းဆွဲယူ၍ အပေါ်သို့မတင်လိုက်စဉ် . . .

" ဝေါ . . . ဖရော . . . ဝေါ . . . ဝုန်း . . . ဝေါ "

" **OH . . . GOD** . . . ဘုရားသခင် "

" ဟာ . . . **OH** . . . အား "

" အား . . . အူး . . . ဟေး "

ရတနာသေတ္တာကြီးမှာ တဝေါဝေါနှင့် ဆူညံသံကြီးများနှင့်အတူ သွက်သွက်ခါအောင် လှုပ်ရမ်းသွားရင်း အောက်ဘက်သို့ ဝရောခနဲ ရုတ်တရက်ပြိုဆင်းသွားကာ လွန်စွာနက်ရှိုင်းလှသော ကျင်းအောက်ခြေအထိ တဝေါဝေါနှင့် မြည်သံပေးရင်း ထပ်မံ၍ ပြိုဆင်းကျသွားပြန်ပါတော့သည်။

" ဟာ . . . ရတနာသေတ္တာကြီး မြေအောက်ထဲကို ပြန်ကျွံကျသွားပြီးဟေ့ "

" အိုး . . . နမျောစရာကြီး ဘုရား . . . ဘုရား "

မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်းမှာပင် မြေဘူးနေသည့် ဂေါ်ရာစစ်သားများနှင့်ပေါ်ဦး လက်ဖနှင်တင်မိုလ်လေးတို့ ရင်နေကြသည့် မြေသားများ ပြိုကျကျွံဆင်းသွားပြီး ရတနာသေတ္တာကြီးနှင့်အတူ အားလုံးသိုလို မြေပြိုကျသည့်အထဲသို့ တဝေါဝေါနှင့်ပါသွားကြပါတော့သည်။

" ဟေး . . . ဆုတ် . . . ဆုတ်ကြ နောက်ကို မြန်မြန်ဆုတ်ကြ "

အပေါ်မှ တူးထားသည့်မြေကြီးများမှာလည်း ဟိုမှသည်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဆင်းကျလာသည်မို့ ဂေါ်ရာစစ်သားများ၏ ပြေးလွှားအော်ဟစ်သံများက ဆူညံလျက်ရှိပါတော့သည်။

“ ဟေး . . . ဟေး . . . ပြေး . . . ပြေးဟ ”

“ ဟေး . . . မြေပြိုပြီကွ . . . နောက်ကိုဆုတ်စမ်း ”

ဟုဝဲသည်။ အပေါ်ယံမြေကြီးပင် တသိမ့်သိမ့်တုန်ခါလာသည်မို့ ဂေါ်ရာစစ်သားအားလုံး ပြေးမိပြေးရာ ထွက်၍ပြေးကြပါလေတော့သည်။ ထိုအခွင့်အရေးကို မင်းမောင်နှင့်ထွန်းဖဲတို့ အမိအရယူလိုက်ကြပါ၏။ အနီးရှိ ဂေါ်ရာစစ်သားတစ်ယောက်၏ သေနတ်ကို ဆတ်ခနဲလုယူလိုက်ပြီး ပြန်လှန်၍ ပစ်ခတ်ပါလေတော့သည်။

“ ဒိုန်း . . . ဒိန်း . . . ဒိန်း ”

“ ဟာ . . . အ . . . အား . . . အ ”

တစ်ချိန်တည်းမှာပင် စောစောပိုင်းက ရှောင်ပုန်းနေသည့် ဖြူနုဖဲမှာလည်း သူ၏ဆောင်မါးကြီးနှင့် ဂေါ်ရာစစ်သားများအား ဝင်ရောက်တိုက်ခိုက်သဖြင့် မြေအောက်လှိုဏ်ခေါင်းအတွင်းဝယ် ဆူညံပွက်လောရိုက်သွားပါလေတော့၏။ မြေတွင်းအောက်သို့ကျသွားသည့် လူများမှာလည်း မြေကြီးများပြိုကျလာပြီး ဖုံးအုပ်သွားသည့်အတွက် အရှင်လတ်လတ် မြေမြှုပ်ခံရသကဲ့သို့ ဖြစ်သွားခဲ့သည်။

ထိုစဉ်မှာပင် မြေအောက်ဥမင်လှိုဏ်ခေါင်းကြီး တစ်ခုလုံး တဝေါဝေါနှင့် အော်မြည်ကာ လှိုဏ်ခေါင်းကြီးမှာလည်း တသိမ့်သိမ့်တုန်ခါရမ်းလျက် မြေအောက်ခန်းကြီးမှာလည်း ကမ္ဘာပျက်သကဲ့သို့ ဆူညံ





ပွက်လျက် ရှိပါချေပြီကော။

“ ဝေါ . . . ဝေါ . . . ဖျော . . . ဖရော ”

“ ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး ”

မောရိယသချိုင်းကြီးထဲတွင် မြေအောက်တော်လှန်ရေးသမားများနှင့် ဂေါ်ရာစစ်သားများ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်နေကြသည်မှာ စစ်ပွဲကြီးတစ်ပွဲကို ဆင်နွှဲနေကြသည်သို့ . . .။

“ ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း ”

“ ဒိန်း . . . ဒိန်း . . . ဒိန်း . . . ဒိန်း ”

မြေအောက်ဥမင်လမ်းကြောင်းကြီးက တဝုန်းဝုန်းနှင့် ပြိုပျက်စပြုနေပါပြီ၊ မင်းမောင်၊ ထွန်းဖဲနှင့် ဖြူနုဖဲတို့မှာ လက်နက်ကိုယ်စီနှင့် မောရိယဘိုတဲကြီးဘက်သို့ မြေအောက်လှိုဏ်ခေါင်းအတိုင်း ပြေးထွက်လာခဲ့ကြသည်။

ထိုသို့သောအချိန်တွင် . . .၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

## " မောရိယမရဏာခေါင်းလောင်းရှင်းတမ်း "

ထိုသို့သောအချိန်တွင် . . . ၊

မောရိယကုန်းထက်ရှိ ဘိုတဲကြီးပေါ်မှာတော့ ဘသန်းတင်မှာ မင်းမောင်အခန်းကို မွှေနှောက်လှန်လှော၍ ရှာနေပါ၏။ အရေးပိုင်ပေဟာဒ်ဂျေ့ဖ်ဆင်း၏ နေ့စဉ်မှတ်တမ်းစာအုပ်ကိုရခဲ့လျှင် ရတနာသေတ္တာကိုစွရော၊ နာမည်ကောင်းလက်မှတ်ပါရရှိနိုင်သည် မဟုတ်ပါလား . . . ။

သို့သော် . . . သူ၏စိတ်ထဲတွင် တစ်နေရာရာမှ သူ့အား တစ်ယောက်ယောက်က စူးစူးရဲရဲကြည့်နေသည်ဟု စိတ်ထဲတွင်ခံစားနေရသည်။ ထို့ကြောင့် ရင်ထဲတွင် မသိုးမသန့်နှင့် သူ၏နောက်သို့ ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

" ဟင် "





ဟုတ်သည် မျက်လုံးစိမ်းစိမ်းကြီးနှစ်လုံးက အမှောင်ထဲမှနေ၍ သူသွားလေရာနောက်သို့ လိုက်လံကြည့်ရှုနေသည်ကို တွေ့မြင်လိုက်ရသဖြင့် . . . ထိတ်ခနဲရင်ခုန်လှုပ်ရှားသွားသည်။

" အိုး . . . ဘာ . . . ဘာကောင်ကြီးလဲ "

" ခွီး . . . ခွီး "

ဘီရိုမြင့်အထက်မှ တခွီးခွီးနှင့် မာန်သွင်းဟစ်အော်နေသည့် ကြောင်နက်ကြီးတစ်ကောင်ကို ဘသန်းတင် ယခုမှပင် တွေ့မြင်လိုက်ရပါသေး၏။ ဟုတ်သည် သူဘီရိုကို ဖွင့်လိုက်လျှင်လည်း တကောက်ကောက် လိုက်ကြည့်နေသည့် မျက်လုံးစိမ်းနှင့် ကြောင်နက်ကြီးတစ်ကောင်ကြောင့် ဘသန်းတင် သွေးပျက်ချောက်ချားစပြုနေပါပြီ . . . ။

ထိုစဉ်မှာပင် . . . သူ၏တပည့်များထားခဲ့သည့် ဟကြည့်ခန်းဆီမှ တဒေါင်ဒေါင်နှင့် ခေါင်းလောင်းသံကြီး မြည်ဟီးထွက်ပေါ်လာသဖြင့် မင်းမောင်အခန်းထဲမှ ပြေးထွက်ရန်ဟန်ပြင်လိုက်စဉ် . . .

" ခွီး . . . ခွီး "

ဘီရိုထက်မှ ကြီးမားလှသောကြောင်နက်ကြီးက အခန်းတွင်းမှ ထွက်ပြေးရန်ဟန်ပြင်နေသော ဘသန်းတင်အား မာန်ဖီဟစ်အော်ကာ လွှားခနဲခုန်အုပ်လိုက်သည်။

" ခွီး . . . ခွီး . . . ဝုန်း "

" ဟာ . . . အား "

ရုတ်တရက်ခုန်အုပ်လိုက်သော ကြောင်နက်ကြီးအား ဘသန်း



www.burmeseclassic.com

www.burmeseclassic.com



တင် လှုပ်အောင်မရှောင်နိုင်။ သူ၏ ဘယ်ဘက်ပခုံးထက်သို့ နာကျင်မှု ဝေဒနာဆိုးကြီးကို ခံစားလိုက်ရမှ ကြောင်နက်ကြီးကို သူ၏ပခုံးထက်မှ ဆွဲ၍ချလိုက်သည်။

သို့သော် . . . ဘသန်းတင်၏ ပခုံးသားတစ်ဖက်ကမူ ကြောင်နက်ကြီး၏ လက်သည်းစာမိသွားခဲ့ပြီဖြစ်သဖြင့် သွေးများရွှဲရွှဲစိုသွားခဲ့ပါချေပြီကော . . .။

" ခွီး . . . ဝုန်း . . . ဖြောင်း "

" သွား . . . ထွက်သွား . . . ထွက်သွားစမ်း "

ဘသန်းတင် သွေးရူးသွေးတန်းဖြင့် ကြောင်နက်ကြီးကို ဆွဲယူ ဖမ်းချုပ်လိုက်သည့်ထိုင် သွက်လက်ဖျတ်လတ်စွာ ခုန်လွှားရှောင်ထွက် သွားသော ကြောင်နက်ကြီးက ဘသန်းတင်နှင့် ဝေးရာသို့ ရောက်ရှိ သွားခဲ့ပါချေပြီတည်း။

ထိုစဉ်မှာပင် . . .

" ဒေါင် . . . ဒေါင် . . . ဒင် . . . ဒင် . . . ဒေါင် "

" ကျွိ . . . ကျွိ . . . ကျွိ . . . ကျိ "

" အား . . . အမယ်လေးဗျ "

" ဝုန်း . . . ဒုန်း . . . ဝုန်း "

သွေးပျက်ချောက်ချားစွာ ထွက်ပေါ်လာသော ခေါင်းလောင်း သံကြီးက ကျက်သရေကင်းမဲ့စွာဖြင့် မြည်ဟီးပဲ့တင်လျက်၊ ကျွဲကြီးတို့၏ နာကျင်စွာအော်ဟစ်သံများကို ကြားလိုက်ရသဖြင့် ဘသန်းတင် အခန်းဝ





မှထွက်ရန် ပြင်လိုက်စဉ်မှာပင် . . .

" ခွီး . . . ဟဲ "

" ဘုန်း "

လွှားခနဲခုန်အုပ်လာသည့် ကြောင်နက်ကြီးကို ရှောင်လိုက် သဖြင့် စားပွဲထက်မှဖန်မီးအိမ်ကို ခွမ်းကနဲထိမိကာ အောက်သို့လွင့်စင် ကျသွားသည်။ တစ်ချိန်တည်းမှာပင် မီးအိမ်မီးမှရေနံဆီများ စိတ်စင် ကျကာ ဘိုတဲကြီးအား မီးစွဲလောင်ပါတော့သည်။ ဘသန်းတင် ဘိုတဲကြီး ပေါ်တွင် မနေရဲတော့၊ ထို့ကြောင့် မီးစွဲလောင်စပြုနေသည့် ဘိုတဲကြီးပေါ် မှ ပြေးထွက်ခဲ့သည်။ စာကြည့်ခန်းကို ဖြတ်၍အပြေးတွင် သူ၏နံဘေးရှိ ဘီရိုတံခါးကြီးက ဝုန်းခနဲပွင့်ထွက်လာပြီး . . . သူ၏ခန္ဓာကိုယ်ပေါ်သို့ ဝုန်းခနဲ လူတစ်ယောက်ယောက် ပြုတ်ကျလာလေသည့်သို့ . . .၊

" ဒုန်း . . . ဝုန်း "

" ဟာ . . . အား "

နောက်ထပ် ဘီရိုအတွင်းမှ ထွန်းဖဲ့ မင်းမောင်တို့နှစ်ယောက် မောကြီးပန်းကြီးနှင့် ထွက်လာချိန်မှာတော့ ဘသန်းတင်နှင့်ဖြူနုဖဲတို့က လုံးထွေးသတ်ပုတ်လျက်ရှိပါချေပြီ ဘိုတဲကြီးအတွင်း လောင်မြိုက်နေသော မီးအရှိန်ကလည်း တရှန်းရှန်းနှင့် မီးတောက်အားကောင်းလှသည့်မို့ မီးလောင်ထုတ်တန်းများက တခေါ်ခေါ်နှင့်ပြုတ်ကျနေသည်ကို ထိတ်လန့် စွာ တွေ့လိုက်မိသည်။

" ဝေါ . . . ဖရော . . . ဝေါ . . . ဝုန်း "



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဖံက ဖြူနုဖံနှင့်လုံးထွေးနေသည့် ဘသန်းတင်အား လည်ဂုတ်မှဆွဲကာ ထူလိုက်သည်။ မောရိယကုန်းထက်ရှိ နာမည်ကျော် မောရိယမရဏခေါင်းလောင်းစင်ကြီးရှိသည့် မစ္စတာဂျေဗွီဆင်း၏ ဘိုတဲကြီးမှာ တဝုန်းဝုန်းနှင့် မီးစွဲလောင်မြိုက်လျက်ရှိပါချေပြီကော . . .

ထိုစဉ်မှာပင် . . . မီးလောင်ပြင်ထဲမှ ကြောင်နက်ကြီးတစ်ကောင်က ဝုန်းခနဲခုန်ထွက်လာပြီး ဘသန်းတင်၏မျက်နှာနှင့် လည်မျိုဆီသို့ ပြေးဝင်ကိုက်ခဲလိုက်သည်။

" ခွီး . . . ခွီး "

" ဝုန်း . . . ဟာ . . . အား "

" အား . . . လုပ် . . . လုပ်ပါဦး "

သဲသဲမဲမဲနှင့် အခဲမကြေစွာဖြင့် အငြိုးတကြီးကိုက်ခဲနေသည့် ကြောင်နက်ကြီး၏လက်ထဲမှ ဘသန်းတင်အား မင်းမောင်တို့လူစု ကယ်ဆယ်ရန်ကြိုးစားနေစဉ်မှာပင် မီးစွဲလောင်နေသည့် ထုတ်တန်းကြီးတစ်ခုက ဘသန်းတင်နှင့် ကြောင်နက်ကြီးပေါ်သို့ ဝုန်းခနဲပြုတ်ကျသွားပါချေတော့သည်။

" ဝုန်း . . . ဖရော . . . ဝုန်း "

" အား . . . အား . . . ခွီး . . . ခွီး "

ဘိုတဲကြီးပေါ်တွင် နေရာအနှံ့ မီးစွဲလောင်လျက်ရှိပါချေပြီ။ မင်းမောင်မှာ ဖြူနုဖံ၏လက်ကိုဆွဲကာ မီးသင့်နယ်မြေမှ ပြေးထွက်ရန် ကြိုးစားနေပါ၏။ ထွန်းဖံမှာ ရှေ့မှမီးလမ်းကြောင်းရှင်း၍ ပြေးခဲ့စဉ်





မင်းမောင်နှင့်ဖြူနုဖံတို့က သူ၏နောက်မှ ပြေးထွက်လာခဲ့ကြသည်။

ယခုတော့ . . . မောရိယသချိုင်းဂူကြီးနှင့် လှို့ဝှက်စွာဆက်နွယ်လျက်ရှိသော အရေးပိုင်ဟောင်းဂျေဗွီဆင်းကိုယ်တိုင် ဆောက်လုပ်ခဲ့သော ဘိုတဲကြီးသည် မမြဲသောသခါရတရားကို မလွန်ဆန်နိုင်တော့ဘဲ မီးစွဲသင့်လောင်ကျွမ်းကာ တဝုန်းဝုန်းတဖျောဖျောနှင့် မီးစွဲလောင်လျက်ရှိပါလေ၏။

တစ်ချိန်သောအခါက . . . မောရိယမရဏခေါင်းလောင်းဝိညာဉ်တစ္ဆေများ ပျော်စံမြူးတူးရာ . . . လပြည့်ညသန်းခေါင်ယံတိုင်း လူမထိုးဘဲ အလိုအလျောက်မြည်ဟီးခဲ့သော မောရိယမရဏခေါင်းလောင်းသံ၊ ထိုခေါင်းလောင်းသံကြားရတိုင်း လူသေဆုံးလေ့ရှိသည်ဟူသော အယူစွဲများ။

စန္ဒဂုတ်မင်းကြီး၏သားတော် အိမ်ရှေ့စံမင်းသား သီဟသူနှင့် သူ၏မယ်တော် မိဖုရားခေါင်ကြီး၏ များပြားလှစွာသော ရတနာသေတ္တာကြီးတစ်လုံး၊ မောရိယသချိုင်းပျက်ကြီးဆီမှ လှို့ဝှက်တံခါး၊ စာကြည့်ခန်းအတွင်းသို့ ထွက်ချည်ဝင်ချည်ပြုလုပ်နေသည့် မောရိယဝိညာဉ်တစ္ဆေမလေးစသည့် မယုံကြည်နိုင်ဖွယ် အယူအစွဲများဖြင့် သတင်းကြီးကျော်ကြားခဲ့သော "မောရိယမရဏခေါင်းလောင်း"ကြီးသည် ယခု . . . ဘိုတဲကုန်းကြီး မီးလောင်ပျက်စီးမှုတွင် တစ်ခါတည်း ပြီးဆုံးပျောက်ကွယ်သွားခဲ့ပါချေပြီတည်း . . .။

နွေသစ်တစ်ခု၏ အရုဏ်ဦးရောင်နီသည် တစ်စတစ်စ ချဉ်းနင်းတိုးဝင်စပြုလာခဲ့ပါသည်။ ထိုအတူ မောရိယကုန်းထက်ရှိ အရေးပိုင်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဂျေမ္ဗိဆင်း၏ ဘိုတဲစံအိမ်ကြီးသည်လည်း မီးခိုးငွေ့များကြားတွင် တစ်စ တစ်စ ဝေဝါးပျောက်ကွယ်သွားပါချေ၏။

အနည်းငယ်ထိခိုက်ဒဏ်ရာရရှိသွားသည့် ဖြူနုစံကို မင်းမောင်က ယုယစွာပွေ့ပိုက်ကာ ခေါ်ငင်လျက်၊ ထွန်းစံကမူ ရိုင်ဖယ်သေနတ်များကို ပခုံးထက်တွင်ထမ်းလျက် မကြာမီ ရောင်နီသန်းလာတော့မည့် ကမ္ဘာသစ်တစ်ခုဆီသို့ ဟဲရှေ့ရှေ့တိုးဝင်လျက်. . .။

သူတို့အားလုံး၏ နောက်ဘက်မှာတော့ မီးခိုးငွေ့တလူလူနှင့် ကြွင်းကျန်ရစ်ခဲ့သော "မောရိယာမရဏခေါင်းလောင်း"ကြီး စံမြန်းခဲ့ရာ ဘိုတဲစံအိမ်ကြီးက မီးသင့်ခံကျိုးနှစ်ကြားတွင် တစ်စတစ်စ ပေး၍ပေး၍ ကျန်ရစ်ခဲ့ပါလေတော့သည်။

ထို့အတူ ရေနံ့အရာရှိလေး မင်းမောင်နှင့်ဖြူနုစံတို့၏ ခြေလှမ်း အစုံကလည်း ကမ္ဘာသစ်ကြီးတစ်ခု၏ နေ့သစ်တစ်ခုဆီသို့ ဦးတည် ချီလျှားရင်း. . .။

ယောနီသောမနသိကာရ

သင်္ချိုင်းဖြူလိုင်

သူရဲ့တောင်းစာပေတိုက်

www.burmeseclassic.com